www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၁၃၄၀၈၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၃၂၈၀၉၀၉ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၀၊ မတ်လ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (ဝ၄၁၅၂) ရွှေဥစာပေတိုက် တိုက် ၄၊ အခန်း ၁၀၊ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ်၃၁/၃၃၊ ၅၃လမ်း ဗိုလ်တထောင်၊ ရန်ကုန်။ |
| ဖြန့်ဈေး | - | ၁၅၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

၈၉၅. ၈၃

မမသဇ္ဇါမောင်

အသည်းကိုချမ်းသာပေးပါ/မမသဇ္ဇါမောင် ။ - ရန်ကုန်၊ ရွှေဥစာပေ ၊ ၂၀၀၉ ။

၂၉၆ စာ၊ ၁၂.၃ × ၁၈ စင်တီ ။

(၁) အသည်းကိုချမ်းသာပေးပါ


BURMESE CLASSIC

## အခန်း ( ၁ )

လေယာဉ်ကွင်းထဲသို့ လေယာဉ်ကြီး ငြိမ့်ခနဲဆင်းသက်သွားသည်နှင့် သူမရင်ထဲမှာ သိမ့်ခနဲအေးသွားရလေ၏။ ဒါ သူမမွေးဖွားလာခဲ့ရတဲ့အမိမြေပင် မဟုတ်ပါလား။ ဤမြေမှစတင်ခွာစဉ်က သူမအသက် (၈)နှစ်သာရှိသေးသည်။ ဒါဆိုရင် ဒီမြန်မာပြည်နှင့် ခွဲခွာခဲ့ရတာ (၁၄)နှစ်ရှိသွားပြီပေါ့။

ပါပါနှင့်မာမာတို့လမ်းခွဲကြစဉ်မှာ မာမာက ဘိုးဘိုးရှိရာ စင်ကာပူကိုအပြီးပြန်နေမှာမို့ သူမလိုက်ခဲ့ရတာလေ။ အခုနေ သူမကို မြင်လျှင် ပါပါမှတ်မိပါ့မလား။ ဘယ်သူ့ကိုမှအသိမပေးဘဲ သူမ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့တာ၊ ဟိုမှာကျန်ခဲ့တဲ့ မာမာတောင်မှမသိရင် ဒီကပါ
က သိနိုင်မှာတဲ့လား။

လေဆိပ်ဝင်းထဲမှထွက်ခဲ့စဉ် သူမ, လူတစ်ယောက်နှင့်တိုးမိလေ၏။ ထိုလူ့လက်ထဲမှ Hand Phone က သူမခြေထောက်ရှေ့သို့ ပြုတ်ကျသွားရလေသည်။

"sorry နော်"

သူမ Phone ကိုကောက်ကာ ပိုင်ရှင်ထံပြန်ပေးလိုက်စဉ် စူးရှသည့်မျက်လုံးစိမ်းကြီးများနှင့် စိုက်ကြည့်နေလေသည့် လူတစ်ယောက်ကိုမြင်လိုက်ရလေ၏။ ဘုရားရေ! လူချင်းလေး တိုက်လိုက်မိတာလေးကို ဒီလောက်စိတ်ဆိုးစရာလား။ သူ့အကြည့်တွေက ကြောက်ဖို့ကောင်းလိုက်တာနော်။ ဖျတ်ခနဲ နှုတ်ခမ်းတွန့်ရုံပြုံးလိုက်သည့်အပြုံးကပင် အေးစက်စက်နှင့် ရင်တုန်ချောက်ချားဖွယ်ရာ ကြီးပါလား။

"မင်းပြန်ရောက်လာပြီပေါ့လေ"

"ရှင်! "

"ကောင်းတာပေါ့၊ ဒါမှ မင်းနဲ့ငါ စာရင်းရှင်းလို့ရမှာ။ မင်း အတော်သတ္တိနည်းတဲ့မိန်းမပဲ။ ကိုယ်လုပ်ခဲ့တဲ့အမှုတစ်ခုကို မဖြေ





ရှင်းဘဲ ကိုယ်လွတ်ရုန်းပြေးတာ အစကိုပျောက်ရော၊ ဒီမှာ, မင်း နန်း ချာမှတ်ထားလိုက်၊ မိုးမြင့်စံ၊ လူမှန်ရင် လူ့စိတ်ရှိရတယ်ကွ ပါ၏။

"ဘာတွေပြောနေတာလဲ။ ကျွန်မဘာတစ်ခုမှ နား ဘင်မလေး ပြီးတော့ ရှင့်ကိုလည်း ကျွန်မ,မသိဘူးနော်"

"ဟင်းဟင်းဟင်း. . . ဘာလဲ, အတိတ်မေ့ချင် ထဲမှာပဲစောင့် မလို့လား။ သွားစမ်းပါ။ မင်းရဲ့မာယာတွေနဲ့ ငါ့ကို လာ မယ်မကြံနဲ့။ ဒီလိုထောင်ချောက်မျိုးမှာ ကိုကိုပဲအမိခံမှာ၊ ငါ့ ဘယ်တော့မှမရစေရဘူး"

ဘုရားရေ! ဘာစကားကြီးပါလိမ့်။ သူခေါ်လိုက်တဲ့နာမည် ကပင် အလွဲကြီးလွဲနေတာကို သူမဘယ်လိုရှင်းပြရပါ့မလဲ။ အခုမှ မြန်မာပြည်ကိုပြန်ရောက်တဲ့လူကို ပဟေဠိတွေနဲ့ ကြိုလိုက်တာတော့ နိမိတ်မကောင်းလှပါဘူး။ သေချာပါတယ်။ ဒီလူ, လူမှားနေတာပါ လေ။

"ကဲ! နောက်မှပဲ တွေ့ကြတာပေါ့။ ငါလည်းလုပ်စရာရှိသေး တယ်။ ဒါပဲ"

ဟော! သူ့ဟာသူပြောဆိုပြီး လေဆိပ်ထဲဝင်သွားပြန်ပေါ့ပြီ။ သူမခေါင်းလေးကိုခါလိုက်မိကာ Taxi တွေ ရပ်ထားရာဆီလျှောက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ပါလာသည့်အထုပ်တွေကို နောက်ဖုံးထဲထည့်ကာ Taxi ကား ကိုလမ်းညွှန်လိုက်ပါ၏။ ကားလေးက ရွှေတောင်ကြားလမ်း

ဟာခဲ့ပြီး သစ်ပင်တွေ အုံ့ဆိုင်းနေသည့်ခြံရှေ့မှာ ရပ်သွားလေ၏။ ၎

ပြုတ်ကျသွားထုပ်အပိုးတွေကိုချကာ ကားခရှင်းပေးလိုက်ပါ၏။

"သားသည့် အညိုရောင်သံတံခါးက အတွင်းကိုမည်သို့မျှ ပါချေ။ အုတ်တိုင်မှာမြှုပ်ထားသည့် bell ကိုနှိပ်လိုက်စဉ် ပေါက်သေးသေးလေးမှ မျက်နှာတစ်ခုပေါ်လာလေ၏။

"ဟယ်! မမပြန်လာပြီ"

တဘုံ့တဩရေရွတ်သံနှင့်အတူ ခြံတံခါးက ဝေါခနဲပွင့်သွားသလို အတွင်းမှကောင်မလေးတစ်ယောက်နှင့် လူနှစ်ယောက်ထွက်ကြိုလေ၏။

"ပါပါ ရှိလား"

"ကုမ္ပဏီသွားတယ်မမရဲ့။ လာပါ. . . ခဏနားပြီးမှ Phone ဆက်လိုက်လေ"

"အင်း"

အထုပ်တွေကိုသယ်သွားကြပြီမို့ သူမ ခြံထဲသို့ခပ်ဖြည်းဖြည်း





ချင်း လျှောက်ဝင်လာခဲ့သည်။ ခြံထဲမှာရှိနေသည့် ရေကူးကန်၊ ပန်းခြံ၊ Tennis ကွင်းတို့က သူမနေရာနှင့်သူ နေသားတကျလှပနေပါ၏။ သူမအိမ်ထဲသို့ရောက်စဉ် ဖုန်းသံမြည်လာပြီး ခုနက ကောင်မလေး ပင်ပြေးနေလေသည်။

"မမ. . . ဘဘအခုပဲပြန်လာခဲ့မယ်တဲ့။ အခန်းထဲမှာပဲစောင့်မလား"

"နေပါစေတော့၊ ဒီမှာပဲ စောင့်လိုက်တော့မယ်"

သူမ ဆက်တီမှာထိုင်လိုက်စဉ် အတွင်းခန်းမှကောင်မလေးတစ်ယောက်ထွက်လာပြီး ဖျော်ရည်လာပို့လေ၏။ Strawberry Milk Shake ဖျော်ရည်ကိုယူသောက်မိစဉ် သူမအကြိုက်ကိုသိနေသည့် ဤအိမ်မှလူတွေကိုအံ့ဩနေမိသည်။ သူတို့ ဘယ်လိုများသိနေပါလိမ့်။

အိမ်ရှေ့မှကားရပ်သံနှင့်အတူ အိမ်ထဲသို့ဝင်လာသည့်လူကြီးကိုလှည့်ကြည့်ကာ ထရပ်လိုက်လေ၏။

"ခြံတံခါးတွေရော၊ အိမ်တံခါးတွေပါ အကုန်သော့ခတ်ထား။ ငါ့အမိန့်မရဘဲနဲ့ ဘယ်သူမှအပြင်ကိုမထွက်ရဘူး။ သမီးလည်းသေချာမှတ်ထား။ ဒီနေ့ကစပြီး ပါပါခွင့်မပြုဘဲနဲ့ ဘယ်ကိုမှမသွားရဘူး။

www.burmeseclassic.com



ဒါပဲ"

"ရှင်! "

လာပြန်ပြီ နောက်တစ်မျိုးပါလား။ ပြန်ရောက်ရောက်ချင်း ဆက်ဆံလိုက်သည့်ပါပါ့ဟန်က ပုံမှန်မဟုတ်။ အခုမှပြန်တွေ့ရတဲ့ သမီးတစ်ယောက်ကို ဒီလိုကြီးထိန်းချုပ်ဖို့လိုပါသလား။ သူမအံ့သြ မှင်တက်စွာဖြင့် ပါပါ့ကိုငေးကြည့်နေမိလေ၏။

"ဘာမှ Complain တက်မယ်မကြံနဲ့မိုးမြင့်စံ။ သမီးမှာ ခုဆို အန္တရာယ်တွေဝိုင်းနေပြီ။ ဒီလိုဖြစ်အောင်လည်း သမီးက လျှောက်လုပ်ခဲ့တာကိုး။ သမီးသိပ်ဆိုးတယ်၊ ဟုတ်တယ်. . . အဲဒါ ပါပါ့အပြစ်တွေလည်းပါတယ်။ မိတဆိုးလေးဆိုပြီး ပါပါ စွတ်အလိုလိုက်ခဲ့မိလို့ ခုလိုတွေဖြစ်ကုန်တာ။ လီမှာပါတော့သမီးရယ်၊ ကိုယ့်အသက်အန္တရာယ်ဖြစ်အောင်တောင် ဆိုးသွမ်းခဲ့တာတွေ ရပ်တန်းက ရပ်ပါတော့။ ပါပါတောင်းပန်ပါတယ်"

"ဟင့်အင်း မဟုတ်သေးဘူး"

"ခုချိန်ထိ ပါပါ့ကိုညာဦးမလို့လား။ ညနေ ဒေါက်တာမျိုးမြတ်လာလိမ့်မယ်။ အခန်းထဲကပဲ စောင့်နေပါ"

ကဲ! ခက်တော့နေပါပြီ။ သူမ ဘာမှမသိတာတွေ များနေပါ





ရောလား။ ပါပါက သူမရှေ့ဆက်တီပေါ် ထိုင်ချကာ မျက်နှာကိုလက်ဖြင့်အုပ်ထားလေ၏။

"ပါပါ"

သူမတီးတိုးခေါ်သံကြောင့် ပါပါက မျက်နှာကိုကွယ်ထားရာမှ ဖယ်ကာကြည့်လိုက်လေသည်။ သူမ, ပါပါ့ရှေ့ကြမ်းပြင်မှာ အသာထိုင်ချလိုက်ပါ၏။

"ကျွန်မ, မာမာနဲ့မနေချင်တော့လို့ ထွက်လာခဲ့တာပါ။ ပါပါနဲ့အတူရှိနေတဲ့ မိုးမြင့်စံမဟုတ်ပါဘူး"

ပါပါက သူမကိုမယုံသင်္ကာမျက်ဝန်းတို့ဖြင့် စိုက်ကြည့်လိုက်လေ၏။

"ဒါလိမ်နည်းအသစ်တစ်ခုပဲ မိုးမြင့်စံ။ ကြည့်စမ်း! အဖေတစ်ယောက်လုံးကိုတောင် နင်လိမ်ညာရက်တယ်ပေါ့လေ"

"မဟုတ်ဘူးပါပါ။ ကျွန်မ, မာမာပေးစားတဲ့ယောက်ျားကိုယူချင်လို့ ပါပါရှိရာဆီ ထွက်လာခဲ့တဲ့ရွှေဘုံစံပါ"

"တောက်! တော်,တော်, ဘာမှဆက်ပြောမနေနဲ့။ သွား. . . အခန်းထဲမှာဝင်နေစမ်း မိုးမြင့်စံ။ ငါနဲ့ဘာအဆက်အသွယ်မှမရှိတဲ့ အငယ်မနာမည်ကို နင်အလွဲသုံးစားမလုပ်နဲ့။ ခင်မေ. . .



www.burmeseclassic.com

www.burmeseclassic.com



"ရှင် . . . အဘ"

"နင့်မမကိုခေါ်သွား"

"ဟုတ်ကဲ့"

သူမသက်ပြင်းတစ်ချက်ကိုချ၍ ကောင်မလေးနောက်မှလိုက် လာခဲ့၏။ အဆင်သင့်ဖွင့်ထားပေးသည့်တံခါးဝမှ အခန်းထဲသို့ဝင် လာခဲ့စဉ် ပစ္စည်းတွေက သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ်ရှိနေသည့် အခန်းကိုမြင်ရလေသည်။ ဘိုးဘိုးအိမ်ရှိအခန်းတွေလောက် မကျယ် ဝန်းသော်လည်း ဒီအခန်းက အတော်လေးတော့ကျယ်တာ အမှန် ပင်။

နံရံပေါ်မှာချိတ်ထားသည့်ဓာတ်ပုံကို သူမမော့ကြည့်လိုက်စဉ် ပါးစပ်ဟသွားရလေ၏။ ဆံပင်အလယ်ခွဲတို့က ပခုံးသာသာမှာရှိ ကာ ပြုံးပြနေသည့်မိုးမြင့်စံက သူမနှင့်တူလွန်းလှချည်လား။ ဒါ တစ်နှစ်သာကြီးသည့် သူမ၏မမတဲ့။ ဤမျှတူလွန်းနေတာတော့ အံ့ဩစရာကောင်းလွန်းနေလေသည်။

"မမ ရေချိုးပြီးရင် နေ့လယ်စာစားမယ်တဲ့၊ ဘဘက မှာလိုက် ပါတယ်"

သူမ ခေါင်းကိုသာ ညိတ်ပြလိုက်ပြီး ရေချိုးခန်းထဲဝင်လိုက်





ပါ၏။ ဘာတွေဆက်ဖြစ်လာဦးမလဲ။ သေချာတာတစ်ခုကတော့ မမတစ်ယောက် မဟုတ်တာတွေလုပ်နေတာပဲလေ။ ဒါကြောင့် ပါပါ့ ခမျာ မျက်လုံးပြူးမျက်ဆံပြူးနဲ့ ခုလိုတွေစီစဉ်တာပေါ့။

မျက်လုံးဆို၍ ခုနကတွေ့ခဲ့သည့်လူတစ်ယောက်၏မျက်နှာ ကို ကွက်ခနဲမြင်မိသည်။ နုငယ်သည့်မျက်နှာထက်မှာ ယောကျ်ားပီ သသည့် ပါးမြိုင်းမွေးရေးရေးထင်နေပေမယ့် ရှိရင်းစွဲအသက်ထက် ပိုရင့်မသွားပါချေ။ စူးခနဲကြည့်လိုက်သည့်မျက်လုံးတစ်စုံကို အာရုံ မှာ ပေါ်လာစဉ် ရှေ့နမ်းအောက်ရောက်နေသည့်ခန္ဓာကိုယ်ကို ကျုံ့ လိုက်မိသည်။ အမယ်လေး . . . အသည်းထဲထိ အေးသွားတဲ့ အေး စက်စက်အကြည့်တွေပါလား။

ရေချိုးခန်းမှထွက်လာပြီး ခေါင်းကို Towel ဖြင့် သုတ်နေစဉ် အခန်းတံခါးခေါက်သံက ပေါ်လာပြန်သည်။ ဗီရိုထဲမှအဆင်သင့် ထည့်ပေးသွားသည့်ဝတ်စုံတစ်စုံကိုထုတ်၍ ခုတင်ထက် တင်လိုက် ၏။ တံခါးကိုဆွဲဖွင့်လိုက်စဉ် ခင်မေဟုခေါ်သည့် (၁၅)နှစ်ကျော် ကျော် ကောင်မလေးကိုမြင်ရပြန်သည်။

"ဘဘအဆင်သင့်စောင့်နေပါတယ် မမ"

"လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုတိုသာပြော၍ အဝတ်လဲကာ မှန်တင်ခုံထက်ထိုင်လိုက်၏။ မှန်ထဲမှမျက်ဝန်းတစ်စုံကို သူမငေးကြည့်နေမိသည်။ သူမမျက်လုံးက ချောကလက်ရောင်၊ မမက အနက်ရောင်၊ ဒါပဲကွာတာပါလား။ ဒါကိုတောင် ပါပါက သတိမထားမိဘူးထင်ပါရဲ့။ အံ့ဩစရာပဲ။ အထက်အောက်ခြားသည့်သမီးနှစ်ယောက်ကို အမြွှာနီးနီး ဆင်တူတဲ့အထိ မာမာမွေးပေးခဲ့တာလေ။

အခန်းတံခါးကိုစေ့ကာ လှေကားမှဖြည်းဖြည်းချင်းဆင်းလာခဲ့၏။ ထမင်းစားခန်းမှာ အဆင်သင့်စောင့်နေသည့်ပါပါ့ရှေ့တည့်တည့်ခုံမှာ ဝင်ထိုင်လိုက်ပါသည်။ စားပွဲထက်မှဟင်းလျာတို့က စားချင်စဖွယ် စုံလင်လှပါ၏။ သူမသိပ်နှစ်ခြိုက်သည့် ငါးသလောက်ပေါင်းဟင်းကို ပါပါက သူမပန်းကန်ထဲသို့ ခပ်ထည့်ပေးလိုက်လေသည်။

"ဝင်အောင်စားပါ,သမီး။ ကျန်းမာရေးချို့ယွင်းသူအတွက် သင့်လျော်တဲ့အာဟာရနဲ့ အစားအသောက်လုံလောက်ဖို့လိုတယ်"

ဘာသဘောပါလိမ့်။ သူမသိပ်နားမလည်ပါချေ။ ပါပါ့စကားတွေကပဲ သိပ်မြင့်လွန်းဘာလား၊ သို့တည်းမဟုတ် သူမမှတ်ဉာဏ်ကပဲ အဆင့်နိမ့်နေသလား၊ ဘာမှမရေရာပါလေ။





"ကျွန်မမှာ ဘာရောဂါမှမရှိပါဘူး ပါပါ"

ပါပါက မျက်လုံးလှန်ကြည့်ကာ ထမင်းကိုဆက်စားနေပြန်၏။ မျှော်လင့်လာခဲ့သည့်နွေးထွေးလိုက်လှဲမှုမျိုးမရရှိပါဘဲ အေးစက်စက်ဆက်ဆံမှုမျိုးကိုပဲ လက်သင့်ခံနေရတာပါလား။

"ကောင်းပြီလေ၊ ဒေါက်တာမျိုးမြတ်လာတော့ အဖြေပေါ်မှာပေါ့။ စားသာစားပါ"

လာပြန်ပြီ ဒေါက်တာမျိုးမြတ်။ ကိုယ့်သမီးအပျိုစင်လေးကို ယောက်ျားဆရာဝန်နဲ့ပြစရာလား။ ပါပါတော့ မဟုတ်တော့ဘူးထင်ပါသည်။ သမီးဖြစ်သူကိုစိုးရိမ်စိတ်ကြီးသည်နှင့်အညီကို လုပ်နေတော့တာပါပဲ။

"ဘဘ. . . မမဆီကို ဖုန်းလာနေပါတယ်"

"ဘယ်သူ့ဆီကလဲ"

"တင်မမတဲ့"

"မရှိဘူးလို့ပြောလိုက်။ နေဦး. . . ခရီးထွက်သွားတာ ပြန်မရောက်သေးဘူးလို့ပြော၊ နောက် ဘယ်သူဆက်ဆက် ဒီအတိုင်းပြောပြီး Phone ချလိုက်။ ကြားလား. . . ငွမ်းပုံ"

"ဟုတ်ကဲ့ပါ ဘဘ"



www.burmeseclassic.com

www.burmeseclassic.com



ပါပါ့အကြည့်တွေက သူမထံပြန်ရောက်လာပြန်၏။ ဝါးနေသည့်ဟင်းလျာတွေက လျှာပေါ်မှာ အရသာမတွေ့လှ။ ချဉ်ချဉ်ငန်ငန်၊ စပ်စပ်မျိုး စားလိုက်ရရင် သိပ်ကောင်းမှာပဲ။

"ကြားလား... ပြန်ရောက်တယ်ဆိုတာနဲ့ ငွေတွင်းကိုလာ ပက်ဖို့ပြင်ပြီ"

"ဘာကိုလဲ ပါပါ။ ကျွန်မ နားမရှင်းဘူး"

"နင်ရှုပ်ခဲ့တဲ့ အရှုပ်ထုပ်တွေလေ မိုးမြင့်စံ။ မိုက်တယ်ဆိုရင်လည်း သူ့အတိုင်းအတာလေးနဲ့သူပဲ တန်ရုံမိုက်မှပေါ့။ အခုတော့ သမီးက ကိုယ့်ဘဝကိုယ်ပျက်စီးစေမယ့်မိုက်မဲမှုမျိုး ကျူးလွန်ဖို့ပြင်တာ သိပ်ဆိုးတယ်"

"ရှင်! "

သူမအလန့်တကြားဖြစ်သွားပြီး လက်ထဲမှဇွန်းပင် ပန်းကန်ထဲပြုတ်ကျသွားရလေ၏။ ဘာတွေပါလိမ့်။ မမရယ်... ဘယ်လိုအပေါင်းအသင်းမျိုးတွေနဲ့တွေ့ပြီး ဘာတွေများဖြစ်ကုန်ပြီလဲ။

ညနေ (၆)နာရီခန့်မှာ ခြံထဲသို့ နောက်ဆုံးပေါ် စလွန်ကားဖြူလေး ဝင်လာပါ၏။ ကားပေါ်မှ ရုပ်ရည်သန့်ပြန့်လှသည့်လူငယ်တစ်ဦး ဆင်းလာလေသည်။





လူငယ်၏လက်ထဲမှ Attachecase ကို ခင်မေက ကမ်းယူလိုက်ပါ၏။

"ဟော... မောင်မျိုးရောက်လာပြီကိုး"

"ဟုတ်ပါတယ်အန်ကယ်။ အန်ကယ့်သမီးရော ခင်ဗျ"

"အပေါ်ထပ်အခန်းထဲမှာပဲ မောင်မျိုးရေ။ တက်သွားလိုက် ... ဝမ်းပိုရေ... ကြီးကြီးနဲ့အတူ ဒေါက်တာ့ဖို့ ပြင်ဆင်ပေးပါဦး"

"ဟုတ်ကဲ့ပါ ဘဘ"

ခင်မေနှင့်အတူ လူစိမ်းတစ်ယောက်ဝင်လာတာမို့ ခုတင် ...တ် ခြေဆင်းထိုင်နေရာမှ သူမ ခုတင်အောက်မှာ ရပ်လိုက်ပါ၏။ ခင်မေက Attachaecase ကို ခုတင်ဘေးစားပွဲထက်မှာတင်ကာ အခန်းထဲမှထွက်သွားပြီး တံခါးကိုပိတ်သွားလေသည်။

ဘုရားရေ! ဆရာဝန်နဲ့သူမကို နှစ်ယောက်တည်းထားခဲ့တာလား။

"နေကောင်းရဲ့လား Honey"

ဒေါက်တာမျိုးမြတ်က သူမ၏ခါးသိမ်သိမ်လေးကို ဖက်ခံ့ကြည့်၍မေးလိုက်သည်မို့ သူမ တွန့်ခနဲဖြစ်ကာ အမြန်ရုန်းလိုက်မိ၏။ အလိုလေးလေ... ဒီဆရာဝန်နဲ့မမက ဘာတဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ ဟန်နီရဲ့။ ကိုယ်နဲ့မတွေ့ရတဲ့ တစ်ပတ် လေးအတွင်းမှာ သိပ်စိမ်းကားလှချည်လား"

"လွှတ်ပါ… ဒီလိုမျိုးဆက်ဆံတာ ကျွန်မ မကြိုက်ဘူး"

"ဟန်နီ… မင်းနဲ့ကိုယ်က engage လုပ်ထားပြီးတာ ကြာ နေ၃်။ ဘာဖြစ်တာလဲ"

သူမခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားရပါ၏။

ဘုရား… ဘုရား အဖြစ်အပျက်တွေက တူလှချည်လ သူမအဖြစ်က ဟိုမှာစေ့စပ်ပေးတဲ့လူကိုငြင်းပယ်ချင်၍ ထွက် လာခဲ့မိတာ။ အခုလည်း ဒီလိုလူကိုမလိုချင်၍ မမ ဒီအိမ်မှပျော သွားတာပဲထင်ပါရဲ့။

"ဟန်နီ"

ဒေါက်တာမျိုးမြတ်၏စိုးရိမ်တကြီးခေါ်သံကြောင့် မှိတ် သည့်မျက်တောင်တို့ကို ဖျတ်ခနဲဖွင့်လိုက်ရပါ၏။ မဖွင့်၍လည် ဒီလူက လက်ရဲဇက်ရဲရှိပါဘိသနဲ့။

"ကျွန်မ, မိုးမြင့်စံမဟုတ်ဘူး"

"ဟင်းဟင်း… ဘယ်အချိန်ထိ ကိုယ့်ကိုနှိပ်စက်နေဦး ဟန်နီ။ ပြောတော့ဖြင့် ကိုယ် ဟောက်စ်ဆင်းပြီးတာနဲ့ လက်





ဆို။ ခုတော့ ကိုယ့်ကို တောင်လှည့်မြောက်လှည့်လုပ်ပြီး ကြိုးရှည် ည်နဲ့လှန်တားတာ ဘယ်လောက်ကြာပြီလဲ။ ဒီမှာကြည့်… ကိုယ် စောင့်လာခဲ့တာ (၈)နှစ်ရှိနေပြီ။ အခုမစောင့်နိုင်တော့ဘူး။ ဒါပဲ"

သူ့လက်တစ်ဖက်က သူမလက်ဖျံကို ခပ်တင်းတင်းဆုပ်ကာ ည့်ကြည့်လိုက်ပါ၏။ လက်ပြတ် blouse လေးသာ ဝတ်ထားတာမို့ သူမလက်တံလေး အနီရောင်သန်းသွားတာကို မြင်နေရသည်။

"ဘာလုပ်တာလဲ"

"Heroin (ဘိန်းဖြူ) သုံးထားသလားလို့ နေရာရှာကြည့်တာ

"ရှင်! "

"ကဲ! ပါးစပ်ဟပါဦး"

"အို! ဘာလို့ဟရမှာလဲ"

"ဟလိုက်ပါ ဟန်နီရယ်။ cigarettee (စီးကရက်) သောက် သောက် အနံ့ခံရုံလေးပါ"

သူမမေးစေ့ကိုကိုင်ကာ ဟခိုင်းနေတာမို့ ဟပေးလိုက်ရပါ၏။ ်နှာအနီးကပ်ကာ အနံ့ခံသည်မို့ သူမမျက်လုံးကိုစုံသာ မှိတ် းလိုက်ရသည်။ အကျိုးနည်းမှပဲ။ အနောက်နိုင်ငံမှာနေခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



တောင် သူစိမ်းယောကျ်ားတစ်ယောက်နဲ့ ဒီလိုနီးနီးကပ်ကပ် လက်ပွန်းတတီးမနေခဲ့တာ အမှန်ပါလေ။

"Ok! Thanks, Honey . . . အန်ကယ်စိုးရိမ်တဲ့အဆင့်ကို ရောက်မသွားသေးလို့ ကိုယ်လည်းဝမ်းသာပါတယ်။ နောက်ကို တင်မမတို့အုပ်စုနဲ့ အပေါင်းအသင်းမလုပ်ရဘူးနော်။ ဟန်နီ့က လူတွေအကြောင်းကို ဘာမှသိသေးတာမဟုတ်ဘူး။ စိတ်က ကလေးသာသာရှယ်၊ ကောင်လေးတွေနဲ့ရောနှောပျော်ရွှင်တာကလွဲပြီး ဘာတွေးတတ်တာမဟုတ်ဘူး။ အဲဒီအုပ်စုက ဟန်နီ့ဆီကနေ ရသမျှချော့မော့ပြီး ချူစားနေကြတာ။ သူတို့လိုင်းထဲ မဝင်နိုင်သေးတာကံကောင်းတယ်မှတ်"

"သူတို့က ဆေးသမားတွေလားဟင်"

"ဒါပေါ့. . . ဒါကြောင့် ဟန်နီ့ဆီက ငွေတွေရော၊ ရွှေတွေခဏခဏချေးငှားနေတာလေ။ ဒါလေးတောင် မသိဘူးလား ဟန်နီရယ်၊ ခက်တာပဲ"

"ခက်တယ်၊ ခက်တာ့မှအစစ်ပေါ့။ ကျွန်မက ရှင်နဲ့စေ့စပ်ထားတဲ့မိုးမြင့်စံမဟုတ်ပါဘူးဒေါက်တာ။ ကျွန်မက ပါပါ့သမီးအငယ် ရွှေဘုံစံပါ"





ဒေါက်တာ့မျိုးမြတ်၏မျက်ခုံးနှစ်ဖက် ပင့်တက်သွားလေ၏။ ပြီးနောက် ဘာကိုသဘောကျသွားသည်မသိ ရယ်ချလိုက်ပြန်သည်။

"ဟန်နီရယ် . . . အဲဒါလေးတွေကြောင့် ကိုယ်အသည်းငှယားပြီး ချစ်နေရတာ။ သိလား"

နဖူးကို ဖျတ်ခနဲထုလိုက်ပြန်လေ၏။ အားပါးပါး. . . လက်ကလည်း မြန်လိုက်တာနော်။

သူက Attachecase ကိုဖွင့်၍ နားကျပ်နှင့် သွေးပေါင်ချိန်စက်ကိုထုတ်လိုက်ပါသည်။

"ကဲ! စမ်းသပ်ဦးမှပဲ။ တော်ကြာ ကိုယ့်ရဲ့ father-in-law မေးရင်၊ မဖြေနိုင်လို့ အခက်တွေ့သွားမှာ။ 120° - 80° . . . Ok အားလုံး Normal ပါပဲ"

"ကျွန်မနဲ့မမက တော်တော်တူတာတော့မှန်ပါတယ် ဒေါက်တာ။ ဒါပေမဲ့ မမရဲ့ pupil က black ပါ၊ ကျွန်မက sepia လေ"

"ကိုယ့်ကိုအရူးမလုပ်ပါနဲ့ ဟန်နီ။ မင်းရဲ့ favourite ထဲမှာ မျက်ကပ်မှန်ရောင်စုံတတ်တဲ့အကျင့်ကို ကိုယ်သိပြီးသားလေ။ ကဲ! ကိုယ့်ကို အိမ်ဝထိပြန်လိုက်ပို့ပါဦး"

ကဲ! ကောင်းရော။ ဘယ်လိုပဲမဟုတ်ပါဘူးငြင်းငြင်းဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



မှမယုံကြပါလားနော်။

သူက သူမလက်ဖျားကိုဆုပ်ကိုင်၍ ဆွဲခေါ်ခဲ့သဖြင့် လိုက်လာခဲ့လေ၏။ ဧည့်ခန်းမှာ ပါပါက အဆင်သင့်ထိုင်စောင့်နေလေသည်။

"အားလုံး Ok ပါတယ် အန်ကယ်။ ဘာတစ်ခုမှစိုးရိမ်စရာ မရှိပါဘူး"

"မစိုးရိမ်ဘဲရှိမလား မောင်မျိုးရယ်။ မင်းညီမလုပ်ပုံတွေက ဟုတ်မှမဟုတ်ဘဲ။ လာထိုင်. . . ကော်ဖီလေးဘာလေးသောက်သွားဦး"

ဒေါက်တာမျိုးမြတ်နှင့်အတူ ထိုင်ခုံမှာဝင်ထိုင်လိုက်ရပါ၏။ ရောက်လာကတည်းက အဆင်မပြေရင် ရှေ့ဆက်ပြီး ဘယ်လိုများ စခန်းသွားရပါ့။ ဒီမြေနဲ့အလှမ်းဝေးတာ အတော်ကြာခဲ့လေပြီပဲ။

"အန်ကယ့်သမီးက မလွယ်ဘူးဗျ။ သူ့ကိုယ်သူ ဟန်နီမဟုတ်ဘူးလို့လည်း ကျွန်တော့်ကိုအကြောင်းရိုက်သေးတယ်"

"အဲဒါပဲကြည့်ပေါ့ မောင်မျိုးရယ်။ အငယ်မက ဒီကိုဘယ်လို ပြန်လာလို့ရမှာတဲ့လဲ။ သူတို့အမေကလည်း မွေးတတ်ပါရဲ့။ သမီးနှစ်ယောက်ကို တစ်နှစ်ခြားပြီးမွေးတာဆိုပေမယ့် တကယ်တမ်းကွာ





တာက (၈)လတည်းလေ။ ငယ်ငယ်ကတည်းက ရုပ်ရောအရွယ်ပါ သိပ်မကွာတော့ အမွှာလို့တောင်ထင်ကြတာ။ အကြီးမက ဖအေကို ကပ်တယ်။ အငယ်မက အမေကိုကပ်တယ်. . . အန်ကယ်တို့လင်မယားကွဲရတာလည်း မေရီရဲ့အဖေကြောင့်ပါ။ ဟိုမှာအပြီးနေမယ် ပြောတော့ မေရီကလည်း ဖအေတစ်ခုသမီးတစ်ခုနေလာခဲ့ပြီး မခွဲနိုင်ဘူးဆိုပြီး ပါသွားတာလေ"

"ဟုတ်ကဲ့၊ မာမီပြောပြထားလို့လည်း ကျွန်တော်အငိုက်မမိတာ။ နို့မို့ ဟန်နီ့စကားတွေထဲမှာ ချာချာလည်မူးသွားနိုင်တယ်"

ပါပါနှင့်အတူ သူပါ,ရောရယ်လိုက်လေ၏။ သူမကတော့ ပြုံးပင် မပြုံးနိုင်တော့ပေ။

ဟုတ်တယ်လေ။ ဒီလိုကြီး အိမ်ထဲမှာ ပိတ်ထားရင် ဘယ်နှယ်လုပ်မလဲ။ သူမက မာမာနှင့်အတူနေကတည်းက လွတ်လပ်စွာ လျှောက်လည်နေတတ်တဲ့သူလေ။

"စကားလည်းကောင်းပါတယ်။ မာမီမျှော်နေမှာမို့ ပြန်လိုက်ပါဦးမယ် အန်ကယ်"

"ကောင်းပါပြီ မောင်မျိုး။ နေ့တိုင်းမဟုတ်တောင် ရက်ခြားဆိုသလို မကြာမကြာတော့ လာကြည့်ပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . လာခဲ့ပါ့မယ် အန်ကယ်"

ဒေါက်တာမျိုးမြတ်၏ကားကလေး ခြံထဲမှထွက်သွားတာကို တာဝန်အရ လက်ပြခဲ့ပြီးမှ အပေါ်သို့ပြန်တက်လာခဲ့၏။

အိပ်ရာထက်လှဲကာ မျက်စိကိုမှိတ်လိုက်စဉ် အာရုံထဲမှာ မျက်နှာတစ်ခုက အလိုလိုပေါ်လာလေ၏။ စူးစူးရဲရဲမျက်ဝန်းတွေကို သူမမမေ့။ ခနဲ့ပြုံး,ပြုံးပြလိုက်တဲ့ ခပ်ညီညီအနေတော်နှုတ်ခမ်း တစ်စုံကိုလည်း အာရုံမှာ စွဲထင်နေလေသည်။

သူ ဘယ်သူလဲ။

မမနဲ့ဘယ်လိုပတ်သက်နေတာလဲ။

မမကို ဘာကြောင့်မုန်းတီးနေရတာလဲ။ ဘာဖြစ်လို့များ သူ့ မျက်ဝန်းတွေကို သူမလန့်နေရပါသလဲ။ အမေးများစွာရှိသော်ငြား အဖြေက မရှိ။

အနောက်နိုင်ငံမှာ ကြီးပြင်းခဲ့ရသူမို့ သူမ လူမကြောက် တတ်ပါ။ သို့သော် သူ့ကိုတော့ မြင်မြင်ချင်းကြောက်မိတာကို ဝန်ခံ ပါသည်။

အထူးသဖြင့် သူ့ရဲ့စူးရဲတဲ့မျက်လုံးစိမ်းတွေကိုပါပဲ။

ကိုလူချောရေ . . . မြန်မာပြည်ကို ဦးဆုံးပြန်ရောက်လာတဲ့





ညမှာ ရှင်က ကျွန်မရဲ့အိပ်မက်တွေထဲရောက်လာတဲ့သူဖြစ်နေတာ တော့ မတရားပါဘူး။ ဒါပေမဲ့ . . . ကြောက်ရွံ့စိတ်ရဲ့တစ်ဖက်မှာ ကျွန်မ ကျေနပ်နေပြန်တယ်။ အဲဒါ ဘာကြောင့်များပါလဲ။ ကျွန်မ မဖြေတတ်လို့ပါ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

"မသွားရဘူး။ ဘယ်ကိုမှထွက်မယ်မကြံနဲ့ . . . ဒါပဲ"

"ပါပါ"

"မရှည်နဲ့ . . . ဘုရားတို့ရုပ်ရှင်ရုံတို့ဆိုပြီး အကြောင်းပြထွက်သွားခဲ့တာ အကြိမ်ပေါင်းမနည်းတော့ဘူး။ ပြီးရင် ပြဿနာပေါင်းသောင်းခြောက်ထောင်ရှုပ်လာတော့မှာ။ နင်, ငါ့ကို တော်ရုံပဲဒုက္ခပေးပါ မိုးမြင့်စံ"

ကဲ . . . ရွှေတိဂုံဘုရားဖူးချင်သည့်စိတ်ပင် ကြောက်ပျောက်ချက်ပျောက် ပြေးကုန်လေပြီ။ ပါပါက breakfast ကိုစားပြီးသည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကုမ္ပဏီသွားရန် ပြင်တော့၏။ သူမ dinning room ထဲမှာ ငိုင်လျက်သားကျန်ခဲ့ရသည်။ ဒုက္ခပါပဲ. . . ဘယ်တော့မှ အပြင်ကို ထွက်ခွင့်ရမှာပါလိမ့်။

"ငါမှာထားတာတွေ မေ့မနေကြနဲ့နော်။ တစ်ခုခုမှားတာနဲ့ နင်တို့အားလုံး သေပြီမှတ်"

အိမ်မှထွက်ကာနီး ခပ်ကျယ်ကျယ်ပြောသွားသည့်ပါပါ့အသံ ကြောင့် သူမသက်ပြင်းရှိုက်လိုက်ပါ၏။ အိမ်ဝကိုမမြင်ရပေမယ့် မျက်စောင်းတစ်ချက်ကိုလှမ်းထိုးဖြစ်အောင်လည်း ထိုးလိုက်ပါသည်။ ကော်ဖီသောက်ပြီးသွားမှ အပေါ်ထပ်သို့တက်ရန်လှေကားတစ်ခုကို စနင်းစဉ် ဂါဝန်အဖြူလေး၏အောက်နားစကို ဆွဲကိုင်မ,လိုက်ပါ၏။

"တူ. . . တူ. . . တူ"

ဟော! Phone သံပါလား။ သူမခြေလှမ်းကိုပြန်ရုတ်လိုက်ကာ phone စင်ရှိရာသို့ လှမ်းလာခဲ့ပါ၏။

"ဟဲလို"

"မိုးလေးလား. . . မမပါ"

"ဘယ်က မမလဲ"

"ကွယ်. . . တင်မမကိုတောင် မမှတ်မိတော့ဘူးလား"





"မသိဘူး။ ကျွန်မက မိုးမြင့်စံမှမဟုတ်တာ"

"ဟင်းဟင်းဟင်း. . . မိုးလေး, မမတို့ကိုစိတ်ကောက်နေမှန်း သိပါတယ်ကွယ်။ မမက အကြည်စားသန်တတ်မှန်းသိရဲ့သားနဲ့ ကျော်သီဟကို မိုးလေး စိတ်မဝင်စားမှန်းမသိလို့ပါ။ မမက မောင်လေးကိုသနားလို့ မိုးလေးနဲ့အဆင်ပြေအောင် ဖူးစာရေးနတ် လုပ်ပေးမိတာ တောင်းပန်ပါတယ်. . . မိုးလေးမကြိုက်ရင် နောက်ကို မပြောတော့ပါဘူး"

"ဘာတွေလာပြောနေတာလဲ. . . ကျွန်မ ဘာတစ်ခုမှနားမလည်ဘူး။ ရှုပ်ရှုပ်ယှက်ယှက်တွေ"

တစ်ဖက်မှ ညှင်းသွဲ့သွဲ့လေးရယ်လိုက်လေ၏။ မမတော့ မောင်လေးတွေကြားထဲမှာ အတော်ရေပန်းစားတဲ့နှင်းဆီပွင့်လေး ဖြစ်နေပါရောလား။

"မမတောင်းပန်တာကိုတော့ လက်ခံပေးပါကွယ်"

"ရပါတယ်. . . ဒါပဲမဟုတ်လား"

"မိုးလေးနဲ့ငြိမ်းချမ်းရေးအထိမ်းအမှတ်အဖြစ် တစ်ခုခုစားရအောင်လေ။ ဒီတစ်ခါ မမရှင်းမှာပါ။ ထွက်လာခဲ့နော်၊ ခါတိုင်းဆုံနေကျဆိုင်မှာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



“ဟင့်အင်း. . . ကျွန်မကို ပါပါက ဘယ်မှမလွှတ်တော့ဘူး။ sorry ပါ”

“ဟုတ်လား! တို့မိုးလေးတော့ လှောင်ချိုင့်စံမင်းသမီးလေး ဖြစ်ပါရောလား။ ဟုတ်တာပေါ့. . . လောလောဆယ်တော့ မိုးလေးရဲ့ပါပါ စိတ်တိုင်းကျလေး နေလိုက်ပါဦး။ အလွန်ဆုံးကြာ တစ်ပတ်ပေါ့ချာတိတ်ရယ်။ ဒါဆို ဒါပဲနော်”

သူမခေါင်းကိုခါယမ်း၍ phone ကိုပြန်ချလိုက်ပါ၏။ အပေါ်တက်ကာ ရေချိုးအဝတ်အစားလဲ၍ ခြံထဲလမ်းဆင်းလျှောက်နေမိသည်။ ကွန်ကရစ်လမ်းပေါ်မှာလျှောက်ရင်း ဟိုဒီလှည့်ပတ်ကြည့်နေစဉ် ခြံရှေ့မှ ကားတစ်စီးဖြတ်မောင်းသွားတာကို မြင်လိုက်ရ၏။ ခြံတံခါးကလုံသည်မို့ ခြံစည်းရိုးသံတိုင်ကြားမှ လှမ်းကြည့်လိုက်စဉ် ခပ်ဖြည်းဖြည်းမောင်းနှင်နေရာမှ ရပ်သွားသည့်ကားရှေ့ခန်းမှ လူတစ်ယောက်ကိုသတိထားမိသွားရ၏။ ဟော! ဒါ မနေ့က တွေ့ခဲ့တဲ့လူပါလား။ သူက နေကာမျက်မှန်ကိုချွတ်၍ သူမကို မဲ့ပြုံးတစ်ချက်ပြုံးပြလိုက်ပြန်သည်။ ကြည့်စမ်း! ပုံစံကိုက ရုပ်ရှင်မင်းသားကြီးနေအောင်လိုလို၊ style ကအပြည့်ပဲကိုး။ သူမ ရယ်ချင်လာရတာနှင့် ပြုံးစိစိဖြစ်သွားရလေ၏။





“ဟော့! ဘယ်လိုလဲ သိပ်ကြောက်နေပြီလား။ ခြံထဲမှာလုံအောင်ပုန်းနေလည်း ငါ့လက်ကလွတ်ပြီလို့ထင်မနေနဲ့”

“အမယ်! ဘယ်မှာပုန်းနေလို့လဲ။ ရှင့်လောက်များ သာတောင်မကြောက်သေး”

“စိမ်ခေါ်တာပေါ့လေ။ သပြေတို့က ကိုကို့အတွက်ဆိုရင် ဘာတိုမှ ဂရုစိုက်တဲ့ကောင်မဟုတ်ဘူး။ မင်း အဲဒီဆရာဝန်ကို ယူရဲယူကြည့်၊ နှစ်ယောက်စလုံး နှစ်လောင်းပြိုင်ဖြစ်သွားမယ်မှတ်”

“ဟာဟ! ပိုပြီးတော့တောင်မှ မကြောက်သေး။ ရှင့်လိုလက်တောင့်လောက်ကောင်လေးကို ဘုံတို့က တစ်ချက်ကိုင်ပေါက်စာပဲရှိတယ်ဆိုတာ မှတ်ထားလိုက်”

“ဘာကွ”

သူက ရှုးရှုးရှဲရှဲဖြစ်ပြီး ကားပေါ်မှဆင်းလာလေ၏။ ခြံစည်းရိုးအနားထိ လျှောက်လာသည့်ခြေလှမ်းတွေက အတော့်ကိုကြည့်ကောင်းနေပါသည်။ ဘယ် Model show မှာများ cat walk လျှောက်ခဲ့မှန်းမသိ stlye ကျလွန်းနေပါ၏။

“မင်းနော်. . . မင်းကိုယ်မင်း မိန်းကလေးဆိုတာရော သတိထားမိရဲ့လား။ အတော်မျက်နှာများတဲ့မိန်းမ၊ စေ့စပ်ထားတာက



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၊ ကြိုက်တာကတစ်ယောက်၊ တွဲတာတွေ့က ထည်လဲ။ မင်းဘယ်လိုမိန်းကလေးလဲကွ"

"နေပါဦး. . . ကျွန်မက ဘယ်သူ့ကိုများ ကြိုက်နေမိလို့လဲ"

"ဘာ! မင်း. . . မင်း. . . ကိုကို့ကိုပဲ အသည်းပေါက်မတတ် ချစ်ပါတယ်လို့အဖြေပေးခဲ့တာလေ။ ခုကိုကို. . . တောက်! ငါ့, လူ သတ်မိတော့မှာပဲ"

သူက မျက်နှာကြီးနီရဲလာတဲ့အထိ ဒေါသတွေဖြစ်နေတာမို့ သူမပြုံးစိစိဖြစ်သွားရပါ၏။ အစ်ကိုကိုတောင် ဒီလောက်ချစ်နေရင် သူချစ်သူဆို ဘယ်လောက်တောင်များ ချစ်ရှာမလဲဟု မဆီမဆိုင် တွေးမိသွားရလေသည်။ အတော့်ကိုတရားတာပဲနော်။

"ဟုတ်လား။ ကျွန်မ အဲဒီလိုပဲပြောခဲ့မိသလားဟင်"

"မင်းနော်"

"ကျွန်မ သိပ်မမှတ်မိတော့လို့ပါ"

"လာပြန်ပြီ၊ ငါ့ကို အတိတ်မေ့ချင်ယောင်ဆောင်ပြမနေနဲ့။ မယုံဘူး"

သူမ တီးတိုးရယ်လိုက်မိ၏။ ဒီလောက် ဒေါသတွေထွက်နေတာတောင် သူ့မျက်နှာက အတော့်ကိုကြည့်ကောင်းနေသည်ပင်။





"မယုံလည်းနေပေါ့။ ဒါနဲ့ ရှင့်အစ်ကိုဆိုတာ ရှင့်လိုခပ်ချော ချောပဲလားဟင်"

"ဘာကွ! "

"အာ. . . တိုးတိုးသာသာပြောပါရှင့်။ ကျွန်မ နားမလေးပါဘူး"

"မင်းနော်. . . ကိုကို့ကိုကြိုက်လှချည်ရဲ့ဆိုပြီး ရေလာမြှောင်းပေးအဆင့်ကိုတောင်ကျော်ခဲ့သေးတာ။ ကိုကို့နောက်မှာ တကောက်ကောက်လိုက်နေမှတော့ ငါ့အစ်ကို ပစ်မကျဘဲနေမလား။ အတော်ရဲတင်းတဲ့မိန်းကလေး"

"ဟုတ်လား။ ဒါဆိုရင်တော့ အဲဒီတုန်းက ကျွန်မမျက်စိမှုန်နေတာပဲဖြစ်မယ်။ တကယ်ဆို သူ့ထက်ချောတဲ့,ခန့်တဲ့ ယောကျ်ားလေးတွေ လောကမှာအများကြီးရှိနေတာ ဟုတ်လား။ ဝေးဝေး မကြည့်နဲ့။ ရှာစရာတောင်မလိုဘူး"

"တောက်! မင်း. . . မင်း. . . ဂုဏ်ကဲလာတယ်။ ဒါပေမဲ့ ...ပြောင် မိန်းမ။ မင်းလို မိန်းမမျိုးကိုမှ စွဲ ဒါကြောင့် ကိုကိုဒုက္ခရောက်

သူက လက်သီးကိုဂ



www.burmeseclassic.com

www.burmeseclassic.com



သွားကာ ကားကိုဝူးခနဲမောင်းသွားလေသည်။ အတော့်ကိုစိတ်ဝင်စားစရာပဲ။ အဲဒီကိုကိုဆိုတာကို သူမမြင်ဖူးချင်မိသည်။ မမဟာ တကယ်ပဲ အဲဒီကိုကိုဆိုတဲ့လူနဲ့ ချစ်ခဲ့ပါသလား။ ဒါဆိုရင်တော့ သနားစရာပဲ။ ဒေါက်တာ့ကို ပါပါ့အလိုကျ လက်ခံလိုက်ရပြီး သူ့အစ်ကိုကိုတော့ တကယ်ချစ်ရှာတာထင်ပါရဲ့။

ဘယ်ဆီကိုများ ရှောင်ပြေးနေသလဲမမရယ်။ အခက်အခဲတွေ ရှိနေရင်လည်း ဘုံနဲ့တိုင်ပင်ပြီး ဖြေရှင်းနိုင်ပါတယ်။ အားလုံးကိုကြောက်နေဖို့မလိုပါဘူး။ လောကမှာ ဘုံကြောက်ရမယ့်အရာဆိုလို့ ဘာတစ်ခုမှရှိမနေသေးတာအမှန်ပါ။

ခြံထဲမှအိမ်ပေါ်ပြန်တက်လာခဲ့ပြီး အခန်းထဲမှ ဗီရိုတွေအံဆွဲတွေထဲ ရှာဖွေနေမိ၏။ ဓာတ်ပုံရိုက်တာ ဝါသနာပါသည့်မမတ ယောက် Diary တွေဘာတွေများရေးလိုရေးငြား ရှာကြည့်မိခြင်းဖြစ်သည်။

မယ [illegible] စာအုပ်သေးသေးလေးပဲ။ ဘာတွေများ

သူမ တီးတိုးရယ်လိုက်မိ၏။ [illegible] အိပ်ရာထက် ပက်လက်လှန်

တာတောင် သူမျက်နှာက အတော့်ကို [illegible] ဝိုင်းဝိုင်းလေးတွေကိုမြင်ရ





ကိုမျိုးက မိုးထက် (၆)နှစ်ကြီးတယ်။ ဆေးကျောင်းသားဖြစ်နေပြီ။ မိုးကို Proposeလုပ်တော့ ရင်ထဲမှာ တစ်မျိုးကြီးပဲ ခံစားရတယ်။ ဒါပေမဲ့ ဘာမှန်းတော့ မိုးမသိတာအမှန်ပဲ။

ပါပါကနေတစ်ဆင့် မိုးနဲ့စေ့စပ်ခွင့်တောင်းတယ်။ မိုးအသက် အခုမှ (၂၀)ပဲရှိသေးတာပါ။ အချစ်ဆိုတာဘာလဲလို့ မိုးမသိဘူး။ ပါပါ့ကိုချစ်လို့ မိုး, ခေါင်းညိတ်ပေးလိုက်ရတာပါ။ သေချာတာ တစ်ခုတည်းပါပဲ။ အဲဒါကတော့ မိုး, ကိုမျိုးကို ရင်မခုန်ဘူး။ ဒါဟာ မချစ်လို့ပဲနေမှာပေါ့နော်။

ကိုမျိုးက မိုးအပေါ် အတော်လေးချစ်ရှာပါတယ်။ ဂရုလည်း စိုက်သလို ယုယမှုလည်းရှိတယ်။ အချိန်မရတဲ့ကြားကတောင် မိုးဆီကို မကြာခဏရောက်လာတယ်။ ဒါပေမဲ့ မိုးမပျော်တာ အမှန်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



အိပ်မှာမ်နေချင်လို့ အပြင်ကို ထွက်ပေါက်ရှာတယ်။ သင်တန်းတွေလျှောက်တက်တာကို ပါပါကခွင့်ပြုတယ်။ အဲဒီမှာ မမတို့အုပ်စုနဲ့စဆုံတာပဲ။

မမတို့အုပ်စုက ရေပေါ်ဆီသာသာမှန်း တဖြည်းဖြည်းရိပ်မိလာတယ်။ ကျော်ကလွဲပြီး သူတို့တွေ စီးကရက်သောက်ကြတာကို မိုးသိနေပြီ။ သူတို့မျက်လုံးတွေက တစ်မျိုးကြီးပဲ။ မမက မိုးကိုလည်း ဆေးလိပ်သောက်ကြည့်ဖို့ မြူဆွယ်တော့ ကျော်တို့မောင်နှမ စကားတွေများကြတယ်။ မမလှမ်းပေးတဲ့ ဆေးလိပ်ကို ကျော်က ပုတ်ချလိုက်လေရဲ့။

ကျော်က ချစ်တယ်လို့ပြောတယ်။ မိုး စိတ်ဆိုးရခက်တာပေါ့။ အားလုံးထဲမှာ ကျော့်ကိုပိုသာတဲ့သံယောဇဉ်တွေဖြစ်တာကို သိနေကြတာကိုး။ ကျော်ရယ် မိုးဘက်က မြူစင်တာကို ကျော်သိစေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မိုးမှာ အချစ်မရှိသေးလို့ပါ။



ကိုကိုတို့ကုမ္ပဏီရုံးခန်းရဲ့အောက်ထပ်က သင်တန်းကို မိုးတက်မိတယ်။ အဖအေးဆိုင်ထိုင်နေရင်းနဲ့ ကိုကို့ကားအလာကို မိုး,မျှော်တတ်လာပြီ။ Lift ထဲဝင်တာကို မဆုံ၊ ဆုံအောင်ကြံမိတယ်။ ကိုကို့ရေမွှေးရနံ့က မိုးကိုရင်ခုန်စိတ်လှုပ်ရှားစေတာ အမှန်ပဲ။

ကိုကိုပိုင်တဲ့ Mart ထဲကို အနောက်မှတကောက်ကောက်လိုက်ကြည့်မိတော့ မိုးကိုသတိထားမိသွားပြီ။ မိုးနဲ့ အသက်ကနှစ်ယောက်တည်းတွဲနေကျကိုး...

ကိုကို့မျက်နှာမှာ ရှားရှားပါးပါးအပြုံးလေးကို တွေ့ခွင့်ရလိုက်တယ်။ ရင်တွေခုန်လိုက်တာနော်။ အဲဒီအချစ်တဲ့ဘား။ စိတ်လှုပ်ရှားစရာကြီး။ Mart ထဲမှာ အကျီရွေးသလိုနဲ့ကိုကို့ကိုချောင်းနေမိတုန်း မှန်ထဲမှစိုက်ကြည့်နေတဲ့မျက်ဝန်းတွေနဲ့ ဆုံသွားစဉ် မိုးလက်ထဲက File လေးပြုတ်ကျသွားပါလေရော။ ရှက်လိုက်တာနော်။ အကြည့်သူခိုးမလေးကို လူမိသွားတာကိုး...

www.burmeseclassic.com

ကိုကိုက မိုးရဲ့အကြည့်တွေကို ရိပ်မိသွားပြီ။ မိုးရဲ့ခြေလှမ်းတွေနောက် ပြန်လိုက်တဲ့အခါမှာ အပြေးတစ်ပိုင်းလျှောက်မိပြန်ပါရော။ ခြေဖျားလက်ဖျားတွေအေးစက်ကုန်တဲ့အထိ စိတ်လှုပ်ရှားခဲ့ရတာ အမှန်ပါပဲ။

Coffee ဆိုင်မှာ နှစ်ယောက်တည်း ထိုင်ခွင့်တောင်းတဲ့ ကိုကို့ကိုမငြင်းခဲ့မိတာ ဘာကြောင့်လဲ။ ကြောက်ကြောက်လန့်လန့်နဲ့ပဲ ကတိပေးလိုက်မိတယ်။ မိုး, မှားသွားလားဟင်...

'မြတ်မြတ်နိုးနိုးနဲ့ ချစ်တာပါ' တဲ့။ ရင်ခုန်ဖွယ်ရာ နှုတ်ခမ်းလွှာကြားက အချိုမြိန်ဆုံးစကားလေးတစ်ခွန်းပါ။ ရှက်အားတွေပိုရင်း ကိုကို့မျက်နှာကိုမော့မကြည့်ရဲခဲ့ဘူး။ ရင်ထဲမှာ ဆိုင်းတွေ ဗုံတွေတီးနေသလို ဆူညံနေတာပဲ။





'မိုးသောက်ဦး' တဲ့။ ကိုကို့ကို မိုးသိပ်ချစ်ပါတယ်။ တစ်ခါမှ မချစ်ဖူးသေးတဲ့အချစ်မျိုးနဲ့ အရူးအမူးချစ်မိခဲ့တာပါ။ မိုးဝန်ခံပါတယ်လို့ပြောတော့ ကိုကို့အပျော်မျက်ဝန်းတွေကိုကြည့်မဝခဲ့ဘူး။ ကိုကိုလည်းအရမ်းပျော်နေတာ သိသာပါတယ်။

မိုးသိပ်ကြောက်တယ်။ သူတို့တွေ မိုးဆီက ငွေတွေယူပေါင်းများပြီ။ ပြောတော့ ချေးတာတဲ့။ ပါပါဆင်ထားတဲ့ လက်စွပ်တွေဆို ကုန်သလောက်ရှိနေပြီ။ အခုတစ်ခါ ဆွဲကြိုးကိုမျက်စိကျနေပုံပဲ။ ကျော်တောင် မှုသိပ်မမှန်ဘူးလို့ထင်လာရပြီ။ မိုးကို စားသောက်ဆိုင်တွေမှာချိန်းပြီး ငွေတောင်းတတ်နေပြီလေ။

ကျော့်လက်ဖျံမှာ အပ်ပေါက်ရာလိုလိုတွေ့လိုက်ရတော့ မိုးမျက်ရည်ကျမိတယ်။ ကျော်က အဲဒီမိုးကြောင့်တဲ့။ မိုးပြန်မချစ်လို့ သူဒီလိုမျိုးလုပ်တာလို့ ပြောလေရဲ့။ မိုး စိတ်တိုတိုနဲ့ပြန်အော်ရင်း ရန်ဖြစ်ကြတာမှ အကြီးအကျယ်ပဲ။ မိုးအတွက် အန္တရာယ်သိပ်ကြီးနေပြီဆိုတာကို သိနေပါပြီ။ ဒီပတ်ဝန်းကျင်ကနေ မိုးထွက်ပြေးရတော့မယ်။ မိုး,ဘယ်ကိုသွားရမလဲ။

www.burmeseclassic.com



ကိုကိုကို ဖွင့်မပြောရဲခဲ့ဘူး။ ကိုကိုက သိပ်ထွန်းခြောက်ကြီးတဲ့ ယောကျ်ားတစ်ယောက်ပါ။ မိုးကြောင့် စိတ်ရှုပ်သွားမှာကို စိုးမိတယ်။ မိုးမှာထွက်ပေါက်ပိတ်နေပြီ။ ဒီကြားထဲ ကိုမျိုးကပါ လက်ထပ်ဖို့ပူဆာတော့ ပိုဆိုးတာပေါ့။ မိုးဘာလုပ်ရမလဲ။

ကိုကိုဆီက Phone လာတယ်။ ကိုကိုမေမေဆုံးလို့ နယ်ကို ခဏပြန်မလို့တဲ့။ မိုးတစ်ယောက်တည်း မနေခဲ့ဘူး။ ကိုကို့နောက် လိုက်ခဲ့ပါရစေ။ ကိုကိုကိုသိပ်ချစ်လွန်းလို့ပါကွယ်။

စာအုပ်လေးက ပြည့်သွားချေပြီ။

အတော့်ကို စိတ်ဝင်စားစရာကောင်းတာပါပဲလား။

ဒါဖြင့် မမက 'မိုးသောက်ဦး'ဆိုတဲ့ကိုကို့နောက်ကို တက ပဲလိုက်သွားတာလား။ ဒါဆိုရင် သူက ဘာလို့ ရန်ရှာစရာအကြော ရှိမှာလဲ။ တင်မမကလည်း မမပျောက်သွားတာကို မသိဘူး

ဒီအတိုင်းဆိုရင်တော့ တစ်နေရာရာမှာ မမ ပုန်းနေ





သချာပါတယ်။

မမရယ်. . . သနားစရာကောင်းလိုက်တာ။

ဒီလောက်အန္တရာယ်တွေဝိုင်းနေတာကို ပါပါနဲ့မတိုင်ပင်ဘဲ မ်ကနေ ဖွတ်ထွက်သွားရလား။

"ဒေါက်! ဒေါက်! "

"ဘယ်သူလဲ"

"ခင်မေပါ မမ။ မမသက်သက်စံ့ အောက်မှာစောင့်နေပါ ယ်"

ဟော! သက်သက်စံဆိုတာ မမရဲ့သူငယ်ချင်း 'အသက်'ဆို ာ ထင်ပါရဲ့။ ဒါဆို မမသတင်းကိုစုံစမ်းလို့ရမှာ သေချာတာပေါ့။

"အခန်းထဲလာခဲ့ဖို့ပဲ ပြောလိုက်ပါ ခင်မေ"

"ဟုတ်ကဲ့ပါ မမ"

တံခါးချပ်ခနဲပွင့်သွားကာ ကော်ရုပ်နှင့်တူသည့်ကောင်မလေး ်ယောက်က မျက်လုံးလေးတွေဝိုင်းလျက် ဝင်လာလေ၏။

"မိုး! အမယ်လေးဟယ်. . . ဒီကိုရောက်အောင် ပြန်လာရဲ ာဲ ကံကောင်းတယ်မှတ်"

"အသက်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . . အသက်ကိုတောင် မမှတ်မိတော့ဘူးလား။ Accident ဖြစ်တာ ခေါင်းကိုထိသွားသေးလားဟင်"

"Accident"

"အင်းလေ. . . မိုးပဲ ပြင်ဦးလွင်ဆေးရုံကနေ အသက်ဆီကို Phone ဆက်ပြောလိုက်တာလေ"

"ပြင်ဦးလွင်ဆေးရုံ"

"ဟယ်! ဘာမှမမှတ်မိတော့ဘူးထင်ပါရဲ့။ အိမ်ကိုမှတ်မိပြီး ပြန်ရောက်လာတာ ဘုရားမ,တာပဲ။ ကံကောင်းလို့ပါလား"

အားပါးပါး! ပဟေဠိတွေက များသည်ထက်များလာပါရော လားနော်။ အသက်က သူ့မလက်ဖျားလေးကိုဆုပ်ညှစ်ကာ ခုတင် ထက် ထိုင်ချလိုက်လေ၏။

စိတ်လှုပ်ရှားလွန်းနေသဖြင့် ဘာစကားမှမပြောနိုင်သေးဘဲ သူ့မ ငြိမ်နေမိစဉ် တံခါး ချပ်ခနဲပွင့်ကာ ခင်မေ ပြန်ဝင်လာလေ သည်။

"ကော်ဖီနဲ့မုန့်လာပို့တာပါ,မမ။ မမသက် ညနေစာ စားပြီး မှ ပြန်မှာလားဟင်"

"မစားတော့ပါဘူး. . . ခင်မေရယ်။ မမှောင်ခင် ပြန်မှာမို့ပါ





ကျေးဇူးပဲနော်"

"ဟုတ်ကဲ့, လိုတာရှိရင် bell လေး နှိပ်ခေါ်လိုက်ပါ မမ"

"အင်းအင်း. . ."

အသက်က ကိတ်မုန့်တစ်တုံးကိုဖျတ်ခနဲဝါး၍ ကော်ဖီကိုတစ် ကျိုက်မော့လိုက်လေသည်။ ဒါဖြင့် မမက ကိုကို့နောက် လိုက်သွား တာကိုမသိဘဲ လမ်းမှာ ကား Accident ဖြစ်ခဲ့ရတာပေါ့။

"အသက်"

"ဟင်! ဘာလဲ,မိုး"

"ကိုကိုက ဘယ်မှာနေတာလဲဟင်"

"ဟော! အသက်ကိုပြန်မေးရလား,မိုးရဲ့။ လားရှိုးမှာဆိုပြီး မိုးပဲ တစ်ယောက်တည်းလိုက်သွားတာလေ"

"ဒါဆိုသေချာပြီပေါ့။ မမ လမ်းတစ်ဝက်မှာ ပျောက်နေတာ လေ"

"ဟဲ့! ဘယ်ကမမလဲ။ တင်မမ,မသိအောင် မိုးတိတ်တိတ် လေး လစ်သွားတာမဟုတ်လား"

"ကျွတ်! ဘယ်က တင်မမကိုပြောရမှာလဲ။ မမဆိုတာ နှင်းမမ နှင်းမြင့်စံကိုပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓေါ! ဘုရားကယ်တော်မူပါ။ မိုးရေ . . စိတ်တော့မှန်ပါသေးတယ်နော်။ ဘယ့်နှယ်! မိုးကိုယ်မိုး နှစ်ကိုယ်ခွဲလိုက်ရတာလဲ။ ကြုံဖူးပါဘူး"

မျက်လုံးပြူးမျက်ဆံပြူးနှင့် အနောက်ကိုရွှေ့ထိုင်လိုက်သည့် အသက်ကြောင့် သူမ ရယ်ချလိုက်ပါ၏။

ဟုတ်သားပဲ။ ဒီလောက်နှစ်တွေကြာအောင် ခွဲနေရသည့်သူမကို ချက်ချင်းလက်ငင်း ဘယ်သူက ယုံကြည်လက်ခံပေးနိုင်မှာလဲနော်။

"ဟုတ်တယ်,အသက်ရဲ့။ ဘုံက မနေ့ကမှ Singapore က ရောက်လာတဲ့ရွှေဘုံစံပါ။ မမထက် (၈)လငယ်တဲ့ ပါပါ့သမီးအငယ်ပေါ့"

"ဘုရား! ဘုရား! အသက်တောင်မှ ရူးချင်လာပြီ။ မိုးရယ် . . . ဒီလိုတော့မနောက်ပါနဲ့။ အသက်က မိုးနဲ့ (၈)တန်းမှ အတန်းတူတာမှန်ပေမယ့် တကယ့်ငယ်သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးလိုချစ်တာပါ။ မိုးချစ်သူရွှေတာတောင်မှ အသက်အကြံဉာဏ်ယူပြီးခေါင်းညိတ်ခဲ့တာလေ။ မိုးအပေါ်မကောင်းကြံမယ့် သူငယ်ချင်းမိုးမဟုတ်တာ ယုံပေးပါကွယ်"





သူမတဟားဟားဖြင့် ရယ်မောလိုက်ပြန်၏။ ခုမှ စုံထောက်ဝတ္ထုတွေထဲကလိုဖြစ်နေပါရောလား။ ဘုံ့ကို Amnesia ရောဂါသည်များ ထင်ကုန်ကြပြီလားလေ။

"ယုံပါတယ် အသက်ရဲ့။ ဒါကြောင့် အသက်နဲ့တိုင်ပင်ဖို့ ပြင်မိတာပေါ့"

"အင်း . . ."

အသက်က သံရှည်ဆွဲတာ မသက်မသာခေါင်းညိတ်ပြလေ၏။ သူမကိုလည်း မယုံသင်္ကာမျက်ဝန်းတို့ဖြင့် ကြည့်နေလေသည်။

"အသက်ရဲ့သူငယ်ချင်း တကယ်ပျောက်နေတာ သေချာပြီ။ ဒါပေမဲ့ ဒီသတင်းကို ဘယ်သူမှသိလို့မဖြစ်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ . . . မမမှာ အန္တရာယ်တွေဝိုင်းနေသလိုပဲလေ။ သူ့ ကိုကို့နောက်မမိဘဲ လမ်းတစ်ဝက်မှာကျန်ရစ်ပြီး ပုန်းနေတာပဲဖြစ်မှာ။ မေသနားပါတယ်"

"အင်း . . ."

"လောလောဆယ် အဲဒီတင်မမတို့အုပ်စုကို အရင်ဆုံးဖမ်းမိဖို့လိုတယ်သိလား။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အုပ်စုက Heroin သုံးနေတာ သေချာတာကိုး။ မမကိုသာ သူတို့မိသွားရင် ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့တက်ကုန်မှာ"

"မလုပ်ပါနဲ့လား မိုးရယ်။ အန္တရာယ် ကြီးက,ကြီးနဲ့"

"မကြောက်ပါနဲ့အသက်ရဲ့။ ဘုံက ကိုယ့်ကိုကိုယ် ကာကွယ်နိုင်စွမ်းရှိပါတယ်။ မမလိုခပ်ပျော့ပျော့လေးမဟုတ်ဘူးရှင့်။ ကရာတေးခါးပတ်နက်ရထားတဲ့သူပါ. . . ပြိုင်ဘက်ယောက်ျား ငါးယောက်လောက်ကို အသာလေးလှဲသိပ်နိုင်တယ်။ အပျော့ပဲ"

"ဟုတ်. . . ဟုတ်လို့လား"

"ဒါပေါ့. . . မယုံဘူးလား။ မယုံရင် အသက်ကိုကိုင်ပေါက်ပြမယ်လေ။ ဆေးရုံတက်ရရင်တော့ မတတ်နိုင်ဘူးနော်"

"မလုပ်ပါနဲ့။ ယုံတယ်. . . ယုံတယ်"

သတ်သက်စံ ခေါင်းကိုဆက်ကာဆက်ကာညိတ်၍ အမြန်ယုံလိုက်ရပါ၏။ ပြင်ဦးလွင်ဆေးရုံကနေ Phone ဆက်လိုက်တုန်းက အကောင်းအတိုင်းရှိနေသေးတာပဲ။ အခုမှ ခပ်ချောင်ချောင်ဖြစ်နေပါရောလား။

မဖြစ်ချေဘူး။ အန်ကယ့်ကို Phone ဆက်ပြီး အသိပေးမှပဲဖြစ်ပေတော့မည်။

"မမဆီတနေ အသက်ဆီကို Phone လာရင် ဘုံ့ကိုပြောနော်





သိလား။ အရေးကြီးတာက မမကို သူတို့တွေ့မသွားမိစေဖို့ပဲ။ မမက သူတို့ရဲ့အသက်ဆက်လို့ရမယ့် အသက်ဘူးလေးဖြစ်နေတာကိုး။ ဒါပေမဲ့. . . မစိုးရိမ်ပါနဲ့လေ။ ဘုံ, သူတို့အုပ်စုကိုဖမ်းနိုင်မှာပါ"

လာပြန်ပြီ။ သူ့ကိုယ်သူ ရှားလော့ခ်ဟုမ်း ထင်နေလားမသိ။ သက်ထဲမှာကိုင်ထားသည့်စာအုပ်လေးကို လက်ဝါးပြင်နှင့်ကဖတ်တ်ရိုက်ကာ စဉ်းစားနေသည်လေ။

"အသက် Phone နံပါတ်လည်း လိုလိုမယ်မယ်ပေးထားဦးနော်။ အရေးအကြောင်းဆို ဆက်သွယ်လို့ရအောင်လေ"

"မိုးစာအုပ်ထဲမှာရှိတယ်လေ။ မေ့ပြန်ပြီလား"

"ဟုတ်လား. . . ဘယ်မှာပါလိမ့်"

"အောက်က ဖုန်းစာအုပ်နောက်ဆုံးမှာလည်း ရေးပေးထားတယ်လေ။ အသက်. . . ပြန်ဦးမယ်"

"အင်းအင်း. . ."

သက်သက်စံ၊ မိုးထံမှအမြန်ပြန်လာခဲ့ပါ၏။ မိုးတစ်ယောက်တော့ ဆေးပဲသုံးမိပြီလား။ ဒါမှမဟုတ် အတိတ်ကိုပဲ မေ့သွားလေသလား။ တစ်ခုခုတော့ဖြစ်ပေလိမ့်မည်။

ချစ်လှစွာသော ဤသူငယ်ချင်းလေးကို ခုလိုဝေနာခံစား



www.burmeseclassic.com

www.burmeseclassic.com



နေရတာတွေ့တော့ အတော်လေးစိတ်မကောင်းဖြစ်မိပါ၏။

မိုးရယ်. . . အသက်မသိအောင် တင်မမတို့အုပ်စုနဲ့သွားပြီ ပတ်သက်မိတာ မိုးဘဝကြီး ကံဆိုးမိုးမှောင်ကျရရှာပါရောလား။

❖ ❖ ❖



## အခန်း (၃)

"လည်ချင်တယ်၊ ဟုတ်လား။ ခါတိုင်းတော့ ကိုယ့်အိမ်လည်ခါတိုင်း ဟန်နိုင်ငြင်းခဲ့ပြီးတော့ ခုစိတ်ပြောင်းသွားပြီလား"

ဒေါက်တာမျိုးမြတ်က ခပ်ပြုံးပြုံးမေးလေသဖြင့် သူမ ရယ်ချင်သွားရ၏။ မမတစ်ယောက်တော့ ဤဒေါက်တာကို ဘယ်လိုလိုမ့်သည်းမျိုးစုံနဲ့လိုမ့်ခဲ့ပါလိမ့်။

"မခေါ် ချင်လည်းနေပေါ့။ ကျွန်မက အိမ်ထဲမှာနေရတာ ငြီးငွေ့စိတ်ကြီးဖြစ်လာလို့ပြောမိတာပါ"

"စိတ်မကောက်လိုက်ပါနဲ့. . . ကိုယ်ခေါ်မှာပေါ့။ တော်ကြာ



www.burmeseclassic.com

www.burmeseclassic.com



မာမီတို့က Wedding ဘယ်တော့စီစဉ်ပေးရမလဲမေးရင် ငိုမဲ့မဲ့ဖြစ် မသွားရဘူးနော်"

အဲ! ဟုတ်သားပဲ။ အပြင်ကိုထွက်ချင်ဇောနဲ့ စဉ်းစားပြီးပြောလိုက်မိတာ ဒါကိုထည့်မတွက်မိပါလား။ ပါပါနှင့်သူ့မိဘတွေက အတော့်ကိုရင်းနှီးကြမှာအမှန်ပဲ။ မမရဲ့ပြဿနာကိုဘယ်လိုဖြေရှင်းရမှန်းလည်းမသိ။ ဘယ်သူ့ကိုအကူအညီတောင်းရမှန်းလဲမသိသဖြင့် ဦးနှောက်တွေခြောက်လာတာမို့ သူရောက်လာတာနှင့် ပြောလိုက်မိတာ။ အခုတော့ ခက်နေပါရောလား။

"ကျွန်မ ကျန်းမာရေးမကောင်းသေးလို့ပါလို့ ဒေါက်တာက ပြောထားပေးပေါ့"

"လာပြန်ပြီ ဒီဒေါက်တာကြီး၊ 'ကို'လို့ခေါ်ပါဆိုတာပြောထားတယ်လေ ဟန်နီရယ်"

"အာ. . . လျှာယားစရာကြီး၊ မခေါ်ချင်ပါဘူး"

"အေး. . . ညစ်ခွင့်ရတုန်း ညစ်ထားဦးပေါ့လေ။ နောက်တော့မှ မျက်နှာငယ်လေးနဲ့ခေါ်ရမယ်မှတ်"

ဟာဟ! ခြိမ်းခြောက်ပုံကလည်း ရိုးလိုက်တာနော်။ ရှင်ကြီး နေတဲ့ကောင်မလေးဆိုပြီး လိုတာထက်ပိုကဲလာရင်တော့ ကျွန်





အဆိုးမဆိုနဲ့ဒေါက်တာရဲ့။ ရှင့်ခန္ဓာကိုယ်ပိန်ပိန်လေးကိုတစ်ချက်လေး ကိုင်ပေါက်လိုက်ရုံပဲဆိုတာကို သိထားစမ်းပါ။

"ဘယ်လိုလဲ! လိုက်ရဲလား"

"လိုက်မှာပေါ့။ ခဏလေး၊ အဝတ်သွားလဲဦးမယ်"

"ဟန်နီက ဒီတိုင်းလည်း လှပြီးသားပါကွယ်"

သူမလက်ဝါးကိုကိုင်၍ပြောလိုက်တာမို့ လက်ကိုအသာရုန်းလိုက်ပါ၏။ အခန်းထဲမှာအဝတ်အစားလဲ၍ပြန်ဆင်းလာတော့ သူက ပါပါနှင့် Phone ပြောနေလေသည်။

"စိတ်ချပါ အန်ကယ်။ ကျွန်တော်ကိုယ်တိုင် ပြန်ပို့ပေးမှာပါ။ ဟုတ်ကဲ့ခင်ဗျ"

သူက Hand Phone ကိုပိတ်လိုက်ပြီး ကားတံခါးကိုဖွင့်ပေးလေ၏။ ကားလေးက ခပ်မှန်မှန်နှုန်းဖြင့် ခြံထဲမှထွက်လာပါသည်။ မ်းတွေကလည်း ရှုပ်လိုက်တာနော်။ ဘယ်လိုမှမှတ်လို့မရပါလား။ ီးပွိုင့်မှာ ကားရပ်လိုက်စဉ် တစ်ဖက်ကားပေါ်မှလူတစ်ယောက်ကို မြင်လိုက်ရလေ၏။ ဟော! သူပါလား။ မှန်ကိုချလိုက်စဉ် ဒေါက်တာ ျိုးမြတ်က တားလေသည်။

"ဟန်နီ. . . ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အသိတစ်ယောက်တွေ့လိုက်လို့"

"မီးပွိုင့်ကြီး ဆင်းလို့မရဘူးနော်၊ ရဲဖမ်းလိမ့်မယ်။ ကားတွေနဲ့ အန္တရာယ်ရှိတယ်"

"မဆင်းပါဘူး. . . စိုးရိမ်ရန်ကော"

သူမတို့ အချီအချပြောနေစဉ် တစ်ဖက်ကားမှ သူက လှည့်အကြည့်နှင့်ဆုံလေ၏။ ဒေါက်တာနှင့်တွဲထိုင်လာသည့်သူမကို မျက်မှောင်ကြုတ်ကြည့်ကာ ဆတ်ခနဲပြန်လှည့်သွားတော့သည်။

အမယ်. . . ဒါက Jealous ဝင်တာပေါ့လေ။ သူ့အစ်ကိုရဲ့ရည်းစားကို တခြားလူနဲ့တွဲတာကိုမမြင်ချင်တဲ့သဘောလား။ မီးစိမ်းသွားတော့ ဆန့်ကျင်ဘက်လမ်းအသီးသီးကို ချိုးကွေ့မောင်းနှင်သွားလေ၏။

"ဘယ်သူလဲ. . . ဟန်နီ"

"သိချင်လို့လား"

"ဒါပေါ့"

"အဲဒါ. . . ကျွန်မရဲ့ဟိုဒင်း"

"ဘာဟိုဒင်းလဲ"

"နံပါတ်စဉ်တစ်ခုပေါ့ ဒေါက်တာရဲ့။ ဒါလေးတောင်မသိဘူး





လား"

"ဟန်နီနော်. . . ကိုယ်လွှတ်လပ်ခွင့်ပေးထားတာကို အခွင့်ကောင်းယူမယ်မကြံနဲ့။ ခုချိန် ဘယ်ကောင်လေးနဲ့တွဲတွဲ၊ ဘယ်သူနဲ့ပါတီတက်တက် အကြောင်းမဟုတ်ဘူး။ ကိုယ်နဲ့လက်ထပ်ပြီးရင်တော့ ဒီအချိုးတွေအားလုံးကိုပြင်ရမယ်။ ကိုယ်ပိုင်တဲ့ခင်းကို ဒီလိုတော့ခွင့်ပြုလိမ့်မယ်မထင်နဲ့၊ မရဘူး"

"ရှင်လည်း တခြားကောင်မလေးတွေနဲ့ တွဲနေတာမဲမဟုတ်လား"

"တွဲတာက တွဲတာပဲလေ၊ အဲဒါအပျော်ပဲဟာ။ ဟန်နီကကိုယ့်ချစ်သူလေ။ ကိုယ်အတည်လက်ထပ်မယ့်ဇနီးလောင်း"

"နား,ကလေးလိုက်တာ"

"ဟန်နီနော်. . . ချစ်လွန်းလို့အလိုလိုက်နေတာကို သိပ်မဆိုးနဲ့"

ကားလေးက ခြံကျယ်ကြီးတစ်ခုထဲသို့ဝင်လာပါ၏။ အိမ်ထဲမှ အန်တီကြီးတစ်ယောက်က ထွက်ကြိုနေလေသည်။

"ဟော! သမီးလေးပါလာတာကိုး. . . လာလာ"

"အန်ကယ်က အပြင်ပေးမထွက်လို့ဆိုပြီး ဂျစ်နေတယ် မာမီ



www.burmeseclassic.com

www.burmeseclassic.com



ရေ့။ အဲဒါနဲ့ ခေါ်လာခဲ့တာ. . . မမှောင်ခင်ပြန်ပို့ပေးရဦးမယ်"

"မောင်ထွန်းကို ပို့ခိုင်းလည်းဖြစ်ပါတယ်သားရယ်"

"မဖြစ်ဘူးမာမီရေ၊ စိတ်မချရဘူးဗျ"

"အမယ်လေးနော်၊ အကဲကိုပိုတယ်။ လာ. . . သမီးလေး"

အန့်တီက သူမလက်မောင်းလေးကိုကိုင်၍ ခေါ်လာသဖြင့် အိမ်ထဲသို့လိုက်ဝင်ခဲ့ရ၏။ ဒေါက်တာတို့အိမ်က ခမ်းနားပါသော်လည်း ဘိုးဘိုးအိမ်လောက်ကိုဖြင့် မမီပါချေ။

"အပေါ်ထပ်မှာပဲထိုင်နော်သမီး"

"ရပါတယ်အန့်တီ။ တကူးတကကြီးဧည့်ခံဖို့မလိုပါဘူး"

"ဟုတ်တာပေါ့။ ဒါပေမဲ့. . . ဘယ်ကောင်းပါ့မလဲသမီးရယ်။ အပေါ်ကိုပဲ ခေါ်သွားလိုက်နော်,သား"

"လာ. . . ဟန်နီ"

ဒေါက်တာမျိုးမြတ် လက်ဆွဲခေါ်လာတော့ အပေါ်ထပ်ဧည့်ခန်းကိုရောက်လာခဲ့၏။ သူက သူမမျက်နှာအပြောင်းအလဲကိုကြည့်နေသည်မို့ ရယ်ချင်လာပြန်သည်။ ဒီဆရာဝန်တော့ သနားစရာပဲ မမကလည်း ပြန်မကြိုက်၊ ဘိုးကလည်း စိတ်မဝင်စားတော့ ကျန်ရစ်ဖြစ်ဖို့သေချာနေပြီလေ။





"ဘာတွေးမိလို့ပြုံးတာလဲ"

"ဟင်းဟင်း. . . ရှင့်ကိုသနားလို့ပေါ့"

"ဘယ်လို! ကိုယ့်ကိုသနားရအောင် ကိုယ်က ဘာတွေများဖြစ်နေလို့လဲ"

"ဪ. . . မိန်းကလေးတစ်ယောက်ကိုချစ်နေပေမယ့် အဲဒီမိန်းကလေးက ရှင့်ကိုပြန်မှမချစ်နိုင်တာကိုး"

"ဟုတ်လား၊ ကိစ္စမရှိပါဘူး။ ကိုယ်နဲ့လက်ထပ်ပြီးသွားရင်တော့ သူပြန်ချစ်လာမှာပါ"

"သေချာလို့လား"

"မယုံဘူးလား"

သူ့မျက်နှာက သူမနားသို့ကပ်လာလေ၏။ သူမခေါင်းကို အမြန်ရှောင်လိုက်ပါသည်။ ဒီလူဟာ အတော့်ကိုအတင့်ရဲတာပါလား။ မမကိုဒီလိုဆက်ဆံလို့ လန့်ပြေးတာပဲဖြစ်မှာပါလေ။

"အဲဒီလို မရဲတင်းရဘူးလေ။ ကျွန်မကို ရှင်မပိုင်သေးဘူး။ ဆိုင်ရိုပဲရှိသေးတာ"

"ဟန်နီကလည်းကွာ။ ကိုယ့်ကို ပိုပြီးတော့စိမ်းလာသလိုပဲ"

"ကျွန်မပြောထားတယ်လေ။ ရှင်ဆင်နေသလို ကျွန်မက ရှင့်



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီ၊ မိုးမြင့်စံမဟုတ်ပါဘူးလို့"

"ကျွတ်"

သူ့မျက်နှာက စိတ်ပျက်လက်ပျက်ဖြစ်သွားသလိုပင်။ ပိုင်ဆိုင်ထားသည့်ဂုဏ်ပုဒ်တစ်ခုကိုတော့ လေးစားပါ၏။ သို့သော် မမကိုယ်တိုင်က စိတ်မဝင်စားဘူးဆိုမှဖြင့် သူ့ကို ဒီ့ထက်ပို၍အရေးပေးဖို့လိုမည်မထင်ပါလေ။

"ဟန်နီရယ် . . ကိုယ်သိပ်ချစ်မှန်းသိလျက်နဲ့ ထပ်ခါထပ်ခါ မနှိပ်စက်ပါနဲ့ကွာ"

"ရှင်မယုံသေးဘူးမဟုတ်လား ဒေါက်တာ။ ကျွန်မပြောနေတာ အစစ်အမှန်တွေပါ။ ရှင်မယုံတာ ထားပါတော့။ ပါပါကိုယ်တိုင်က လက်မခံတဲ့ကိစ္စကိုး။ ဒါပေမဲ့ ရှင်သိထားဖို့က ကျွန်မက မမလို အရာရာကြောက်ရွံ့တတ်တဲ့ ခပ်နုံနုံမိန်းကလေးမဟုတ်ဘူးဆိုတာပဲ။ ဘာကိုမှလည်း မကြောက်တတ်၊ ဂရုမစိုက်တတ်လို့ Singapore ကနေ ဒီကို တစ်ယောက်တည်းထွက်လာခဲ့တာပေါ့"

ဒေါက်တာမျိုးမြတ် ပါးစပ်အဟောင်းသားဖြင့် သူမကိုငေးကြည့်နေမိသည်။ မျက်လုံးလေးတွေက တောက်ပလိုက်တာနော်။ အရင်တုန်းကလို နူးညံ့သိမ်မွေ့ခြင်းတွေ ဟန်နီ့ဆီမှာ မမြင်ရတော့





ပါလား။ စကားပြောရင် မပွင့်တပွင့်၊ မျက်လွှာကိုမရဲတရဲလေး ဖွင့်ကြည့်တတ်တဲ့စရိုက်တွေနဲ့ဆန့်ကျင်ဘက်တွေကိုသာ တွေ့နေရတာမို့ အံ့သြပြီးရင်းအံ့သြနေမိသည်။ မိုးမြင့်စံအသစ်လေးတစ်ယောက်ကို မြင်နေရသလိုပါပဲလား။

"ဒါဖြင့် ကိုယ့်ဟန်နီက ဘယ်မှာလဲ"

"သူ တစ်နေရာမှာ ပုန်းနေလိမ့်မယ်"

"ဟန်နီရယ် . . ယုံအောင်လည်းပြောစမ်းပါ။ ကိုယ့်ကို ဦးနှောက်ခြောက်အောင်မလုပ်ပါနဲ့"

သူ့လက်တွေက သူမပခုံးနှစ်ဖက်ကိုဆုပ်ကိုင်လိုက်သဖြင့် စူးနဲ့ဖြစ်သွားသည့်မျက်ဝ းတောက်တောက်လေးတွေနှင့် ရင်ဆိုင်သွားရလေ၏။

"လွှတ်ပါဒေါက်တာ၊ ကျွန်မ,မကြိုက်ဘူး"

"ဟန်နီ"

"ကျွန်မဒေါသဖြစ်လာရင် ရှင့်ကိုကိုင်ပေါက်မိမှာနော်။ အဲဒီတော့မှအဆိုးမဆိုနဲ့"

"ဟန်နီ . . . ကိုယ်"

သူ့စကားမဆုံးခင် သူမက သူ့လက်တစ်ဖက်ကိုဖျတ်ခနဲကိုင်



www.burmeseclassic.com

www.burmeseclassic.com



၍ လိမ်ထည့်လိုက်ပါ၏။

"အ. . ."

"ကျွန်မပြောသားပဲ။ ကျွန်မ မိုးမြင့်စံမဟုတ်ဘူးလို့။ ရှင် မမကိုသာ ဒီလို ထိကပါးရိကပါးဆက်ဆံလို့ရမယ်။ မမက အားနာမိတာရော၊ ရှက်တာပါပေါင်းပြီး ငြိမ်နေမှာ။ ကျွန်မက ငြိမ်ခံမယ့်လူ မဟုတ်ဘူးဆိုတာ ရှင်မြဲမြဲမှတ်ထား"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီဟန်နီရယ်။ ကိုယ့်လက်ကိုလွှတ်ပါဦး"

"ရှင် ကတိပေးဦးလေ"

"ဘာ. . . ဘာကတိလဲ"

"နောက်ကို ဒီလိုမပြုမူပါဘူးဆိုတာပေါ့"

"Ok. . . Ok ပါ"

သူမက သူ့နောက်ကျောဘက်မှာ လိမ်ပင့်ထားသည့်လက်ကို ဖြေလျှော့ပေးလိုက်စဉ် အပေါ်ထပ်ညှော့ခန်းသို့ အန်တီနှင့်အတူ ကောင်မလေးတစ်ယောက်ရောက်လာလေ၏။ သူ့နောက်ကျောမှာ ကပ်ထိုင်သလိုဖြစ်နေတာမို့ အန်တီ့မျက်နှာက ပြုံးယောင်ယောင် ဖြစ်သွားလေသည်။

"ဒီနှစ်ယောက် စိတ်ကောက်နေတာထင်တယ်"





"ဟန်နီ့ကြောင့်ပါ မာမီ"

"အမယ်. . . ရှင့်အပြစ် ရှင်ဝန်ခံမှပေါ့"

"သားကလည်းလေ. . . သမီးလေးကိုအလိုလိုက်မှပေါ့"

"ဒီ့ထက်ပိုအလိုလိုက်မိရင် ကျွန်တော့်တစ်ကိုယ်လုံး စိစိညက် ညက်ကျေသွားနိုင်တယ်"

"ဟွှဲ"

သူပြောတာက တစ်မျိုး၊ အန်တီက တလွဲတွေးလိုက်တာကြောင့် သူမ ရယ်ချလိုက်မိ၏။ ကဲ! မှတ်လောက်သားလောက်ရှိသွားပြီမဟုတ်လား ဒေါက်တာကြီးရဲ့။ လူ့ကို ခပ်နုံနုံအချဉ်လေးသဘောထားမိရင် နာပြီသာမှတ်။

"ကော်ဖီသောက်လိုက်ဦး သမီးရယ်။ ညစာပါ တစ်ခါတည်းစားသွားတာမဟုတ်ဘူး။ သမီးကြိုက်တဲ့ငါးသလောက်ပေါင်းဟင်းချက်ထားတာလေ"

"မစားတော့ပါဘူးအန်တီ။ မိုးချုပ်သွားမှာစိုးလို့ပါ"

ညနေတော်တော်စောင်းသွားမှ ဒေါက်တာက ပြန်လိုက်ပို့ပေးလေ၏။ လမ်းထဲရောက်တော့ မှောင်ရီပျိုးပြဖြစ်နေပြီး ကားအသွားအလာကျဲနေသည်။ ရုတ်တရက် ရှေ့မှသွားနေသည့်ကားက သူမတို့



www.burmeseclassic.com

www.burmeseclassic.com



ကားကို ကန့်လန့်ကြီးပိတ်ဆို့ကာဆီးလိုက်လေ၏။

"ကျွီ!"

"ဟာ. . . ဘာလဲ"

သူ ကားကိုဘရိတ်နင်းလိုက်စဉ် ရှေ့ကားပေါ်မှ လူရွယ်သုံးယောက်ဆင်းလာလေ၏။ ဒီလိုတစ်ခါမှမကြုံဖူးတာမို့ လန့်လည်းလန့်၊ ကြောင်လည်းကြောင်သွားရလေသည်။

"မိုး. . . ကိုယ်နဲ့လိုက်ခဲ့ပါ"

"ဟင်!"

ကားတံခါးကိုဖွင့်၍ လက်ကိုင်ကာ ဆွဲချလေ၏။ သူမ ကားမြင်သို့ရောက်သွားစဉ် ဒေါက်တာမျိုးမြတ်က သူ့နံဘေးမှာရှိသည့်လူကို တစ်ဖွတ်ထိုးတိုးဝင်လေသည်။ ဟိုက လက်သီးတစ်ချက်ကျွေးလိုက်စဉ် ကားခေါင်မိုးစောင်းနှင့် နောက်စေ့ရိုက်ကာ မှောက်သွားချေ၏။ ကဲ! အတော့်ကိုမာတဲ့ဆရာဝန်ပါပဲလား။

"မြင်တယ်မဟုတ်လားမိုး. . . မိုး,ဒေါက်တာကြီးက မိုးကိုမပြောနဲ့ သူ့ကိုယ်သူတောင် မကာကွယ်နိုင်ပါဘူး။ ကျော့်နောက်လိုက်ခဲ့ပါတော့"

"ကျွန်မက ကျွန်မကိုယ်ကျွန်မ ကာကွယ်နိုင်ပါတယ်ရှင့်"





ကောင်လေးက ဟက်ဟက်ပက်ပက်ရယ်ချလိုက်လေ၏။ ဒါကျော်သီဟဆိုတာပဲ ထင်ပါရဲ့။ ကောင်လေးက ကြည့်ကောင်းရုံသပ်သပ်ရပ်ရပ်ဖြင့် ရုပ်ရည်လေးတော့ရှိပါသည်။ ဒါပေမဲ့ စာရိတ္တပိုင်းမှာတော့ Zero ပါပဲလား။

"ကိုယ်တို့အတူတူနေကြစို့"

ကျော်သီဟက သူမလက်ကောက်ဝတ်ကိုဆွဲကိုင်လိုက်ပါ၏။ သူမက သူ့အား ပျော့ရာဘက်၊ လက်မရှိသည့်အခြမ်းဘက်မှလက်ကိုပြန်လိမ်ကာ ရုန်းလိုက်တော့ သူအံ့သြသွားလေသည်။

"မိုး. . . မင်း"

လျှပ်တစ်ပြက်အတွင်း ရုန်းရင်းဆန်ခတ်ဖြစ်သွားရလေ၏။ သုံးချည်ဝတ်ထားတာမို့ လှုပ်ရှားရသိပ်မလွယ်ကူပါချေ။ တံတော်ဆွဲရောဒူးတွေပါ အခုန်အပျံစုံလင်သွားပြီး သုံးယောက်စလုံးလဲသွားစဉ် ကားတစ်စီးက မီးထိုးလျက်သား ရောက်လာလေ၏။

"ကယ်ကြပါဦးရှင်"

မျက်လုံးပြူး၍အော်လိုက်သော်လည်း စိတ်ထဲက ကျိတ်ပြုံးမိသွား၏။ မပြုံးမိဘဲနေမလား။ ခုရောက်လာတာက သူမ၏ရှိနိုင်သူကြီး လူဆိုးလေးဖြစ်နေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လိုတွေဖြစ်နေတာလဲ”

“ဒီမှာလေ. . . ကျွန်မတို့ကားကိုတားပြီး ပြဿနာရှာလို့”

သူက သူမနှင့်ခပ်လှမ်းလှမ်းမှာ လဲကျညည်းညူနေသည့်လူ ံးယောက်ကိုလှမ်းကြည့်ရင်း အံ့ဩသွားရလေ၏။ ဘာမှန်းကိုစဉ်း ဴးမရတော့ပါလား။

“ဘာလို့ငိုင်နေတာလဲ။ ကျွန်မကိုကူညီဦးလေ”

“မင်းတစ်ယောက်တည်းလား”

“မဟုတ်ပါဘူး။ ဒေါက်တာပါ,ပါလာပါတယ်”

“ဘယ်မှာလဲ”

“ဟိုဘေးမှာ မှောက်သွားပြီ”

“ဘာ! ”

“မြန်မြန်လုပ်ပါ။ တော်ကြာသတိပြန်လည်လာပြီး တုတ်ချေ ခားတွေထုတ်ကိုင်ရင် ကျွန်မကြောက်တယ်”

“ကျွတ်! ဘယ်လိုလုပ်မလဲ။ ကားနှစ်စီးဖြစ်နေတဲ့ဟာ”

“ဪ. . . ကျွန်မ တစ်စီးမောင်းမှာပေါ့။ နီးစပ်ရာဆေးခ မှာ ဒေါက်တာ့ကိုဝင်ထားခဲ့မယ်လေ။ ရှင်က ကျွန်မကိုအိမ်ပြန်လို ပို့ပေးပေါ့”





“မင်းကို. . . ငါက”

“အင်းလေ. . . ဘာလဲ၊ မပို့ပေးချင်ဘူးလား”

“ပို့ပါ့မယ်။ ကဲ. . . ကိုယ့်ကားကို မင်းမောင်းခဲ့၊ ဒီမှာဒေါက် တာ့ကိုပွေ့တင်ပြီး ကိုယ်မောင်းလာခဲ့ပေးမယ်”

“မဖြစ်ဘူး. . . ရှင် ရှေ့က မောင်းမှဖြစ်မှာပေါ့။ ကျွန်မက ဘယ်ဆေးရုံဆေးခန်းမှသိတာမဟုတ်ဘူး”

“ဘာ! ”

“မြန်မြန်လုပ်လေ။ အော်စရာရှိရင်လည်း နောက်မှအော် တော့ရှင့်”

သူ ဦးနှောက်စားတာကိုရပ်၍ ဒေါက်တာမျိုးမြတ်ကို ကား နောက်ခန်းထဲပွေ့ချီတင်ကာ ဆေးခန်းရှိရာဆီသို့ မောင်းလိုက်ပါ သည်။ သူမရီးလောင်းကတော့ ခပ်ရှုပ်ရှုပ်ဇာတ်လမ်းတွေ ထွင်နေ ပြန်ပါရောလား။ ဟိုသုံးကောင်ကို ဘယ်သူလဲ့သိပ်လိုက်သလဲဆိုတာ တောင် စဉ်းစားမရသေးခင် အလုပ်ကိုပြီးအောင်လုပ်ဆောင်နေရ ပြီလေ။ အနီးဆုံးဆေးခန်းရှေ့မှာ ကားတွေကိုရပ်လိုက်ပါ၏။

“သူ့အိမ်ကို ဘယ်လိုဆက်သွယ်ပေးရမလဲ”

“နေဦး! ကားထဲမှာ ကျွန်မရှာဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



သူမက ဒေါက်တာ့ကား dashboard ပေါ်မှ Notes စာအုပ်လေးကိုဖွင့်ကာ အိမ် Phone နံပါတ်ကိုရှာလိုက်ပါ၏။

"ရှင့်မှာ Phone ပါလားဟင်"

"ရော့"

သူလှမ်းပေးလိုက်သည့် Hand Phone ကိုဖျတ်ခနဲယူ၍ ဂဏန်းတွေနှိပ်နေသည့်မိုးမြင့်စံကိုငေးကြည့်နေမိသည်။ ခလယ်ခွဲ ဆံပင်တွေအောက်မှ နဖူးပြေပြေလေးမှာ ချွေးလေးတွေသီးနေတာကိုက တစ်မျိုးလေးကြည့်ကောင်းနေပါ၏။ ဩော်, ဒီကောင်မလေးကို ကိုကို ဘယ်လိုကနေဘယ်လိုများ ချစ်ခဲ့တာပါလိမ့်။

"ဟဲလို! အန်တီလား၊ ကျွန်မပါ. . . ဟုတ်တယ်၊ အခုဆေးခန်းကိုရောက်နေတယ်။ အန်တီ့သား သတိလစ်သွားလို့ပါ။ လိုက်လာခဲ့လေ။ ဟုတ်ကဲ့ (. . . . .)ဆေးခန်းပါ၊ ရပါတယ်။ ကျွန်မသူငယ်ချင်း ကူညီပေးလို့ပါ။ ဘာမှမဖြစ်ပါဘူး။ အခု သူပဲပြန်ပို့ပေးမှာပါ. . . ဟုတ်"

Phone ကိုပြန်လှမ်းပေးလိုက်သည့်သူမမျက်နှာက ကြောက်ရွံ့စိတ်အလျဉ်းမရှိပါချေ။ ဆေးခန်းခုတင်ထက်မှာ ဒေါက်တာမမြတ်သတိရလာသလို အန်တီတို့ကားပါ ဆိုက်လာလေ၏။





"ဟန်နီ ဘာဖြစ်သွားသေးလဲ"

"မဖြစ်ပါဘူး. . . Ok ပါ"

အန်တီတို့က သူကူညီပေးသည်ဟုယူဆကာ ကျေးဇူးစကားဆိုတော့ သူ့မျက်နှာက အီလည်လည်၊ သူမက အားလုံးကိုနှုတ်ဆက်၍ သူ့ကားပေါ် အရင်တက်ထိုင်လိုက်သည်မို့ သူပါ ကားပေါ်မြန်မြန်တက်လိုက်ရပါ၏။

"မင်းဘယ်လိုဟာလေးလဲ မိုးမြင့်စံ"

"ရှင့်မျက်စိနဲ့မြင်နေရတာပဲမဟုတ်လား။ ဘာဖြစ်လို့မေးခွန်းထုတ်နေရတာလဲ"

"ခက်တာပဲ။ မင်းအကြောင်းတွေ ကိုကိုသာသိရင်၊ ရင်ထုနာဖြစ်ကုန်တော့မယ်"

"ရှင်မပြောရင် သူမသိဘူးပေါ့"

"ဩော်. . . မပြောလို့ရမလား။ မင်းလို ခပ်ရှုပ်ရှုပ်ခပ်ပွေပွေ မိန်းမမျိုးနဲ့ ငါ့အစ်ကိုကိုသဘောတူမယ်မထင်နဲ့"

"မတူလည်းနေပေါ့။ ကျွန်မကလည်း ရှင့်အစ်ကိုကိုလိုချင်ခြင်းလို့ ဖျတ်ဖျတ်လူးနေတဲ့မိန်းမမဟုတ်ဘူး။ ဝေးသေး. . . ဟွန့်"

"တောက်! မင်းနော်။ ကိုကိုသိပ်ချစ်မှန်းသိသိကြီးနဲ့ ကမ်းကုန်

www.burmeseclassic.com

www.burmeseclassic.com



အောင်ဆိုးနေရလား"

"ရှင့်ဟာရှင်စွပ်စွဲနေတာပဲလေ။ ကျွန်မ,ဆိုးမဆိုးဆိုတာ ရှင့်အစ်ကိုသိမှာပေါ့။ ရှင်သိစရာမလိုဘူး၊ အနေသာကြီး"

သူ ပါးစပ်ကိုသာ ပိတ်လိုက်ရတော့၏။ ဒီလောက်နှုတ်သီးကောင်းလှသည့်မိန်းကလေးနှင့်ကိုကို့လိုငြိမ်ငြိမ်အေးအေးလူမျိုးနှင့်မတန်ပါ။ နှစ်ဦးသားယှဉ်ကြလျှင်ဖြင့် သူမ ကိုကို့အပေါ် ဘယ်လောက်တောင်များ နိုင်စားလိုက်မလဲ။ ကိုကိုရယ်. . . ဒါတွေကိုကြုံမတွေ့ဘဲနဲ့များ ဒီကောင်မလေးကို ချစ်လိုက်ရသလား။

"မင်းလိုမိန်းမမျိုးကိုယူမယ့်လူကလည်း အဆင်သင့်ရှိသေးတယ်. . . အံ့ရော"

"ဒီမှာ! ရှင်စကားပြောတာ ကြည့်ပြောရှင့်။ ကျွန်မက ဘာတွေများဖြစ်နေလို့ ဒီလိုပြောရတာလဲ"

"မင်းကိုယ်မင်းသိပေါ့"

"ဘာ. . . ရှင့်"

"ဟုတ်တယ်လေ၊ မင်းအကြောင်းတွေ ဘာတစ်ခုမှမသိသေးတဲ့ကိုကိုကသာ မင်းကိုလက်ခံတယ်။ ငါကတော့ လုံးဝပဲ"

"ဘာပြောတယ်"





"မင်းသာ ငါ့ရည်းစားဆိုရင် နားရင်းကို ဘယ်ပြန်ညာပြန်အုပ်ထည့်လိုက်ပြီ။ ဒီလောက်ခပ်ကဲကဲဟာလေးမျိုးကို"

"ဘာ! ရှင်ထိရဲရင်ပဲ ထိကြည့်စမ်းပါဦး။ တစ်ခါတည်း ကိုင်ပေါက်ပစ်လိုက်လို့ နှာနှပ်ယူတဲ့အထိဖြစ်သွားမယ်မှတ်. . . ဟွန်း"

အလကြီးပါလား။ ကိုယ်လုံးပညာ ဘယ်လောက်တတ်ထားနိုင်းမသိပေမယ့် သူမမျက်ဝန်းတွေကိုကြည့်ရုံဖြင့် ရဲဝံ့တာကိုတော့သူသိနေပါသည်။ ဒါကြောင့်လည်း ဘာကိုမှကြောက်စိတ်မရှိထားတိုး။

"ဟိုငပိန်သုံးကောင်ကိုသာ မင်းလှဲသိပ်လို့ရမယ်။ ငါ့ကိုတော့စမ်းလို့ရမယ်မထင်နဲ့. . . ငတိမရဲ့"

"ရှင်နော်. . . ပြောနေတဲ့ကြားက"

သူမျက်နှာဆီ ဖျတ်ခနဲဝင်လာသည့်လက်ကို ဆတ်ခနဲဖမ်းဆုပ်ထားလိုက်၏။ ပြန်ရုန်းလိုက်သည့်သူမမျက်နှာလေး ရှုံ့တွသွားတာကို မြင်လိုက်ပါသည်။ ယောကျ်ားအားကိုများ ယှဉ်နိုင်မယ်ပဲ့စိစိရှင် မှားသွားမှာပေါ့အမိရယ်။

"ရှင်နော်. . . ကဲ"

နောက်တစ်ဖက်ထပ်ရောက်လာတော့ သူက တခြားလက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖမ်းလိုက်ရာ ကားက လမ်းဘေး platform ပေါ်ထိုးတက်သွားသဖြင့် ဘရိတ်ကိုအမြန်နင်းလိုက်ရလေ၏။

"သေကုန်တော့မှာပဲ"

သူပြန်လွှတ်ပေးလိုက်တော့ သူမက လက်ကောက်ဝတ်နှစ်ဖက်ကိုနှိပ်ရင်း သူ့ကိုမျက်စောင်းခဲလိုက်လေ၏။ သူ ကားလမ်းမပေါ်သို့ ကားကိုပြန်မောင်းချလိုက်ပြီး သူမတို့လမ်းထဲဝင်ကာ ခြံရှေ့မှာ ကားရပ်ပေးလိုက်ပါသည်။

"ရှင့်ကို ကျွန်မ,မကျေနပ်သေးဘူး"

"ကိုယ်ကလည်း အချိန်မရွေးပဲ"

သူမက စူးခနဲတစ်ချက်ကြည့်လိုက်ပြီးမှ ကားပေါ်မှဆင်းကာ ခြံတံခါးဆီလျှောက်သွားလေ၏။ သူမ ခြံထဲဝင်သွားမှ သူ, ကားကိုမောင်းထွက်လာရင်း သက်ပြင်းရှိုက်လိုက်မိသည်။ ရင်ခုန်သံတွေ ြန်နေတာ ဘာကြောင့်များပါလိမ့်။ သူ,တွေးမရပါချေ။

မိုးမြင့်စံ! မင်း တကယ်ပဲ စွဲဆောင်အား ကောင်းလွန်းနေလို့လား။ ငါက မိန်းမလှလေးတွေမြင်တာနဲ့ ရင်ခုန်စိတ်လှုပ်ရှားတဲ့ခပ်ညံ့ညံ့ယောကျ်ားတစ်ယောက်မဟုတ်တာတော့ သေချာပါတယ်လေ။

❖ ❖ ❖



## အခန်း ( ၄ )

"မိုးမြင့်စံ"

ပါပါ့အသံက စူးခနဲထွက်လာပါ၏။ အပေါ်ထပ်ဧည့်ခန်းမှာ သားအဖနှစ်ယောက်ဆွေးနွေးပွဲက အေးအေးဆေးဆေးမှမဟုတ်တာပဲ။ တကယ်တော့လည်း သူမစိတ်က ပါပါနှင့်ထပ်တူဖြစ်နေတာမဟုတ်လား။ စိတ်မြန်လက်မြန် ဟောဟောဒိုင်းဒိုင်းသမား၊ မြို့စိစိတုံ့ကိုဘာဝေမျိုးမှမဟုတ်တာလေ။

"ပါပါပဲစဉ်းစားကြည့်ပေါ့။ ကိုယ့်ကိုယ်ကိုတောင်မှမကာကွယ်နိုင်တဲ့ယောကျ်ားတစ်ယောက်ကို သမီးဘယ်လိုအားကိုးငဲ့ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဆရာဝန်လေ၊ ဆေးအကြောင်းပဲ ကျွမ်းကျင်မှာပေါ့။ ညည်း၊ ကပ်ကပ်သပ်သပ်မပြောနဲ့"

"မဆိုင်ပါဘူး၊ပါပါရဲ့။ ယောကျ်ားတို့တပ်အပ်တဲ့ပညာထဲမှာ ကိုယ်လိုပညာရပ်လည်းပါတာပဲဟာ။ ဒီလိုညှောင့်နာနာပိန်ရှည်ရှည် ဆရာဝန်ကလေးကို ဘယ်လိုမှအထင်မကြီးဘူး"

"မိမိုး . . . ညည်းဘယ်လိုဟာလေးလဲဟင်! အရင်ကတော့ ကိုမျိုး၊ ကိုမျိုးဆိုပြီး အားကိုးတကြီးပုံစံမြင်ရလို့ အခုလို ငါစေ့စပ်ပေးခဲ့တာ။ ညည်းပဲ ခေါင်းညိတ်ခဲ့ပြီးပြီ။ ခုလက်ထပ်ပေးမယ်ဆိုမှ ဂဂျီဂဂျောင်ကျတာကောင်းလား။ နေစမ်းပါဦး . . . ညည်းကို ညက ကောင်လေးတစ်ယောက်ပြန်ပို့ပေးတာဆို"

"အင်း"

ဖြေသံက အင်တင်တင်။ သတင်းကလည်း မြန်လှချည်လား။ အန်တီမေသန့် ညကတည်းက Phone ဆက်လိုက်တာပဲနေမှာပေါ့။ သူသားကဖြင့် အဖြစ်မရှိဘဲ။

"ညည်းနဲ့သူငယ်ချင်းဆိုတာရော ဟုတ်လို့လား"

"ဟုတ်တော့ဟုတ်တယ်"

"ဘာဟုတ်တာလဲ၊ မိမိုးနော်၊ ဖြေပုံကိုက ထောင့်မကျိုးဘူး"





သူမ ဆံပင်စင်းစင်းလေးတွေကိုလိမ်၍ ဆော့နေလိုက်ပါ၏။ ကြည့်ရတာ ပါပါတော့ သူနှင့်ဘုံ့ကို တစ်မျိုးထင်သွားပြီထင်ပါရဲ့။ သူကဖြင့် ဘုံ့ကို မမနှင့်မှားပြီး ပြောဆိုစွပ်စွဲနေတာလေ။

"ဘယ်တုန်းက သိတာလဲ"

"ကြာပြီ"

"ညည်းတို့ ရိုးရောရိုးရဲ့လား . . . မိုးမြင့်စံ"

သူမ ပြုံးလိုက်မိလေ၏။ သူမကိုကြည့်လို့မရတဲ့လူနဲ့မှ ဘာသာထင်ရသတဲ့လား။ အထင်ခံရတာလေးနဲ့တင် စိတ်ထဲမှာကြည်ကြည်နူးနူးလေးခံစားလိုက်ရသည်မှာ အမှန်ပင်ဖြစ်လေ၏။

"မေးနေတယ်လေ"

"သမီးဘက်ကတော့ ရိုးရိုးပဲ"

"ဩော်! ဒါဖြင့် သူ့ဘက်ကမရိုးဘူးဆိုတဲ့သဘောပေါ့လေ"

"သိဘူးလေ ပါပါရဲ့ . . . သမီးသွားတဲ့နောက်မှာ တကောက်ကောက်လိုက်နေတာရယ်၊ သမီးဒုက္ခရောက်နေချိန်မှာဆို မိုးပေါ်က ပြုတ်ကျလာသလို ဘွားခနဲရောက်လာတတ်လို့ . . . အဲဒါ"

"ညည်း သူ့ကိုပြန်ကြိုက်လိုက်ပြီလား"

"သူက ဒေါက်တာ့ထက်သာတာတော့ အမှန်ပဲ၊ပါပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ! ဟိုက ဆရာဝန်လေ။ ညည်းအကောင်က ဘာများ တတ်နေလို့လဲ၊ ပြောစမ်းပါဦး"

"ပါပါကလည်း . . . သမီးကောင်လေးကို ဒီလိုတော့ပစ်ပစ်ခါခါကြီး မပြောပါနဲ့။ သူက ကိုယ်ပိုင်ကုမ္ပဏီထောင်ထားတဲ့သူပါနော်"

"အံမာ! ယုံအောင်လည်းရှိုးပါ မိရွှေမိုးရဲ့။ ကိုယ်ပိုင်ကုမ္ပဏီထောင်ထားတဲ့လူက လမ်းပေါ်မှာ လပ်လျှားလပ်လျှားလျှောက်သွားနေမလား"

"ဒါကတော့ သူလည်းလူငယ်ပဲဟာ ပါပါရဲ့။ ဒီအချိန် ရင်ခုန်ဘက်လေးဘာလေး ရှာမှာပေါ့လို့"

"ဘာ! နင်တော့လား"

ပါပါ့လက်တစ်ဖက်က သူမခေါင်းနားဝဲလာတော့ ခေါင်းကိုငုံ့ရှောင်ကာ ဆိုဖာခုံနောက်ကျောဘက်သို့ ဖျတ်ခနဲရွှေ့ရပ်လိုက်ပါ၏။

"လမ်းပေါ်က, ကလေကချေကို မစူးမစမ်းဖမ်းကြိုက်လိုက်ရလား။ နင့်မှာ ဒီလောက်ထိ ဦးနှောက်နည်းရသလား မိမိုးရယ်။ ငါတော့ သမီးတစ်ကောင် နွားဟိုက်စ်ထောင်ထိန်းရတာ သေချင်လာပြီ"





"သမီးက ဘယ်မှာဆိုးလို့လဲ,ပါပါရဲ့"

"ငါနော်. . . ထတီးလိုက်ရ၊ နာဦးမယ်"

"သမီးကောင်လေးက ပုံစံလေးသာ ဂျစ်ကန်ကန်လေးပါ။ စိတ်ရင်းကတော့ကောင်းပါတယ်,ပါပါရဲ့"

"လာပြန်ပြီ၊ ညည်းနော်. . . ငါအလိုလိုက်တာ ဒီအထိတော့ အဖြစ်မခံနိုင်ဘူး"

"ပါပါ သူနဲ့စကားမပြောဖူးလို့ပါ"

"ဩော်! ငါက သူ့ကိုခေါ်တွေ့ရဦးမှာလား။ ညည်းပြောပုံက"

"အင်းပေါ့. . . ဒါမှ သူ့စိတ်သဘောထားကိုသိမှာလေ"

ဦးဥက္ကာ သမီးဖြစ်သူကို မျက်မှောင်ကြုတ်၍ကြည့်လိုက်ပါ၏။ အရင်တုန်းကလို မပွင့်တပွင့်ငြိမ်ငြိမ်သက်သက်လေးမျိုးမဟုတ်တော့ဘဲ တစ်ခွန်းမခံ ဒိုးဒိုးဒေါက်ဒေါက်ပြောဆိုနေပုံကိုက သမီးမဟုတ်တော့သလိုပါပဲလား။

ဩော်. . . အချစ်က စကားတွေ အများကြီးပြောတတ်လာအောင် သင်ပေးတယ်ဆိုတာ တကယ်ပဲထင်ပါရဲ့။

"ငါ နင့်ကို မောင်မျိုးနဲ့ပဲသဘောတူတယ်၊ ဒါပဲ"

"သမီး မယူနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ထပ်မရှည်နဲ့။ ဒီကိစ္စကိုလုံးဝအပျက်မခံဘူးဆိုတာ မြဲမြဲမှတ်ထား"

"ပါပါကလည်း သမီးတစ်သက်လုံး စိတ်ဆင်းရဲနေရမှာတော့ မသနားဘူး။ အဲဒီဆရာဝန်က ဘာမှအားကိုးလို့ရတာမှမဟုတ်ဘဲ"

"တော်ပြီ၊ ရွှေလထဲမှာ မင်္ဂလာပွဲစီစဉ်ထားတာ အတည်ပဲ။ ညည်း ထင်ရာထပ်စိုင်းမယ်ဆိုရင် ခြေထောက်တွေကိုရိုက်ချိုးခံ မယ်မှတ်"

"ဒါဆိုရင် သမီးက ဒုက္ခိတကြီးဖြစ်သွားမှာပေါ့"

"ဖြစ်ဖြစ်. . . နင့်ကို မောင်မျိုးပြန်ကုပေးရင်ပြီးတာပဲ၊ ဘယ်ကိုမှလျှောက်သွားဖို့မပြင်နဲ့"

ဦးဉတ္တာ အိမ်ပေါ်မှဆင်းလာခဲ့၏။ အလုပ်သမားတွေကို မမ ကြီးအုပ်ချုပ်ပေးနေလို့သာ သူသက်သာနေတာ။ မမကြီးဆိုတာက လည်း အစ်မအရင်းမဟုတ်၊ ဆွေမျိုးထဲက နှစ်ဝမ်းသုံးဝမ်းကွဲတဲ့ အစ်မပင်။ ဒီကြီးဒေါ်ကိုလည်း အစကတော့ ကြောက်သလိုပုံရပေ မယ့် အခုတော့ ရည်းစားရသွားပြီဖြစ်တဲ့သမီးက လုံးဝစာရင်း မသွင်းပါတဲ့လေ။ ကဲ. . . ဘယ်လောက်အချိုးမပြေတဲ့သမီးပါလဲ။

ဒရိုင်ဘာမောင်သက်က ကားကို ခြံထဲမှမောင်းထွက်လိုက်





စဉ် ခြံရှေ့မှဖြတ်မောင်းသွားသည့်ကားနှင့် သွားဆုံလေ၏။ ကားပေါ်မှလူရွယ်က နှုတ်ခမ်းတွန့်ရုံပြုံးပြကာ ကားကိုရှေ့ဆက်မောင်း သွားသည်ကိုတွေ့လိုက်ရသည်။

ဒီကောင် ဘာကောင်ပါလိမ့်။ မျက်လုံးတွေကိုကြည့်ရတာ တော့ သူ့ကိုသိနေသလိုပါပဲလား။ ဟော! ဒါဆိုရင် သမီးရဲ့ကောင် လေးများဖြစ်နေမလား။ ကားကတော့ အကောင်းစားပါပဲ။ မီဘ ဦးက်ဆံကိုထိုင်ဖြုန်းနေတဲ့ လူဘော်ကျော့ဖြစ်နေရင် ဘယ့်နှယ်လုပ် မလဲ။ ချမ်းသာတယ်အကြောင်းပြပြီး သမီးကိုချိန်ရွယ်ကာ ဘနုဖူး သိုက်တူတဲ့လူစားမျိုးဖြစ်နေမှာကို အစိုးရိမ်ဆုံးပင်။ မောင်မျိုးဆို ဘာတစ်ခုမှအပြစ်ပြောစရာမှမရှိ။ သမီးအပေါ်မှာ ဘယ်လောက် ထိချစ်သလဲဆိုတာကို မြင်ရုံနှင့်သိသာစေပါ၏။

ဒါကိုတောင် သမီးက ပြန်မချစ်နိုင်ဘူးတဲ့လား။ ဖအေကို ရှိန်တာရော၊ ချစ်သူမရသေးတာနဲ့ ခေါင်းညိတ်ပြီး အခုတော့ နောင် တတွေ ရနေပြီထင်ပါရဲ့။ သန့်တို့ အောင်မြတ်တို့နဲ့ ပြောပြီးဆိုပြီး သားမှို မျက်နှာမပျက်ချင်ပါ။ သန့်ဆို တစ်ဦးတည်းသောသားလိမ္မာ လေးသာရှိတော့ သမီးကိုချစ်လိုက်တာမှ တုန်နေတာပဲ။ ချွေးမ မတော်ရသေးတာတောင် 'လိုချင်တာပြော' ဆိုသည့်ယောက္ခမမျိုး။



www.burmeseclassic.com

www.burmeseclassic.com



ချွေးမအဖြစ်အပိုင်ရပြီးရင်တော့ ဘယ်လောက်ထိလိုလေသေးမရှိ
ထားလိုက်မလဲ။

မိုက်တယ်။ နောက်ဆုံးတော့ သူ့သမီးမိုက်တာကိုသာ မြင်သာ
ထင်ရှားနေပါရော။ အင်းလေ. . . သူကိုယ်တိုင်က မိတဆိုးလေးဆို
ပြီး ဖူးဖူးမှုတ်အလိုလိုက်ခဲ့မိတာ။ ဖအေကွယ်ရာမှာအပေါင်းအသင်
များတာတောင် တော်တော်ကြာမှသိခဲ့ရတော့ သူ့မှာမျက်လုံးပြူး
ပြီ။ ငွေကိုရေလိုသုံးဖြုန်းနေကြသည့်အုပ်စုထဲကိုမှ မလည်မဝယ်
သမီးရောပါရတယ်လို့ သမီးသူငယ်ချင်းသက်သက်စံက သူ့ကိုအချိန်
မီသတင်းပို့ခဲ့လို့သာ ကြိုသိခဲ့ရတာ။ ဘုရားဖူးလိုလိုဘာလိုလို၊ အတ
အကျမပြောဘဲ သုံးရက်လောက်ပျောက်သွားတာ သူ့မှာ ခေါင်းကို
မီးတောက်ရရော။ သူ့ဟာသူ အိမ်ပြန်လာတာပဲ ကံကောင်း။ ဒီသမီး
လေး ပျက်စီးလေလွင့်သွားရင်တော့ သူပါ ဘဝပျက်မှာ။ မေရီ့သမီး
က ပညာတတ်လိမ္မာပြီး၊ သူယူထားတဲ့သမီးက ဒီလိုသာဖြစ်သွားရင်
သွားပါလေရော။ ဆွေမျိုးတွေကြားထဲမှာ ခေါင်းတောင်ဖော်ဝံ့တော့
မှာမဟုတ်ဘူး။

မောင်မျိုး စမ်းသပ်ကြည့်မှပဲ သူ့စိတ်အေးခဲ့ရတာ။ တော်
သေးရဲ့။ သမီးမှာ ဒီလောက်လေးတော့ စဉ်းစားဉာဏ်ရှိသေးပေလို့





။ သမီးသာ ဆေးစွဲတဲ့အဆင့်အထိဖြစ်သွားရင် သူတော့ ယူကျုံး
ရဖြစ်ပြီး suicide လုပ်တဲ့အထိတောင် ရောက်ချင်ရောက်သွားမှာ
လေ။ ကုမ္ပဏီဝင်းထဲ ကားကိုရပ်စဉ် ခုနကမြင်လိုက်သည့်လူငယ်
လေးနှင့် သူ့ Member ဦးမြတ်စိုး စကားရပ်ပြောနေတာကို တွေ့
လိုက်ရသည်။

"ခွင့်ပြုပါဦး အန်ကယ်"

"ကောင်းပါပြီ ညီညီ"

ကောင်လေးက ကားကို back ဆုတ်ကာ ဝင်းထဲမှထွက်သွား
သ၏။ သူ ကားပေါ်မှဆင်းတော့ ကုမ္ပဏီဝမှာရပ်နေသည့် ဦးမြတ်
စိုးက လက်လှမ်းထောင်ပြလျက် ကြိုလေသည်။

"Good morning ကိုဥက္ကာ"

"Morning ကိုမြတ်စိုး။ ခုန ခင်ဗျားနဲ့စကားပြောနေတာ
ဘယ်သူများပါလိမ့်"

"ဪ၊ ညီညီ့ကိုတွေ့လိုက်လို့ထင်တယ်။ အဲဒါ မိုးသောက်
ကုမ္ပဏီက GM လေ"

"ဘယ်လို"

"မိုးသောက်ဦးက အစ်ကိုပေါ့၊ MD လုပ်တယ်။ ညီညီက



www.burmeseclassic.com

www.burmeseclassic.com



GM ပဲ။ အခု သူ့အစ်ကိုကျန်းမာရေးသိပ်မကောင်းလို့ သူပဲဦးစီးေ တာ။ မိုးသောက်နဲ့က ဆွေမျိုးတွေလိုရင်းနှီးခဲ့တာဆိုတော့ အ ညာဏ်လေးဘာလေး နိုင်သလောက်ပေးရတာပဲ။ ကလေးတွေ တော်ရှာတယ်"

"အြော်"

သူ ခေါင်းကိုသာ ညိတ်လိုက်ပါ၏။ ဒီကောင်လေးက ဒါ ရင် ဘယ်ဆိုးလို့လဲ။ သမီးက ဒီလောက်တော့မြင်သား။ ကောင်လေ ကိုတော့ ခေါ်တွေ့ဖို့လိုပြီမှန်း သူတွက်ဆလိုက်ပါ၏။ သမီးစိတ်ချမ် သာဖို့ကိုတော့ သူစဉ်းစားဖို့လိုပြီမဟုတ်ပါလား။

"မမဘယ်မှမသွားပါနဲ့၊ ဘဘ ဆူလိမ့်မယ်"

"ဟဲ့! ငါ့ကို ကြက်ကလေးငှက်ကလေးများ ထင်နေရလာ အသက်ဆီ ခဏလေးပဲသွားမလို့ပါဆိုနေမှ"

"မသွားပါနဲ့မမရယ်၊ ကြီးမေရေ. . . လုပ်ပါဦး။ ဒီမှာ မ အပြင်ထွက်ဦးမလို့ဟဲ့"





ဝဝဖိုင့်ဖိုင့်ကြီးဒေါ်ကြီးက မီးဖိုခန်းမှ အပြေးထွက်လာလေ ၏။ အိမ်တံခါးသော့တံက သူမလက်ထဲသို့ရောက်နေပေပြီ။ ခြံတံခါး ဖွင့်ပြီးရင်တော့ အပြင်ရောက်ဖို့ Ok ပါပဲ။

"မသွားပါနဲ့လား သမီးလေးရယ်"

"ကျွန်မကို မတားနဲ့နော်။ စိတ်တိုလာရင် အကုန်ကိုင်ပေါက် လိုက်လို့ ဆေးရုံတင်လိုက်ရမယ်"

"ဟဲ့! ငါက မောင်ဥက္ကာပြောထားလို့ တားနေရတာအေ့။ ပြောမကောင်းဆိုမကောင်းလေးရဲ့"

"ခဏလေးသွားတာပဲဟာ. . . ကြီးကြီးရဲ့။ ညနေပြန်လာမှာ ပေါ့။ ဘယ်လိုဖြစ်နေတာလဲ။ စိတ်ချ ဒီအိမ်ကနေ ဘယ်ကိုမှထွက် မပြေးဘူး"

"မသွားရဘူးနော်၊ ဟဲ့. . . မိုးမိုး"

သော့ခလောက်က ချောက်ခနဲအပွင့်၊ ကြီးဒေါ်စိန်ရဲ့အော်သံ တလည်း စီခနဲပါပဲ။

"ဟဲ့! မောင်မဲရေ. . . ဒီမှာ ကလေးမကိုတားပါဦး"

သူမခပ်သုတ်သုတ်လျှောက်လာတာကို ထန်းပင်ကြီး ဦးမဲ ရှေ့မှပြေးတားလေ၏။ ဘာမပြောညာမပြောဖြင့် လက်နှစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆုပ်ကာ ကိုင်ပေါက်ချလိုက်သည်။ ဦးမဲအော်သံက အားခနဲ ထွက်လာလေ၏။

"မှတ်ပြီလား။ ဘယ်မှာလဲ. . . ခြံတံခါးသော့"

"ဒီ. . . ဒီမှာ"

"ပေး! ညနေ ပါပါပြန်မရောက်ခင် ကျွန်မအရင်ပြန်ရောက် နေရမယ်။ အခုလိုထွက်သွားတာကိုချွန်လို့ကတော့ ဆေးရုံကိုအကုန် တန်းစီပြီး တက်ရပြီမှတ်"

ခြံတံခါးရှိရာဆီလျှောက်သွားသည့် သူဌေးသမီးကိုငေးကြည့် ရင်း ဒေါ်ကြီးစိန်တို့ကျန်ရစ်ခဲ့ရလေ၏။

ဘုရား. . . ဘုရား. . . ဘယ်လိုကနေဘယ်လို ဒီပညာတွေ တတ်နေမှန်းမသိ။ အံ့ဩပြီးရင်း အံ့ဩနေရတော့သည်။ ဦးမဲက ခါးကို လက်ဖြင့်ဖိကာ ထရပ်လိုက်ပါ၏။ သူဌေးသာသိရင်တော့ အလုပ်ပြုတ်တော့မှာပဲ။

ခြံထဲမှာ လူကြီးကိုကိုင်ပေါက်လိုက်တာရော၊ ခြံပြင်သို့ထွက် လာသည့်သူမကို သူကြည့်နေမိ၏။ ဒီပညာတွေတတ်ထားလို့ သူမ ဘာကိုမှမကြောက်ရွံ့တာကိုး။

"ဟေ့! ဒါ ဘယ်လဲ။ မင်းတစ်ယောက်တည်း လျှောက်လိမ့်





နင် အန္တရာယ်ရှိတာကိုမသိဘူးလား"

"ဟော! ရှင်ဘရော ဘာသဘောနဲ့ ကျွန်မအပြင်ထွက်တိုင်း နောက်ကောက်ကောက်လိုက်နေရတာလဲ"

"ငါ့ဟာငါ ကိစ္စရှိလို့သွားနေတာပဲ။ မင်းနောက်ကိုအားအား သားယားလိုက်စရာလိုလို့လား"

"သိနိုင်ဘူးလေ၊ ပြောတော့ဖြင့် အစ်ကို့ကိုယ်စားစောင့်ရှောက် နေးတာလို့ အသံကောင်းဟစ်နေပြီး ရှင့်စိတ်ထဲက မရိုးမသားဖြစ် နေရင် ပြောနိုင်မလား"

"ဘာကွ"

ကြည့်ပါလား။ မျက်လုံးကိုမထောင့်ကပ်ကာ မထီတရီကလည်း ဆုပ်တတ်သေး။ Sport Shirt အပြာနုကို Jean Pants နှင့်တွဲဝတ် ကာ ကျောပိုးအိတ်လွယ်ထားပုံက style ခပ်မိမိ။ ဒီလိုကြည့်ကောင်း ပြီး ဆွဲဆောင်မှုရှိလို့လည်း သူ့ကိုကို ပစ်တွေသွားရတာပဲနေမှာ။ ကောင်မလေးက ဖြူဖြူသန့်သန့်ချောချောလေးဆိုတာ ငြင်းလို့မှမရ ဘူး။ ခက်တာက ဟိုရှုပ်ရှုပ်ဒီရှုပ်ရှုပ်လုပ်တတ်တဲ့ character ကို သူ မကြိုက်တာပင်။

"မင်းပုံစံကို ကိုကိုလိုခပ်အေးအေးလူစားမျိုးပဲကြိုက်တာ။ ငါ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ လုံးဝပဲ"

"ရှင့်ကိုရော ကျွန်မက ကြိုက်ပါကြိုက်ပါပြောနေလို့လား။ sorry ပါပဲ"

"တောက်! ကိုကိုပြောထားလို့ သူ့ကိုယ်စား မင်းကိုငါစော်ရောက်ပေးနေတာကွ။ နို့မို့ ဝေးစွပဲ"

"မလိုပါဘူး။ ကျွန်မက ကျွန်မကိုယ်ကျွန်မ ၊ လွဲပြီး ဘယ်သူ့စိမ်းယောကျ်ားကိုမှအဲထင်မကြီးဘူးဆိုတာ မှတ်ထားလိုက်"

"ဩော်! ဒါဖြင့် ကိုကို့ကို ဘာလို့ မင်းပြန်ကြိုက်သေးလဲ"

"အဲ"

ပြန်အော်ရရင်ပြီးရော စွတ်တင်ထားပြီးမှ ဒီဘူတာကိုဆိုက်လာပါရောလား။ သူ့အစ်ကိုဆိုတာ ဖြူသလားမဲသလားတောင် မြင်ဖူးတာမဟုတ်။ မမချစ်သူဖြစ်နေလို့သာ အလိုက်သင့်လေးမျှောပေးတာ။ ခုတော့ သူက ပြောချေပြီ။

"ပြောလေ . . . ခေါင်းညိတ်တုန်းကဖြင့်ညိတ်ခဲ့ပြီး ခုမှအငြင်းမပြောင်းနဲ့"

"ကျွန်မပြောဖူးတယ်လေ။ မျက်စိမှောက်သွားလို့ပါဆိုနေ

"မင်းနော် . . . ဟိုဒေါက်တာနဲ့လည်း စေ့စပ်ထားပြီးသား





ရှင်းမရှင်းနဲ့ မလည်ရှုပ်လုပ်မနေနဲ့။ အတော်မျက်နှာများတဲ့မိန်းမ"

"ပြောပြန်ပြီလား။ လူကို မှိုချိုးမျှစ်ချိုးပြောရအောင် ကျွန်မက ရှင့်နှမမဟုတ်ဘူးရှင့်"

"ငါ့နှမသာဆိုရင် ငါကိုင်ပေါက်လို့ တစ်စစီပြုတ်ထွက်သွားလောက်ပြီ"

"အံမာ! အကျောကြီးနဲ့ ရမလား . . . သတ္တိရှိရင်ယှဉ်စမ်းပါ။ ဟာ . . . ဆင်းခဲ့"

ကဲ! ဘယ်လိုဟာလေးမှန်းမသိ။ လမ်းပေါ်မှာ မကြောက်မရွံ့ Challenge ကခေါ်နေသေး။ ကိုကိုရာ . . . ဘယ်လိုဟာလေးကိုမှ ရွေးရသလဲ မသိတော့ပါဘူး။ စိတ်ပျက်ဖို့ကောင်းလိုက်တာနော်။

"ဟေ့ဟေ့ . . . အတောင် (၂၀)ဝတ်နဲ့ (၃)တောင်ဝတ် ယှဉ်ရင် ငါပဲသိက္ခာကျမှာပေါ့"

"အမယ် . . . ကြောက်ရင်ကြောက်တယ်လို့ ဝန်ခံလိုက်စမ်းပါ ခွာတိတ်ရဲ့"

"ဘာ! မင်းနော် . . . ကိုကို့မျက်နှာရှိနေလို့ သည်းခံနေတာကို ရောင့်တက်မလာနဲ့။ ငါ မင်းထက် သုံးနှစ်တောင်မှကြီးတာ"

"အဲဒါ ဘာလုပ်ရမှာလဲ။ ရှင့်အစ်ကိုနဲ့ယူဖြစ်ရင် ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



တောင် ရှင့်ထက် ဝါကြီးသေးတယ်။ ရှင်ကတောင် ကျွန်မကိုတ[illegible]
တော့ရဦးမှာ"

"ဘာကွ! တောက်! မင်းနော်. . . မလောက်လေးမလော[illegible]
စားလေးက ဒီလိုပြောစရာလား။ ကိုကို့ကိုများ ယူဖြစ်ရင်လို့ အ[illegible]
တကျပြောနေသေး။ မင်း မယူလို့ရမလား, ယူကိုယူရမှာ။ ဒါ[illegible]

"ပြောနိုင်ဘူးလေ. . . ဒီမနက်ပဲ ပါပါက ဟိုဒေါက်တာ[illegible]
ကျွန်မကို ရွှေ့လထဲ မင်္ဂလာဆောင်ပေးမယ်ဆိုပြီး ပြောနေတာရှ[illegible]

"ဘာ! "

"အဲဒါဆိုရင်တော့ ရှင့်အစ်ကိုအတွက် so sorry ပါပဲ။ ကျွ[illegible]
က ပါပါ့ကိုသိပ်ချစ်တာ"

"မင်းနော်. . . ငါ့အစ်ကိုကိုအသည်းခွဲလို့ကတော့ မင်းကို[illegible]
လည်မျိုညှစ်သတ်ပစ်မှာ။ မလုပ်ဘူးမထင်နဲ့"

"အမယ်လေး. . . ကြောက်စရာကြီးပါလား။ ကြက်သီးထ[illegible]
ထ ဒိုက်တာနော်။ ရှင့်မရီးလောင်းကိုတောင် ဒီလောက်ချစ်နေ[illegible]
ရှင့်ကောင်မလေးဆို ပါးစပ်ထဲငုံထားမလားပဲ၊ သိချင်လိုက်တ[illegible]

"မင်းနော်"

သူမက လက်ဝါးနှစ်ဖက်ရိုက်ကာ တဟားဟားအော်ရယ်[illegible]





ပြန်၏။ ကြည့်စမ်း! မိန်းကလေးတဲ့. . . ဣန္ဒြေရရ ညင်ညင်သာသာ
မရယ်ဘဲ ခွက်ထိုးခွက်လန် ရယ်နေရတယ်လို့ စိတ်ရှိလက်ရှိ နားရင်း
သာအုပ်ထည့်လိုက်ချင်တယ်။ ကိုကိုမို့ ဒီလိုဟာလေးမျိုးသွားချစ်
တာ။

"ဟင်းဟင်း. . . သိပ်သွေးပူမနေနဲ့. . . ရှင့်အစ်ကိုအတွက်
ကိုယ်စားပူနေတာကို ခေါက်ထားလိုက်။ ပါပါက ရှင်နဲ့ကျွန်မကို
lover တွေလို့ထင်နေတာနော်။ ကျွန်မကလည်း ဟိုဒေါက်တာနဲ့ယူ
ရမှာစိုးလို့ Yes ဆိုပြီး ခေါင်းညိတ်လိုက်ပြီ။ အဲဒါ ပါပါခေါ်တွေ့ရင်
ရှင်ငြင်းမယ်မကြံနဲ့။ ရှင့်အစ်ကိုကို ကျွန်ရစ်မဖြစ်စေချင်ရင် ဒီဇာတ်
လမ်းမှာ အလိုက်သင့်ဝင်ကဖို့ ပြင်ပေတော့။ လောလောဆယ်တော့
ကျွန်မလည်း သွားစရာရှိနေလို့၊ တာ့တာ. . . ဘိုင့်ဘိုင်နော်"

သူ နှဖူးကိုသာ ဖြန်းခနဲရိုက်လိုက်ပါ၏။ လုပ်ချလိုက်ပြန်ပြီ။
ရှေ့နောက်ဘာမှမစဉ်းစားဘဲ လုပ်လိုက်ရတယ်လို့။ ဒင်းက လက်
သုံးလေးရမ်းပြကာ ဆတ်တောက်ဆတ်တောက်လျှောက်သွားနေ
လေပြီ။ မဖြစ်သေးပါဘူး။ ကိုကိုမှာထားတာတွေရှိနေလို့ တာဝန်
အရ သူမကိုစောင့်ရှောက်ရဦးမှာပါလား။

"တီ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ဖျတ်ခနဲလှည့်ကြည့်ကာ သူ့ကားလိုက်လာတာကို ရပ်စောင့်နေပါ၏။ မျက်နှာကိုက မချိုမချဉ် ခေါင်းခေါက်ချင်စရာ ပုံစံ။

"ဘာလဲ"

"ဘယ်သွားမှာလဲ၊ လိုက်ပို့ပေးမယ်၊ ကားပေါ်တက်။ လာ"

"တွေ့လား။ တစ်ကနေတစ်ဆယ်ထိတောင် ရေလို့မရောက်သေးဘူး။ ရှင်, ကျွန်မနောက်ပါလာတာပဲမဟုတ်လား။ ဝန်ခံလိုက်စမ်းပါရှင့်။ ကျွန်မမှာ ရှင်မမြင်နိုင်တဲ့ဆွဲအားတွေ အများကြီးရှိနေတယ်ဆိုတာလေ"

"သွားစမ်းပါ၊ အဓိပ္ပာယ်မရှိတာတွေ ရေရွတ်မနေနဲ့။ တာဝန်အရလိုက်ပို့မှာ. . . နို့မို့ဝေးသေး"

"တာဝန်အရဆိုရင်တော့ မလိုက်ဘူး။ ကျွန်မကိုနည်းနည်းလေး သံယောဇဉ်ရှိတယ်ဆို ဟုတ်တုတ်တုတ်။ တဲ! သွားပြီ"

"ကျွတ်! မိုးမြင့်စံ. . . ဟေ့"

သူမက ရှေ့ကိုဆက်လျှောက်ရင်း မျက်နှာကပြုံးစိစိဖြစ်လာပါ၏။ ဤလူတစ်ယောက်နှင့် ရန်ဖြစ်စကားများရတာ အတော့်ကို စိတ်ချမ်းသာရပါလားနော်။ သူမအကျင့်ကိုက လူတစ်ဖက်သားကို





မထိတထိကလိလိုက်ရမှ ကျေနပ်တာလေ။ ဒါကြောင့်လည်း မာမာ့သူငယ်ချင်းရဲ့သားက အစွဲကြီးစွဲသွားရတာတဲ့။

"တီ"

"ဟေ့. . . ဟုတ်တယ်၊ ဟုတ်တယ်"

"ဘာဟုတ်တာလဲ"

"မင်းကိုသံယောဇဉ်ရှိတယ်ဆိုတာလေ။ အဲဒါရိုးရိုးသားသား ဖြူဖြူစင်စင်ပြောတာ"

"ဒီလိုပဲပြောလို့ရမှာပေါ့။ နို့မို့ ညီအစ်ကိုနှစ်ယောက် Boxing Play ရမှာလေ"

တွေ့လား! အလိုက်သင့်ပြောပြန်တော့လည်း အသည်းယားစရာဖြစ်အောင် မဲ့ပြုံးလေးနဲ့ပြောပြန်ပြီ။ ကားပေါ်တက်ထိုင်လိုက်မှ သူ ကားကိုမောင်းထွက်ခဲ့၏။

"ဘယ်သူ့ဆီကိုသွားမှာလဲ"

"အသက်ဆီ"

"အသက်က ဘယ်မှာနေတာလဲ"

"မြေနီကုန်းက တိုက်ခန်းမှာပဲ။ အခန်းနံပါတ်က (၁၆)လား၊ (၆)လားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ! ကိုယ့်သူငယ်ချင်းအိမ်တောင် သေချာမသိဘဲ ဧည့်ဝေ ဇဝါဖြစ်နေရလား"

"အတိတ်မေ့နေတာလေ၊ ရှင်မရိပ်မိဘူးလား။ ရှင့်အစ်ကိုကို တောင် ဖြူသလားမည်းသလား မှတ်မိတာမဟုတ်ဘူး။ ကျွန်မက လက်ရှိလူတွေကိုပဲသိတယ်။ ရှင်နဲ့အသက်ကလွဲရင် ဘယ်သူ့ကိုမှ မသိသေးဘူး"

"ကောင်းတယ်။ ကိုကိုသာသိရင် ရင်ထုတော့မှာပဲ"

"ဩော်. . . သူ့ကိုမြင်ရင်တော့ မှတ်မိချင်မှတ်မိမှာပေါ့။ ရှင် တောင် ဒီလောက်ချောနေရင် ကိုကိုက ပိုပြီးတောင်မှ ခန့်ချောကြီး ဖြစ်ဦးမှာ။ မဟုတ်ဘူးလား"

သူမနှုတ်မှ 'ကိုကို့'ဟုခေါ်သံလေးထွက်လာတော့ သူ့ရင်ထဲ မှာ တစ်မျိုးကြီးဖြစ်သွားရပါ၏။ အင်းပေါ့လေ. . . ကိုကိုက သူမ၏ ချစ်သူပေပဲကိုး။ ပုံစံလေးက ချွဲချွဲပျစ်ပျစ်မဟုတ်ပေမယ့် ဒီလိုခပ် ဆတ်ဆတ်ပြောတတ်တာလေးကပင် ချစ်စရာကောင်းနေတာလေ။ ကိုကို့ကိုတော့ သူမ ချွဲချင်ချွဲမှာပေါ့။

"မင်း ဒေါက်တာ့ကိုမယူချင်တာ တကယ်ပဲလား"

"ဩော်. . . မေးပြန်ပြီ။ ဒေါက်တာမျိုးမြတ်ကိုလည်း မလိုချင်





ဘူး။ Singapore က ကုမ္ပဏီပိုင်ရှင်ရဲ့သား ကက်နက်အောင်ဧ ကိုလည်းစိတ်မဝင်စားလို့ ဒီကိုရောက်လာတာ"

"များလှချည်လားကွ"

"များတာပေါ့။ ဒါတောင် စာရင်းကောက်မထားမိတာတွေ တစ်ပုံကြီးကျန်သေးတယ်"

သူ နှာခေါင်းရှုံ့လိုက်မိပါ၏။ ဘယ့်နှယ်. . . ဒီလောက်မျက် များတဲ့မိန်းကလေးကိုမှ ကိုကိုဘာကြောင့်ရွေးချယ်မိတာပါလိမ့်။ ဆက်ထပ်ပြီးရင်တောင်မှ စိတ်ချရပါ့မလားဟု ကိုကို့ကိုယ်စား ပူပန် စိတ်ဖြစ်ရသေးသည်။

"အဲဒါ ဂုဏ်ယူစရာမှမဟုတ်ဘဲ"

"ကျွန်မသိပါတယ်၊ ရှင် ဆရာမလုပ်ပါနဲ့"

"ရောက်ပြီ. . . ဟိုတိုက်ရဲ့သုံးလွှာမှာ သက်သက်စံနေတယ်။ အခန်းနံပါတ်က (၁၆)နော်။ ဟုတ်ပြီလား"

"ဟုတ်လား၊ ကျေးဇူးပဲ။ ရှင်က ကျွန်မသူငယ်ချင်းကိုလည်း သိနေတာပဲလား"

"မင်းနဲ့တွဲတာပဲ မသိဘဲရှိမလား"

"အသက်အပေါ် ရှင်ရှိသားပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်! လာပြန်ပြီ နောက်တစ်မျိုး၊ အဲဒီကော်ပတ်ရုပ်လေး
ဓဝါ| လုံးဝစိတ်မဝင်စားဘူး"

သူမက ခပ်ပြုံးပြုံးဖြင့်ခေါင်းညိတ်ပြကာ ကားပေါ်မှဆင်းလိုက်ပါ၏။ ပြီးနောက် ကားပြတင်းပေါက်မှာ ငုံ့၍ပြောပြန်လေသည်။

"ရှင့်နာမည် ပြောဦးနော်"

"ဘာလုပ်ဖို့လဲ"

"တော်ကြာ ပါပါမေးတဲ့အခါ ပြောရမှာပေါ့။ ကျွန်မ မပြေနိုင်ရင် လိမ်ဆင်ကြီးပေါ်သွားမှာလေ"

"မလိုပါဘူး"

"ဒါဆို ရှင်အသက်ကိုစိတ်ဝင်စားလို့ မပြောချင်တာပဲနေမှာ"

"ဟာ! ပေါက်ကရတွေ ဘာမှမဆိုင်ဘူး"

"ဒါဖြင့်ပြောပေါ့။ ကပ်စေးနဲ့လိုက်တာနော်"

သူက ဘုကြည့်ကြည့်လိုက်မိပါ၏။ ဖနောင့်နဲ့သာ ပေါက်ချလာပြီ။ အမြင်ကပ်စရာလေးပါလား. . . မိုးမြင့်စံရယ်။

"မပြောဘူးလား။ ပါပါမေးရင် ကိုယ့်ချစ်သူနာမည်တောင် မသိရကောင်းလားဆိုပြီး ဒေါပွမှာစိုးလို့မေးတာရှင့်။ သွေးနားထ





ရောက်မနေနဲ့။ မပြောချင်လည်းနေ"

"ဘယ်လိုဖြစ်နေတာလဲ. . . ပြောမှာပေါ့"

သူမက မျက်ခုံးလေးပင့်ကာ သူ့ကိုစိုက်ကြည့်လိုက်သဖြင့် ရင်ထဲမှာ ဒိတ်ခနဲမြည်သွားပါလေ၏။ မင်းဘယ်လိုကြည့်လိုက်တာလဲ. . . မိုးမြင့်စံရယ်။

"ညီသပြေ"

ပြောပြီးသည်နှင့် သူ ကားကိုမောင်းထွက်လိုက်ပါသည်။

ကိုယ့်ချစ်သူတဲ့. . .။ မင်းဘယ်လိုသုံးနှုန်းလိုက်တာလဲ မိုးမြင့်စံ၊ အခြေအနေအရ ပြောလိုက်မှန်းသိနေပေမယ့် ကိုယ့်ရင်တွေ ခုန်လှုပ်သွားရတာတော့အမှန်ပါ။ ပြီးတော့ မင်းမျက်ဝန်းတောက်တောက်လေးတွေက ကိုယ့်နှလုံးသားကို တဆတ်ဆတ်ခုန်သွားစေတာ တကယ်ပါပဲ။

ကျေးဇူးပြုပြီး ကိုယ့်ကိုတော့ မကစားပါနဲ့မိုးမြင့်စံ။ ကိုယ်က ဘယ်မိန်းကလေးတွေနဲ့မှ မရောနှောမပတ်သက်တဲ့ အရိုင်းလေးပါ။ ဤတွင်ယကွန်ယက်ထဲမှာ ကိုယ်မပိတ်မိပါရစေနဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်နဲ့မင်းကြားမှာ တိုကိုဆိုတဲ့ကြိုးတစ်ချောင်းက ရှည်းတားထားတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုကိုယ်ချစ်ခွင့်မရှိတာကို နားလည်ရင် မင်းရဲ့ညို့မျက်ဝန်းတွေနဲ့ ကိုယ့်နှလုံးသားကိုကိုင်လှုပ်ဖို့မကြိုးစားပါနဲ့။ ကိုယ်အနူးအညွတ်တောင်းပန်ပါတယ်။

❖ ❖ ❖



## အခန်း ( ၅ )

Hand Phone မှ သံစုံမြည်လာတာကြောင့် ကားတံခါးကို ·ာဝင်ထိုင်ရင်း နားထောင်လိုက်ပါ၏။

"ဟဲလို"

"ညီလား"

"အံမာ! မင်းထက် သုံးနှစ်ကြီးတာတောင်မှ မရှိမသေခေါ် ·လားကွ"

သူမက သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက်ရယ်နေချေ ·သူ့စကားထဲမှာ ဘာမှရယ်စရာမပါဘဲ ရယ်နေတာမို့ သူ့စိတ်တို



www.burmeseclassic.com

www.burmeseclassic.com



သွားရပါ၏။ ဘယ်လိုလေးမှန်းကို မသိတော့ပါဘူး။ ဘဝကိုခပ်ပေ့
ပေါ့လို့ပဲ သဘောထားလေရော့သလားမိုးမြင့်စံရယ်။

"ရှင့်ကို တစ်မှတ်တိုးပေးမယ်"

"ဘာလဲကွ"

"ကျွန်မရဲ့အသံကိုမှတ်မိနေတဲ့အတွက်"

သူ လှစ်ခနဲပြုံးလိုက်မိပါသည်။ အဲဒီလိုပလီပလာလေးတွေ
လည်း ပြောတတ်တာပဲလား။ ကိုကို ဘယ်လောက်တောင်များချ
လိုက်မလဲ မသိတော့ပါဘူးမိုးမြင့်စံရယ်။

"ပြုံးမနေနဲ့။ နှစ်မှတ်ပြန်နှုတ်မယ်"

"လာပြန်ပြီ"

သူ ကားထဲမှနေ၍ ခြံပြင်ကိုဝေ့ဝဲကြည့်လိုက်ပါ၏။ အပြ
မှာ သူမ ရှိမနေပါချေ။

"ဘာဖြစ်လို့လဲဆိုတော့ ရှင့်မှာ ဘာကောင်မလေးမှမရှိ
သိသွားလို့ပေါ့။ ဒါကြောင့် ကျွန်မဆက်တာနဲ့ ကျွန်မမှန်းသိနေ
လေ။ ညံ့တဲ့အတွက် နှစ်မှတ်ပြန်နှုတ်တယ်"

"မင်း ဘယ်ကနေ ပြောနေတာလဲ"

"ဟော! ကျွန်မကိုလိုက်ရှာနေပြန်ပြီလား။ ညံ့ပြန်ပြီ၊ ကျွန်





အိမ်ကပြောနေတာရှင့်"

"မင်း စကားကိုကောင်းကောင်းမပြောတတ်ဘူးလားမိုးမြင့်
လူကို ခနဲ့သလိုရွဲ့သလိုပြောမှ စားဝင်အိပ်ပျော်သလား"

"အခုအကောင်းပြောနေတာပဲလေ"

"ဘာအကောင်းပြောလို့လဲ" ပြီး

"ရှင် အခုချက်ချင်း ကျွန်မအိမ်ကိုလာခဲ့" နဲ့ဆွဲ

"ဘာကွ! ငါ့ကို မင်းအိမ်က driver များ ထင်နေ
ချင်တဲ့အချိန်ခေါ်ရအောင်လို့ . . . ငါက" ချည်းစား

"အခုလာဆိုလာပေါ့။ ပါပါက ရှင့်ကိုတွေ့ချင်တယ်လ
လို့။ လာခဲ့"

"ဘာ! " မျက်

"ရှင့်ကို သားမက်ရွေးမလားမသိဘူးလေ။ အဲဒါကြောင့်တော့
ပြေရမယ်။ ကိုးနာရီအရောက်လာခဲ့" ဒုးလိုက်မိပါ

"ဟာ! အခုပဲ ကိုးနာရီထိုးဖို့ (၁၅)မိနစ်ပဲ လိုတေ
တ်လှချည်လားမိုးမြင့်စံရဲ့။ အဲဒါဆိုရင်လည်း ညကပ
ပါလား"

"ညက အိပ်ပျော်သွားလို့ပေါ့ရှင့်။ လာဆို ရောက်အောင်လာ



www.burmeseclassic.com

www.burmeseclassic.com



မှပေါ့။ နောက်မှ ရှင့်အစ်ကို ပုလဲခ,ရင်တော့ ကျွန်မကိုရန်မရှာ
ဒေါ့ပဲ"

ကဲ. . . ဘယ်လောက်များ ရိုက်ချင်စရာကောင်းလိုက်သ
လောက်အရေးကြီးတဲ့ကိစ္စကို ကပ်ပြီးမှပြောသတဲ့လေ။ သေ
ရေးသာဆိုရင်တော့ အသက်တောင်မှီမယ်မထင်တော့ပါ
သူ phone ကိုပိတ်ကာ ကားစက်နှိုးလျက် ထွက်လာခဲ့ရတော့
လည်း ပြေလုပ်ထားဦးပေါ့. . . မိုးမြင့်စံ။ ကိုကို့ကြောင့် မင်းကိုသ
လိုက်မလဲ ၂၈ ကောင်းကောင်းကြီးသာနှိပ်စက်ပါလေ။

"ဖြ် ကိုယ့်ကိစ္စမဟုတ်ပါဘဲ ကိုယ်စားလာခဲ့ရတာမို့ အောင့်
"ခံစားရသည်မှာအမှန်ပင်။ သားမက် Interview မှာ
သူက ဘယ်လိုမေးခွန်းတွေ စစ်မေးလေမည်လဲ။ သူဖြေ
မှာ သူမ ရှိမဖြေနိုင်ရင်တော့ ကိုကို့အတွက်စိုးရိမ်ဖွယ်ပင်။ သူမ
"ဘာဖြစ်အနက်ထားတတ်ပုံမှ မရတာကိုး။ ကိုကိုနဲ့ကိစ္စ
သိသွားလို့ပေါ့ကျ်လုပ်လိုက်ရင် လက်ရှိခံစားနေရတဲ့ကိုကို့ဝေဒနာ
လေ။ ညံ့ဖျင်းရှားသွားရုံသာရှိတော့မည်လေ။

အသင့်ဖွင့်ပေးထားသည့်ခြံဝင်းထဲသို့ ကားကိုကွေ့ဝင်
တိုက်ရှေ့သို့ရောက်တော့ (၉)နာရီ (၁၅)မိနစ်ရှိနေပေပြီ။ သူ





မှဆင်းလိုက်စဉ် ဂါဝန်အဝါနုလေးဝတ်ထားသည့်သူမက ပြုံးစစ
နှာဖြင့် ကြိုနေလေ၏။

"အမြန်ရောက်သားပဲ"

"ဘာလဲ. . . တစ်မှတ်တိုးပေးမလို့လား"

သူမက နှာခေါင်းလေးရှုံ့ပြကာ ခေါင်းရမ်းလိုက်လေ၏။ ပြီး
ကော် ဘာမပြောညာမပြောဖြင့် သူ့လက်မောင်းကို ဖျတ်ခနဲဆွဲ
လျက် အိမ်ထဲသို့ခေါ်ခဲ့သည်။

လုပ်လိုက် မိုးမြင့်စံရေ. . . မင်းပုံစံက ကိုယ်နဲ့သမီးရည်းစား
အတိအကျကြီးပေါ်လွင်နေပြီနော်။

"ညီ,ရောက်လာပြီ. . . ပါပါ"

အပေါ်ထပ်မှဆင်းလာသည့် အန်ကယ်ဦးဥက္ကာက မျက်
ဆင်ကြုတ်၍ သူတို့ကိုကြည့်လိုက်လေ၏။ သူ့သမီးကြောင့်တော့
စိနောက်တာခံရတော့မှာပဲဟု မသက်မသာတွေးလိုက်မိပါ
သည်။

"ဧည့်သည်ကိုထိုင်ခိုင်းလေ သမီးရဲ့"

"ညီက ဧည့်သည်မှမဟုတ်ဘဲလေ, ပါပါရဲ့"

စလာပြီ။ ထော်လော်ကန့်လန့်အပြောတွေ ဒီသမီးဟာလေ,



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့အားကိုးနဲ့ ဒီလိုမျိုးခွကျကျစကားတွေပြောတတ်လာ
ပါလိမ့်။

ဦးဥက္ကာက ကောင်လေးနှင့်မျက်နှာချင်းဆိုင်ခုံမှာ ထိုင်လို
တော့ သမီးက အတွင်းခန်းသို့ဝင်သွားလေ၏။ တော်ပါသေး
အလိုက်သိပေလို့ပဲ။ နို့မို့ နှစ်ယောက်ထိုင်ဆိုဖာခုံမှာ ထိုင်နေသ
ကောင်လေးနား ထိုင်ချလိုက်ရင်တော့ မျက်နှာပူစရာတွေဖြစ်
မှာလေ။

"မောင်ရင့်နာမည်က"

"ညီသပြေပါ. . . အန်ကယ်"

"အန်ကယ်တို့ကုမ္ပဏီ Member ဦးမြတ်စိုးနဲ့ရင်းနှီးတယ်

"ဟုတ်ကဲ့ ကျွန်တော်က Singpore ရောက်နေတာ ကြာ
ခင်ဗျာ။ ဒီပြန်ရောက်မှ ကိုကိုမိတ်ဆက်ပေးလို့သိရတာပါ"

ဟယ်! Singapore ရောက်နေတာတောင် ကျွန်မနဲ့ဘာ
လို့ မဆုံရတာလဲ,ညီရယ်။ နှမြောလိုက်တာ့နော်။ သူမ, လိုက်
နေ ကမှ ချောင်းကြည့်နေရင်း သက်ပြင်းသာချနေမိ၏။

"အလုပ်သွားလုပ်တာလား"

"မဟုတ်ဘူးခင်ဗျ။ Business နဲ့ပတ်သက်တဲ့ပညာတွေ





သင်ယူလေ့လာရင်းနဲ့ ကျောင်းတက်ခဲ့တာပါ"

"ဒီမှာ ကုမ္ပဏီထောင်ထားတာပေါ့"

"ဟုတ်ကဲ့, ပထမ ကိုကိုပဲ ဦးစီးပြီးလုပ်ပါတယ်။ ကိုကို ဒီနှစ်
မှ ကျန်းမာရေးမကောင်းလို့ ကျွန်တော်ပြန်ဦးစီးတာပါ"

"ဘာကုမ္ပဏီလဲ. . . မောင်ရင်"

"Exporet & Inport ပါပဲ အန်ကယ်။ ပို့တာက နိုင်ငံစုံပါ
တယ်"

"မောင်ရင် နိုင်ငံစုံမှာပေါ့"

"ဟုတ်ကဲ့, ကိုကိုနဲ့တစ်ယောက်တစ်လှည့်ထွက်ကြရတာပါပဲ"

ဦးဥက္ကာခေါင်းညိတ်လိုက်စဉ် ကောင်မလေးတစ်ယောက်က
ကော်ဖီနှင့်မုန့်တို့ကို စားပွဲထက် လာတင်ပေးလေ၏။ လိုက်ကာ
နောက်မှ သူ့ကိုချောင်းကြည့်နေသည့်ချာတိတ်မကိုမြင်နေရ၍ ရယ်
ချင်တာကို အောင့်ထားရပါသည်။ ခုချိန်ထိတော့ အားလုံး Ok
နေတာပါပဲလား။

"သုံးဆောင်ပါဦး,မောင်ရင်"

"နေပါစေခင်ဗျ။ ကျွန်တော် အိမ်က စားလာခဲ့လို့ပါ"

"သမီးနဲ့စတွေ့တာ ဘယ်လောက်ကြာပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ! "

ရုတ်တရက်မေးချလိုက်သည့်မေးခွန်းကြောင့် သူ ကြောင်သွားရလေ၏။ လိုက်ကာနောက်မှ လက်ချောင်းလေးသုံးချောင်းပေါ်လာတာမို့ သူပြုံးလိုက်မိသည်။

"ဟို. . . သုံးနှစ်ရှိပြီခင်ဗျ"

"ဟော! "

ဦးဥက္ကာ မျက်လုံးပြူးသွားရလေ၏။ သမီးရည်းစားသက် သုံးနှစ်တောင်ရှိပြီဆိုရင် သမီးတို့ကြားက သံယောဇဉ်က အတော့်ကို ခိုင်မာနေပြီပဲ။ ဘယ်လိုများလုပ်ရပါ့။ လွယ်လွယ်နဲ့ဖြတ်ရနိုင်ပါ့မလား။

"ဘယ်လိုကနေဘယ်လို တွေ့ကြတာလဲ"

"သူက ကျွန်တော်တို့ကုမ္ပဏီရုံးခွဲဖြစ်တဲ့ ရုံးခန်းအောက်က စကားပြောသင်တန်းကိုလာတက်ရင်းဆုံတာပါ,အန်ကယ်"

"သမီးကို ဘာဖြစ်လို့စိတ်ဝင်စားရတာလဲ"

'သူမက ပခုံးလေးတွန့်ပြလိုက်လေ၏။

သူ့မျက်နှာမှာ, ရှက်ပြုံးတစ်ခုပေါ် လာပြန်သည်။

"ပြောရမှာတော့ မျက်နှာပူပါတယ်,အန်ကယ်။ ချာတိတ်က





အပြစ်ကင်းပြီး. . . ကလေးဆန်တဲ့မျက်လုံးလေးတွေရှိနေတာကနေ စပြီးစိတ်ဝင်စားမိသွားတာပါ"

သူမက လက်မလေးထောင်ပြလေသည်။ ကျိတ်လိုက်. . . မိုးမြင့်စံရေ။ ကိုကိုပြောဖူးတဲ့စကားတွေကို ဇာတ်လမ်းဆင်ပြီးပြောနေရလို့ မွန်းကျပ်လာပြီကွ။

"သမီးနဲ့မောင်ရင် အသက်ဘယ်လောက်ကွာသလဲ"

"သူက ကျွန်တော့်ထက် သုံးနှစ်ငယ်တယ်ခင်ဗျ"

"သမီးအတွက် မောင်ရင် ဘယ်လိုများစဉ်းစားဆုံးဖြတ်ထားသလဲဆိုတာကို အန်ကယ်သိချင်တယ်"

"ဒါကတော့ သူ့သဘောပါပဲ. . . သူ့စိတ်တိုင်းကျတစ်ခုကိုပဲ လိုက်လျောပေးဖို့ ကျွန်တော်ဆုံးဖြတ်ထားလို့ပါ"

"သမီးနဲ့ပတ်သက်ပြီး ဘာတွေများသိထားသေးလဲ"

သူမမျက်လုံးလေး ပြူးလာပါ၏။ အရေးကြီးတဲ့အပိုင်းကို ရောက်ပြီထင်ပါရဲ့။

"ဒေါက်တာမျိုးမြတ်နဲ့စေ့စပ်ထားတယ်လို့. . . သူပြောဖူးပါတယ်"

"အဲဒါကိုသိလျက်နဲ့ ရှေ့ဆက်တိုးခဲ့တယ်ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"သူ. . . အဲဒီသတင်းပေးပြီးမှ ကျွန်တော့်ကိုလက်ခံခဲ့တာပါ အန်ကယ်"

"သမီးက အစက လိမ္မာသလိုလိုနဲ့ ဆိုးတာကိုရောသိရဲ့လား"

"ကျွန်တော်ရွေးချယ်လိုက်တဲ့မိန်းကလေးရဲ့ ကောင်းခြင်းဆိုးခြင်းမှန်သမျှကို လက်ခံယူဖို့အဆင်သင့်ပါပဲ,အန်ကယ်"

ကဲ. . . ပြတ်ရောပေါ့။

သူမက လက်သီးနှစ်ဖက်ဆုပ်၍ ထခုန်လိုက်လေ၏။ သူရယ်ချင်ချင်ဖြစ်သွားသည့်မျက်နှာကို အမြန်ငုံ့ချလိုက်ရသည်။ အမှီမျိုးကိုလုပ်ပြနေတော့တာပါပဲလား. . . မိုးမြင့်စံရယ်။

ဦးဥက္ကာက လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး ကောင်လေးကိုအကဲခတ်နေမိ၏။ အရည်အချင်းရှိသည့်လူငယ်လေးကို လက်လွှတ်ရမှာလည်း နှမြောမိသည်။ သို့သော် ထောက်ထားရမည့်မျက်နှာတွေက ရှိသေးသည်လေ။

"မင်းမှာသစ္စာ၊ လူမှာကတိတဲ့။ အန်ကယ်က ပေးထားပြီးသားကတိတစ်ခုကို အလွယ်တကူမဖျက်ချင်ဘူးကွယ့်။ ပြီးတော့ မောင်မျိုးနဲ့စေ့စပ်တာကိုလည်း သမီးက စိတ်ပါလက်ပါခေါင်းညိတ်ခဲ့တာပါ"





"ကျွန်တော်နားလည်ပါတယ်ခင်ဗျ။ ဒါပေမဲ့. . . သူကတော့ ဒေါက်တာမျိုးမြတ်ကိုမချစ်ဘူးလို့ ကျွန်တော့်ကိုပြောတယ်ခင်ဗျ"

"အန်ကယ့်သဘောကတော့ သမီးကို မောင်မျိုးနဲ့ပဲလက်ထပ်ပေးချင်တာပါ"

"ဟုတ်ကဲ့, အန်ကယ်ကတော့ လူကြီးမို့ လူကြီးကတိတည်ချင်မှန်း ကျွန်တော်သိပါတယ်။ ကလေးကို စိတ်ဆင်းရဲတဲ့ဆုံးဖြတ်ချက်မျိုးတော့ မချပေးနိုင်လောက်ပါဘူး။ သူ့ဘဝတစ်သက်တာအတွက် အရေးအကြီးဆုံးမဟုတ်လား"

ဦးဥက္ကာ မျက်နှာညိုလာချေပြီ။ ဖွဲ့ကတော့ မသေးပါလား။ ဒါကြောင့်လည်း သူ့ဘက်ပါလာအောင် သမီးကိုစွဲဆောင်နိုင်တာပဲကိုး။

"မောင်ရင့်အရည်အချင်းနဲ့ သမီးထက်သာတဲ့မိန်းကလေးမျိုး ထပ်ရှာလို့ရနိုင်ပါသေးတယ်။ သမီးနဲ့ပတ်သက်ပြီး နောက်ဆုတ်ဖို့ စိတ်ကူးပေးပါလား"

"ကျွန်တော့်ဘဝမှာ ကလေးတစ်ယောက်ကိုပဲချစ်မိခဲ့တာပါ။ သူ့ကိုပဲ ရာသက်ပန်ရှိုးမြေကျလက်တွဲဖို့ ဆုံးဖြတ်ချက်က အတည်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်ပြောတာကိုတောင် မစဉ်းစားပေးဘူးပေါ့လေ"

"ဒါက အန်ကယ့်သဘောထားလေ။ ကျွန်တော် မဝေဖန်လိုပါဘူး။ ကျွန်တော်တို့လူငယ်တွေဘက်နဲ့ အမြင်မတူတာတွေရှိနိုင်တာပဲ။ တစ်ခုတော့ရှိပါတယ်။ အန်ကယ့်အဆုံးအဖြတ်မှာ အန်ကယ့်သမီး၊ သူ့ကိုယ်သူဘာမှမလုပ်နိုင်ဘူးလို့ အာမခံနိုင်ရင်တော့. . . ပိုကောင်းမှာပါ"

ဦးဥက္ကာမျက်နှာကြီးမည်းသွားချေပြီ။ မှတ်ကရောပဲ။ သူ့ကို ခေါ်တွေ့တာ ချာတိတ်နဲ့လမ်းခွဲဖို့တဲ့လား။ ဘယ်လိုလူကြီးပါလိမ့်။ အစကတည်းက သဘောမတူဘူးဆိုရင် ခေါ်တွေ့ဖို့တောင်မှမလိုတာဘဲလေ။

"သမီးက အန်ကယ့်အမိန့်ကို တသွေမတိမ်းနာခံရမှာ အမှန်ပဲ"

"ဟုတ်ကဲ့၊ ဒါကတော့ အန်ကယ်တို့သားအဖ ဆက်ဆွေးနွေးရမယ့်အပိုင်းပါ။ ကျွန်တော် Meeting ဖျက်ပြီးလာရတာမို့ ခွင့်ပြုပါဦးခင်ဗျ"

သူခါးညွတ်ပြ၍မတ်တတ်ရပ်တော့ သူ့မက လိုက်ကာနောက်မှထွက်လာလေ၏။





"ပါပါ"

"နေဦး. . . သမီး၊ ပါပါတို့နောက်မှဆက်ဆွေးနွေးကြမယ်"

"မရဘူးနော်၊ပါပါ။ ညီ့ကိုခေါ်ပေးဖို့ပြောတုန်းက သမီးကို ဘယ်လိုပြောခဲ့သလဲ"

"မိုးမြင့်စံ"

"ရှူး! အေးအေးဆေးဆေးပြောပါ့ကလေးရဲ့။ အဖေ့ကို ပြန်ခံမပြောရဘူးလေ၊ လိမ္မာတယ်"

"အို! ညီကလည်း ပါပါကတိမတည်လို့ ကျွန်မပြောနေတဲ့ဟာကို"

"ကိုယ်တောင်းပန်တယ်နော်။ မျက်နှာကိုအဲဒီလိုပုပ်မထားနဲ့လေ"

"ဘာလဲ! ညီက မလှတော့ဘူးဆိုပြီး မချစ်ချင်တော့ဘူးလားလို့"

ကျိတ်လိုက်. . . မိုးမြင့်စံရေ။ အဖေ့ရှေ့မှာ သူ့လက်မောင်းကိုလာဖက်ပြီး ပြောရတယ်လို့။

"မဆိုင်ပါဘူး၊ ဒီလိုမလုပ်ရဘူးလေ။ အန်ကယ်ရှိနေတဲ့ဟာကို"

www.burmeseclassic.com



"ဘာဖြစ်လဲ! ညီပဲ ငိုထားမတတ်ချစ်တာပါဆို။ ပြောတုန်းက ပြောခဲ့ပြီး မေ့စရာလား"

သူမျက်လုံးပြူးရချေပြီ။ မပြူးဘဲနေမလား၊ တစ်ခါမှမပြော ဖူးတာတွေကို ပြောနေရတယ်လို့ ခက်တာပဲမိုးမြင့်စံရယ်။

"သမီး"

"ပါပါနော်၊ သမီးကို ဟိုလူနဲ့အတင်းလိုက်ပြီးပေးစားမနေနဲ့။ မယူနိုင်ဘူး"

"မိမိုးနော် . . . ငါအလိုလိုက်မှန်းသိလို့ ရောင့်တက်မယ်မကြံ နဲ့"

"ပါပါပဲ သမီးကိုချစ်တယ်ဆို၊ အဲဒါဘာချစ်တာလဲ။ သမီး စိတ်ဆင်းရဲအောင်လုပ်တာ ချစ်တာဟုတ်လို့လား"

ဦးဥက္ကာ ခေါင်းခါလေပြီ။ သူစိမ်းရှေ့မှာတောင် ဖအေကိုပြန် ခံပြောသတဲ့။ သမီးပုံစံက ဒီသူငယ်ကို ချစ်ခင်အားကိုးပုံပေါက်နေ တာ အသိသာကြီး။ ငါ့သမီးတော့ ဒီကောင်လေးရဲ့ညို့ချက်အောက် မှာ ငြိတွယ်သွားပြီထင်ပါရဲ့။

"ကိုယ်ပြန်ဦးမယ်။ ပြောစရာရှိနေသေးရင် နောက်မှ Phone ဆက်နော်။ ကိုယ့်ကုမ္ပဏီကို တစ်ချက်တော့ သွားကြည့်ပါရစေဦး"





"ညီ့အလုပ်နဲ့ကျွန်မ ဘယ်သူက အရေးကြီးလဲ"

"ချာတိတ်က အရေးကြီးပါတယ်။ ဒါကြောင့် ကိုယ် Meet-ing ရှိတာတောင် ဖျက်ပြီးရောက်လာတာပဲလေ"

"ညီ့ဘဝမှာရော ဘယ်သူက ပထမလဲ။ ကိုကိုလား၊ ကျွန်မ လား"

"ခက်လိုက်တာကွာ"

"မခက်ပါနဲ့ . . . ပြောလို့ဆို"

"ချာတိတ်က ပထမကွာ။ ကဲ! ကျေနပ်ပြီလား"

"အင်း"

သူမက ခပ်ပြုံးပြုံးဖြင့် ခေါင်းကိုဆတ်ခနဲညိတ်ပြလေ၏။ သူမ ၏ကဖါးလေးကို တစ်ချက်မျှဆုပ်ညှစ်ကာ လှေကားသုံးထစ်ကို သူဆင်းလိုက်သည်။ ကားသော့ဖွင့်၍တက်တော့ သူမက လက် လေးရမ်းပြနေတာမို့ သူလက်ပြန်ထောင်ပြကာ စက်နိုး၍ထွက်လာ ခဲ့တော့၏။

မိုးမြင့်စံရယ် . . . အမူအရာကပဲ တော်တာလား၊ ဒါမှမဟုတ် ...င်းစိတ်ထဲမှာ တကယ်ပဲလုပ်ချင်စိတ်ရှိလို့ပဲလား။ ကိုယ့်အပေါ် ...ရင်းတနှီးဆက်ဆံတာတွေဟာ နူးညံ့သိမ်မွေ့ခြင်းအတိနဲ့ပါလေ။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် အရည်လေးလဲ့နေတဲ့မျက်ဝန်းတောက်တောက်လေး တွေအောက်မှာ ကိုယ့်နှလုံးသားတွေ အရည်ပျော်ကျလုလုဖြစ်နေ ခဲ့ရတာ အမှန်ပါ။

အချစ်ဆိုတာ ဘာရယ်လို့ ကိုယ်အတိအကျသေချာမသိသေး ပါဘူး. . . ဒါပေမဲ့ မင်းနဲ့ပတ်သက်ပြီး ရင်ခုန်တတ်လာတာတော့ အမှန်ပါပဲလေ။

❖ ❖ ❖



အဆုံး

www.burmeseclassic.com

www.burmeseclassic.com



***Love is the mainstay between you and me.***

ကိုယ်နဲ့မင်းကြားမှာ ချစ်ခြင်းမေတ္တာသည်သာ အားထားမှီခိုရာပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

"ဘယ်လို"

"ဟုတ်တယ်, အဲဒါဘယ်လိုလုပ်ရမလဲ။ ကျွန်မလည်း ခေါင်းတွေပူထူနေပြီ။ ပါပါကလေ လူကြီးဖြစ်ပြီး လုံးဝကတိမတည်ဘူး။ အခုလို ကျွန်မကိုအခန်းထဲထည့်ပိတ်ထားတာတော့ လွန်တာပေါ့"

"အခု မင်း ဘယ်က Phone နဲ့ ပြောနေတာလဲ"

"မမ Phone ကို ရှာတွေ့လို့"

"ဘာ! "

"အဲ! ပါပါဖွက်ထားတဲ့ Phone ကို ခိုးထားမိလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တတ်လည်းတတ်နိုင်ပါ့. . . မိုးမြင့်စံရယ်။ အခန်းထဲပိတ်ခံထားရတာတောင် Phone ဆက်လို့ရအောင် လူလည်ကျတတ်သားပဲ။

"ပြောလေ. . . ကျွန်မဘာဆက်လုပ်ရမှာလဲ"

"အခန်းထဲကနေ ထွက်ပေါက်ရှာပေါ့"

"ရှင် ပြောမှလား။ ကျွန်မရှာနေတာ တစ်နေ့လုံးပဲ။ ပြတင်းပေါက်တွေမှာလည်း သံပန်းတွေတပ်ထားတာ ဘယ်လိုထွက်လို့ရမှာလဲ။ အခုတောင် ကိုယ့်ကိုယ်ကိုဘယ်လိုသတ်သေရင်ကောင်းမလဲ စဉ်းစားပြီး ကြိုးတွေကတ်ကြေးတွေများ တွေ့လိုတွေ့ငြားရှာတုန်း ဗီရိုထဲကနေ Phone ရှာတွေ့တာ"

"ဟေ့ဟေ့. . . မင်းထင်ရာစိုင်းဖို့စိတ်မကူးနဲ့နော်။ ပြဿနာပဲ"

"ရှင် ကူညီပေါ့။ ကျွန်မက ဒေါက်တာ့ကိုမယူချင်ရင် ရှင့်အစ်ကိုကိုပဲယူရမှာ။ ဘယ်နည်းနဲ့ဖြစ်ဖြစ် အိမ်ထောင်ကျမှာက ကျမှာပဲ။ ဒီတော့ ကျွန်မအသက်ရှင်ခြင်းသေခြင်းဟာ ရှင့်ပေါ်မှာပဲ မူတည်တယ်။ သိရဲ့လား"

"အာ! ဘာဆိုင်လို့လဲကွ"





"ဆိုင်တာပေါ့။ ရှင်ပဲ ရှင့်အစ်ကိုနဲ့မယူရင် ကျွန်မကိုအသေပေးသတ်မှာဆို! ကျွန်မသေဖို့နည်းလမ်းက 99.9 percent လောက်ရှိတယ်။ ကဲ. . ."

သူ့ ခေါင်းကိုက်နေသည့်ကြားမှ ရယ်ချလိုက်ပါ၏။ သေဖို့ များနေတဲ့လူကဖြင့် ငိုကြီးချက်မဖြစ်မနေဘဲ ပေါ့ပေါ့လေးပြောထွက်နေတာလေ။ အံ့ပါရော. . . မိုးမြင့်စံ။

"အမယ်. . . ရှင်က ရယ်နိုင်တယ်ပေါ့လေ။ သူများတကာ ယယ်ငယ်ရွယ်ရွယ်လေးနဲ့ ဒီလောက်ပျော်စရာကောင်းတဲ့လူ့လောကကြီးကိုမျက်နှာလွှဲပြီး ကျောခိုင်းထွက်ခွာသွားရမှာ. . . ဒီလို စိတ်ကောင်းစရာကိစ္စကြီးကို ရှင်က ဝမ်းသာအားရရယ်မောနိုင်တယ်ပေါ့လေ"

စကားတွေ တတ်နေလိုက်တာနော်။ ဘယ်လောက်များ ချစ်ဖို့ကောင်းလိုက်တဲ့မိန်းကလေးပါလိမ့်။ အနားမှာသာပြောနေရင် နဖူးလေးကို သူ့ထုမိမှာအမှန်ပင်။

"ကိုယ်စဉ်းစားပေးမှာပေါ့. . . ခဏတိတ်ရယ်"

"မြန်မြန်စဉ်းစားလေ. . . ဒီမှာ ရှင့်အဖြေကိုစောင့်နေရတာ ဆံပင်ဖြူတွေတောင် ပေါက်ကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်စံ. . . မင်းနော်, ကိုကိုပြောပြတုန်းကဖြင့် မင်းပုံစံလေးက တည်တည်တံ့တံ့လေးတဲ့။ အခုကိုယ်နဲ့ဆုံတော့ မင်းမျက်နှာက spring လိုပဲ အမျိုးမျိုးလုပ်တတ်နေပါရောလား"

"ဟုတ်လား။ ဒါဆိုရင်တော့ ဟိုစကားမှန်သွားပြီပေါ့"

"ဘာစကားလဲ"

"အချစ်က အရာရာကိုပြောင်းလဲသွားစေတတ်တယ်ဆိုတဲ့စကားပေါ့"

သူ့ရင်ထဲမှာ ဒုတ်ခနဲ မြည်သွားပြန်၏။ ဒီကောင်မလေးတော့ ပြောသင့်မပြောသင့်မချင့်ချိန်ဘဲ စွတ်ပြောနေပါရောလား။

"မင်းက. . ."

"အင်းလေ. . . . ရှင်က ဒီလောက်ချစ်ဖို့ကောင်းတဲ့ကောင်လေးပဲဟာ"

"ကျွတ်! မိုးမြင့်စံ. . . ဒီလိုစကားမျိုး ကိုယ့်ကိုပြောရသလား မင်း, ကိုကို့မျက်နှာကိုတော့ ထောက်သင့်တာပေါ့"

"ဟင်းဟင်းဟင်း. . . ရှင်သိပ်လန့်သွားလား။ ဘာဖြစ်လဲ ချစ်စရာလေးမို့ ချစ်တယ်ပြောတာပဲဟာ။ ရှင်က ကိုကို့ညီလေးဆို တော့ ကျွန်မရဲ့မောင်ကလေးပဲပေါ့။ ကိုယ့်မောင်ကလေးကို ချစ်လို့





မရဘူးလား။ ဒါကြောင့် ရှင် ကျွန်မထက် အသက်ကြီးတာသိပေမယ့် တမင်တကာ ညီ့လို့ပဲခေါ်တာလေ။ မကြိုက်ဘူးလား ချာတိတ်ရဲ့"

သူ မအီမလည်ပြုံးမိသွားသည်။ သူမဟာသူမတော့ အကွက်ကိုစေ့နေတာပါပဲလား။ လူတစ်ဖက်သားကို နှလုံးသားတစ်ခုလုံး ကပြောင်းကပြန်ဖြစ်ကုန်တဲ့အထိ ကိုင်လှုပ်နိုင်တဲ့အစွမ်းသတ္တိတွေ ရှိနေတာအမှန်ပါပဲလား။

"မင်းပါပါက မင်းကို (၁၈)နှစ်သမီးလို့ထင်ပြီး. . . အတင်း ယောကျ်ားပေးစားနေတဲ့ပုံပေါက်နေပြီ"

"ဒါပေါ့. . . ကျွန်မကို ဒီလိုပိတ်လှောင်ထားလို့ရော ရမယ်ထင်နေလား။ အတင်းကြီးမင်္ဂလာဆောင်ပေးရင်တောင် သတို့သားကိုကိုင်ပေါက်ပြီး ထွက်ပြေးလာနိုင်ပါတယ်,ညီရဲ့"

"ကိုယ်ယုံပါတယ်. . . မိုးမြင့်စံ။ မင်းလာတဲ့အခါ ကိုယ့်အိမ်တံခါးကို အဆင်သင့်ဖွင့်ထားပြီးသားပါ"

"တကယ်လားဟင်"

သူ့ရင်ထဲ နွေးခနဲဖြစ်သွားရပါ၏။ မင်းဘယ်လိုလေးလဲ မိုးမြင့်စံ။ ကိုယ့်ရင်ထဲကစကားတွေကို ခုန်ပေါက်ထွက်ကျလာအောင်



www.burmeseclassic.com

www.burmeseclassic.com



မပြုစားချင်ပါနဲ့လား။

"ကိုယ် မင်းကို ကိုကို့ဆီအရောက်ပို့ပေးမှာပါ"

"ကျွန်မက မသွားချင်ဘူးဆိုရင်ရော"

"အတင်း တုတ်နဲ့ရိုက်ပြီးပို့မှာပေါ့"

"ဘယ်လိုတုတ်နဲ့ရိုက်မှာလဲ"

"ထားဝယ်ကြိမ်လုံးနဲ့လေ"

သူမ တီးတိုးရယ်လေ၏။ အစ်ကိုနဲ့လက်ထပ်ရမယ့် မရီးလောင်းကို မတ်ဖြစ်သူက တုတ်နဲ့ရိုက်ပြီးပို့ပေးမယ်ဆိုရင် လူကြားလို့မှကောင်းပါ့မလား။

"ရှင် အတော့်ကိုရက်စက်တဲ့လူပဲ။ အချစ်ကို တုတ်နဲ့ဆုံးမပြီးပေးခိုင်းလို့မရဘူးရှင့်။ အချစ်ရဲ့အကြင်နာမျက်ဝန်းတွေက နူးညံ့သိမ်မွေ့ခြင်းတွေကိုပဲ လက်ခံချင်တာ။ ဒါကို ရှင်နားမလည်ဘူးလား"

"နားကလေလိုက်တာ"

"ရှင်က ချစ်မှုမချစ်တတ်သေးဘဲကိုး၊ အလကားလူကြီး။ အသည်းနှလုံးမရှိတဲ့ပုစဉ်းရင်ကွဲကြီးပဲ။ တော်ပြီ Phone ပိတ်ပြီဒါပဲ"





သူ့မျက်နှာ ရှုံ့တွသွားရပါ၏။ အသည်းနှလုံးမရှိတဲ့ပုစဉ်းရင်ကွဲကြီးတဲ့။ ဟုတ်ရဲ့လား၊မိုးမြင့်စံ။ ကိုယ်က အချစ်ဆိုတာကို ဝယနကာ သေချာမသိသေးခင်မှာ ကိုယ့်နှလုံးသားကို အသေသော့ပိတ်ထားရတာပါ။ ဒါကို မင်းမှမမြင်နိုင်တာပဲလေ။

အခန်းတံခါးပွင့်လာစဉ် သူမက Hand Phone ကို ခေါင်းအုံးအောက်ထဲသို့ ထိုးထည့်ဖွက်ထားလိုက်ပါ၏။ ဒေါက်တာမျိုးမြတ်က စိတ်မကောင်းသည့်မျက်နှာဖြင့် သူမကိုပြုံးပြလိုက်လေသည်။

"အတော်လေးစိတ်ညစ်နေပြီလား ဟန်နီ"

"ဒီလိုပါပဲ၊ ရှင်နဲ့ပါပါပေါင်းပြီး ကျွန်မကို ဒီလိုအခန်းထဲထည့်ပိတ်ထားရုံနဲ့ ကျွန်မခန္ဓာကိုယ်ကိုရော၊ ရင်ထဲက ချစ်ခြင်းတွေကိုပါ အလွယ်တကူရနိုင်လိမ့်မယ်လို့ တွက်မထားနဲ့ ဒေါက်တာ"

"ကိုယ့်အကြံအစည် လုံးဝမပါရပါဘူးကွယ်"

"ရှင်ဒီလိုပြောပေမယ့် ကျွန်မယုံမယ်လို့ထင်နေသလား၊ မှားသွားမှာပေါ့။ အချစ်က အင်အားတစ်ရပ်ကိုဖြစ်တည်စေတာမှန်ရင် သူနဲ့နီးစပ်ဖို့ ကျွန်မ စက္ကန့်နဲ့အမျှ ရှင်သန်နေဦးမှာပဲ"

"ဟန်နီ"

"အချစ်ကိုဓားပြတိုက်ပြီး မယူချင်ပါနဲ့ ဒေါက်တာ၊ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



ရှင်အရင်တုန်းက ပတ်သက်ခဲ့ဖူးတဲ့ ခပ်နုံနုံအအ မိုးမြင့်စံမဟုတ်တော့ဘူး။ အချစ်ကြောင့် သတ္တိတွေသိပ်ရှိနေတဲ့ မိုးမြင့်စံအသစ်တစ်ယောက်ဖြစ်နေပြီရှင့်"

"ဟန်နီရယ်. . . ကိုယ့်အပေါ် ဒီလောက်ထိမရက်စက်သင့်ပါဘူး။ ကိုယ်ရောဟန်နီပါ တွဲချင်တဲ့သူတွေနဲ့ တွဲခဲ့ကြတာမှန်တယ်။ ဟန်နီကိုယ်တိုင်သဘောတူပြီး လုပ်ခဲ့ကြတာပဲလေ။ တကယ်တမ်းလက်ထပ်ရင်တော့ ကိုယ်တို့နှစ်ဦး သစ္စာရှိရှိပေါင်းသင်းဖို့ ဟန်နီ့ကိုပဲ ရွေးချယ်တာလေ။ ဒါကို ဟန်နီသိရဲ့သားနဲ့ကွယ်"

"သွားစမ်းပါ။ အဲဒီရှင့်ရဲ့ မေတ္တာတွေ၊ သစ္စာတွေ၊ ချစ်တာတွေကို သေတ္တာထဲထည့်ပြီး မြောင်းထဲသာ ပစ်ချပစ်လိုက်ချည်။ ကျွန်မ မလိုချင်ဘူး"

"ဟန်နီ! မင်းဘယ်လိုပြောလိုက်တာလဲ"

"လူလိုပဲပြောလိုက်တာလေ၊ ရှင်နားမလည်ဘူးလား။ ကျွန်မက လူရှင့်။ လူကိုလူလိုမထားဘဲ ငှက်လျှောင်ချိုင့်ထဲထည့်ထားသလို ထည့်ပိတ်ထားတာ ဘယ်လောက်ခံရခက်သလဲ။ ရှင့်မှာ ကိုယ်ချင်းစာနာစိတ်မှမရှိတာကိုး"

ဒေါက်တာမျိုးမြတ် ဒေါသဖြစ်စွာဖြင့် တက်တစ်ချက်ကိုခပ်





ကျယ်ကျယ်ခေါက်လိုက်တော့ သူမမျက်ဝန်းတွေက စူးခနဲလက်လာလေ၏။ ဘုရားရေ. . . ကျားသစ်ပျိုတစ်ကောင်ရဲ့မျက်လုံးတွေလို စူးရဲလှချည်လား။

"မင်းဒီလိုမပြောနဲ့ မိုးမြင့်စံ"

"ပြောမှာပဲ။ မှန်တာပြောတော့ ရှင်နာတတ်တယ်မဟုတ်လား။ ဒီကိစ္စတွေဟာ ရှင်ကြောင့်ဖြစ်လာရတာလေ"

"ကောင်းပြီ မိုးမြင့်စံ။ မင်းမာနိုင်သလောက် မာထားဦးပေါ့လေ။ မင်းသိထားဖို့က ဘယ်သူကိုပဲ မင်းချစ်နေပါစေ၊ ဂရုမစိုက်ဘူး။ အေး. . . မင်းကိုပိုင်ဆိုင်မယ့်သူဟာ ကိုယ်ပဲ။ မင်းလက်ထပ်ရမယ့်လူဟာ ကိုယ်သာပဲဖြစ်စေရမယ်"

"ဟင်း. . . ဟင်း. . . ဟင်း။ ကျွန်မကို လာမခြိမ်းခြောက်ပါနဲ့လား၊ဒေါက်တာ။ ရှင်ထင်သလို ကျွန်မက တူကယ်ရာမဲ့ပြီဆိုပြီး အခန်းထဲမှာ ကျိတ်ငိုနေမယ့် ခပ်ညံ့ညံ့မိန်းမ,မဟုတ်ဘူးရှင့်။ ရှင်လုပ်ချင်ရင် လုပ်ကြည့်လိုက်လေ။ ကျွန်မမှာ ဘယ်လိုအစွမ်းအစတွေရှိနေသလဲဆိုတာ မျက်ဝါးထင်ထင်မြင်သွားသိသွားစေရမယ်မှတ်"

"တောက်! "

မခံချိမခံသာဖြင့်လှည့်ထွက်ရန်ပြင်စဉ် သူမအားသူက နောက်



www.burmeseclassic.com

www.burmeseclassic.com



မှလိုက်ပါလာလေ၏။

"ကျွန်မက လူကိုယ်တိုင်ရော၊ ရင်ထဲကအချစ်ပါ ရှင့်ကို ဒီတစ်သက် ဘယ်တော့မှပေးမယ့်မိန်းမ,မဟုတ်ဘူးဆိုတာ ရှင်မှတ်သွားလိုက်ပါ ဒေါက်တာမျိုးမြတ်"

တံခါးက ဒုန်းခနဲပိတ်သွားလေ၏။ သူမ ခုတင်ထက် ပစ်လှဲချလိုက်ပါသည်။ စိတ်ကိုတင်းပြီး နိုင်အောင်ပြောလိုက်တာ မှန်ပေမယ့် မိန်းမသားက မိန်းမသားပါပဲလေ။ ထိခိုက်ကြေကွဲခံစားလွယ်တာ မိန်းကလေးသဘာဝပဲ မဟုတ်လား။ စိတ်ဆောင်အားတင်းပြီး သူ့ကိုလည်း ခပ်ပေါ့ပေါ့ပြောလိုက်တာကလည်း သူ့စိတ်ပူမှာကို စိုးရိမ်လို့ပါလေ။ အလုပ်တွေနဲ့မအားလပ်တဲ့ကြားက သူမကြောင့် အပူတစ်ခုတိုးမှာကိုလည်း မလိုလားတာအမှန်ပါ။

ဒါဖြင့်ဘာလုပ်ရမလဲ။

ဟော! အသက်ရှိနေသေးတာပဲ၊ အသက်ကိုပြောရင်တော့ ကူညီတန်ကောင်းပါရဲ့။ ခေါင်းအုံးအောက်မှ Phone ကိုပြန်ယူ၍ ဂဏန်းခြောက်လုံးကို ခပ်သွက်သွက်နှိပ်လိုက်ပါ၏။

"ဟဲလို"

"သက်သက်စံတို့အိမ်ကပါလားရှင်"





"ဟုတ်ပါတယ်. . . သမီးမိုးလေးလား"

"ဟုတ်ပါတယ် အန်တီ။ အသက်ရှိလားဟင်၊ အသက်နဲ့ပြောချင်လို့ပါ"

"ရှိတယ်. . . သမီး။ ခဏကိုင်ထားနော်"

"ဟုတ်ကဲ့"

ခဏအကြာမှာ အသက်က Phone လာကိုင်ပါလေ၏။ သူမပြောချင်တာတွေများလွန်းနေ၍ စိတ်ကိုငြိမ်ငြိမ်လေးထားနေရပါသည်။

"ဟဲလို! မိုးလား. . . အသက်ပါ"

"အသက်. . . အသက်ဆီကို မမ Phone ဆက်သေးလားဟင်"

လာပြန်ပြီ၊ ခေါင်းခြောက်စရာစကားတွေ။ အဲဒီမိမိုးကတော့ မဟုတ်တော့ပါဘူး. . .။ အန်ကယ့်ကိုသတိပေးလိုက်လို့ ဆေးတွေသောက်နေလျက်က ပိုပြီးများ ဝေါက်သွားပြီလား၊ ခက်တော့တာပဲ။

"ဟင့်အင်း. . . မဆက်ဘူး"

"အသက်. . . ကျွန်မပြောမယ်, သေချာနားထောင်နော်။ အခု ကျွန်မကို ပါပါ အခန်းထဲသော့ပိတ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

ဒုက္ခပါပဲ၊ ဒီလိုစိတ်ဖောက်ပြန်ချင်နေတဲ့သူကို အခန်းထဲထည့်ပိတ်ထားရင် ဒီ့ထက်ပိုဆိုးဝါးတော့မှာပေါ့။ ဒါကို အန်ကယ်,မသိဘူးတဲ့လား။

"ကျွန်မကို မစိုးရိမ်ပါနဲ့အသက်ရဲ့။ ကျွန်မက ကျွန်မကိုယ်ကျွန်မ ထိန်းနိုင်ပါတယ်။ ကျွန်မစိုးရိမ်တာ မမကိုပါ"

လာပြန်ပြီ။ ဒီနှစ်ကိုယ်ခွဲတဲ့ ဦးနှောက်ကြီး။ စိတ်ကြီးနဲ့ ငါနဲ့ညစ်လိုက်တာနော်။ အလိုက်သင့်လေးတော့ ပြောပေးမှပါပဲ။

"မမက ဘာဖြစ်လို့လဲ"

"မမပျောက်နေတယ်လေ"

"အင်း"

"တစ်နေရာရာမှာ ပုန်းနေတာတော့ သေချာတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အသက်ဆီကို မမတစ်နေ့တော့ ဆက်သွယ်မှာပဲ။ ကိုကို့ဆီဆက်မသွားဖြစ်လို့ ဒီကိုပြန်လာချင်လည်း ပြန်လာလိမ့်မယ်။ အဲဒီအခါ မမကို အသက်ဖွက်ထားပေးနော်"

ဘာတွေပါလိမ့်နော်။ အခန်းထဲထည့်ပိတ်ထားတယ်ဆိုတာနဲ့ အပြင်မှာ တစ်ယောက်လွတ်နေတယ်လို့ ပြောနေပြန်ပါရောလား။





"ဖွက်ထားပေးရမယ်"

"အင်းလေ. . . ပါပါက အသက်တို့အိမ်မှမသိတာဘဲ။ မမကိုဖွက်ထားပြီးရင် ကျွန်မလာခေါ်မယ်သိလား"

လုပ်ချလိုက်ပြန်ပြီ။ နှစ်ကိုယ်ခွဲလို့ရလိမ့်မယ်လို့ သူ့ကိုယ်သူထင်နေပုံပဲ။ ဟုတ်ပါပြီ။ မိုး,ဒီကိုရောက်လာရင် အသက်သူငယ်ချင်းလေးကို ဆေးရုံပဲဖြစ်ဖြစ်ပို့လို့ရအောင်လို့ သေချာခေါ်ထားပါမယ်လေ။

"အသက်. . . ကျွန်မကိုကတိပေးချင်ရဲ့လားဟင်"

"ဘာကတိလဲ. . . မိုးရဲ့"

"မမကိုခေါ်ထားမယ်ဆိုတဲ့ကတိလေ"

"အင်း. . . ပေးပါတယ်။ အသက် မိုးကိုဘယ်လောက်ချစ်သလဲဆိုတာ မိုးအသိဆုံးပါ။ မိုးကို ဘယ်လိုအန္တရာယ်မျိုးမှမဖြစ်စေချင်ပါဘူး။ စိတ်ချပါ"

"ကျွန်မ ယုံပါတယ်။ မမက ကျွန်မလိုမရဲရင့်ဘူးလေ. . . အကြောင့် စိတ်ပူနေမိတာပါ။ တကယ်လို့ အသက်ဆီကို မမ Phone ဆက်လာရင် ကျွန်မဆီကို Phone ပြန်ခေါ်နော်။ ကျွန်မဆီမှာ ရဲ့ Hand Phone ရှိနေတယ်။ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ကဲ. . . ကိုယ်ပိုင်တဲ့ Phone ကိုယ့်ဆီမှာမရှိလို့ ဘယ်သူ့ဆီမှာ ရှိရမှာတဲ့လဲ။ အဲဒီမိုးဟာ သူကိုယ်တိုင် ခပ်အေးအေးနေနေရာက ကိုကို့နောက်လိုက်ချင်ဇောများပြီး ခရီးထွက်၊ ကား Accident ဖြစ်ရာမှ Psycho ဝင်သွားတာ သေချာနေပါပြီလေ။ ဒါကြောင့်လည်း သူ့မှာမရှိတဲ့အရည်အချင်းတွေနဲ့ နောက်ထပ်ကိုယ်ခွဲတစ်ယောက်ကို စိတ်ကူးနဲ့ဖန်တီးလိုက်တာပဲဖြစ်မှာပါ။

"ကျွန်မနဲ့မမက ရှစ်နှစ်အရွယ်လေးကတည်းက ကွဲသွားခဲ့ကြတာပါ။ မမသာ ကျွန်မဒီမှာရောက်နေမှန်းသိရင် သိပ်ဝမ်းသာသွားရှာမှာ။ အသက်ကနေတစ်ဆင့်ဆက်သွယ်မိရင် မမကိုအကြံဉာဏ်လေးဘာလေး ကျွန်မပေးလို့ရမှာလေ။ အသက်လည်း မမနဲ့ ဝေးဒေါက်တာကို မယူစေချင်ဘူးမဟုတ်လား"

"အင်း"

"ကျွန်မလည်း မမကို၊ ကိုကိုနဲ့ပဲပေါင်းစေချင်ပါတယ်။ တစ်သက်မှာ ဒီတစ်ခါလေးပဲကြုံခွင့်ရတဲ့အချစ်တွေနဲ့ ကိုကိုနဲ့မမ ပိုင်ဆိုင်စေချင်တာပါ"

"အင်းပါဟယ်"





"ဒါဆိုရင် အသက်တကယ်ကူညီမယ်လို့ စိတ်ချလိုက်ပြီနော်။ ကျေးဇူးပါပဲ. . . အသက်ရယ်"

သက်သက်စံ Phone ကိုချလိုက်ပြီး ခပ်ငိုင်ငိုင်ဖြစ်သွားရပါ၏။ ရောဂါသည်သူငယ်ချင်းလေးကို အိမ်ထောင်မပြုစေချင်တာ အမှန်ပါ။ ဒါပေမဲ့. . . မိုးသိပ်ချစ်တဲ့ကိုကိုနဲ့တော့ ဆုံစည်းစေချင်ပါတယ်။ ဒါဆိုရင်တော့ မိုးစိတ်တွေပြန်လည်ကောင်းမွန်လာနိုင်ကောင်းပါရဲ့။

စိတ်ချပါ. . . မိုးရယ်။ မိုးသာအသက်ဆီကို တကယ်ပဲရောက်လာခဲ့ရင် ကိုကိုနဲ့ပြန်ဆုံရစေဖို့ အသက်ကူညီပေးမှာပါလေ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

အခန်းတံခါးပွင့်သွားကာ အခန်းဝမှာ ပါပါ့မျက်နှာပေါ်လာ

သ၏။ သူမက မျက်နှာကိုဖျတ်ခနဲလွှဲလိုက်ပါသည်။

"ဒါက ဘာအချိုးလဲ၊ မိုးမြင့်စံ။ ညည်းအချိုးတွေကိုမြင်ဖို့ စိတ်

ကူးဘူးလား။ ထမင်းမစားဘာမစားနဲ့ ဆန္ဒပြနေလို့လည်းအပိုပဲ။

ဆုံးဖြတ်ချက်ကိုပြင်ဖို့ စိတ်မကူးဘူးမှတ်"

"သမီးတရော ပါပါ့ကိုဘာများတောင်းဆိုနေလို့လဲ"

"ကြည့်ပါလား . . . ပြောလိုက်ရင် မထုံတက်တေးနဲ့ ငါစိတ်ရှိ

တက်ရှိထရိုက်လိုက်ရ, နာဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှိက်ချင်လည်းရှိက်ပေါ့။ ပါပါရှိက်ရင်လည်းခံရမှာပဲ။ မာမာဆို သမီးကိုလက်နဲ့ရွယ်ဖို့မပြောနဲ့ နှုတ်နဲ့တောင် ဆူတာမဟုတ်ဘူး။ ကက်နက်နဲ့ပေးစားမယ်ဆိုမှ စိတ်ဆိုးပြီး ဒီကိုထွက်လာခဲ့တာ။ ဒီရောက်တော့ ပါပါက ဟိုဒေါက်တာနဲ့ပေးစားဖို့ကြံစည်ပြန်ရော အဲဒါ သမီးဘာလုပ်ရမှာလဲ"

"လျှာရှည်ပြန်ပြီ။ မမြင်ရတဲ့အငယ်မကို ခုတုံးလုပ်ပြီး ညည်းအကောင်နောက်လိုက်ဖို့မပြင်နဲ့။ မရဘူး။ မောင်မျိုးလောက် နှင့်အပေါ် အနွံတာခံတဲ့လူ ဒီလောကမှာရှိတာမှမဟုတ်ဘဲ။ တောင်တောင်အီအီစဉ်းစားမနေနဲ့။ နှင့်စိတ်ကူးတွေကို ရေထဲသာ မျှောပစ်လိုက်တော့"

ပါပါက ပြောပြီးသည်နှင့် တံခါးကို ဒုန်းခနဲဆောင့်ပိတ်သွားလေ၏။ သူမခေါင်းပူလာရချေပြီ။ ဘယ်လိုလုပ်ရမလဲ။ ဒီရက်ပိုင်းအတွင်းမှာမှ အပြင်ကိုထွက်မရရင် ရွှေလထဲမှာလုပ်မယ့် လက်ထပ်ပွဲမှာ အမိခံရပေတော့မည်။ ခက်တာပဲ။ ညီ့ကိုဆက်သွယ်ရင်လည်း ကိုကိုနဲ့လက်ထပ်ရမှာလေ။ ဒီလိုကြီးတော့ ဘယ်ဖြစ်မှာလဲ။ မမရဲ့ ကိုကိုကိုယူသလိုကြီးတော့ အဖြစ်မခံနိုင်ပါဘူးလေ။

ဒါဖြင့် အသက်ဆီကိုရော၊ မဖြစ်သေးဘူး။ မမလာရင် ဖွက်





ထားပေးလို့ပြောထားတာမို့ သူမရောက်တာနှင့် မမထင်ပြီး အခန်းထဲထည့်ထားလိုက်မှဒုက္ခ။ မမရယ်. . . ဘယ်ဆီတွေကိုများ ရောက်နေတာလဲ။ ပြတင်းပေါက်မှလှမ်းကြည့်စဉ် ပါပါ့ကား ခြံထဲမှထွက်သွားတာကိုတွေ့လိုက်ရလေ၏။ ဒါအချိန်ကောင်းပဲ။ သူမ Intercon ခလုတ်ကိုနှိပ်လိုက်ပါသည်။

"မမဘာပြောမလို့ပါလဲရှင်"

"ငါဗိုက်ဆာတာ အူခေါက်နေပြီဟဲ့"

"ဟုတ်ကဲ့။ လာပို့ပေးပါ့မယ်,မမ"

ခဏအကြာမှာ door lock ပွင့်လာပြီး ကြီးဒေါ်ကြီးရော၊ ခင်မေပါ လင်ပန်းသယ်၍ဝင်လာပါ၏။ ဦးမဲက တံခါးဝမှာပိတ်ရပ်သိုက်လေသည်။ အမယ်. . . လုပ်လာပုံတွေက ယောင်ကောင်ဂိုဏ်းသားတွေလိုလို အကွက်စေ့လို့ပါလား။ ဒီလောက်တော့ ဘုံတို့က အပျော့ပါပဲ။ ထမင်းစားတာကိုစောင့်ပြီးမှ ပြန်ဆင်းကြမှာမို့ စားပွဲပေါ်မှာ ကျကျနနပြင်ဆင်ပေးတာကို စိတ်ရှည်ရှည်စောင့်လိုက်ပါသည်။

"စားနော်. . . သမီးလေး။ မကြိုက်တာရှိရင်လည်းပြော။ စားချင်တာရှိရင်လည်း ထပ်လုပ်ပေးမယ်။ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

သူမက ထမင်းနှစ်ဇွန်းသုံးဇွန်းကောက်ဝါးကာ ရင်ဘတ်ကို လက်သီးဆုပ်ဖြင့် ဖွဖွထုလိုက်ပါ၏။

"သောက်ရေဘူးရော"

"ဟုတ်သားပဲ။ ဟဲ့. . . ခင်မေ, သွားယူစမ်း"

ခင်မေထွက်သွားပြီးနောက် သူမ ထမင်းတစ်ဇွန်းထပ်စားကာ ကြီးဒေါ်ကြီးကိုပြောလိုက်ပြန်၏။

"သမီးကြိုက်တဲ့လိမ္မော်သီးရော"

"ခြော်. . . အခွံနွာသင်ပြီး ကျန်ရစ်ခဲ့ပြန်ပြီ။ နေနေ.ကြီးကြီး သွားယူပေးမယ်။ စားနှင့်နော်"

ကြီးဒေါ်က ခန္ဓာကိုယ်ဝဝကြီးနှင့် တလိမ့်လိမ့်ထွက်သွားသည်မို့ လှုံ့ပြုံးလိုက်ပါ၏။ လိုချင်နေတာ ဒီလိုအခြေအနေပဲမဟုတ်ပါလား။ ဦးမဲက တံခါးကိုစေ့ရုံပင်. စေ့ထားမှာသေချာသည်ကိုး။

ခုတင်အောက်မှာထိုးထည့်ထားသည့် ကျောပိုးအိတ်လေးကို ဆွဲထုတ်၍ လွယ်လိုက်၏။ တံခါးအဖွင့်မှာ ဝင်လာသည့်ခင်မေ့ဇက်ပိုးကို ဒုတ်ခနဲလက်ဝါးစောင်းလက်ဆောင်ပေးလိုက်တော့ ခွေသွားချေပြီ။ တံခါးကိုဆွဲဖွင့်လိုက်တော့ ဦးမဲက သူမကိုမျက်လုံးကြီးပြူး





မျက် ကြည့်နေလေ၏။

"မမ. . . မမလေး"

"ကျွန်မလစ်တော့မှာနော်။ ပိတ်ဖမ်းမယ်မကြံနဲ့။ ခြေစောင်း နဲ့တွေ့သွားရင် လှေကားထစ်တွေကနေ ဇောက်ထိုးကြီးပြုတ်ကျပြီ သာမှတ်"

"မလုပ်ပါနဲ့မမလေးရယ်. . . သူဌေးသာသိသွားရင် ကျုပ် အလုပ်ပြုတ်မှာမို့ပါ"

"ရှင်က အလုပ်ပြုတ်ရုံသာပြုတ်မှာ၊ ကျွန်မက တစ်သက်လုံး နဲမလွတ်မယ့်ထောင်ကိုတျမှာလေ။ ဘယ်ဟာက ပိုပြီးကောင်း ၆မလဲ. . . ဖယ်"

"မမလေး"

သူမလက်ကိုဖမ်းချုပ်လိုက်သည်မို့ ခြေထောက်က ဦးမဲခြေ ဗိုးကို အားနှင့်ဆောင့်နင်းချလိုက်၏။ အားလျော့သွားချိန်မှာ ဝမ်း ဆ်ကို လက်သီးပြင်းပြင်းလေးပို့ပေးလိုက်တော့ ဦးမဲ ဗိုင်းခနဲခွေ ကျလေသည်။ လှေကားမှပြေးဆင်းခဲ့စဉ် လှေကားထစ်အလယ် ာ ကြီးဒေါ်နှင့်တန်းတိုးလေ၏။

"ဟဲ့. . . မိုးမိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်ပေးနော်။ ကျွန်မပိတ်တွန်းချလိုက်မှာ"

"အမယ်လေး. . . လာကြပါဦး။ မောင်ငယ်နဲ့မောင်ကြိုင်ရေ"

ကြီးဒေါ်ကြီး၏စီခန်အော်သံအကြား သူမအိမ်ဝရောက်စဉ်လူနှစ်ယောက်က ပြူန်းခနဲရောက်လာလေ၏။ အလိုလေး. . . အခုမှ မှောင်ခိုဂိုဏ်းက ပေါက်ထွက်သလို အတားအဆီးတွေက များလွန်းလှချေလား။ ဒီလူနှစ်ယောက်ကတော့ တကယ့်လူကြမ်းတွေလိုတိုက်ရည်ခိုက်ရည်ရှိနေပုံရလေသည်။

"ဟော့ကောင်မလေး. . . အိမ်ထဲပြန်ဝင်စမ်း။ သူဌေးက မင်းရှုတ်ရှုတ်၊ ရှုတ်ရှုတ်လုပ်လာရင် တစ်ခါတည်းမေ့သွားအောင်လုပ်ပစ်ဖို့မှာထားတာကွ"

"လုပ်ကြည့်စမ်းပါရှင့်။ ကျွန်မအသားကိုထိဖို့မပြောနဲ့ အကျီစကိုတောင် မိပ့်မလားလို့"

"မင်းနော်"

"ကြာတယ်ကွာ။ ညာနေရင် သူဌေးပွမ်တာပဲ ခံရမှာ. . . ဟိတ်"

အမယ်လေး. . . မေ့အောင်လုပ်မယ့်လူတွေကလည်း ကျိုးမယ့်နာမယ့်တိုက်ကွက်တွေကိုသာ ဆင်နေတာပါလား။ ဒီလူနှင့်





လက်ကွက်တန်ပြန်ချိန်မှာ နောက်လူက နောက်ဘက်မှ ဝင်ချုပ်လေ၏။ သူမကိုယ်ကိုတစ်ပတ်လှည့်ကာ ဦးခေါင်းနေရာကို ခြေဖျားဖြင့်ခတ်လိုက်သည်။ ဟိုလူက ကိုယ်ကိုစောင်း၍ရှောင်စော့ ဒီဘက်ကကျန်နေသည့်လူက သူမဇက်ပိုးကိုဝင်ခုတ်လေ၏။ ခေါင်းကိုငုံ့ရှောင်စဉ် လက်ကွက်က ပခုံးစောင်းကိုရှုပ်ထိသွားသည်။

"အ"

သူမပခုံးကိုလက်ဖိလိုက်စဉ် တစ်ယောက်က ကျောဘက်မှပွေ့၍ တစ်ယောက်က ခြေနှစ်ဖက်မှချုပ်ကာ အိမ်ထဲပြန်ထည့်လေသည်။

"လွှတ်! လွှတ်နော်။ ကျွန်မပြန်မလိုက်နိုင်ဘူး"

"မိုး"

ခြံထဲဝင်ရောက်လာသည့်လူအုပ်ကြောင့် သူမတို့ရပ်သွားပါသည်။ ဟော! ဒါ့ကျော်သီဟတို့အုပ်စုပါလား။ ပြဿနာပဲ၊ ဘယ်ကနေဘယ်လို ဆေးသမားတွေ ခြံထဲကိုရောက်လာတာပါလိမ့်။

"ကျော်. . . ကယ်ပါဦး။ ကျွန်မကိုအတင်းဖမ်းချုပ်ပြီး ဟိုဒေါက်တာနဲ့ပေးစားတော့မှာ"

"ဘယ်လို! ဒါမျိုးရမလားကွ"



www.burmeseclassic.com

www.burmeseclassic.com



မျက်စိရှေ့တင် လူငါးယောက်နှင့်နှစ်ယောက်တိုက်ပွဲက ရှုပ်ယှက်ခတ်ကုန်လေ၏။ ကျော်သီဟက သူမလက်ကိုဆွဲခေါ်လေပြီ။

"မမက မိုးကိုလာကယ်ထုတ်ဖို့လွှတ်လိုက်တာ,မိုးရဲ့"

"ဟုတ်လား! မမ အခုဘယ်မှာလဲ"

"ခါတိုင်းထိုင်နေကျ Restaurant ရဲ့ Special room မှာပဲစောင့်နေတာပေါ့. . . လာ"

ကျော်က ကားရှေ့ခန်းတံခါးကိုဖွင့်၍ တက်ခိုင်းလိုက်စဉ်နောက်ခန်းထဲသို့ လူတွေပြုံ၍ပြေးတက်လိုက်လေ၏။ ဟိုင်းလတ်စ်ကားမှာအဲဆင်ပြေသွားပါ၏။ ချောင်ကျကျစားသောက်ဆိုင်ရှေ့မှာကားရပ်သွားပြီး ကျော်သီဟက သူမလက်ကိုဆုပ်ကိုင်၍ ဆိုင်ထဲသို့ဝင်လာခဲ့လေသည်။ ထောင့်ဆုံးခန်းကိုရောက်စဉ် ခေတ်မီလှပလွန်းသည့်အမျိုးသမီးတစ်ယောက်က သူမကို မတ်တတ်ရပ်၍ကြိုလိုက်လေ၏။

"မိုးလေး တော်တော်မှစိတ်ညစ်နေပြီလား"

"ဟာ! မညစ်ဘဲနေမလား,မမရဲ့။ လူကိုသေချင်စော်တောင်နံနေပြီ။ ဗိုက်ဆာလိုက်တာ"

"ဆာရင်လည်း စားလေ. . . မိုးလေးရဲ့။ ပြီးမှ ဒီကနေလစ်





ကြတာပေါ့။ ငွေတွေဘာတွေရော အလုံအလောက်ပါရဲ့လား"

"ပါတာပေါ့,မမရဲ့။ အိမ်ကဆင်းပါပြီဆိုမှ ဒါတွေမပါလို့ ရမလား။ ဒီအိတ်ထဲမှာအပြည့်ပဲ"

"ဟုတ်လား! ဟင်း. . . ဟင်း. . . ဟင်း"

တင်မမက သူမအတွက် ခေါက်ဆွဲကြော်ထပ်မှာပေးကာ ညှော်ခံလေ၏။ သူမ နာရီကို ဖျတ်ခနဲကြည့်လိုက်၏။ (၁၀)နာရီဆိုတော့ သူ ကုမ္ပဏီကိုရောက်နေလောက်ပါပြီလေ။

"ဘာတွေဖြစ်နေလဲ. . . မိုးလေးရဲ့"

"စိတ်ပူတာပေါ့,မမရဲ့။ ပါပါ့မှာက back တောင့်တာမဟုတ်လား။ တော်ကြာ ကျွန်မတို့ ရန်ကုန်ထဲမှာပဲ ပိတ်မိသွားမှ ကွိခနဲဖြစ်မှာ"

"မမတို့ ပဲခူးဘက်ကပဲ လစ်မှာလေ"

"Ok . . . အဲဒါကောင်းတယ်။ နေဦး. . . ကျွန်မ Toilet ခဏဝင်ဦးမယ်"

"မမလိုက်ပို့မယ်"

"ကောင်းတာပေါ့"

သူမ အခန်းထဲမှထွက်လာပြီး မီးဖိုဆောင်ဘက်ချောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး မျက်စိကိုကစားလိုက်၏။ ထွက်ပေါက်ဆို၍ ဘာမှမတွေ့ပါလား။ Toilet ထဲရောက်တော့ တင်မမ အခန်းပြင်မှာ ရပ်စောင့်ကျန်ရစ်ခဲ့၏။ Toilet ပြတင်းပေါက်သံဇကာကို သူမဆွဲလှပ်လိုက်တော့ ချောင်နေလေသည်။ Ok ဒီလောက်ဆိုရပါပြီ။ သူမ အားနှင့်ဆောင့်ဖြုတ်ကာ ပြတင်းပေါက်မှကျော်ဆင်းလိုက်၏။ နောက်ဖေးဘက်အုတ်ဘောင်က အတော်မြင့်သည်။ စုပုံထားသည့်ထင်းရှူးပုံးခွံတွေကို ခပ်သွက်သွက်နင်းတက်ကာ အုတ်တံတိုင်းပေါ်မှ ခုန်ကျော်ချလိုက်၏။ နောက်ဖေးလမ်းကျဉ်းထဲရောက်မှ Hand Phone ကိုနှိပ်လိုက်ပါသည်။

"ဟဲလို! (199)ကပါလားရှင်။ ဟုတ်ကဲ့. . . ကျွန်မ ရွှေဘိုစံပါ။ ဟိုတစ်ခါပြောဖူးတဲ့သတင်းထူးကို ဒီတစ်ခါအတိအကျပေးချင်လို့ပါ။ ဟုတ်ကဲ့. . . ဘိန်းဖြူ carry လုပ်ပြီးသုံးနေတဲ့ တင်မမတို့အုပ်စု (. . . . . . . ) Restaruant ထဲမှာရှိနေပါတယ်။ ဟုတ်ကဲ့ရှင့်ကျေးဇူးတင်ပါတယ်ရှင်"

သူမ လမ်းကြားထဲမှ အမြန်ဆုံးပြေးထွက်ခဲ့ပြီး လမ်းထိပ်မှာ Taxi စောင့်နေစဉ် ရဲကားတွေဝင်လာတာကိုတွေ့ရလေ၏။ Taxi တစ်စီးလာတာကိုတား၍တက်ပြီး မောင်းခိုင်းစဉ် တင်မမတို့အုပ်စုကိုဖမ်းဆီးပြီးထွက်လာသည့်ရဲကားတွေက တန်းစီနေလေသည်။

တော့တာပဲ. . . တင်မမရေ။ ကျွန်မက မိုးမြင့်စံလို့အရာရာကြောက်ရွံ့တုန်လှုပ်နေတဲ့ ခပ်နုံနုံကောင်မလေးမဟုတ်ဘူးရှင့်။

"မိုးသောက်ကုမ္ပဏီရှေ့နားမှာပဲ ရပ်ပေးနော်. . . ဦးလေး"

"အေးပါ. . . သမီးရဲ့"

ကုမ္ပဏီရှေ့ရပ်လိုက်သည့်ကားမှဆင်းရန်ပြင်စဉ် သူမမျက်လုံး ကျယ်သွားရလေသည်။ မကျယ်ဘဲနေမလား။ သူ့နားမှာ မားမားကြီးရပ်နေတာက သူမ၏ပါပါဖြစ်နေသည်ကိုး။

"ကျွန်တော်နဲ့ ဘာအဆက်အသွယ်မှ မရှိပါဘူး။ ဒီကိုလည်း သူမလာပါဘူး အန်ကယ်"

"စခန်းက အကြောင်းကြားလို့ အန်ကယ်ကိုယ်တိုင် ထလိုက်လာတာပဲ. . . မောင်ညီသပြေ။ သမီးတစ်ခုခုဖြစ်မှာကို စိုးရိမ်လွန်းလို့ပါ"

"ကျွန်တော့်ဆီကိုရောက်မလာတာ အမှန်ပါ,အန်ကယ်။ ဒီတစ်မနက်လုံး ကျွန်တော် ကုမ္ပဏီမှာပဲရှိနေတာပါ"

"ခက်တာပဲ. . . အမှုနဲ့တွဲပြီးပါသွားမှာကိုစိုးရိမ်လို့ ပိတ်ထားတာတောင်မှ ရအောင်ထွက်သွားရတယ်လို့။ အန်ကယ်ပြန်ဦးမယ်







www.burmeseclassic.com

www.burmeseclassic.com



မောင်ညီသပြေ။ တကယ်လို့ သမီးရောက်လာရင်သာ အန်ကယ့်ကို Phone ဆက်လိုက်ပါ”

“ဟုတ်ကဲ့ပါ. . . အန်ကယ်”

ဦးဥတ္တာကားပေါ်တက်ကာ ထွက်သွားလေ၏။ သူ ခေါင်းကို ခါလိုက်မိသည်။ မင်းဘယ်တွေလျှောက်လိမ့်ပြန်ပြီလဲ. . . မိုးမြင့်စံ။ အတော့်ကို ဦးနှောက်စားစေတဲ့ချာတိတ်မပါလား။ အန္တရာယ်ဖြစ် မှာကို မကြောက်မရွံ့နဲ့ထင်ရာစိုင်းနေတော့တာပါပဲ။ အန်ကယ် ဦးမြတ်စိုးနှင့်ချိန်းထားတာမို့ သူကားရှိရာဆီလျှောက်လာပြီး Re-mote ဖြင့် တံခါးကိုဖွင့်ကာ တက်လိုက်၏။

တံခါးပွင့်အလာမှာ နောက်ခန်းထဲ Diving ထိုး၍လှဲချလိုက်စဉ် သူက တံခါးကို Lock ပိတ်လိုက်တာနှင့် ကွက်တိဖြစ်သွားပါ၏။ ကားလေးက ညင်ညင်သာသာဖြင့် ထွက်လာလေသည်။

မှန်ပြတင်းမှ ပါပါတို့ကားအရိပ်အခြေကိုအကဲခတ်၏။ ဘာ တစ်ခုစလေ မသင်္ကာစရာမတွေ့လေမှ ဖျတ်ခနဲ ထထိုင်လိုက်ပါ သည်။

“ညီ”

“ဟာ. . . မိုးမြင့်စံ. . . မင်း. . . မင်း”





“ရှင် အခုဘယ်ကိုမောင်းနေတာလဲ”

“အန်ကယ်ဦးမြတ်စိုးနဲ့ချိန်းထားတဲ့ဆီကိုပေါ့။ မင်းဘယ်လို တွေ လျှောက်လုပ်နေတာလဲ”

“အဲဒါအသာထားပါ. . . ညီရဲ့။ အခု ရန်ကုန်နဲ့အဝေးဆုံး သွားကြစို့။ အန်ကယ့်ဆီ မသွားနဲ့တော့လေ”

“ဟာ! မဖြစ်ဘူး။ ကိုယ်ပြဿနာတက်လိမ့်မယ်. . . မိုးမြင့်စံ။ ပဲ မင်းအဖေ ကိုယ့်ဆီလာသွားတာကွ”

“ရှင့်ပြဿနာက ကျွန်မပြဿနာလောက် ကြီးလို့လားရှင့်။ ပါပေးစားတဲ့ဆရာဝန်ကို ကျွန်မယူရမှာလား”

အဲ! ဒါတော့လည်းဟုတ်သား။

ဒါပေမဲ့. . . သူမပြောသလို သူလုပ်မှတောင်ကျတဲ့အဖြစ်မျိုး လာမှာကိုလည်း စိုးရိမ်တာအမှန်ပင်။ ဦးဥတ္တာဆိုတာ ဘုတ် ပ်ကြီးအတိုင်းလုပ်တတ်တဲ့လူကြီးတစ်ယောက်မဟုတ်လား။

“မင်းကို အိမ်ပြန်မပို့လို့မဖြစ်ဘူး. . . မိုးမြင့်စံ။ ရန်ကုန်က တ်ပေါက်မှန်သမျှကို အန်ကယ် အကုန်ပိတ်ထားတာ။ မင်းဘယ် မှမလွတ်နိုင်ဘူး”

“ကျွတ်! သတ္တိနည်းလိုက်တာ။ ရှင် ယောကျ်ားမဟုတ်ဘူး

www.burmeseclassic.com



လား"

"ဘာကွ"

"ကဲ! ဘာကွမနေနဲ့၊ ကျွန်မပြောတဲ့အတိုင်းသာလုပ်။ ဘာ

ဦးဖုန်းမြင့်ရှိတဲ့ရုံးကိုမောင်းရှင်"

"ဘယ်ရုံးလဲ"

"တရားရုံးပေါ့"

"ဘာ! "

"ဩော်. . . ပြောတဲ့အတိုင်းလုပ်ပါဆိုနေမှ အချိန်မရှိ

ဘာလဲ. . . ရှင့်ကိုကိုအသည်းကွဲပြီး သေမှာမကြောက်ဘူးလား"

"ဒါတော့. . ."

"ဒါဆိုရင်လည်း လျှာရှည်မနေနဲ့၊ မောင်းသာမောင်းပါ

သူဘာမှဆက်မပြောနိုင်တော့ပေ။ ခေါင်းတွေလည်း

ကာ သူမပြောသည့်ရုံးသို့သာ ကားကိုမောင်းလိုက်ရလေ၏။

❖

ာတွေလဲ,မိုးမြင့်စံရယ်။ မင်းဦးနှောက်ကို ကိုယ်လိုက်





နိုင်တော့ပါလား။ တကယ်လို့ ဟိုရောက်ရင်ရော၊ ဝေဒနာခံစားနေ

ရတဲ့ကိုကို့ကို မင်း, ကြင်ကြင်နာနာနဲ့ချစ်နိုင်ပါဦးမလား။ အခုဆို

ကိုကိုက စိတ်ဓာတ်တွေ တအားကျနေပြီဖြစ်တဲ့ ဒုက္ခိတတစ်ယောက်

ဘ၀ကိုရောက်နေပြီလေ။

ပြင်ပမှုရှုခင်းတွေကိုငေးမော၍ လိုက်ပါလာခဲ့၏။ သစ်မင်

တွေ စိမ်းစိမ်းစိုစိုနဲ့ မြင်ကွင်းတွေက မျက်စိကိုအေးစေပြီး စိတ်ကို

ကြည်လင်လန်းဆန်းစေလေသည်။ ဟိုရောက်ရင်တော့ မိုးသောက်

ဦးလို့ခေါ်တဲ့ကိုကိုနဲ့တွေ့ရမှာပေါ့နော်။

ကိုကိုသာ ဘုံ့ကိုမြင်ရင် လူမှားဦးမလား။

ဟင့်အင်း. . . ဘုံ,သေချာရှင်းပြမှာပေါ့။ မမသိပ်ချစ်တဲ့ကိုကို့

တိုရော၊ ကိုကိုသိပ်ချစ်တဲ့မမကိုပါ တစ်သက်တာပျော်ရွှင်စေချင်တာ

အမှန်ပါလေ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

“ဟဲလို! သက်သက်စံပါ”

“အသက် . . . မိုးပါ”

“ဟင်! မိုး . . . ဟုတ်လား”

“ဟုတ်တယ်”

“မိုး၊ ဘယ်ကဆက်နေတာလဲဟင်”

“ကားဂိတ်ကနေ ဆက်နေတာ၊ အသက်ဆီကိုလာမလို့လေ”

“လာခဲ့လေ . . . မိုးရဲ့ တင်မမတို့အုပ်စု အကုန်လုံးအထဲဝင်

ကြပြီ။ ဘာမှမကြောက်နဲ့တော့ . . . သိလား”



www.burmeseclassic.com

www.burmeseclassic.com



"မိုးလည်း သတင်းစာထဲမှာတွေ့လို့ ဒီကိုပြန်လာခဲ့တာပါ"

"ကိုကို့ဆီ မသွားဖြစ်ဘူးလား"

"ကိုကိုနဲ့အဆက်အသွယ်ပြတ်သွားလို့ပါ,အသက်ရဲ့။ မိုး,လာခဲ့မယ်လေ။ တွေ့မှပဲပြောပြတော့မယ်"

"လာခဲ့. . . လာခဲ့။ အသက်စောင့်နေမယ်နော်"

Phone ကိုချကာ Taxi တစ်စီးကိုငှားလိုက်ပါ၏။ သူမကို ဒုက္ခပေးနေသည့်တစ်အုပ်စုလုံး အဖမ်းခံရ၍သာ တော်တော့သည်။ ကိုကို့နောက်လိုက်ရင်း လမ်းမှာ Accident ဖြစ်ရတာနှင့် ခရီးက ကြန့်ကြာသွားလေ၏။ ပြင်ဦးလွင်မှာ ဆင်းစောင့်နေမည့်ကိုကို မည်မျှစိတ်ပူနေမည်မှန်းသိသော်လည်း သူမဘာမှမလုပ်နိုင်ပေ။ ခြေထောက်အကြောညပ်သွားတာကို ကုနေရသေးတာမို့ ဆေးရုံမှာပင် ကြန့်ကြာသွားရ၏။ သူမနှင့်အတူတူ ခရီးထွက်ရင်း ဘေးမှာထိုင်လာသည့်မနန်းက လက်ပဲထိတာမို့ အစစအရာရာအကူအညီပေးကာ ဆေးရုံမှဆင်းတော့ မနန်းအိမ်မှာ သွားနေခဲ့ခြင်းဖြစ်သည်။

ကိုကို့ဆီကို Phone ဆက်ပြောကာ ချိန်းခဲ့သော်လည်း ဆေးရုံရောက်ကာနှင့် အဆက်အသွယ်ပြတ်တောက်သွားရလေ၏။ ကိုကိုတစ်ယောက် မိုးကိုစိတ်ပူနေပြီလား။ ဒါမှမဟုတ် ညာပြီဆိုပြီး စိတ်





နေပြီလား။ အတွေးတွေက ရင်တွင်းမှာပူလောင်လာစေ၏။

ကိုကိုရယ်. . . 'ကလေး'လို့ နွေးထွေးကြင်နာစွာခေါ်သံလေးကို မိုးကြားယောင်နေမိတယ်။ ကိုကို့ကို မိုးက စတွေ့ပြီးချစ်မိခဲ့တာ။ မိန်းကလေးတန်မဲ့ ဣန္ဒြေတွေဘေးဖယ်ပြီး ကိုကို့နောက်ကကောက်ကောက်လိုက်လို့ ကိုကိုမသိမမြင်ရလေအောင် တိတ်တိုးလေးချောင်းကြည့်ခဲ့တာ ကာလအတော်လေးကြာခဲ့တာ အမှန်။

Lift ထဲဝင်ချိန်မှာ မဆုံဆုံရအောင်စောင့်ပြီးလိုက်တတ်တော့ ညင်ငြိမ်တဲ့ကိုကို့ style ကိုသဘောကျ၍မဆုံးခဲ့။ ကိုကိုအမြဲစွတ်ကျရေမွှေးနံ့လေးကို ကိုကိုမရိပ်မိရလေအောင် ခိုးပြီးရှူရှိုက်ရသလည်းအမော။ ကိုကိုဘာကိုမှသတိမထားခဲ့စဉ်က ဖြစ်တည်နေပီတိတွေက မိုးကိုအပျော်တွေပြည့်နှက်စေခဲ့တာလေ။

ကိုကိုနဲ့မျက်ဝန်းချင်းဆုံခဲ့ရတဲ့နေ့. . .။ အဲဒီနေ့ကို မိုးဘယ်တော့မှမမေ့ဘူး။ ကိုကိုက Mart ထဲမှာ လိုက်လံစစ်ဆေးနေတုန်း။ မိုးနဲ့အသက်, အကျီလှလှလေးတွေကိုရွေးသလိုနဲ့ လိုက်ကြည့်နေခဲ့မိတာပါ။ ရုတ်တရက် မိုးရှေ့မြင်ကွင်းက ကိုကိုပျောက်သွားတော့ ရင်ထဲမှာ ဟာခနဲဖြစ်သွားတာပဲ။ ဘယ်လိုရှာရမှန်းမသိခင်



www.burmeseclassic.com

www.burmeseclassic.com



မိုးရေ့မှန်ချပ်ကြီးထဲမှာ ပြုန်းခနဲပေါ်လာတဲ့ကိုကို့ကိုမြင်လိုက်ရတော့ ရင်ထဲမှာဒိန်းခနဲမြည်ပြီး အငိုက်မိခဲ့ရတာလေ။

အဲဒီအချိန်မှာ ကိုကို့မျက်နှာထက်က အပြုံးလေးကိုမြင်ခွင့်ရခဲ့တာပါ။ အရွယ်ငယ်ငယ်ကောင်မလေးတစ်ယောက်ရဲ့ မဟုတ်တာလုပ်တဲ့အပြစ်တစ်ခုကို ပက်ပင်းမိတဲ့အစ်ကိုကြီးတစ်ယောက်ရဲ့ အပြုံးမျိုးဆိုတာကို မိုးနားလည်ပါတယ်လေ။ နောက်မှာရပ်နေရာမှ ရှေ့ကိုတိုးလာတဲ့ကိုကို့ခြေလှမ်းတွေကိုသတိထားမိသွားတော့ မျက်လုံးပြူးမျက်ဆံပြူးနဲ့ အသက်လက်ကိုဆွဲပြီး ခြေကုန်သုတ်ပြေးမိပါရော။ သူမှီးလူမိသွားရင် ဒီလိုပဲလန့်ဖျပ်တတ်ကြမှာပဲနော်။

သိပ်မကြာခင်မှာ ဘယ်လိုမှရှောင်မရလေအောင် မိုးတို့သင်တန်းဆရာကနေတစ်ဆင့် စကားပြောပါရစေဆိုပြီး ခွင့်တောင်းတော့ ကြောက်ကြောက်နဲ့ခေါင်းညိတ်ခဲ့ရတယ်။ ကော်ဖီဆိုင်လေးမှာ မျက်နှာချင်းဆိုင်ထိုင်ခဲ့တဲ့ညနေခင်းလေးကို မိုးအမြဲအမှတ်ရနေပါတယ်။ အဲဒီနေ့က ကိုကိုက suit အဖြူရောင်ကိုဝတ်ထားတာလေ။ သေသပ်စွာဖြီးသင်ထားတဲ့ကိုကို့ဆံပင်တွေကနေ တစ်ချောင်းနှစ်ချောင်းဒန့် နဖူးပေါ်ဝဲကျနေတဲ့ဆံစတွေကို ငေးကြည့်ချင်ပေမယ့် မကြည့်ရဲခဲ့ပါဘူး။ အထူးသဖြင့် အရည်လေးတွေ စိုလဲ့နေတဲ့





ကိုကို့မျက်ဝန်းတွေနဲ့ရင်ဆိုင်ရမှာကို စိုးရွံ့မိတာပါ။

"ကလေးကိုပြောစရာရှိလို့ ဒီကိုခေါ်ခဲ့တာ။ ကိုယ်ပြောရင် စိတ်မဆိုးလောက်ပါဘူးနော်။ ကိုယ်,ကလေးကိုမြတ်မြတ်နိုးနိုးနဲ့ချစ်တာပါ။ တစ်သက်တာလက်တွဲဖို့ရည်ရွယ်ပြီး ကိုယ်ခွင့်ပန်တာပါကွယ်။ ကလေးရဲ့သဘောထားကို ကိုယ်အမြန်ဆုံးသိချင်ပါတယ်။ သိခွင့်ရပါရစေ"

ခြေဖျားတွေလက်ဖျားတွေ အကုန်အေးစက်လာပြီး နားထဲကပါ လေတွေထွက်လာသလို လူကတုန်ရီလာရလေ၏။ ဒါဟာအချစ်လား။ မိုးနားမလည်ပါ။ သို့သော်. . . ကိုကိုနဲ့ စဆုံစဉ်ကတည်းကမိုးရဲ့နှလုံးသားလေး တဆတ်ဆတ်ခုန်ပေါက်နေတာကတော့ အမှန်ပဲ။ အဲဒါအချစ်ဆိုရင်တော့ ကိုကို့ကို မိုးသိပ်ချစ်နေတာ သေချာပါတယ်။

"ကလေး ရှက်နေသလား။ ကိုယ်မေးတာကိုပြန်ဖြေဦးလေ"

စားပွဲပေါ်တင်ထားတဲ့လက်ဖျားလေးကို ဖျတ်ခနဲ ကိုက ဆုပ်ကိုင်လိုက်တော့ လန့်ကာရုန်းလိုက်သော်လည်း မလွတ်နိုင်တော့ပေ။ အေးစက်စက်လက်တွေကို အုပ်ကိုင်ထားခြင်းရဲ့နွေးထွေးမှုက နှင်းခဲထိတိုင် ဆင်းသက်သွားတာတကယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကို မိုး,သိပ်ချစ်ပါတယ်။ တစ်ခါမှမချစ်ဖူးသေးတဲ့အချစ်မျိုးနဲ့ အရူးအမူးချစ်မိခဲ့တာပါ။ မိုး,ဝန်ခံပါတယ် . . . ကိုကို"

စကားအဆုံးမှာ ကိုကိုက ထိုင်ခုံမှထကာ သူမကိုသိမ်းကျုံးပွေ့ဖက်လိုက်လေ၏။ ရင်ခုန်သံတွေဆူညံသွားတာက တကယ့်အစစ်အမှန်ပါပဲ။ အသက် (၂၀)အရွယ်မိန်းကလေးတစ်ယောက်ရဲ့ အရူးအမူးချစ်ခြင်းတွေကို ကိုကိုပိုင်ဆိုင်ခွင့်ရရှိခဲ့တာပါ။ ရင်ထဲမှာရှိတဲ့အချစ်တွေကို ကိုကိုသိလာအောင် ပြောမပြတတ်ဘူး။ မိုးက အနေအေးတယ်၊ စကားနည်းတယ်။ ဒါပေမဲ့ ကိုကိုနားဝင်ချိုစေမယ့် ချစ်စကားတွေကိုတော့ တီတီတာတာပြောတတ်ချင်တာ တကယ်ပါ။ လက်တွေ့နှစ်ဦးသားဆုံချိန်မှာ ဘာစကားမှမပြောဖြစ်ဘဲ ကိုကို့ရင်ခွင်ထဲမှာငြိမ်သက်စွာခိုဝင်ရင်း ကိုကို့ရင်ခုန်သံတွေကိုသာ နားထောင်တတ်ခဲ့တာလေ။ အဲဒါလေးကိုပဲ ကိုကိုက ချစ်စနိုးဖြစ်ရသတဲ့လေ။ ဪ . . . မိုးသိပ်ချစ်ရတဲ့ကိုကိုရယ်။

Taxi ကို လမ်းပေါ်မှာပဲ ရပ်ခိုင်းကာ အသက်နေသည့်တိုက်ခန်းရှိရာဆီ တက်လာခဲ့၏။ အသက်,စောင့်နေမှာပါနော်။ တံခါးကို ခပ်ဖွဖွခေါက်လိုက်စဉ် ချပ်ခနဲပွင့်သွားပါလေသည်။

"အသက်"





"မိုး . . . လာလာ"

အသက်က သူမလက်ကိုဆွဲကာ အိပ်ခန်းထဲထိခေါ်သွားပါ၏။ ခုတင်ထက်မှာထိုင်ခိုင်းကာ သူမမျက်နှာကို စေ့စေ့စပ်စပ်ငေးကြည့်နေလေသည်။

"မိုး,နေကောင်းပါတယ်နော်"

"ကောင်းသွားပါပြီ,အသက်ရဲ့။ ခြေထောက်အကြော ညပ်သွားတာကိုကုလိုက်ရတာ တစ်လလောက်ကြာသွားတယ်"

"ဘယ်လို"

"ဟုတ်တယ်လေ . . . မြင်ဦးလွင်ဆေးရုံမှာ နှစ်ပတ်ကြာပြီး အသိတစ်ယောက်နဲ့သွားနေခဲ့တာ,အသက်ရဲ့။ အသက်ဆီကို မိုးသတိရတုန်းက Phone ဆက်လိုက်သေးတယ်လေ။ မမှတ်မိတော့ဘူးလား"

"မှတ်မိပါတယ်"

"ကိုကိုက ကားဂိတ်မှာ လာကြိုမယ်ဆိုပြီး ရောက်မလာခဲ့ဘူး။ မိုးလည်း ရောဂါတစ်ဖက်ဆိုတော့ ဘယ်ကိုလိုက်ရမယ်မှန်းမသိတော့ဘူး။ ဒီကိုပြန်လာရင်လည်း မမတို့အုပ်စုရန်ကလည်း ရှိသေးတယ်လေ။ ပြီးတော့ ပါပါကလည်း ကိုမျိုးနဲ့လက်ထပ်ဖို့ နိုင်းပြင်း



www.burmeseclassic.com

www.burmeseclassic.com



နေတာမဟုတ်လား"

မိုးက မျက်ရည်လေးဝဲလာတာကို လက်ကိုင်ပဝါလေးဖြင့် တို့သုတ်နေတာမို့ အသက်စူးစိုက်ကြည့်နေမိ၏။

ပြောနေပုံက အတည်ပေါက်ပါပဲလား။

"မိုး,စိတ်မဆိုးနဲ့နော်။ အသက်ဆီကို Phone ထပ်ခေါ်သေးလားဟင်"

"ဘယ်လိုခေါ်မလဲ. . . အသက်ရဲ့။ မိုးက ရွာထဲရောက်သွားရတာလေ"

"ဟင်! "

ဗုဒ္ဓေါ! အဲဒါမှဒုက္ခပဲ။ မိုးမဟုတ်တဲ့ကောင်မလေးကို လူကိုယ်တိုင်ရော၊ Phone ဆက်တာကိုပါ အသက်ကြုံခဲ့ရတာလေ။

မိုး,မဟုတ်ရင် အဲဒါဘယ်သူတဲ့လဲ။

"မမတို့အုပ်စုမရှိမှဘဲ ဒီကို မိုး,ပြန်ရဲတာ။ ဒါတောင် ပါပါ့လူတွေနဲ့တိုးမှာစိုးလို့ ရှောင်ရှားခဲ့ရသေးတယ် အသက်ရဲ့"

"ဟင်! တင်မမတို့အုပ်စုကို မိုး,ပဲသတင်းပေးခဲ့တာမဟုတ်ဘူးလား"

"ဘယ်ကသာ. . . မိုးကဘယ်လိုသတင်းပေးရဲမှာလဲ အသက်





ရဲ့။ နဂိုကတည်းက သူတို့ဗိုလ်ကျခဲ့သမျှ ခံနေရတဲ့ဟာကို။ ဒီလိုသာ သတင်းပေးမိရင်. . . သူတို့ မိုးကိုဝိုင်းပြီးသတ်လိုက်ကြမှာပေါ့လို့။ အမယ်လေး! ကြက်သီးတွေထလိုက်တာနော်။ ကြောက်စရာကြီး"

ဟုတ်နေပါပြီ။ တစ်ခုခုတော့လွဲနေတာ သေချာနေပါရောလား။ မိုးနဲ့ရုပ်ချင်းတူပေမယ့် စိတ်ချင်းမတူတဲ့ကိုယ်ပွားတစ်ယောက်တော့ အသက်နဲ့ရင်းနှီးသွားတာ အသေအချာပါပဲ။

"မိုး. . . အသက်တစ်ခုမေးမယ်နော်"

"မေးလေ, အသက်ရဲ့"

"မိုးမှာ မိုးနဲ့ရုပ်တူတဲ့ညီမလေးရှိတယ်ဆိုတာဟုတ်သလား"

"အင်း. . . ဟုတ်တယ်။ ဘုံဘုံက မျက်လုံးချောကလက်ရောင်လေးလေ။ မိုးက ဘုံဘုံ့မျက်လုံးအရောင်လေးကိုသိပ်သဘောကျတာ အသက်ရဲ့။ ငယ်ငယ်ကတည်းက ရုပ်တူလွန်းလို့ အမြွှာတောင်ထင်နေကြတာလေ။ အခုကြီးလာရင်တော့ တူချင်မှတူတော့မှာ။ ဘုံဘုံက ဓာမာနဲ့စကော်ပူကိုပါသွားတာ. . . အသက်ရဲ့"

"ဟင့်အင်း! သူ,ဒီကိုရောက်နေတယ်"

"ဘယ်လို"

"ဟုတ်တယ်, မိုးမရှိတဲ့တစ်ပတ်အတွင်း မိုးရဲ့အိမ်မှာ အသက်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုတွေ့ခဲ့တာ”

“ဘုံဘုံ. . . ဘုံဘုံပြန်ရောက်နေတယ်ဟုတ်လား”

“ဟုတ်တယ်။ အန်ကယ်က ဘုံဘုံ့ကို မိုးလို့ထင်နေတာမိုးရဲ့၊ မိုးတို့ညီအစ်မက ရုပ်ချင်းအတော်တူတာကိုး”

“ဝမ်းသာလိုက်တာနော်။ ညီမလေးနဲ့ပြန်တွေ့ရတော့မယ်”

မိုးက လက်ဖဝါးလေးပွတ်ကာ ဝမ်းသာအားရရေရွတ်လိုက်၏။ အသက်ပါ မိုးလက်ကလေးတွေကိုအုပ်ကိုင်ထားလိုက်လေသည်။

“မိုးစိတ်မဆိုးနဲ့နော်၊ သူက မမပျောက်နေတယ်ဆိုပြီးအသင်ကိုပြောပြတယ်။ သူကိုယ်သူလည်း မိုး,မဟုတ်ဘူးလို့ပြောနေတော့ အသက်ဖြင့် မိုးတော့ ဦးနှောက်ချောင်နေပြီလို့ထင်သွားတာလေ”

“အမယ်လေး! ထင်ရက်လိုက်တာ. . . အသက်ရယ်”

“အဲဒါကြောင့် အသက်ကိုစိတ်မဆိုးပါနဲ့လို့ ကြိုပြီးတောင်းပန်ထားတာပေါ့မိုးရဲ့”

“ဒါဖြင့် ပါပါ့အိမ်မှာ ဘုံဘုံရှိနေမှာပေါ့”

“မသေချာဘူး,မိုးရဲ့။ အန်ကယ်က သူ့ကိုအခန်းထဲထည့်ပိတ်ခိုင်းထားတယ်လို့ သူပြောတယ်။ ဒါပေမဲ့ သူလွတ်အောင်ပြေးနိုင်စွမ်းရှိပါတယ်တဲ့”





“ဟင်! ဒုက္ခပါပဲ။ ပါပါတော့ ဘာတွေလုပ်နေတာလဲမသိတော့ပါဘူး”

“မိုးကို ဒေါက်တာမျိုးမြတ်နဲ့မင်္ဂလာဆောင်ပေးဖို့ စိုင်းပြင်းနေတာလေ။ အခုလည်း သူ့ကို မိုးလို့ထင်ပြီး ထည့်ပိတ်ထားတာပဲဖြစ်မှာ”

မိုးမြင့်စံ ခဏမျှငြိမ်သက်သွားပါ၏။ ဘုံဘုံတော့ တကယ်ပဲအခန်းထဲပိတ်တာခံနေရပြီလား။ ထွက်ပြေးလို့ရော လွတ်နိုင်ပါ့မလား။ တကယ်လို့ အိမ်ကလွတ်ပြီပဲထားပါဦး။ ငယ်ငယ်ကတည်းက စင်္ကာပူမှာပဲနေခဲ့တာမို့ မြန်မာပြည်မှာ သွားတတ်လာတတ်ပါ့မလား။ မိုးထက် လည်လည်ဝယ်ဝယ်ရှိတာမှန်ပေမယ့်၊ သွက်တာမှန်ပေမယ့် အခြေအနေတွေက အမြဲတသမတ်တည်းရှိနေတာမှမဟုတ်ဘဲလေ။

“အသက်, သူ့ဆီသွားခဲ့တာလား”

“တစ်ခါပဲရောက်တယ်။ ဟိုတစ်လောလေးကပဲ မိုးရဲ့ Hand Phone နဲ့ သူဆက်ပြီးပြောတာလေ”

“Hand Phone နဲ့. . . ဟုတ်လား”

“ဟုတ်တယ်။ အခုလည်း မိုးရောက်လာရင် သူ့ဆီကို Phone



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဖို့မှာထားတယ်လေ။ အသက် အထင်မလွဲဘဲရှိမလား,မိုးရဲ့။ ကိုယ့် Phone နဲ့ကိုယ်ပြောနေပြီး တခြားမိုးတစ်ယောက်ရှိသေးတယ် ပြောနေမှတော့ အသက်တောင်မှ ကြောင်တောင်တောင်ဖြစ်သွားရေ တာအမှန်ပဲ"

"ဟုတ်တာပေါ့။ ဘယ်သူမဆို အသက်ထင်သလိုပဲထင်ကြမှာ လေ။ မိုးရဲ့ Hand Phone က ဗီရိုထဲမှာကျန်ခဲ့တာ သူတွေ့သွား တာကိုး။ ကဲ! အသက်ရယ်. . . ညီမလေးကို မိုး,အရမ်းစိတ်ပူတာ ပဲ။ သူနဲ့အဆက်အသွယ်ရအောင် Phone ဆက်ကြည့်မယ်လေ"

"ကောင်းသားပဲ။ တော်တော်ဟုတ်တဲ့ညီအစ်မတွေပဲ။ တစ် ယောက်ကိုတစ်ယောက် အစိုးရိမ်ပိုနေလိုက်ကြတာနော်။ အသက် တောင် မနာလိုဖြစ်လာပြီ။ တကယ်ပဲ"

"ဩော်! ရှိတာမှ ညီမလေးတစ်ယောက်တည်းကို အသက် ရဲ့"

နှစ်ယောက်သား တီးတိုးရယ်မောလိုက်ကြပြီး ဧည့်ခန်းရှိ Phone စင်နားသို့ ထွက်လာခဲ့ကြသည်။ Hand Phone နံပါတ်ကိုး လုံးကို နှိပ်ပါသော်လည်း ဆက်သွယ်မှုမရိယာပြင်ပဟုသာ မြည်နေ သည်မို့ လက်လျှော့ရတော့မလိုပင်။





"အိမ် Phone ပဲခေါ်ကြည့်ပါလား,အသက်"

အသက်က မိုးအိမ် Phone ကို နှိပ်လိုက်ပါ၏။ အတော်ကြာ သည်အထိ Phone လာကိုင်သည့်လူမရှိပါသေးချေ။

"ဟဲလို! အမိန့်ရှိပါရှင်"

"ခင်မေလား၊ ငွမ်းပုံလား၊ မမ, အသက်ပါ"

"ငွမ်းပုံပါ. . . မမသက်"

"မိုး,ရှိလားဟင်"

"မမ; အိမ်ကနေ ထပ်ပျောက်သွားလို့ ဘာဘာအရမ်းဒေါပွနေ ယ်။ ငွမ်းပုံတို့အားလုံးကိုဆူနေတာ နားတွေလည်းအူနေပြီ။ မမ က်ဆီ မမ,မလာဘူးလားဟင်"

"မလာလို့ပေါ့,ငွမ်းပုံရဲ့။ မိုး,ဘယ်အချိန်က ထွက်သွားတာလဲ"

"မနက်ဆယ်နာရီလောက်ရှိပြီပေါ့။ ဘာဘာ ကုမ္ပဏီကိုထွက် းပြီး သိပ်မကြာသေးခင် ထွက်တာ။ ငွမ်းပုံက မီးဖိုခန်းထဲကပဲ ်ပေးရတာဆိုတော့ သေချာတောင်မသိလိုက်ဘူး။ ငွမ်းပုံလည်း ံတွေကြားလို့ ပြေးထွက်ကြည့်တော့ မမကိုကားပေါ်ဆွဲတင်သွား ဲ မြင်လိုက်ရတယ်"

"ကားပေါ်ဆွဲတင်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း! မမခေါ်လိုက်တာတော့ ကျော့်ဆိုလားပဲ"

"ကျော့်"

"ဟုတ်တယ်"

အသက်က Phone ကို ခဏလက်ဝါးဖြင့်ပိတ်လိုက်ပြီး မိုး... လှည့်ကြည့်လိုက်လေ၏။

"ကျော့်, ကားပေါ်တင်ခေါ်သွားတာတဲ့"

"ဒုက္ခပါပဲ။ သူတို့တစ်ဖွဲ့လုံးအဖမ်းခံရတာဆိုတော့ ညီမလေး... က ဘယ်ပျောက်နေတာလဲ"

"ဟဲလို"

"ဟော့! အသက်လား"

"ဟင်! အန်. . . အန်ကယ်"

"သမီးဆီကို မိမိုးလာလား"

"ရှင်! မလာ. . . မလာပါဘူး,အန်ကယ်။ အသက်လည်း... တွေ့ချင်လို့ Phone ဆက်ပြီးမေးကြည့်တာပါ"

"မိမိုး အိမ်ကနေ ဆင်းသွားပြန်ပြီကွယ်။ ဖအေကို အ... ဒုက္ခပေးတဲ့သမီးပဲ။ သူပေါင်းနေတဲ့အုပ်စု အဖမ်းခံရတာဆိုတော့... အန်ကယ်လည်းအတော်စိတ်ပူလှပြီ။ ဘာတွေလျှောက်လုပ်နေ...





...ကိုမသိတော့ပါဘူး။ အဲဒါ သမီးဆီကို မိမိုးရောက်လာရင် ချော့ပြီး ...ခေါ်ထားလိုက်နော်။ အန်ကယ့်ကိုလည်း အကြောင်းကြားဖို့မမေ့နဲ့ ...။ အန်ကယ်ကိုယ်တိုင် လာခေါ်မယ်။ သိလား"

"ဟုတ်. . . ဟုတ်ကဲ့၊ အန်ကယ်"

အသက်က Phone ကိုချလိုက်ပြီး ရင်ဘတ်ကိုဖိထားလိုက်မိ...။

"အမယ်လေး! အန်ကယ်နဲ့တန်းတိုးတာ ရင်ကိုတုန်သွားတာ ...။ အသက်ဆီ မိုးရောက်လာလားမေးလိုက်တာ ရင်ထဲမှာ ဒိန်းခနဲပဲ ...ည်သွားတာလေ"

"ပါပါ တအားစိတ်ပူနေမှာပဲနော်။ မိုးလည်း ကိုမျိုးကိုမ...ဘူး ...င်လို့ ကိုကိုနောက်ကိုလိုက်ဖို့ ကြံစည်ခဲ့မိတာပါ။ အဖေကို ကလန်... ...ဆန်လုပ်မိလို့ ဒီလိုဒုက္ခတွေကြုံရတာပဲ။ ပါပါသနားပါတယ်"

"ဒါဖြင့် ဒေါက်တာ့ကိုယူမလို့လား"

"ဟင်! မယူပါဘူး။ သူ့ကိုမယူချင်လို့ ထွက်ပြေးတာပါဆိုနေ..."

"အင်းလေ. . . ရှင်ပဲ အန်ကယ့်ကိုသနားတယ်ဆို။ အဲဒါ...ကို ...တို့ကိုမယူဘဲ ဒေါက်တာ့ကိုယူ။ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မယူနိုင်ပါဘူး။ မိုးရဲ့နှလုံးသားကို ကိုကိုဆီအပိုင်ပေးထားပြီး သွားတာ။ ကိုကိုကပျေပြီး ဘယ်သူ့ကိုမှထပ်မချစ်နိုင်ပေါင်"

အသက်က အမြင်ကပ်လှသော်လည်း ချစ်လွန်းသည်မို့ မိုးကို မျက်စောင်းခဲလိုက်လေ၏။

"ကိုကိုလည်း သနားပါတယ်။ မိုးနဲ့ပြင်ဦးလွင်မှာ ချိန်းထားပြီး ပျက်သွားရတာမို့လေ။ မိုးကို ဘယ်လောက်တောင်မှ စိတ်ပူနေမလဲ မသိတော့ပါဘူး"

"ဟဲ့! ကိုယ့်ကိုယ်ကိုလည်း သနားပါဦး,မိုးရဲ့။ သူများတွေ ဒြင်မှာ လွတ်လွတ်လပ်လပ်နေခွင့်ရတယ်။ မိုးသာ ကိုယ့်ကိုယ်ကို ရိမ်ရမှာ"

"ဟုတ်ပါတယ်. . . ဒါကိုလည်း မိုးသိပါတယ်။ ဒါပေမဲ့ မိုး ညီမလေးကို ပိုပြီးစိုးရိမ်နေမိတာပါ။ မိုးတို့ညီအစ်မက သူများညီ အစ်မတွေလို မဟုတ်ဘူး,အသက်ရဲ့။ နှစ်ဦးသား သိပ်ချစ်ကြပေမယ့် နှစ်ဖော်အကြာကြီး ချစ်ခွင့်ရခဲ့တာမှမဟုတ်ဘဲ။ ဒါကြောင့်ပါ"

မိုး,ငူငိုင်ငိုင်လေးဖြစ်သွားရပါလေ၏။ ခုချိန်မှာ ညီမလေးနှင့် သာ အမြန်ဆုံးတွေ့ချင်ပါသည်လေ။ ချစ်သူကိုဦးစားပေးတာ မှန် ...င့်သ...က် မှန်ပါသော်လည်း သွေးရင်းသားရင်း ညီမလေး





တော့ ဒုက္ခတွေနှင့်မကြုံတွေ့စေလိုတာအမှန်ပင်။ ဆေးသမားတွေ လက်ထဲက ညီမလေးလွတ်သွားပါရဲ့လား။ ကျော်တို့အုပ်စုကိုဖမ်းဆီး တာမြင်လို့များ ကြောက်ကြောက်လန့်လန့်နှင့်ပြေးမိပြေးရာလျှောက် ပြေးနေရင်တော့ဒုက္ခပါပဲ။

မိုးကိုယ်တိုင် တင်မမတို့အုပ်စုကိုကြောက်ပြီး သူတို့နဲ့အဝေး ဆုံးကို ပြေးမိခဲ့တာလေ။ ဒီကြားထဲ ပါပါက ကိုမျိုးနဲ့ယူသင့်ပြီလို့ လှတ်ပြောနေခဲ့တာကိုး။ နုငယ်တဲ့နှလုံးသားက ကိုကိုတစ်ယောက်ကို သာ စွဲစွဲလမ်းလမ်းချစ်မိခဲ့တာပါ။ ကိုကိုတစ်ယောက်တည်းကိုပဲ တစ်သက်တာလက်တွဲဖို့ဆုံးဖြတ်ထားတာမို့ အရဲစွန့်ဆုံးဖြတ်ပြီးလုပ် မိလုပ်ရာလုပ်ခဲ့ပေမယ့် ကံတြားမှာက မိုးနဲ့ကိုကိုကို ဆုံခွင့်မပေးခဲ့ဘူး လေ။

ကိုကိုရေ. . . မိုးလေးလွမ်းနေတာတွေကို သိပေးလှည့်ပါ။ ပြီးတော့ မိုးရဲ့ညီမလေးတို့ပြန်ဆုံဖို့ကိုလည်း ကူပြီးဆုတောင်းပေး လှည့်ပါလို့ စိတ်ကူးနဲ့တိုင်တည်မိရုံမှအပ ဘာမှမတတ်နိုင်ခဲ့တာပဲ လေ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

ပြင်ပရှုခင်းတွေကိုငေးမောလျက် လိုက်ပါလာခဲ့၏။ ရှေ့ဆက်၍ ဘာတွေဖြစ်မည်မှန်းကြိုတင်မသိသော်ငြား မမကိုစိတ်ပူနေတာတတော့အမှန်ပင်။ ဟိုရောက်ရင် ကိုကိုနဲ့ ဘယ်လိုများရင်ဆိုင်ရပ့်မလဲ။ တော်ကြာ 'မိုးလိုက်လာပြီနော်'ဆိုပြီး ပြေးပွေ့လိုက်မှာအခက်ပါပဲ။ သူ့ရှေ့မှာ ဘယ်လိုမျက်နှာမျိုးနဲ့နေရပ့်။ တကယ်တမ်း ရင်ထဲမှာရှိနေသည့်လူကိုဖွင့်ပြောရအောင်လည်း ဘုံကမိန်းမသားမို့ ခက်ပါတယ်လေ။

အင်း. . . ယောကျ်ားလေးသာ ဖြစ်လိုက်ချင်တော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ 'I love you so much. So, don't you love me?' ဆိုပြီး ပွင့်ပွင့်လင်းလင်းပြောလို့ရမှာလေ။

"ကိုယ်တို့ ပြင်ဦးလွင်မှာ တစ်ညတော့နားရမယ်,မိုးမြင့်စံ"

"ရှင်! "

အတွေးလွန်နေတာမို့ သူဘာပြောလိုက်မှန်း သေချာမကြား လိုက်ဘဲ ဇဝေဇဝါဖြင့်လှည့်ကြည့်တော့ သူ့မျက်နှာမှာ မဲ့ပြုံးတစ်ခု ပေါ်လာလေ၏။

"sorry ပဲ. . . ကိုကို့ဆီအမြန်ဆုံးရောက်ချင်စောကြီးနေတဲ့ အတွေးတွေ ကိုယ့်ကြောင့်ပျက်သွားပြီ"

"မဟုတ်ပါဘူး။ ခုန ရှင်ပြောလိုက်တာကို မကြားလိုက်လို့ပါ ရှင့်"

"ဒါကြောင့် ကိုယ်တောင်းပန်တယ်လို့ပြောနေတာပေါ့"

"ကျွတ်! မဆိုင်ပါဘူး။ ပြောစရာရှိတာသာ ပြောပါရှင်"

"ရန်ကုန်ကထွက်လာကတည်းက ကိုယ်ဆက်တိုက်မောင်း လာရတာ၊ ညဘက်တော့ နားမှဖြစ်လိမ့်မယ်"

"ရှင်, နားမယ်ဆိုနားလေ၊ ကျွန်မတစ်လှည့်မောင်းမှာပေါ့"

"ရပါတယ်. . . ဘာလဲ. . . မင်းအမြန်ဆုံးရောက်ချင်နေပြီ





မဟုတ်လား"

"ဘာရှင့်! ရှင့်စကားက ဘာအဓိပ္ပာယ်လဲ. . . ကျွန်မက ရှင့် အစ်ကိုကိုလိုချင်လွန်းလို့ တဲကဲဆက်လိုက်လာခဲ့တာမဟုတ်ဘူး။ ဟို ဒေါက်တာနဲ့မယူချင်လို့ လိုက်ခဲ့တာရှင့်"

သူမ ဒေါသဖြင့်ဆောင့်အော်တော့ သူပြုံးစိစိဖြစ်သွားရပါ၏။ သူမနှင့်စကားပြောလေတိုင်း အဆင်ပြေသည်မရှိဘဲ အမြဲဘု နဲ့ဘောက်ဖြစ်နေကျမဟုတ်လား။ အခုလည်း ကိုကိုနဲ့ပတ်သက်ပြီး နည်းနည်းပဲ အစပျိုးရုံရှိသေးတယ်။ သူမဒေါသက စလာချေပြီ။

"ဒါဖြင့် ကိုကို့ကို မင်းမချစ်ဘူးပေါ့လေ"

"ဘာ! ရှင်နော်။ ရှင့်အစ်ကိုနဲ့မပေးစားချင်တာနဲ့ ပြဿနာ ရှာဖို့မကြံနဲ့။ ရှင်ပဲ၊ ရှင့်အစ်ကိုကိုမယူရင် သတ်မယ်ဖြတ်မယ်လုပ်လို့ အခုပါလာတာပဲဟာ"

"ဒါဖြင့် ကိုယ့်ကိုကြောက်လို့ပါလာတယ်ဆိုပါတော့"

"ဝေးသေး. . . လောကမှာ ကျွန်မကြောက်ရမယ့်လူ မမွေး သေးဘူး"

"မင်းအဖေကို မကြောက်တာကျလို့"

"မကြောက်ပါဘူး။ ကျွန်မက ကိုယ်မှန်တယ်ထင်ရင် ဘာကိုမှ



www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်တတ်တဲ့မိန်းမရှင့်"

"ဒါဖြင့် ကိုကို့ကိုမင်းချစ်တာ မှန်တယ်လို့ယူဆတယ်ပေါ့လေ"

သူမ. သူ့ကိုမျက်စောင်းခဲကာ တစ်ဖက်သို့လှည့်သွားတော့ သူရယ်ချင်လာ၏။ စိတ်ကောက်တဲ့ပုံစံလေးကအစ ချစ်ဖို့ကောင်းနေတာပါလား. . . မိုးမြင့်စံရယ်။

"ကိုယ်မေးတာ မင်းမဖြေသေးဘူးနော်"

"ဘာလဲ"

"မင်း ကိုကို့ကိုချစ်ရဲ့လားဆိုတာလေ"

"ချစ်တာပေါ့ရှင့်၊ ဘယ့်နှယ်ပြောလိုက်ပါလိမ့်။ ဟောဒီရင်ထဲအသည်းထဲ၊ ကလီစာတွေပြုတ်ထွက်ကုန်တော့မလောက်ထိ ချစ်တယ်ရှင်. . . ကဲ"

ရွှဲ့ပြောမှန်းသိသော်လည်း သူတီးတိုးရယ်လိုက်မိလေသည်။ မေးမှတော့ ပြောပြီပေါ့။ ကိုကို့ကိုတကယ်ချစ်မှန်းယုံပါသော်လည်း ရင်ထဲမှာတော့ နည်းနည်းလေးအောင့်သွားတာ အမှန်ပါပဲ။ ကိုကို့ကို မနာလိုဖြစ်ချင်ပေမယ့် သူက ကြားလူမို့ ဘာမှမတတ်နိုင်ပါချေ။

"မေတ္တာစစ်နဲ့ချစ်တာရော ဟုတ်ရဲ့လား,မိုးမြင့်စံ"

"ဘယ်သူက အတုအယောင်နဲ့ချစ်တယ်လို့ ညာပါ့မလဲရှင့်။





ရှင်စကားပြောတာ ဆင်ခြင်မှပေါ့"

"မင်းစကားအတည်ဖြစ်ပါစေနော်. . . မိုးမြင့်စံ။ ကိုကိုနဲ့တွေ့မှ မင်းစိတ်တွေ မပြောင်းလဲသွားပါစေနဲ့။ ကိုကိုက မင်းနဲ့တွေ့စဉ်ကနဲ့ မတူတော့ဘူး"

"ဘာဖြစ်နေလို့လဲဟင်"

"ကိုယ်ကြိုမပြောပါရစေနဲ့လေ။ မင်းကိုယ်တိုင်တွေ့မှပဲ သိပေါ့. . . ကိုကို့အပေါ် မင်းမေတ္တာစစ်မှန်မမှန်ဆိုတာ အဲဒီတော့မှ အဖြေပေါ်လာမှာ"

"ရှင့်,ကျွန်မကို ပဟေဠိမဝှက်ချင်ပါနဲ့ ညီသပြေ။ ကျွန်မစိတ်ထဲမှာ အရမ်းသိချင်နေပြီ"

"ကိုယ့်ကိုအမြန်ဆုံးတော့ မမောင်းခိုင်းပါနဲ့မိုးမြင့်စံ။ ညဘက်ဆို လမ်းတွေက ပိုအန္တရာယ်များလို့ တစ်ညနားမယ်လို့ ကိုယ်ပြောနေတာပေါ့။ ကိုယ်တို့ ဟိုတယ်တစ်ခုခုမှာ ဝင်နားမှဖြစ်လိမ့်မယ်"

"နားပေါ့ရှင့်။ တစ်ညတည်းမပြောနဲ့, တစ်ပတ်လောက်တည်းလည်းဖြစ်တယ်"

သူမ ဆောင့်ဆောင့်အောင့်အောင့်နှင့်ပြောလိုက်စဉ် သူက ဟိုတယ်ဝင်းတစ်ခုထဲသို့ ကားကိုကွေ့ဝင်လိုက်ပါ၏။ မှောင်ရိပ်နှုံးစမို့



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်မှာ မီးတွေထိန်ထိန်လင်းလျက်ရှိပါသည်။

"ပြဿနာပဲ။ ဒီလိုလမျိုးက ခရီးထွက်တတ်ကြတဲ့လဆိုတော့ ဧည့်သည်တွေများလိမ့်မယ်ထင်တယ်"

သူက ညည်းညည်းညူညူပြောကာ Reception သို့လျှောက်သွားသဖြင့် သူမ သူ့နောက်မှလိုက်လာခဲ့ပါ၏။

"မင်္ဂလာညနေခင်းပါရှင်။ ကျွန်မတို့ . . . . . . Hotel က ဘာများကူညီပေးရမလဲရှင်"

"ဟိုလေ. . . တစ်ယောက်ခန်း, နှစ်ခန်းရနိုင်မလား"

"ဝမ်းနည်းပါတယ်ရှင်။ ဒီလက Guess တွေလာတာ များလို့ Single room ကုန်သွားပါပြီ။ Double room ဆိုရင်တော့ ရပါမယ်"

"ဒါဖြင့် နှစ်ခန်းရမလား"

"တစ်ခန်းပဲ ကျန်ပါတော့တယ်ရှင်. . . မနက်ကျရင်တော့ checkout ထွက်မယ့် ဧည့်သည်တွေရှိပါတယ်"

သူက 'ဘယ်လိုလုပ်မလဲ' ဟူသည့်သဘောဖြင့် သူမကိုလှည့်ကြည့်လိုက်စဉ် သူမက သူ့လက်မောင်းကို ဆတ်ခနဲ ဆွဲဆိတ်လိုက်လေသည်။





"အာ! ကိုယ်ဘာလုပ်မိလို့လဲ"

"ရှင် သိသိကြီးနဲ့ ဒီဟိုတယ်ကိုတမင်သက်သက်ဝင်လာခဲ့တာ မဟုတ်လား။ ညာဏ်နီညာဏ်နက်များမယ့်မကြံနဲ့"

"ကိုယ်ဘာမှမသိဘူးနော်။ ကံတရားက သူ့ဟာသူဖန်တီးပေးလိုက်တာလေ"

"ဘာကံတရားလဲ! အားအားရှိ သူ့ဟာသူနေနေတဲ့ကံကို လွှဲမချပါနဲ့"

"ဟောဗျာ"

"ညီမ ကြားထဲက တောင်းပန်ပါတယ်ရှင်။ ဒါ ဟိုတယ်တိုင်းဖြစ်နေတဲ့ထုံးစံပါ။ ဧည့်သည်ကျတဲ့ရာသီဖြစ်နေတာကိုး၊ ဒီအချိန်က Family အလိုက် အပျော်ခရီးထွက်တာတွေ၊ စုံတွဲတွေ Honey Moon ထွက်တာတွေများပြီး အခန်းလွတ် ကုန်သွားတာပါ။ မယုံရင် တခြားဟိုတယ်တွေမှာ မမလိုက်စုံစမ်းကြည့်ပါရှင်"

ဧည့်ကြိုကောင်မလေးက လေပြည်လေးနှင့်ရှင်းပြတာမို့ သူမ နှုတ်ခမ်းစူသွားရပါ၏။ ဒုက္ခပဲ. . . သူနဲ့နှစ်ယောက်အတူ တစ်ခန်းတည်း တည်းရမှာတဲ့။ ဘယ်လိုများလုပ်ရပါ့။

"ကိစ္စမရှိပါဘူး ညီမလေးရယ်။ ကိုယ်တို့နှစ်ယောက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



Honeymoon ထွက်လာကြတာပါ"

"ရှင်! "

"ဒီမှာလေ. . . ပူပူနွေးနွေးလက်ထပ်စာချုပ်"

"ရှင်နော်"

ကောင်မလေးက သူထုတ်ပြလိုက်သည့်စာချုပ်ကတ်ပြားကို တစ်ပိုင်းတစ်စမြင်သွားပြီး ပြုံးစိစိလေးဖြစ်သွားလေ၏။ လက်ထပ်ပြီးသားဇနီးမောင်နှံအသစ်စက်စက်လေးမို့ နှစ်ယောက်ခန်းငှားရမှာ ရှက်နေသည့်ပုံစံပေါက်သွားသည်ကိုး။

"သူက လမ်းမှာ ကိုယ့်ကိုကောက်ပြီး ဂျစ်တိုက်နေလို့ပါ"

သူက လက်ညှိုးလေးကွေးပြပြီး တီးတိုးပြောလိုက်တာမို့ သူမ စိတ်တိုတိုဖြင့် သူကျောကုန်းကို အုန်းခနဲထုလိုက်လေ၏။

"ကဲ! လျှာရှည်ဦး"

"အား. . . အချစ်ကြမ်းလိုက်တာ ချာတိတ်ရယ်။ ခုကတည်းက အနိုင်ကျင့်လှချည်လား"

"ကြည့်! ပြောမြန်ပြီ"

သူမလက်က သူ့ကိုတအုန်းအုန်းထုနေသည်မို့ သူက သူမလက်တို့ကိုကာရင်း ဆုပ်ကိုင်ထားလိုက်လေ၏။





ညော့်ကြိုကောင်မလေးက ပြုံးနေရာမှ ရယ်ချလိုက်ပြီး ကောင်တာပေါ်သို့ သော့တစ်ချောင်း တင်ပေးလိုက်ပါသည်။

"ဒါဖြင့် ဒီအခန်းပဲ ယူမှာပေါ့နော်။ ဘယ်နှည တည်းမှာပါလဲရှင်။ မှတ်ပုံတင်လေးတွေ ခဏပြပါ"

"ဒီတစ်ညတည်းပါ, ညီမလေးရဲ့။ အစ်ကိုတို့က ခွေပြမျိုးပြ ခရီးဆက်ရဦးမှာလေ"

"ပြောနေတဲ့ကြားက. . . ရှင်နော်"

သူက မှတ်ပုံတင်ထုတ်ပေးကာ အခန်းသော့ကိုကော လိုက်ပါ၏။ သူမက သူ့ကိုမျက်စောင်းခဲ၍မဆုံးတော့ကင်မလဲဆို

"ဒီက ဝန်ထမ်းတွေလိုက်ပို့ပေးပါလိမ့်မယ်ရှင်"

"နေပါစေ. . . ညီမလေး။ ကိုယ်တို့မှာ ပစ္စည်း ဘူး" ဟာ။ ခရီးပန်းလာလို့ နားချင်ပြီ"

သူက ပြုံးစစပြော၍လှည့်ထွက်လာတော့ သူ့နောက်သို့လိုက ထုရင်း သူမပါ Lift ထဲဝင်လိုက်ရလေ၏။ Reception မှ ကောင်မလေးနှစ်ယောက်ရယ်သံက နောက်ပါးမှာကျန်ရစ်ခဲ့လေသည်။ သူမတို့ပုံစံက ချစ်စ၊ ခင်စ၊ ကြင်နာစမောင်နှံပုံစံပေါက်နေသည်ကိုး။

"ရှင်ဘယ်လိုဖြစ်နေလဲ။ တော်တော်လျှာအရှည်တွေ နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်ပေါ့လေ"

"ဒီလိုမပြောလို့ ဘယ်လိုပြောရမှာလဲ. . . မိုးမြင့်စံရဲ့"

"ရှင်, ဒီစာချုပ်ကိုင်ပြီး. . . ကျွန်မကိုဒုက္ခပေးဖို့မကြံနဲ့နော်။ ကျွန်မက ရှင့်ကိုငြိမ်ပြီးကြောက်နေမယ့်သူမဟုတ်ဘူး။ ရီးတီးယားတားလုပ်လို့ကတော့ ကိုင်ပေါက်ပြီသာမှတ်"

"ကိုင်ပေါက်ရင်လည်း ခုတင်ပေါ် ကိုင်ပေါက်ပါ မိုးမြင့်စံရယ်" ပြီး... "ဘာပြောတယ်"

မှာ ရှက်Sorry! ကိုယ်က နိုးနိုးသားသားပြောလိုက်တာပါကွ။ ကြမ်း

"သူစင် နာသွားမှာစိုးလို့ မွေ့ရာခင်းထားတဲ့ခုတင်ပေါ်ကို သူ... ဘာ"

စိတ်တိုတိုဖြင့်

သူမက သူ့ကိုမျက်စောင်းခဲကာ တစ်ဖက်သို့လှည့်ရပ်လိုက်ပါ၏။ မျက်စောင်းခဲတာလည်း လှတာပါပဲလားနော်။ ဒီလိုကောင်မလေးကိုများ ကိုကိုဘယ်လိုရှာတွေ့ခဲ့တာပါလိမ့်။

အခန်း lock ကိုဖွင့်လိုက်စဉ် မြင်လိုက်ရသည့် နှစ်ယောက်အိပ်ခုတင်ကြီးကြောင့် သူမမျက်နှာလေး ရဲခနဲဖြစ်သွားပြီး နောက်သို့ ဖျတ်ခနဲဆုတ်လိုက်မိလေ၏။ သူက သူမလက်ကောက်ဝတ်ကို





ဆတ်ခနဲဆွဲကာ အခန်းတံခါးကိုအတွင်းမှပိတ်ချလိုက်ပါသ...

"ရှင်နော်! ဒါဘာလုပ်တာလဲ" ...ယ်။ မင်းပဲ

"ကိုယ် ဘာလုပ်လို့လဲ။ မင်းလှည့်ထွက်လိုက်...သံနဲ့ပေါင်းလိုက်

...staff တွေရော၊ Guess တွေပါ မြင်သွားတာ...လား"

...သယဝင်ပြီး စစ်လားဆေးလားတွေဖြစ်လာရင်

...ရန်ကုန်ပြန်ရောက်သွားမှ တုတ်ပေ့ဖြစ်လ...နောက်မှာကွယ်၍ ရပ်

"ဘာရောက်စရာအကြောင်းမှမရှိဘူး။ ...း အမြင်မှာ House-

...နိုးလာရင် သက်သေပြလို့ရအောင် ရှင်နဲ့ကျွန်...များသုံးဆောင်မလဲဆို

...လေ။ တစ်ခုခုဆို အဲဒါထုတ်ပြလိုက်ရုံပဲ. . .

...ျွန်မစီစဉ်လာတာပဲဟာ"

"အေးလေ. . . မင်းသက်သေပြတာက နောက်...စိတ်မရှိဘူး"

...ငါ့ကိုဖမ်းပြီးထောင်ချမှာက အရင်လေ။ ဘယ်သူမှသိ... ပို့ပေးပါ

...အောင် မင်းမလုပ်မိပါစေနဲ့"

"ဟင်! "

သူမက ခြေဆောင့်ကာ ခုတင်ထက်ထိုင်ချလိုက်တော့ သူက ...ညစ်သည့်ကြားမှ ပြုံးလိုက်မိလေ၏။ မပြုံးမိဘဲ နေပါ့မလား။ ...တာသူမ, ဒေါက်တာကိုမယူချင်တာနှင့်ပဲ သူ့လက်ကိုဆွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



တယ်ပေ့ ကိုခေါ်သွားခဲ့တာလေ။ အခုတော့ ဒီစာချုပ်ကိုပြပြီး

"ဒီလို မှာကို ကိုးရိမ်နေသည်ကိုး . . .။

"ရှင်, ဒီ စံရယ် . . . ကိုယ်ပိုင်ဆိုင်ချင်တာ မင်းရဲ့သက်ရှိခန္ဓာ

ကျွန်မက ရှင့်ကိုပြီး ဘဲဖြစ်တည်စေတဲ့နှလုံးသားကိုပဲဆိုတာကို ကိုယ်

တားလုပ်လို့ကတော့ ဒိုလိုနားလည်နိုင်ရင် ဘယ်လောက်များကောင်း

"ကိုင်ပေါက်ရင်လ

ပြီး "ဘာပြောတယ်" ဒေါက်! "

မှာ ရက် Sorry! ကိုယ်က

"သူ့ဂှာ နာသွား လုံးဝိုင်းဝိုင်းလေးတွေဖြင့် သူ့ကိုမော့ကြည့်လို

သူဂှာ တာ" ါးဖွင့်ရန် ခြေလှမ်းလိုက်စဉ် သူ့လက်မောင်း

စိတ်တိုတိုဖြင့် ဆွဲထားလေသည်။

"သူမက ဘာ! ဘာလုပ်တာလဲ"

၏။ မျက်စေ့ "ရှင်အရမ်းမဖွင့်နဲ့လေ။ တော်ကြာ, ပါပါ့လူတွေဖြစ်နေ

လေးက် ဘယ်လိုလုပ်မလဲ"

"မင်းပဲ စာချုပ်ရှိတယ်ဆို"

"အဲဒီစာချုပ်က ပါပါနဲ့တွေ့ရင် တရားမဝင်ဖြစ်မှာကို

မစဉ်းစားမိဘူးလား။ ရှင်အတင့်ရဲပုံနဲ့ ကျွန်မတော့ ဒုက္ခတွေ့





မှာပဲ"

"ဖြစ်လာရင်လည်း ရင်ဆိုင်ကြရုံပေါ့ မိုးမြင့်စံရယ်။ မင်းပဲ လူကြမ်းငါးယောက်လောက်တော့ အပျော့ပဲဆို။ ကိုယ်နဲ့ပေါင်းလိုက်ရင် ဆယ်ယောက်လောက်တော့ easy ပဲမဟုတ်လား"

"ကဲ! ပြောမရလည်း ဖွင့်ရှင်"

သူမက မျက်စောင်းခဲလိုက်ပြီး သူ့နောက်မှာကွယ်၍ ရပ်လိုက်ပါ၏။ သူ တံခါးဖွင့်လိုက်တော့ တံခါးအပြင်မှာ House-keeping staff တစ်ဦး ရပ်နေလေသည်။

"တောင်းပန်ပါတယ်ခင်ဗျာ။ ဒီည ဘာများသုံးဆောင်မလဲဆိုတာ လာပြီးမေးတာပါခင်ဗျ"

"ခဏနော်။ ကဲ! ဘာစားမှာလဲချာတိတ်"

"ဆာတော့ဆာတယ်။ ဒါပေမဲ့ ဘာကိုမှစားချင်စိတ်မရှိဘူး"

"ဒါဆိုရင် ကော်ဖီတစ်ကရားနဲ့ မုန့်သုံးမျိုးလောက် ပို့ပေးပါ ညီလေးရယ်"

"ဟုတ်ကဲ့ပါ အစ်ကို"

ကောင်လေးထွက်သွားတော့မှ သူမ သက်ပြင်းချကာ ခုတင်ဘက်မှာ ပြန်ထိုင်လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဘယ်မှာအိပ်မှာလဲ"

"ဟာ! အခန်းငှားထားမှတော့ အခန်းထဲမှာပဲ အိပ်မှာပေါ့"

"ရှင်နော် . . . ကျွန်မနဲ့အတူတူအိပ်မယ်လို့ ပြောလို့မရဘူး။ လူကိုဘာမှတ်နေလဲ"

"ဒီခုတင်မှာမအိပ်ရင် ဘယ်မှာသွားအိပ်ရမှာလဲ။ အခန်းထဲမှာ ဆက်တီတွေဘာတွေလည်း ရှိတာမှမဟုတ်တာ"

"မရဘူးနော်။ ရှင့်သမံတလင်းမှာပဲအိပ်"

"ရမလားကွ။ ငါအအေးမိပြီး သေသွားမှာပေါ့။ အဲဒါမှ လူသေကြီးနဲ့ မင်းတစ်ခန်းတည်းအိပ်ရမှာလေ။ မင်းမကြောက်ဘူးလား။ ငါတော့ တွေးကြည့်ရင် ကြက်သီးထတယ်။ အမယ်လေး . . . ကျောချမ်းစရာကြီး"

သူက တကယ်ပင်ကျောချမ်းသလို ပခုံးတွန့်ပြလိုက်တာမို့ သူမလန့်လာမိလေ၏။ လူလူချင်းမကြောက်တတ်တာ မှန်ပေမယ့် ဒီလိုမမြင်ရတဲ့အကောင်ပလောင်တွေကိုတော့ မိန်းမသားမို့ သူမ တကယ်ကြောက်ပါသည်။ ဒီကြားထဲ သူက ဖွခြောက်နေတာမို့ လိပ်ပြာက လွင့်ချင်လာရလေ၏။

"ရှင်နော် . . . ကလီကမာလုပ်မယ် မကြံနဲ့။ ကျွန်မက လူ





မကြောက်ပေမယ့် အဲဒါမျိုးတွေကြောက်တတ်မှန်း ရှင်သိလို့ ဖွခြောက်တာမဟုတ်လား"

"ဟုတ်လား။ မင်းတကယ်ပဲကြောက်တတ်သလား၊မိုးမြင့်စံ။ မျက်လုံးက သပိတ်လောက်၊ နားရွက်က ဇကောထက်ပိုကြီးပြီး တစ်ဖက်ကိုခင်း၊ တစ်ဖက်ကိုခြုံအိပ်တဲ့သဘက်မျိုးကိုရော မြင်ဖူးလား"

"ကြည့်ပါလား။ ရှင်နော် . . . ပြောနေတဲ့ကြားက ထပ်ပြောနေပြန်ပြီ . . . ကဲ"

သူမက ခုတင်ပေါ်တင်ထားသည့်ဖက်လုံးဖြင့် လှမ်းရိုက်လိုက်တာမို့ သူက လက်ဖြင့်ကာဆီးကာ ရယ်ချလိုက်လေ၏။ ဒါလေးပြောတာကိုတောင် ဒီလောက်ကြောက်နေရင် သူမ တကယ်ပဲကြောက်တတ်တာထင်ပါရဲ့။

ကော်ဖီလာပို့ပေးသည့်ကောင်လေးက သူနှင့်သူမ စကားမပြောကြဘဲ ရှုတည်တည်ကြီးဖြစ်နေတာကိုမြင်သွားတာမို့ ပြုံးစိစိကြည့်ကာ ပြန်ထွက်သွားပါ၏။ စားပွဲပေါ်တင်ပေးခဲ့သည့်ကော်ဖီနှင့် မုန့်ကို ဗိုက်အဆာပြေရုံလေးစားကာ သူမက မွေ့ရာထက်လှဲချလိုက်လေသည်။

"ကဲ! စိတ်ချလက်ချအိပ်ပါ။ ကိုယ့် တစ်ညလုံး သတိနဲ့စောင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ့မယ် မိုးမြင့်စံ”

သူက ပြောပြီးသည်နှင့် ဝရန်တာတံခါးကိုဖွင့်ကာ အပြင်ဘက် ထွက်ရပ်နေလေသည်။ သူမ အိပ်ရာထဲမှာ ဟိုဒီလူးလိမ့်ရင်း အိပ်မပျော်နိုင်သေး။ အမယ်လေးနော်. . . သူပြောသလိုပဲ ဒီလိုနေရာမှာ လူသေတာမျိုးရော မရှိနိုင်ဘူးလား။ အခန်းကလည်း ထောင့်ဆုံးခန်းမို့ လူသံက တိတ်ဆိတ်နေသေး။ သရဲတွေဘာတွေ ခြောက်ခဲ့ရင်ဖြင့် အခန်းထဲမှာ သူမတစ်ယောက်တည်း။

“ညို”

“. . .”

“ညို”

သူမအော်ခေါ်သံက စူးခနဲထွက်လာတာမို့ သူ တံခါးဖွင့်ကာ အခန်းထဲဝင်လိုက်ပါ၏။

“ဘာဖြစ်တာလဲ”

“ရှင်မအိပ်သေးဘူးလား”

“မင်းပဲစောင့်ဆို”

“ကျွန်မတစ်ယောက်တည်း မအိပ်ရဲလို့ပေါ့ရှင့်။ ရှင် ဒီမှာလာအိပ်နော်။ ဒါပေမဲ့. . . ကျွန်မနဲ့ကြားမှာ ဒီဖက်လုံးတော့ ထား





အိပ်ပါ။ ရှင့်မရိုးလောင်းဆိုတဲ့အသိစိတ်လေးနဲ့ ရှင့်သိက္ခာကိုတော့ ရှင်ထိန်းမှဖြစ်မှာနော်”

“ငါသိပါတယ်”

“ဒါဖြင့်လည်း လာအိပ်တော့လေ။ မီးပိတ်ချင်လည်း ပိတ်တော့”

သူမက စောင်ကိုခေါင်းမြီးခြုံကာ လှဲချလိုက်လေ၏။ သူပြုံးခနဖြင့် ခုတင်ထက်မှာ ခပ်ဖွဖွလေးထိုင်လိုက်ပါသည်။ ဩော်. . . မိုးမြင့်စံ၊ မိုးမြင့်စံ။ နောက်ဆုံးတော့ ဒီမရိုးဆိုတဲ့လက်တိုင်တုတ်ကို သုံးပြီး ကိုယ့်ကို အနားမှာခေါ်ထားတာပဲမဟုတ်လား။ တကယ်ဆိုရင် မင်းနဲ့ကိုယ်က စာချုပ်ထဲမှာလက်မှတ်ထိုးပြီး လက်ထပ်ထားတဲ့ဇနီးမောင်နှံတွေပါ။ ဒါကိုအကြောင်းပြုပြီး ကိုယ် အကြပ်ကိုင်တော့ရော မင်းဘာများတတ်နိုင်မှာတဲ့လဲ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

"ဘာ! ဘာပြောလိုက်တယ်. . . မေရီ"

"ဘုံဘုံ့, ရှင့်ဆီရောက်လာသလားလို့ မေးနေတာလေ။ အခုမှ လေးဆယ်ကျော်ရုံပဲရှိသေးတာ၊ ရှင့်နားတွေ လေးနေပြီလား"

"မင်းနော်, စကားပြောရင်ကောင်းကောင်းမပြောတတ်တော့ ဘူးလား။ လူကို ခနဲ့သလိုရွဲ့သလိုနဲ့"

"ကျွန်မက သမီးလေးကို ကက်နက်နဲ့အတင်းစီစဉ်ပေးမယ် ပြောတာနဲ့ စိတ်ဆိုးပြီးထွက်သွားလို့ စိတ်ပူနေတာရှင့်။ ရှင်လည်း အဖေတစ်ယောက်အနေနဲ့ ပူပန်သင့်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာပဲ ကိုယ့်သမီးကြီးပျောက်သွားလို့ တစ်ပူက မအေးသေးဘူး။ နောက်တစ်ပူက ဆင့်ပြန်ပြီး ဒုက္ခတွေများ လာလိုက်ရင် အုံနဲ့ကျင်းနဲ့ပါပဲလားနော်။

"မင်းခေါ်သွားတဲ့သမီးပဲ၊ မင်းမှာပဲ တာဝန်ရှိတာပေါ့။ ငါနဲ့ အနေသာကြီး"

"ဦးဥက္ကာ! ရှင် ဘယ်လိုဖအေလဲ၊ တာဝန်မဲ့စကားပြောရသလား။ ကျွန်မက ရှင့်ကိုအပူကပ်နေတာမဟုတ်ဘူးရှင့်၊ သမီး ဘုံဘုံမှာ အားကိုးစရာဆွေမျိုးဆိုလို့ ဒီအဖေပဲရှိတာလေ။ ရှင်ဆီကိုပဲ လာဖို့များလို့ ကျွန်မမေးမိတာ၊ တကယ်လို့ရောက်လာရင် ရှင်ခေါ်ထားပြီး ကျွန်မဆီအကြောင်းကြားပေးဖို့ပဲပြောတာ"

"မင်း ဘယ်လိုမအေလဲကွ. . . သမီးသဘောမတူရင်လည်း အတင်းမပေးစားနဲ့ပေါ့။ အခု ဘယ့်နှယ်လုပ်မလဲ၊ ငါ့သမီးလေးတော့ ဒုက္ခဖြစ်တော့မှာပဲ"

"ဩော်! ရှင်တော်င်မှ ဟိုဆရာဝန်ပေါက်စလေးနဲ့ သမီးကြီးကိုပေးစားဖို့ ကြံသေးတာလေ၊ ကျွန်မပေးစားတဲ့ကောင်လေးက အလုပ်လည်းကြိုးစားသလို အရမ်းလည်းချမ်းသာကြတာရှင့်"

"မင်းက အတော်ဆင်းရဲနေလို့လား မေရီ၊ ကလေးကို စိတ်





ဆင်းရဲအောင်မလုပ်ပါနဲ့"

"အမယ်. . . ရှင်သာ သမီးကြီးသဘောကျ ကြည့်စီမံပေးပါ ဦးဥက္ကာရဲ့၊ အခုရော. . . သမီးကြီးရှိလား"

"မရှိဘူး"

"မရှိရအောင် ဘယ်သွားနေတာလဲ၊ ရှင် ဒီလိုပဲ ကိုယ့်သမီးကို ပစ်စလက်ခတ်ထားရသလား"

"လင်နောက်လိုက်သွားလို့ ငါပစ်ထားတာဟေ့! ကဲ"

ဦးဥက္ကာ ရွှဲပြောကာ Phone ကို ဂွပ်ခနဲချလိုက်ပါ၏။ အဲဒါမှ အကြီးအကျယ်ဒုက္ခ၊ သမီးနှစ်ယောက်စလုံးပျောက်နေတာ သူငြိမ်နေလို့မဖြစ်တော့ပါဘူး။ စုံစမ်းရတော့မှာပဲ။

နေဦး. . . ဟို ကောင်လေးရှိမရှိ အရင်စုံစမ်းဦးမှပဲ။

"ဟဲလို"

"ဟဲလို! မိုးသောက်ကုမ္ပဏီကပါခင်ဗျာ"

"အခုပြောနေတာ ညီသပြေလားဟေ့"

"ဩော်. . . ကိုညီ နယ်ကိုပြန်သွားပါတယ်ခင်ဗျာ၊ ကျွန်တော်က မန်နေဂျာ စိုးထိုက်ပါ၊ ဘာကိစ္စများရှိလို့ပါလဲ"

"ညီသပြေက နယ်ကိုဘာကိစ္စနဲ့ပြန်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အစ်ကို ဆေးရုံပြမယ့်ရက်နီးနေလို့လို့ မှာသွားပါတယ် ခင်ဗျာ"

"သူ့နယ်လိပ်စာသိရင် အန်ကယ့်ကိုပြောပါကွယ်"

"ကျွန်တော်. . . ဒါတော့မသိပါဘူး အန်ကယ်။ ခွင့်လွှတ်ပါ ခင်ဗျာ"

ဦးဥက္ကာ Phone ပြန်ချလိုက်ပါ၏။

ဘယ်လိုလဲ. . . သမီးကလည်းပျောက်နေတယ်၊ ဒီကြားထဲ ဟိုကောင်လေးကပါ နယ်ကိုပြန် သွားသတဲ့။ ဒါဆို သမီးကိုခေါ် သွားတာရော မဖြစ်နိုင်ဘူးလား။ ဖြစ်နိုင်ချေ အများကြီးရှိတာပေါ့။ သူ့ကို မှင်ကောင်းကောင်းနဲ့ မိမိုး မလာဘူးလို့ညာပြီး သူ့အလစ်မှာ 'မ'ထုတ်သွားနိုင်တာပဲ။

တောက်! ညီသပြေဆိုတဲ့ကောင်တော့လား။ မိလို့ကတော့ တစ်စစီဆွဲဖြုတ်ပစ်တော့မယ်။

ဦးဥက္ကာ ရဲစခန်းရှိရာဆီ ထွက်လာခဲ့၏။ စခန်းမှူးဦးမြင့်ဆွေ က ဖော်ရွေစွာဖြင့် ဆီးကြိုပါ၏။ ကိုယ့်အထုပ်ကိုယ်ဖြည်ပြရမှာမို့ ရှက်လည်းရှက်ပါသည်။ သို့သော် သမီးအတွက်က ပိုပြီးပူလောင်နေ တာ အမှန်ပါလေ။





"ထိုင်ပါ ဦးဥက္ကာ။ ကျွန်တော် ဘာများအကူအညီပေးရမလဲ ပြောပါ"

"ပြောရမှာတော့ အားနာပါတယ်။ လူပျောက်တိုင်ချင်လို့ပါ ကိုမြင့်ဆွေ"

"ဘယ်သူလဲခင်ဗျ. . . နာမည်ရယ်၊ အသက်ရယ်၊ ပုံပန်း သဏ္ဌာန်ရယ်၊ ပျောက်သွားတဲ့နေ့ရက်အချိန်လေးရယ် ပြောပါ"

အဲ! အဲဒါမှခွပဲ။ သမီးက ဟိုတလောက အဖမ်းခံလိုက်ရတဲ့ အဖွဲ့နဲ့အပေါင်းအသင်းဖြစ်ခဲ့တာလေ။ ပြဿနာကတော့ မိုးခိုးကြွက် ပျောက်ပေါ် ကုန်တော့မှာပါပဲလား။

"ကျွန်တော့်သမီး. . . မိုးမြင့်စံပါ"

"ဪ. . . ဘယ်တုန်းက ပျောက်သွားတာလဲ"

"ဟိုတစ်နေ့ကပဲ"

"နေရာရော မှတ်မိလား"

"ကျွန်တော်ထင်တာတော့ ဟိုကောင်လေးခေါ်သွားတာပဲ ထင်တယ်"

"ဘယ်ကကောင်လေးလဲ ဦးဥက္ကာ"

"မိုးသောက်ကုမ္ပဏီက ညီသပြေလေ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်ဆွေ ကြမ္ဘွေရရှုပြုံးလိုက်ပါ၏။ ချစ်သူနောက်ပါသွားသည့်သမီးကို လူပျောက်လာတိုင်တဲ့အမှုဖြစ်နေတာမဟုတ်လား။

"ညီသပြေနဲ့ မိုးမြင့်စံကို ဘာလဲ. . . ဦးဥက္ကာ"

"သမီးပြောတာတော့ ချစ်သူတွေဆိုလားပဲ"

"ဒါဆိုရင်တော့ ခင်ဗျားလက်လျှော့မှပဲဖြစ်တော့မယ် ဦးဥက္ကာ. . . ဘာဖြစ်လို့လဲဆိုတော့ မိုးမြင့်စံက အသက်ပြည့်ပြီးသားမိန်းကလေးဖြစ်နေပြီလေ။ သူချစ်သူနောက်ကို အသာတကြည်စိတ်ပါပြီလိုက်သွားရင် အမှုဖွင့်လို့မရနိုင်ဘူးခင်ဗျ"

"ဒုက္ခပဲ. . . မေရီကလည်း Phone ဆက်တယ်။ သမီးငယ်ဒီကိုရောက်နေတာယ်တဲ့"

"ဘယ်လို"

"ဟုတ်တယ်၊ သမီးငယ်ပါ ဒီရောက်ပြီး ကျွန်တော့်ဆီရောက်မလာရင် သူပါပျောက်နေပြီ"

"သမီးငယ်နာမည်ကရော"

"ရွှေဘုံစံလေ"

"ဗျာ! ရွှေဘုံစံ. . . ခဏလေး။ ဟိုတလောက မူးယစ်တစ်ဖွဲ့ကိုပို့လိုက်တဲ့ File ကျွန်တော်ရှာကြည့်ဦးမယ်။ ဒီနာမည်ကို ကြားဖူးလို့ပါ"

"ခင်ဗျာ! "

ဦးမြင့်ဆွေက အံဆွဲထဲသော့ပိတ်ထားသည့် File တစ်ထပ်ကြီးမှ အနက်ရောင် File ကိုဆွဲထုတ်ကာ ဖွင့်ကြည့်လိုက်ပါ၏။

"ဟော! ဟုတ်ပါပြီ။ ဒါကြောင့် ဒီနာမည်ကိုရင်းနှီးနေတာပါ။ . . . . နေ့က (199) နဲ့မူးယစ်တစ်ဖွဲ့ပေါင်းပြီးဖမ်းလိုက်တဲ့ တင်မမတို့အုပ်စုနေရာကိုသတင်းပေးလိုက်တာရွှေဘုံစံပဲ ဦးဥက္ကာရေ့။ ကျွန်တော်က ခင်ဗျားရဲ့သမီးမှန်းမသိလို့ပါ"

"ဗျာ! သမီးငယ်သတင်းပေးလိုက်တာဟုတ်လား"

"ဟုတ်ပါတယ် အဲဒီရက်မတိုင်ခင်ကတည်းက သူသတင်းကြိုပြီး ပို့ထားတာဗျ။ နေရာအတိအကျမသိသေးဘူးလို့တော့ ကြိုပြောထားတယ်လေ။ မူးယစ်နှိမ်နင်းရေးအဖွဲ့ကလည်း ဒီအုပ်စုက ဒီမှာပစ္စည်းဖြန့်တဲ့တစ်စိတ်တစ်ဒေသပါနေတာဆိုတော့ ခြေရာခံနေရင်းအုပ်မိသွားတာပေါ့။ သိပ်မကြာခင်မှာ သူတို့ကိုဖြန့်ပေးတဲ့ဂိုဏ်းချုပ်ကိုမိတော့မှာလေ။ ဂုဏ်ယူပါတယ်. . . ဦးဥက္ကာရာ။ အခုလိုတာဝန်သိပြီး နိုင်ငံအကျိုးကိုအုတ်တစ်ချပ်၊ သဲတစ်ပွင့်နေရာက ပါဝင်ပေးတဲ့သမီးလေးမျိုး မွေးထားတဲ့အဖေကိုဂုဏ်ယူပါတယ်"







www.burmeseclassic.com

www.burmeseclassic.com



လက်ကမ်းပေးနေတာမို့ ဦးဥက္ကာ အီလည်လည်မျက်နှာဖြင့် ပြန်နှုတ်ဆက်လိုက်ရပါ၏။ ဘုရားရေ. . . နိုင်ငံခြားကရောက်လာတဲ့သမီးက ဒီလိုဂိုက်းမျိုးကိုခြေရာခံပြီး သတင်းပေးလိုက်သတဲ့။ အန္တရာယ်တွေဘာတွေရှိမှာကို ကြိုတွေးပြီး မကြောက်ဘူးတဲ့လား။ ဟုတ်ပါတယ်လေ။ သမီးငယ်ဘုံဘုံက ငယ်စဉ်ကတည်းက သူနဲ့စိတ်တူတဲ့သမီးမဟုတ်လား။ ဒါကြောင့်လည်း မေရီက အသည်းစွဲချစ်ပြီး ခေါ်သွားတာပေါ့လေ။

"ကျွန်တော့်သမီးနှစ်ယောက်စလုံးတော့ ပျောက်နေတာ သေချာပါပြီ ကိုမြင့်ဆွေရယ်"

"စိတ်မပူပါနဲ့ဗျာ။ ကျွန်တော်တို့လည်း စုံစမ်းပေးပါ့မယ်။ ကလေးတွေက ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်တဲ့အရွယ်ကိုရောက်နေပါပြီ"

"ဟုတ်ကဲ့၊ ကျွန်တော်ပြန်လိုက်ပါဦးမယ်။ ခွင့်ပြုပါဦး"

ဦးဥက္ကာ စိတ်မောလူမောဖြင့် ထပြန်ခဲ့ပါ၏။ ဘယ်လိုများလုပ်ရပါ့။ သမီးကြီးကိုမတွေ့ရတဲ့ကြားထဲ သမီးငယ်ပါ ပျောက်နေရပါပေါ့။ ဟော. . . ဇနီး။ ဟိုတလောက ခရီးကပြန်လာတုန်း သမီးပြောတာ သူကိုယ်သူ. . . ရွှေဘုံစံတဲ့။ ဟုတ်နေပါပြီ။ ဒီမတိုင်ခင်





အကြီးမက အိမ်ကပျောက်သွားတာလေ။ အငယ်မကို မိမိုးထင်ပြီး မောင်မျိုးနဲ့စီစဉ်ပေးတော့ မခံမရပ်နိုင်ဖြစ်ပြီးထွက်ပြေးတာ။ ဟုတ်တယ်။ အဲဒါ ငါ့ကြောင့်ဖါပဲလား။

အိမ်ကိုပြန်ရောက်တော့ စိတ်ဇောကြီးစွာဖြင့် အိမ်ထဲပြေးဝင်ကာ အလုပ်သမားတွေကို အကုန်စုခေါ်လိုက်ပါ၏။

"ကဲ! ငါ့ကိုမှန်မှန်ပြောကြစမ်း။ နင်တို့မမ ခရီးကပြန်ရောက်တော့ ဘာတွေထူးခြားတာတွေ့သလဲ"

"အရင်ကထက်ပိုပြီးလည်း သွက်လာပါတယ်ဘာဘ"

"ဟိုဟို သိုင်းတွေဘာတွေလည်း တတ်လာပါတယ်သူဌေး"

"ဘယ်လို"

"ဟုတ်တယ် မောင်ဥက္ကာရဲ့။ မိမိုးက မောင်မဲကို တစ်ချက်တည်းနဲ့ကိုင်ပေါက်လိုက်တာ ဗိုင်းခနဲပဲ"

"မိမိုးက မောင်မဲကိုကိုင်ပေါက်တယ်။ ဟုတ်လားမကြီး"

"ဟုတ်ပါတယ်သူဌေး"

ဟုတ်နေပါပြီ။ ဒါဆို အဲဒါ သမီးငယ်ဘုံဘုံပေါ့။ ဒုက္ခပါပဲ။ [illegible]ပြားဆက်လုပ်ရပါ့။ ခေါင်းတွေလည်း ပူထူလာကုန်ပြီ။ မောင်မျိုး[illegible]ထားတဲ့ Wedding ကလည်း ရှေ့လကုန်ထဲမှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား။ မိတ်ဆွေအပေါင်းအသင်းတွေကြားမှာ အရှက်တွေတော့ ကွဲကုန်တော့မှာပဲ။

"ဘဘ. . . Phone မြည်နေပါတယ်"

"နေနေ. . . ငါပဲကိုင်လိုက်မယ်။ ဟဲလို"

"ဟဲလို! အန်ကယ်လား။ ကျွန်တော် မျိုးမြတ်ပါ"

"ဩော်. . . မောင်မျိုး, ပြောလေ"

"မိုး,ပုန်းနေတဲ့နေရာ ကျွန်တော်သိပြီအန်ကယ်"

"ဟေ!"

"ဟုတ်တယ်။ ကျွန်တော့် cousin နှင်းနှင်းက မနေ့ကပဲ Dagon Centre သွားတုန်း သက်သက်စံနဲ့ဆုံခဲ့တယ်တဲ့။ နှင်းနှင်းကိုမြင်တော့ သက်သက်စံက မျက်စိပျက်မျက်နှာပျက်နဲ့ ဆင်းပြေးပါသွားလို့ အံ့သြနေတာလို့ပြောတယ်ခင်ဗျ။ ကျွန်တော့်စိတ်ထင်တော့ ဒါန်နီ, သူနဲ့ပဲအတူရှိနေမှာ သေချာပါတယ်"

"ကြည့်စမ်း! နီးလျက်နဲ့ဝေးနေတာပါလား"

"ဟုတ်တယ်အန်ကယ်"

"အသက်နေတဲ့တိုက်ခန်းကို မင်းသိလား"

"သိတယ်အန်ကယ်။ အန်ကယ်သွားရင် ကျွန်တော်လည်းလိုက်မယ်လေ"

"အေး. . . ကောင်းပြီ မောင်မျိုးရေ့။ အန်ကယ့်ဆီကိုပဲ ဝင်လာခဲ့ပါ။ အန်ကယ်စောင့်နေမယ်"

ဂျာ

ဦးဦးနေမျိုးက ကုမ္ပဏီသွားခါနီး ကော်ဖီဝိုင်းမှာပြောခဲ့တာမို့ သူမမျက်နှာငယ်လေးဖြင့် ထိုင်နေမိလေသည်။ အသက်ကတော့ တတ်သလောက်မှတ်သလောက်ချော့ရှာပါ၏။ အန်တီအမာချိုတို့ သီအစ်မက တစ်ပတ်စာဈေးဝယ်ရန်ထွက်သွားကြပြီမို့ အခုဆို တိုက်ခန်းထဲမှာ သူမနှင့်အသက်နှစ်ယောက်သာရှိနေတာမဟုတ်လား။

"မိုးစိတ်မကောင်းဖြစ်မနေပါနဲ့ကွယ်။ ဖေဖေက မိုးကိုချစ်ပါတယ်။ အန်ကယ်သိသွားရင် ပြဿနာအရှာခံရမှာကိုစိုးရိမ်ပြီး ပြောသွားတာပါ။ မိုးကို ဒီမှာခေါ်မထားချင်လို့မှမဟုတ်ဘဲ"

"မိုးနားလည်ပါတယ်အသက်ရယ်။ မိုးမှာ ပြေးစရာနယ်မြေကျဉ်းနေတာကိုတွေးပြီး ဝမ်းနည်းနေမိတာပါ။ မိုးဘဝက ဘယ်တော့မှ အချိန်ကျမှ လုံခြုံမှာလဲဟင်။ ကိုကိုနဲ့အဆက်အသွယ်ပြတ်သွား







www.burmeseclassic.com

www.burmeseclassic.com



မိုးအတွက် ဒုက္ခတွေဆက်တိုက်ဖြစ်ဖို့ ဖန်တီးလာသလိုပါပဲ"

"ဒီလိုတော့ ''ဒ်ပြောပါနဲ့မိုးရယ်။ ကိုကိုနဲ့အဆက်အသွယ်မရ တောင်မှ မိုးညီမလေးနဲ့ အဆက်အသွယ်ရရင်ပြီးတာပဲမဟုတ်လား။ အနည်းဆုံးတော့ ညီအစ်မနှစ်ယောက်သားတိုင်ပင်ပြီး ဘာဆက် လုပ်ရမလဲဆိုတာကိုစဉ်းစားနိုင်တယ်လေ"

သူမ ခေါင်းကိုဖြည်းညှင်းစွာညိတ်လိုက်ပါ၏။ လူက အားမရှိ သလိုပျော့ခွေနေလေသည်။ ခုတင်ပေါ်မှာလဲလျောင်းနေရင်း မျက် ရည်တို့က တပေါက်ပေါက်ကျလာလေ၏။

"ဒေါက်! . . . ဒေါက်! "

"ဟော! မေမေတို့ပြန်လာပြီထင်တယ်။ မိုး ဒီမှာပဲစောင့်နေ အသက် တံခါးသွားဖွင့်ဦးမယ်သိလား"

"အင်း"

မပွင့်တပွင့်ပြန်ပြောကာ အိပ်ရာထဲပြန်ခွေနေမိ၏။ တံခါးဖွင့် သံ၊ စကားတိုးတိုးပြောသံတို့ကြောင့် နားစွင့်နေမိသည်။ ဘယ်သူများ ပါလိမ့်၊ ဧည့်သည်များလား။ အတွေးမဆုံးခင်မှာပင် အခန်းတံခါး ဲခနဲပွင့်လာပြီး လူတစ်ယောက်ပေါ်လာလေ၏။

"ဲဟင်! "





"ဟန်နီ! ရက်စက်လိုက်တာကွယ်။ ဟန်နီ့ကိုလိုက်ရှာနေရ တာ ကိုယ့်ခေါင်းတစ်ခုလုံး မီးတောက်နေပြီ"

"ကို. . . ကိုမျိုး"

ဒေါက်တာမျိုးမြတ်က စကားအဆုံးမှာ သူမကိုပြေးဖက်လိုက် လေ၏။ ရှက်တာရောကြောက်တာပါ စုပေါင်းကာ သူမ စ်ကိုယ် ခန္ လုံးတုန်ရီလာရလေသည်။

"ကိုယ်ဘယ်လောက်စိတ်ပူနေမလဲဆိုတာကို နည်းနည်းလေး မှ မတွေးမိဘူးလားဟန်နီရယ်. . . ဟင်"

"ကိုမျိုး. . . မိုးကိုလွှတ်ပါ။ မိုးမှာ ချစ်သူရှိတယ်။ မိုး ကိုကိုကို ပဲချစ်တယ်။ ကိုကို့ကိုပဲလက်ထပ်မှာ"

"ဘယ်ဖြစ်မှာလဲဟန်နီ။ ကိုယ်နဲ့မင်းရဲ့ Wedding က ရှေ့လ Last week, Sunday လေ။ မင်း ကိုယ့်ကိုလက်မထပ်လို့မဖြစ်ဘူး။ ကိုယ့်ကိုမင်းခွဲသွားရင် ကိုယ်ရူးလိမ့်မယ် ဟန်နီရဲ့။ သိလား"

ဒုက္ခပါပဲ။ မယူချင်လို့ထွက်ပြေးပါတယ်ဆိုမှ ခုတော့ဖြင့် သူ့ ရင်ခွင်ထဲရောက်နေပါရောလား။ မိုးမြင့်စံရေ. . . ကိုကိုနဲ့ဝေးပြီး သစ္စာဖောက်တဲ့အဖြစ်ထက် ကိုယ့်ကိုယ်ကိုသတ်သေလိုက်တာမှ ပိုပြီးကောင်းမှာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုကတိပေးပါ ဟန်နီ။ နောက်ကို ဘယ်တော့မှထွက်မပြေးဘူးဆိုတာလေ"

"ဟင့်အင်း. . . မိုးချစ်တာ ကိုကိုတစ်ယောက်တည်းပဲ။ ကိုကို ကလွဲပြီး ဘယ်သူ့ကိုမှလက်မထပ်နိုင်ဘူး"

"အေး! ဒီစကားကို နင်သေတဲ့အထိမှတ်သွားပေတော့ မိုး မြင့်စံ။ ကဲ! မောင်မျိုးရေ. . . အချိန်မရှိဘူး။ သွားကြစို့"

ပါပါက အခန်းဝမှခေါ်နေပြီမို့ ကိုမျိုးဆွဲခေါ်ရာနောက် သူ ပါလာရလေ၏။ အသက်က ညှော့ခန်းမှ တရှုပ်ရှုပ်ဖြင့်ငိုနေလေပြီ

"အသက်က သမီးအပေါ်မှာ သူငယ်ချင်းကောင်းပီသစွာချ တာမှန်ပေမယ့် သမီးကိုဝှက်ထားပေးတာတော့ မကောင်းပါဘူး တကယ်ဆို အန်ကယ့်ကိုအကြောင်းကြားသင့်တာပေါ့"

"မိုး. . . မိုးရောက်လာတာ သိပ်မကြာသေးပါဘူးအန်ကယ်"

"ဟုတ်ပါတယ်ပါပါ။ အသက်ကိုအပြစ်မတင်ပါနဲ့။ သမီး ပါပါ့ကိုပြောလိုက်ရင် ဒီကထွက်သွားမယ်ပြောလို့ သူ မပြောတာပါ"

"ကောင်းပြီလေ. . . နောက်ကို သမီးဆီဘယ်တော့မှမလာ ပါနဲ့အသက်။ မင်္ဂလာဆောင်တဲ့ပွဲကိုတော့ အန်ကယ်ဖိတ်မှာပါ"

"ဟုတ်ကဲ့"





သူမ, ကိုမျိုးနှင့်ပါပါ ညှပ်ခေါ်သည့်ကြားမှ အရုပ်လေးတစ် ရုပ်လိုပါလာခဲ့ရလေ၏။ အိမ်ကိုပြန်ရောက်တော့ အခန်းထဲမှာသော့ ပိတ်ထားခြင်း ခံရချေပြီ။

ဘုရားရေ. . . အဲဒါမှဒုက္ခပါပဲ။ ဘယ်သူကများ မိုးကိုလာ ကယ်နိုင်မှာလဲ။ ကိုကိုရေ. . . မိုးကိုလာကယ်လှည့်ပါဦး ကိုကို့ကို သိပ်ချစ်လွန်းတဲ့ကောင်မလေးကို တကယ့်မေတ္တာစစ်နဲ့ချစ်ရိုးမှန် ရင် ဒုက္ခရောက်နေတဲ့မိုးကို လာခေါ်လှည့်ပါကွယ်။

Phone မြည်သံကြောင့် ဦးဥက္ကာ ကောက်ကိုင်လိုက်ပါ၏။ တစ်ဖက်မှ အသံဩဩဖြင့် လူတစ်ယောက်၏အသံ ထွက်လာလေ သည်။

"ဟဲလို"

"ဥက္ကာလား. . . ငါပါ"

"အစ်ကိုကြီးလား. . . ပြောလေ"

"အေး. . . ပထမတော့ ငါမပြောဘဲ နေဦးမလို့ပဲ။ တော်ကြာ မင်းစိတ်ပူနေမှာစိုးလို့ဆက်လိုက်တာ"

"ဘာကိစ္စများလဲအစ်ကိုကြီး"

"မင်း,သမီးကိစ္စလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ! "

"အေး. . . မင်းရဲ့သမီးငယ် ရွှေဘုံစံလေး ငါ့ဆီမှာ ကောင်လေးတစ်ယောက်နဲ့ လက်မှတ်လာထိုးသွားတယ်"

"ဘယ်လို! ဘယ်သူ. . . ဘယ်သူနဲ့လဲအစ်ကိုကြီး"

"ညီ ယမြေတဲ့"

"ဗျာ! "

"အေး. . . ပြီးတာတွေလည်း ပြီးပါစေတော့။ ကလေးတွေကို စိတ်ချမ်းသာပါစေလားဥက္ကာ။ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိတယ်။ သားသမီးဆိုးကိုတော့ ဘယ်မိဘမှပစ်မထားကြပါဘူး။ မင်းသားမက်က ဆရာဝန်မဟုတ်ပေမယ့် အတော်သင့်တင့်ကောင်းမွန်တဲ့လူငယ်လေးပါပဲ။ လူကုံထံအသိုင်းအဝိုင်းထဲကပဲဖြစ်မှာပါ။ ကလေးတွေကိုပြန်ခေါ်တန်ခေါ်ပြီး မင်္ဂလာဆောင်ပေးလိုက်ဦး။ ငါကြည့်ရတာတော့ ကောင်လေးထက် ဘုံဘုံကပိုပြီးချစ်တဲ့ပုံပဲဟေ့။ ငါ့ဆီကိုရောက်လာတာတောင် ကောင်လေးလက်ကိုဆွဲပြီး ဘုံဘုံကဝင်လာတာကွ။ ခေတ်ကိုက ပြောင်းပြန်တွေဖြစ်ကုန်ပြီထင်ပါရဲ့ကွာ"

သဘောကျစွာရယ်မောနေသည့်ဝမ်းကွဲအစ်ကိုအသံကို နား



မထောင်နိုင်တော့ဘဲ Phone ကိုချလိုက်၏။

တောက်! ဒင်းတော့လား။ အစ်မရည်းစားကို အလစ်သုတ်သွားတာပဲကိုး။ ကောင်းတယ်. . . ဒါမှ မောင်မျိုးနဲ့သမီးကြီးကို ပေးစားလို့အဆင်ပြေတော့မှာ။

မဟုတ်သေးဘူး. . . ဒင်းအမေသာ ဒီသတင်းကိုကြားရှင် ရှင်ကျိုးတော့မှာပဲ။ အတော့်ကိုထင်ရာစိုင်းတဲ့သမီး။ သင့်မသင့် မစဉ်းစားဘဲဒီလိုလုပ်ရသတဲ့လား။ မေရီသာသိသွားရင် သူနဲ့စာရင်းရှင်းလို့ဆုံးတော့မှာမဟုတ်ဘူး။ ကိုယ့်လက်ထဲရောက်ပြီးမှ လွတ်သွားတယ်ဆိုပြီး အပြစ်ကတင်ဦးမှာလေ။

တောက်! ဒင်းတို့နှစ်ယောက်စလုံးကိုမိမှ အရေခွံစုတ်ပြီး နုတ်နုတ်စင်းပစ်မယ်မှတ်။

ဦးဥက္ကာဒေါသတွေထွက်ရင်း တက်ခေါက်၍မဆုံးတော့ပါချေ။

❖ ❖ ❖

www.burmeseclassic.com

# အလယ်

www.burmeseclassic.com

www.burmeseclassic.com



*Come live with me, and be my love.*

*( Christopher Marlowe )*

ကိုယ်နဲ့အတူနေလှည့်ပါ။ ပြီးတော့ ကိုယ့်ရဲ့ချစ်သူဖြစ်လှည့်ပါကွယ်။

( ခရစ္စတိုဖာမာလို )



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

ကားက ကုန်းမြင့်ပေါ်ရှိ တိုက်ဖြူကြီးရှေ့မှာ ထိုးရပ်သွားလေသည်။ သူအသင့်ဖွင့်ပေးသည့်ကားရှေ့ခန်းမှ ဆင်းလိုက်ပါသည်။ တိုက်အိမ်ကြီးထဲမှ အဒေါ်ကြီးတစ်ယောက်က တံခါးဖွင့်ကာကြိုဆိုပါလေသည်။

"ကိုကိုရော ဒေါ်လေးခမ်း"

"လသာဆောင်မှာပါ ညီညီ"

"လာခဲ့လေ မိုးမြင့်စံ၊ ကိုကို့ဆီကို ကိုယ်တို့သွားရအောင်"

သူက သူမကိုခေါင်းညိတ်ခေါ်ကာ လှေကားမှတက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



မို့ သူမဖြည်းဖြည်းချင်းလိုက်လာခဲ့ပါ၏။

ဘယ်လိုလဲ. . . ညီဖြစ်သူပြန်လာတာကိုတောင် အစ်ကိုလုပ်သူက ဆင်းမကြိုဘူးတဲ့လား။ ဘယ်လိုအစ်ကိုပါလိမ့်။ ညီအစ်ကိုနှစ်ယောက်တည်းရှိတာကိုတောင်မှ ဒီလောက်ထိစိမ်းကားရသတဲ့လား။ နှစ်နှစ်သာငယ်တဲ့ညီလေးကိုမချစ်တဲ့အစ်ကိုရယ်လို့ လောကမှာရှိနေသေးတာ အံ့ဩစရာပါပဲ။

လသာဆောင်အဝသို့ရောက်တော့ သူက ခြေစုံရပ်လိုက်ကာ သူမကိုလှည့်ကြည့်လေ၏။ သူမ, သူ့နောက်မှရပ်၍ လသာဆောင်ပေါ် လှမ်းကြည့်လိုက်စဉ် အံ့ဩသွားရလေသည်။

ဘုရားရေ! မမရဲ့ကိုကိုက Wheel Chair ပေါ်မှာ ထိုင်နေတာပါလား။ သူမ အံ့ဩမှင်တက်စွာဖြင့် ငေးမောနေစဉ် သူ့ထံမှ အသံတိုးတိုးထွက်လာလေသည်။

"ကိုကို"

Wheel Chair ကိုလှည့်ကာ တဖြည်းဖြည်းချင်း လှည့်ကြည့်လာသည့်လူ၏မျက်နှာကို သူမမြင်လိုက်ရပါ၏။ နုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးတွေရှိသော်ငြား ခန့်ထည်ချောမောသည့်ရုပ်က ဆိုးရွားမသွားပါချေ။ ပထမ, အံ့အားသင့်သွားသည့်နှုတ်ခမ်းများ၊ ဒုတိယ.





ယက်ခနဲဖြစ်သွားတဲ့မျက်ဝန်းတောက်တောက်တွေ၊ တတိယ. . .

"မိုး"

သူက သူမလက်ကိုဖျတ်ခနဲဆုပ်ကိုင်ကာ ကိုကို့ဆီဆွဲခေါ်လာခဲ့ပြီး ကိုကို့လက်ထဲသို့ သူမလက်ကလေးကိုထည့်ပေးလိုက်လေ၏။ အို! နွေးထွေးလိုက်တဲ့လက်ဝါးတွေပါလား။

"မိုးလေး. . . ကိုယ့်ဆီလိုက်လာတယ်နော်။ ဝမ်းသာလိုက်တာ။ ကိုယ်. . . ကိုယ်. . . မိုး Phone ဆက်ထားတဲ့အတိုင်း မြင်ဦးသွင်ကိုဆင်းပြီးစောင့်ဖို့ ကြိုးစားခဲ့ပေမယ့်. . ."

ကိုကို့စကားက တစ်ပိုင်းတစ်စဖြင့် ရပ်သွားပါလေ၏။ မျက်ဝန်းမှ ဖွဲ့အိုင်လာသည့်မျက်ရည်တို့က ပေါက်ခနဲကျလာလေသည်။ သတဲ့. . . ယောကျ်ားတန်မယ့် ကိုကိုမျက်ရည်ကျသတဲ့လား။

"ကိုယ်က. . . ကိုယ်က ခုဆို ဒုက္ခိတဘဝ"

"မပြောပါနဲ့. . . မပြောပါနဲ့ကိုကို။ ကျွန်မ,မကြားပါရစေနဲ့"

သူမ ဒူးထောက်ထိုင်ချကာ ကိုကို့လက်ဖဝါးတွေကို ခပ်တင်းတင်းဆုပ်ကိုင်ထားလိုက်မိ၏။ ကံဆိုးလိုက်တာ၊ မမတို့နှစ်ယောက်လုံးက အတူနေဖို့ချိန်းထားပြီးမှ ကား Accident ကိုယ်စီဖြစ်သွားသတဲ့လား။ စိတ်မကောင်းလိုက်တာရှင်. . .။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုမုန်းသွားပြီလားကလေးရယ် . . . ဟင်"

"ဟင့်အင်း"

"ဒါဆိုရင် ဘာဖြစ်လို့ မိုးလို့ပြောနေကျက ကျွန်မဆိုပြီး စိမ်းကားရတာလဲကွယ်"

ဘုရားရေ! ပြဿနာပါပဲ။ ကိုကိုကပါ သူမကို မိုးလို့ပဲထင်နေတာပါလား။ ဘယ့်နှယ်လုပ်ရပါ့။

"ကိုယ့်ကိုမချစ်နိုင်တော့ဘူးလား"

"မဟုတ်ပါဘူး"

"ဟုတ်ပါတယ်လေ၊ ကိုယ်က ဒီဘဝရောက်နေမှတော့ မိုးနဲ့မထိုက်တန်တော့ပါဘူးကွယ်။ ကိုယ့်လိုဒုက္ခိတကောင်ကို ဘယ်သိမ်းကလေးက လက်ထပ်ဝံ့တော့မှာလဲ"

"မဟုတ်ပါဘူးကိုကို၊ မိုး . . . မိုး . . . ကိုကို့ကိုချစ်ပါတယ်"

"တကယ်နော် . . . တကယ်လား ကလေးရယ်"

သူမခေါင်းကို အနိုင်နိုင်ညိတ်ပြလိုက်ရပါ၏။ အခိုက်အတန့်ပင်ဖြစ်လင့်ကစား ဝေဒနာသည်ကိုကို့ကို စိတ်ချမ်းသာစေချင်ပါတယ်လေ။

"မိုးက ကိုကို့ကိုအရင်ဆုံးစချစ်ခဲ့တာပါ"





"ကလေးရယ်"

ပွေ့ပိုက်လိုက်သည့်ကိုကို့ရင်ခွင်ထဲမှာ သူမငြိမ်နေလိုက်ရပါ၏။ နောက်နားဆီမှ သူ့ခြေသံတွေ တဖြည်းဖြည်းဝေးသွားတာကို အလိုလိုသိနေလေသည်။

အခြေအနေအရပါ ညီရယ်။ ဘယ်သူက ကိုယ်မချစ်မနှစ်သက်တဲ့လူရဲ့ရင်ခွင်ထဲမှာ နေချင်မှာလဲ၊ ကျွန်မရင်ထဲမှာ ဘယ်သူရှိနေသလဲဆိုတာကို ညီသိနိုင်ပါ့မလား။ နှလုံးသားက ဒူးထောက်ခစားစေချင်တာ ညီ့ရှေ့မှာပါလေ။ လောလောဆယ်တော့ ညီ့ကိုကို စိတ်သက်သာရာရစေဖို့ ကျွန်မ ခဏလေးဟန်ဆောင်ပေးပါရစေ။

"ကိုယ်တို့လက်ထပ်ကြစို့ ကလေးရယ်"

"ဒါဆိုရင် မိုးရဲ့စကားကို ကိုတိုနားထောင်မှဖြစ်မှာလေ"

"ကလေးက ဘာတွေများပြောချင်တာလဲ"

"အရင်ဆုံး ကိုကိုလုပ်ရမှာက ဆေးကုသခံယူဖို့ပါ"

"ဒါဖြင့်"

"မိုးရဲ့စကားကို ကျေးဇူးပြုပြီးနားထောင်ပေးပါကိုကိုရယ်။ ကိုကိုပဲ မိုးကိုမြတ်မြတ်နိုးနိုးချစ်တာပါဆို"

"ဟုတ်တော့ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မိုးပြောတဲ့အတိုင်းလုပ်ပါကိုကို"

"တကယ်လိုပေါ့လေ ကိုယ့်ခြေထောက်တွေက နဂိုအတိုင်း ပြန်မကောင်းနိုင်တော့ဘူးဆိုရင် ကလေးဘယ်လိုဆုံးဖြတ်မှာလဲ"

သူမသတ်ပြင်းရှိုက်လိုက်မိပါ၏။ အချစ်ကြီးချစ်ကြသူတို့ရဲ့ နှလုံးသားတွေကို သူမ နားလည်ကိုယ်ချင်းစာမိပါသည်။ အချစ်ဆိုတာ ပေးဆပ်ခြင်းသက်သက်လို့အဓိပ္ပာယ်ရရင် ကိုကို့အပေါ်မှာ မမက အနစ်နာခံပြီး ချစ်နိုင်ရမယ်။ အနစ်နာခံနိုင်ရမှာ အမှန်ပါလေ။

"ကိုကိုဘယ်ဘဝပဲရောက်နေပါစေ။ ကိုကို့အပေါ်ထားရှိတဲ့ မိုးရဲ့မေတ္တာတွေက တစ်စက်မှလျော့မသွားဘူးဆိုတာကို ယုံပေးပါ ကိုကိုရယ်"

"ဝမ်းသာလိုက်တာကလေးရယ်။ ကိုယ့်ရင်တိုစမ်းကြည့်ပါဦး။ ကလေးကြောင့် ဒီရင်ခုန်သံတွေမကြားနိုင်ခဲ့တာ အတော်လေးကြာနေပါပြီ"

ကိုကိုက စကားတွေကိုတီးတိုးပြောလျက် သူမကိုတင်းကျပ်စွာ ပွေ့ဖက်ထားလေ၏။ ပါးမြင့်နုနုထက် အနမ်းဖူးတင်မိစဉ် နှင်းဆီရောင်သွေးသွားသည့်မျက်နှာလေးကိုကြည့်မဝလေခဲ့။





ကလေးရယ်. . . ဒီဘဝမှာ ဒီနာတာရှည်ရောဂါကြီးနဲ့ သေပွဲဝင်သွားရလျှင်တောင်မှ ကိုယ်သေပျော်ပါပြီလေ။

ဂျာ

ပြတင်းလိုက်ကာကို သူအသာချလိုက်ပါ၏။ ချစ်သူနှစ်ဦး၏ ယုယကြင်နာနေမှုကို သူဘာကြောင့်များ မရှုစိမ့်ဖြစ်နေရပါသလဲ။

တကယ်ဆိုရင် ဝေဒနာသည်ကိုကို့အတွက် ဖြေဆည်ရာတစ်ခုအဖြစ် သူဖြည့်စွမ်းပေးခဲ့တာမဟုတ်ပါလား။ နာလိုရမှာပေါ့။ ခုတော့ဖြင့် ဒီလိုမဟုတ်ဘဲ သူရင်ထဲအောင့်သက်စွာ ခံစားနေရတာ ဘယ်လိုဖြစ်တာပါလိမ့်။

မိုးမြင့်စံ. . . ကိုယ်တို့စဆုံစဉ်က ကိုယ့်ကိုဝင်တိုက်ခဲ့တဲ့တဒင်္ဂအတွေ့လေးက အမှတ်တရဖြစ်စေခဲ့တာလေ. . .။ မိုးမြင့်စံရယ်လို့ ခပ်ဝေးဝေးက ကိုယ် မင်းကိုမြင်ခဲ့ဖူးတာ တစ်ကြိမ်မကပါဘူး။ အဲဒီတုန်းက စိတ်လှုပ်ရှားမှုအလျှဉ်းမရှိပါဘဲ အနီးကပ်ဆုံခဲ့မှထိတ်ခနဲဖြစ်ခဲ့တာ ဘာကြောင့်လဲ။ မင်းခေါ်လို့ ကိုကို၊ ပြင်ဦးလွင်ကိုဆင်းရင်း ကားမှောက်ပြီး ဒုက္ခိတဖြစ်သွားရလို့ ကိုယ်စိတ်နာရမှာ။ ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



ကိုကရုဏာသက်ပြီး မင်းအပေါ် နှစ်နှစ်နာနာတွေပြောဆိုရမှာ၊ ပျစ်ပျစ်နှစ်နှစ်ကဲ့ရဲ့ရှုံ့ချရမှာလေ။ ဒါတွေကို ကိုယ်လုပ်ဖြစ်ခဲ့ပါ့သလား။

ခဏလေးပါ။ တကယ့်ကိုခဏလေးပါပဲ။ ဖျတ်ခနဲပွင့်လာတဲ့ ချောကလက်ရောင်မျက်ဝန်းတွေက ကိုယ့်နှလုံးသားကို ဒိန်းခနဲမြည်ဟည်းစေတယ်။ ရုတ်တရက်ပွင့်အာလာတဲ့နှင်းဆီငုံနှုတ်ခမ်းလေးက ကိုယ့်အသည်းကို တလှုပ်လှုပ်ဖြစ်စေခဲ့တာ အမှန်ပါလေ။ ကိုယ်ပြောတာတွေကိုတအံ့တသြလေးဖြစ်ပြီး ပြန်မော့ကြည့်နေတဲ့မျက်ဝန်းတွေကို အိပ်မက်တွေထဲထိ စွဲလမ်းခဲ့တာကို ကိုယ်ဝန်ခံရပါစေလား။

နောက်ပိုင်းတွေ့ရတဲ့အချိန်တွေမှာ ထိမထင်ပြန်ကြည့်လေ့ရှိတဲ့မျက်လုံးတွေက ကိုယ့်ရင်ကိုပိုပြီးလှုပ်ခတ်စေတယ်။ ခပ်လျှော့လျှော့ရယ်ချတတ်တဲ့ ရယ်ဟဟနှုတ်ခမ်းတွေက ကိုယ့်ရင်ခုန်နှုန်းတွေကိုများယွင်းစေတာ ဘာကြောင့်လဲ. . .။

မိုးမြင့်စံရယ်. . . မျက်စောင်းတွေ ခဏခဏအထိုးခံလိုက်ရတိုင်း မင်းကိုဖျစ်ညှစ်လာချင်စိတ်တွေနဲ့ အသည်းတယားယား ရင်တဖိုဖိုဖြစ်လာအောင် တကယ်ပဲ မင်းဆွပေးနိုင်တယ်။ ဆွဲဆောင်နိုင်စွမ်းရှိတာအမှန်ပါလေ။





"ဒေါက်!. . . ဒေါက်! "

အခန်းတံခါးခေါက်သံကြောင့် သူ တံခါးထဖွင့်တော့ အခန်းဝမှာ ရပ်နေသည့်သူမကိုမြင်လိုက်ရပါ၏။

"ဘာလဲ"

လေသံက လိုတာထက် မာသွားပါသော်လည်း သူမဘာမှဖြစ်မသွားပါချေ။ အလယ်ခွဲဆံပင်အချို့ မျက်နှာထက် အုပ်မိုးနေတာကို နားရွက်နောက်ကြားမှာ ညှပ်ကာ တီးတိုးဆိုလေ၏။

"ကျွန်မ, ရှင်နဲ့စကားပြောချင်တယ်"

"ဘာပြောမလို့လဲ"

"ကိုကိုအိပ်သွားမှပါ။ နောက်ပြီးတော့ ရှင်နဲ့ကျွန်မလက်မှတ်ထိုးထားတဲ့စာချုပ်ကို"

"ကိုယ်ဖြဲလိုက်ပါပြီ မိုးမြင့်စံ"

"ရှင်! "

သူမပါးစပ်လေး ဟသွားရပါ၏။ ကြည့်စမ်း! မြန်လိုက်တာ။ တကယ်ဆို ကျွန်မကိုပြန်ပေးပါတော့လား။ သူ့လက်မှတ်လေးတွေကို အမှတ်တရလေးတောင်မှ ကြည့်ခွင့်မရနိုင်တော့ပါလားလေ။ ကျွန်မနဲ့သေချာတိုင်ပင်ပြီးမှ လုပ်သင့်ပါလျက် တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ပြီး လုပ်လိုက်ရသတဲ့လား. . . ညီရယ်။

"ရှင် ကျွန်မကို ဘာဖြစ်လို့မတိုင်ပင်တာလဲ"

"မလိုတော့ပါဘူးမိုးမြင့်စံ။ ဒီကိစ္စကို ကိုကိုသိသွားလို့ဘာဖြစ်မှာလဲ။ မင်းလည်း ဒါကိုစိုးရိမ်နေတာပဲမဟုတ်လား။ စိတ်ချပါ။ ကိုယ့်အတွက်နဲ့ ကိုကိုဘယ်တော့မှ စိတ်ဆင်းရဲမှုမဖြစ်စေရပါဘူး"

ကိုကိုတစ်ယောက်တည်းပဲလား ညီ။ ကျွန်မကရော ဒီကိုမရည်ရွယ်ပါဘဲရောက်လာခဲ့ရတာ။ ဒီမှာမထင်မှတ်ဘဲ ရှင်နဲ့ဆုံခဲ့ရတာလေ။ နှလုံးသားက ဖျတ်ခနဲအငိုက်မိခြင်းခံခဲ့ရပါလျက် သက်ဆိုင်သူကဖြင့် ဥပေက္ခာပြုရက်လေပြီ။

"ကောင်းပြီလေ. . . ညကျရင် လသာဆောင်မှာ ကိုယ်စောင့်နေပါ့မယ်။ မင်းအဆင်ပြေတဲ့အချိန်ထွက်ခဲ့ပေါ့"

သူက ပြောပြီးသည်နှင့် အခန်းတံခါးကို ဆတ်ခနဲပိတ်လိုက်ပါလေသည်။ ညီရယ်. . . ကျွန်မဘယ်သူ့ဘယ်ဝါဆိုတာ ရှင့်ကိုပြောခဲ့ဖူးပါတယ်။ ကိုကိုနေပြန်ကောင်းတဲ့အချိန်မှာလည်း ကျွန်မသေချာရှင်းပြမှာပါ။ အဲဒီအချိန်ဆို ကိုကို့နားမှာ မမလည်း ရောက်ချင်ရောက်နိုင်တာပေါ့။ အားလုံးပြန်ဆုံသွားချိန်မှာ ကျွန်မက အမိမြေကိုစွန့်ခွာပြီး မာမာ့ရင်ခွင်ထဲပြန်ဝင်ရမှာလေ။ ရင်ထဲမှာ ဗလာသက်





သက်နဲ့ မချစ်မနှစ်သက်နိုင်တဲ့ယောကျ်ားတစ်ယောက်ကို မျက်စိမှိတ်ပြီး လက်ခံရဦးမယ်။ ဒါတွေကို ရှင်သိနိုင်တာမှမဟုတ်ဘဲ။

"မမ ထမင်းစားတော့မလားရှင့်"

"မစားချင်သေးပါဘူး နန်းဝါ။ ကိုကို့ကိုရေချိုးပေးပြီး အရင်ကျွေးရအောင်။ ကျွန်မကိုကူညီပေးပါဦးနော်"

"ဟုတ်တဲ့ရှင့်"

သူမ ကိုကို့ကိုရေချိုးရန်ပြင်ဆင်ကာ သူ့ကိုအခေါ်လွှတ်လိုက်ပါ၏။ ကိုကို့မျက်နှာပေါ်မှ ရှုပ်နေသည့်မွေးညှင်းတို့ကို သေချာရိတ်သင်ပေးတော့ ခန့်ထည်သည့်မျက်နှာက ပိုရှိုပိုပြင်လာလေသည်။ ရေသုတ်ပေးနေသည့်သူမလက်တို့ကို ကိုကိုက ဆုပ်ကိုင်လိုက်ပါ၏။

"အဝတ်မြန်မြန်ဝတ်ရမယ်လေကိုကို။ ပြီးရင်. . , မိုး ထမင်းပြင်ကျွေးမလို့ပါ"

"ကိုယ့်ဘေးနားမှာ ဒီလိုပဲ မိုးအမြဲရှိနေရင် ကိုယ့်အတွက်အာဟာရသိဒ္ဓိတွေ အလိုလိုပြည့်ဝပြီးသားပါ"

"မိုးယုံပါတယ်။ ဒါပေမဲ့ ကိုကိုကျန်းမာဖို့က အဓိကမဟုတ်လား။ ဒီတော့ အစာကို အချိန်မှန်လေးတော့ စားပေးရမယ်လေနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ဒီလိုပဲ တစ်သက်လုံးပြုစုပေးမှာလား ကလေးရယ်"

"ဒါပေါ့. . . မိုးအသက်မသေသရွေ့ ကိုကို့နားမှာ မိုးအမြဲရှိနေမှာပါ"

"ကလေးရယ်"

ကိုကိုက သူမလက်ဖမိုးလေးတွေကို တယုတယနမ်းရှိုက်လိုက်တော့ ဇီရှိထဲ အကျီနှိုက်ပေးရင်းမှ သူမျက်နှာလွှဲလိုက်ရပါ၏။ ချစ်သူနှစ်ဦး၏ကြင်နာယုယမှုက သူ့နှလုံးသားကို ဆုပ်ညှစ်ချေမွနေသည့်နှယ်။

"ညီ, အကျီယူလာပေးလေ"

သူမအသံကြောင့် သူသတိဝင်သွားရပါ၏။ ရှပ်တစ်ထည်နှင့် ဆွယ်တာလက်ရှည်ရော၊ ပုဆိုးတစ်ထည်ကိုပါထုတ်ယူ၍ သူမကို လှမ်းပေးလိုက်ပါ၏။ ခုတင်ပေါ်မှာထိုင်နေသည့်ကိုကို့ကို သူမက ခက်ခဲစွာအဝတ်အစားဆင်ပေးနေတာမို့ သူပါကူညီပေးမိသည်။ ဆွယ်တာကိုဝတ်ပေးစဉ် ကိုကို့ကျောပေါ်မှာ သူ့လက်က သူမလက်နုနုလေးပေါ် အုပ်မိသွားသော်လည်း သူ့မတောင်းပန်မိ။ သူမကလည်း မသိချင်ယောင်ဆောင်လျက် ငြိမ်နေတာမို့ သူ သက်ပြင်းကိုကျိတ်ရှိုက်လိုက်မိသည်။





"ညီနဲ့မိုးတို့ ဘယ်မှာဆုံခဲ့တာလဲ"

"ရန်ကုန်မှာ"

"မိုးက ကိုယ့်ကို ကုမ္ပဏီမှာလာရှာတာလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်လိုဆုံခဲ့တာလဲ ညီ"

သူဘယ်လိုဆက်ပြောရမည်မသိဘဲ သူမကို ဖျတ်ခနဲကြည့်လိုက်ပါ၏။ သူမက ကိုကို့ကိုခေါင်းဖြီးပေးနေရာမှ တီးတိုးပြောလေသည်။

"မိုး, စက်ဘူက ပြန်လာတုန်း လေဆိပ်မှာဆုံတာ"

"စက်ဘူက. . . မိုးဘယ်ကိုသွားတာလဲ"

"မာမာ့ဆီ"

"မာမာ့ဆီ. . . မိုးမာမာနဲ့အဆက်အသွယ်မလုပ်ရဘူးဆို"

"နောက်မှ မိုးပြောပြပါ့မယ်ကိုကိုရယ်။ အခု ဆာနေပြီမဟုတ်လား။ ထမင်းစားရအောင်"

သူမ စကားဖြတ်လိုက်တာကို သူသိပါ၏။ သူမအမေနှင့် အဖေကွဲကွာနေတာ တကယ်ပါပဲလား။ ဒါဖြင့် သူမအမေဆီဘယ်လိုနည်းမျိုးနဲ့ ရောက်သွားတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုခွဲ့ကျွေးမှာလား"

သူမမျက်နှာမှာ အပြုံးယဲ့ယဲ့ထင်၏။ သူက ကိုကို့ကို Wheel Chari ပေါ် ပွေ့တင်လိုက်ပါသည်။

"ကိုကိုစားချင်ရင် ကျွေးမှာပေါ့"

ကိုကိုက သူမလက်ကိုဆုပ်ကိုင်လိုက်တော့ သူမက အသာဖြုတ်ကာ Wheel Chair နောက်ကျောမှာ ရပ်လိုက်လေသည်။

"မိုး တွန်းပေးမယ်နော်"

ကိုကို ဆတ်ခနဲခေါင်းညိတ်ပြတော့ လသာဆောင်ရှိရာဆီ သူမ တွန်းလာခဲ့၏။ နန်းဝါပြင်လာပေးသည့် ထမင်းလင်ပန်းကို ခေါက်စားပွဲခုံမှာတင်လျက် ထိုင်ခုံမှာ သူမ ဝင်ထိုင်လိုက်၏။ ပူပူနွေးနွေးထမင်းတို့ကို ဇွန်းဖြင့်ခပ်ကာ အသာမှုတ်ပေးရင်းခွံ့တော့ ကိုကို့မျက်နှာမှာ အပြုံးတို့က ခိုတွဲလျက်. . .။

သြော်. . . ကိုကိုရယ်။ ဝေဒနာတွေခံစားနေရတာမို့ ကျွန်မ လိုက်လိုက်လျောလျောလေးဆက်ဆံနေမိတာပါ။ မမနဲ့ကိုကို့ဆက်ဆံရေးကို ကျွန်မမသိပါဘူး။ ပြီးတော့ ဒီလို သူစိမ်းတစ်ယောက်နဲ့ လက်ပွန်းတတီးနေတာမျိုး ကျွန်မဘဝမှာ တစ်ခါမှမရှိခဲ့ဘူးလေ။

ဘာပဲဖြစ်ဖြစ်. . . မမနဲ့ပတ်သက်ပြီး ကိုကို့ကို အစ်ကိုတော်





ခွင့်ရမှာမို့ အဖြူစင်ဆုံးစိတ်နဲ့ဆက်ဆံနေတာပါ။ ဒါကို ကိုကိုအထင်မလွဲလိုက်ပါနဲ့။

ညရောက်တော့ လသာဆောင်မှာရှိနေသည့် သူ့နောက်ပါးမှာ သူမအသာရပ်လိုက်ပါ၏။ ဆောင်းလေက ဖြူးခနဲတိုက်လိုက်တာမို့ သူမအနွေးထည်လေးကို ရင်ဘတ်ထိ ဆွဲစေ့လိုက်မိသည်။

"ညီ"

". . . ."

"ကျွန်မပြောတော့မယ်"

သူက ဘာမှပြန်မပြောဘဲ ကောင်းကင်ကိုမော့၍ ကြည့်နေလေ၏။ သူမ သူ့အနီးကို တိုးရွေ့ရပ်လိုက်ပါသည်။ လေအဝှေ့မှာ သူမထံမှ သနပ်ခါးနံ့ကို သင်းခနဲရလိုက်၏။ သြော်. . . ဒီရနံ့တို့ဖြင့် ကိုကိုသာ အပိုင်စားရှူရှိုက်ခွင့်ရပြီပဲ။

"ကျွန်မ, ကိုကိုနေကောင်းတဲ့အထိနေပေးမှာပါ"

သူ့မျက်မှောင်ကြုတ်သွားရပါ၏။ ဘာသဘောပါလိမ့်။ ပြောခန်းကဖြင့် ကိုကို့ကိုလက်ထပ်မယ်ဆိုပြီး လိုက်လာခဲ့တာလေ။ ခုတော့ ဘယ်လိုဆုံးဖြတ်လိုက်တာပါလဲ။

"ပြီးရင် မမကို ဒီထိရောက်အောင်ခေါ်ပေးခဲ့မယ်။ ဒါဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတာဝန်ကျေပြီမဟုတ်လား"

"ဘာသဘောလဲမိုးမြင့်စံ။ မင်းကိုယ့်ကိုပြောတုန်းက ကိုကို့ကို လက်ထပ်ဖို့လိုက်လာခဲ့တာဆို"

သူ ဆတ်ခနဲလှည့်ကြည့်လိုက်တော့ သူမက လသာဆောင်အောက်ကို ခပ်ငေးငေးကြည့်နေလေ၏။

"ကျွန်မ မိုးမြင့်စံမှမဟုတ်ဘဲ"

"ဘာ! မင်း ခုထိညာချင်နေတုန်းပဲလားကွ။ ဘာလဲ. . . ကိုကိုက လူကောင်းဘဝပြန်ရောက်မရောက်မသေချာလို့ ဒီလိုစကားမျိုးကို မင်းပြောလာတာပေါ့လေ"

"မဟုတ်ပါဘူး။ ကျွန်မအမှန်အတိုင်းပြောနေတာပါ ညီ"

"မင်း. . . မင်း. . . အတော်ရက်စက်တဲ့မိန်းမ။ အတော်အသည်းမာတဲ့မိန်းမပဲမိုးမြင့်စံ။ ငါ့အစ်ကိုကို မင်းဒီလိုလှည့်စားလို့ ရမယ်ထင်နေလားဟင်"

"ကျွန်မ ဘယ်တုန်းကမှ မညာခဲ့ပါဘူးညီ။ အကယ်၍လိမ်ညာခဲ့သည်ရှိတောင်မှ အဲဒါဟာ ကိုကို့ကိုငဲ့ညာပြီး စေတနာအမှားမျိုးပဲဖြစ်မှာပါ။ အဲဒါသေချာပါတယ်"

"ဘာသေချာတာလဲ။ မင်း ကိုကို့ကိုပစ်သွားရဲရင် ပစ်ကြည့်စမ်း။ ငါ မင်းကိုအသေသတ်မှာ။ ဒီလောကထဲကနေ မင်းအသက်ရှင်လျက် ထွက်မသွားစေရဘူး။ ဒါကို မင်းယုံထားစမ်းပါမိုးမြင့်စံ"

သူက သူမလက်မောင်းနှစ်ဖက်ကိုဆုပ်ကိုင်ခါယမ်း၍ ပြောလိုက်လေ၏။

ပြောရက်တယ်. . . ညီရယ်၊ ညီ့သတ်ချင်တယ်ဆိုရင်လည်း ကျွန်မက ကြည်ဖြူစွာနဲ့အသေခံရဲတဲ့သူပါလေ။

"အကယ်၍. . . မမကို ဒီလောကမှာ အသက်ရှင်လျက်ပြန်မတွေ့ခဲ့ရင်တော့ ကျွန်မ. . . ကိုကို့ကိုလက်ထပ်မှာပါ့ညီ။ ဒါပေမဲ့ ကျွန်မနှလုံးသားကတော့ ကိုကို့ကိုပြန်ချစ်နိုင်မှာမဟုတ်ဘူး။ ရှင့်ကို ကျွန်မကတိပေးပါတယ်ညီ။ တကယ်ပါ"

သူ, သူမကိုငေးကြည့်နေမိ၏။ မျက်လွှာချထားသည့် မျက်ဝန်းမှမျက်ရည်ဥတို့ စီးမျောသွားတာကို သူ့ငေးမဝလေခဲ့။ ပြတင်းပေါက်တစ်ခုမှ လိုက်ကာစ လှုပ်ခတ်သွားတာကိုဖြင့် သူရော၊ သူမပါ သတိမထားမိခဲ့ပါချေ။

❖ ❖ ❖







www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

မြက်ခင်းပြင်ရှိရာဆီ Wheel Chair ကိုတွန်းလာခဲ့၏။ ငှက်ကလေးတွေ၏တိုးကျိုးကျာတျာအော်သံက အရုဏ်ဦးနှင့်အပြိုင် စိတ်ကိုကြည်နူးစေသည်မှာအမှန်ပင်။ ကိုကိုက ဘီးကိုဆွဲရပ်လိုက်တာမို့ သူမ တွန်းလက်စကို ရပ်ပေးလိုက်ရပါ၏။

"ကိုယ်တို့ ပွင့်ပွင့်လင်းလင်းဆွေးနွေးသင့်ပြီလို့မထင်ဘူးလား မိုးရယ်"

"ဘာကိုဆိုလိုတာလဲကိုကို၊ မိုးသိပ်နားမလည်ဘူး"

"ကိုယ်သိနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ထံမှ သက်ပြင်းချသံ ထွက်လာလေ၏။ သူမ, ကိုကိုဘေးမှာ ဒူးထောက်လျက် ထိုင်ချလိုက်ပါသည်။ လေညှင်းသွဲ့သွဲ့က သူမ၏ဆံနွယ်ပျော့ပျော့လေးတွေကို ကလူကျီစယ်သွားလေ၏။

"မိုးရဲ့ရင်ထဲမှာ ကိုယ်မရှိတော့ဘူး"

"ရှင်! "

"ဟုတ်တယ်, အဲဒါကို မိုးနဲ့ပြန်ဆုံစဉ်အချိန်ကတည်းက ကိုယ်သိနေခဲ့တာပါ"

"မဟုတ်ပါဘူး"

"မညာပါနဲ့လားမိုးရယ်၊ အမှန်အတိုင်းပေါ့။ မိုးက ကိုယ့်ထက် ငါးနှစ်တောင်ငယ်တော့ ဘာပဲဖြစ်ဖြစ် ဒီအရွယ်မှာ ကိုယ့်အပြင် တခြားချစ်သူတစ်ယောက်ယောက်လည်း ရှိနိုင်ပါတယ်လေ"

"ကိုကို မိုးကိုအထင်မလွဲပါနဲ့"

"ဟင့်အင်း. . . ကိုယ်က အမြင်နဲ့ပြောနေတာပါလေ။ မြီးတော့ စိတ်ထဲက အလိုလိုသိနေတာမျိုးပေါ့။ ကိုယ့်အပေါ်မှာ မိုးသွေးအေးသွားတာတော့အမှန်ပါပဲ"

ဘုရားရေ! ဒီထက်ပိုပြီး ရင်းနှီးစွာဆက်ဆံရအောင် ကျွန်မက ကိုကို့ရဲ့မူးမှမဟုတ်တာပဲ။ ဒါကိုဘယ်လိုဖြေရှင်းရပါ့။ သူနဲ့စတင်





ရင်းနှီးခွင့်ရခဲ့တာတောင် သူကိုယ်တိုင်က သူမပြောတာတွေကို ယုံကြည်လက်ခံခြင်း အလျှဉ်းမှမရှိခဲ့လေပဲ။ ကိုကိုက ပိုပြီးဆိုးမှာပေါ့လေ။

"အရင်တုန်းကဆို. . . ကိုယ်နဲ့စတွေ့တာနဲ့ ကိုယ့်ရင်ခွင်ထဲ အတင်းတိုးဝင်ခဲ့တဲ့မိုးဟာ ခုဆို လက်ကလေးတောင် ကိုင်ခွင့်မပေးချင်တော့တာ ဘာကြောင့်လဲ"

"ကိုကို"

"ကိုယ်တို့ချစ်သူသက်တမ်း နှစ်နှစ်ပြည့်နေပါပြီကလေးရယ်။ လပိုင်းလောက်လေး အနေဝေးရုံနဲ့ ဒီလောက်ထိသွေးအေးသွားလိမ့်မယ်လို့ ကိုယ်ထင်မထားမိတာအမှန်ပဲ။ အင်းပေါ့လေ. . . ကိုယ်က မိုးကို အရင်လိုပြုစုယုယမှုမပေးနိုင်တော့တဲ့ဒုက္ခိတဘဝကိုရောက်နေပြီကိုး။ ကိုယ့်ဘဝကို ကိုယ်သိနေပါတယ်"

"မဟုတ်ပါဘူးကိုကိုရယ်။ ကိုကိုထင်တာတွေ မှားနေတာပါ"

"ဘယ်အချိန်ထိ မင်းညာနေဦးမှာလဲမိုးရယ်။ ကိုယ့်ကိုကြည့်နေတဲ့မျက်ဝန်းတွေမှာ အချစ်ဆိုတာကို ကိုယ်မမြင်ရတာအမှန်ပဲ။ မင်းမျက်ဝန်းမှာ ကိုယ့်အပေါ် ကရုဏာသက်တဲ့အကြည့်တွေလွှမ်းပြီး အချစ်တွေပျောက်ဆုံးခဲ့တာ ကြာခဲ့ပြီကော. . . မိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ခေါင်းကိုငုံ့ချလိုက်ပါ၏။ မျက်ဝန်းမှစီးကျလာသည့် မျက်ရည်တို့ကို ကိုကိုမမြင်တွေ့စေလိုပါလေ။

"မင်းရင်ထဲမှာ ဘယ်သူရှိနေပြီလဲလို့ ကိုယ့်မှာမေးခွင့်မရှိပါဘူး။ မင်းကို ကိုယ်မှမပိုင်ဆိုင်ခဲ့တာလေ"

"ကိုကို. . . မိုးတောင်းပန်ပါတယ်။ ကိုကိုသိထားဖို့က ကိုကို နေပြန်ကောင်းချိန်အထိ ကိုကို့အနားမှာ မိုးရှိနေမှာပါ"

"နေပြန်ကောင်းချိန်အထိပဲလား။ ဘာလုပ်တော့မှာလဲ မိုးရယ်။ ကိုယ်မျှော်လင့်ထားတဲ့အနာဂတ်စံအိမ်လေးကို တည်ဆောက်ခွင့်မရမှတော့ လူကောင်းပကတိဖြစ်လို့လည်းအပိုပါပဲ။ ဒီအတိုင်း နေလိုက်တာပဲ ကောင်းပါတယ်။ မိုးသောက်ဦးဆိုတဲ့လူတစ်ယောက်ရဲ့အနာဂတ်ဟာ ကွယ်ပျောက်နေခဲ့တာ ကြာပါပြီ"

သူမရှိုက်သံသဲ့သဲ့မျှ ထွက်လာပါ၏။ ဘယ်လိုလုပ်ရမလဲ မမရယ်။ ခုချိန်ထိ သေသလားရှင်သလားမသိသေးတဲ့မမကို ကျွန်မစောင့်နေတာ အမိပ္ပာယ်ရှိပါရဲ့လား။ မမနဲ့ပြန်ဆုံခွင့်ရခဲ့ရင် ကိုကို့လက်ထဲကို မမကိုပေးအပ်ချင်ခဲ့တဲ့စေတနာတွေကို အလဟဿ မဖြစ်ပါရစေနဲ့။ ကိုကိုနဲ့မမတို့ ပျော်ရွှင်ချမ်းမြေ့တဲ့အိမ်ထောင်စုလေး တည်ဆောက်နိုင်တာကို ကျွန်မမြင်သွားပါရစေလား။





"ကိုယ့်ကိုလက်ထပ်လိုက်ရရင် မင်းဘဝ နစ်နာသွားမယ်ဆိုတာ ကိုယ်နားလည်ပါတယ်။ ဒါပေမဲ့. . ."

"မိုး. . . ကိုကို့ကိုလက်ထပ်မှာပါ"

ကိုကိုက ခနဲ့သလို ခပ်တိုးတိုးရယ်မောလိုက်လေ၏။ ရယ်စရာပြက်လုံးတစ်ခုလို သတ်မှတ်လိုက်ပြီလား။ ကျွန်မစကားတွေက ကိုကို့အတွက် အဓိပ္ပာယ်မဲ့နေခဲ့ပြီလားကွယ်။

"စဉ်းစားလိုက်ပါဦး မိုးရယ်။ လူနှစ်ယောက် လက်ထပ်တယ်ဆိုတာ ဘဝအတွက်အရေးအကြီးဆုံးကဏ္ဍတစ်ခုလေ။ ပျက်ပြီးရင် ပြင်လို့မရတော့တဲ့အမှားအယွင်းမျိုးကို မိုးမကျူးလွန်မိပါစေနဲ့။ အချိန်တွေရှိပါသေးတယ်။ သေချာစဉ်းစားပြီးမှဆုံးဖြတ်ပါ"

"ဘယ်လိုပဲစဉ်းစားစေဦးတော့ အဖြေက တစ်ခုတည်းပါပဲ ကိုကို"

ကိုကို့လက်တစ်ဖက်က သူမဆံနွယ်တွေပေါ် ရောက်လာပါ၏။ သူမငြိမ်နေမိသည်။ အခြေအနေတွေက ထင်သလိုဖြစ်မလာရင် ဘယ်လိုလုပ်မလဲ။ သူမစီစဉ်ထားသလိုဖြစ်မလာရင် သူမပေးဆပ်ရမှာက မတန်တဆပါလား။ ဘဝတစ်ခုလုံးကို ကိုကို့လက်ထဲ မိုး အပ်လိုက်ရမှာလေ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ရင်ထဲကို မြင်နိုင်လို့လား မိုးရယ်"

"ကိုကို့ကိုလက်ထပ်မယ်ဆိုရင် ကျေနပ်ပါ"

"ဟင်းဟင်း. . . ကိုယ်လိုချင်တာ အဲဒါလို့ပဲ တယူသန်ထင်နေပြီလား မိုး။ ကိုယ်ပိုင်ဆိုင်ချင်တာ မိုးရဲ့ခန္ဓာကိုယ်ကိုမှမဟုတ်ဘဲ။ မိုးရင်ထဲက ကိုယ့်ကိုသိပ်ချစ်တဲ့နှလုံးသားတစ်ခုကိုပါ"

ဘုရားကယ်ပါ. . . ကျွန်မရဲ့ရင်ထဲက နှလုံးသားတဲ့လား ကိုကိုရယ်။ ဒီနှလုံးသားကို ကျွန်မ, ကိုကိုမဟုတ်တဲ့လူတစ်ယောက်ကို ပေးချင်နေတာပါလေ။ ဒါကိုတော့ ချမ်းသာမပေးနိုင်ဘူးတဲ့လား ကိုကိုရယ်။

"ကိုယ့်အဖြစ်က လူရယ်ချင်စရာတော့ဖြစ်နေပါပြီ။ လူတွေကြားရင်တော့ ရင်နာစရာတစ်ခုလို့ ဝေဖန်ကြမလားပဲလေ။ ကိုယ့်ချစ်သူရဲ့အသည်းနှလုံးကို ပြန်တောင်းခံနေရတဲ့အဖြစ်မျိုး ဘယ်လိုချစ်သူတွေဆီမှာ ရှိနိုင်ဦးမှာလဲ။ ကိုယ်ပြန်တွေ့ခွင့်ရခဲ့တဲ့မိုးဟာ သူစိမ်းတစ်ယောက်လိုဖြစ်နေခဲ့တာ။ နောက်ထပ် မိုးမြင့်စံအသစ်တစ်ယောက်ဖြစ်နေတာကို ကာယကံရှင် ကိုယ်ကိုယ်တိုင်ပဲ သိနေပါတယ်ကွယ်"

သူမ ဘာတစ်ခုမှဆက်မပြောနိုင်ဘဲ ငြိမ်သက်နေမိ၏။





ဘာတွေဖြစ်ကုန်ပြီလဲ။ ကိုကိုစိတ်ချမ်းသာပါစေရယ်လို့ ရည်စူးပြီး လုပ်ဆောင်ခဲ့သမျှတွေကို သဲထဲရေသွန်ချသလိုတော့ မဖြစ်စေချင်ပါဘူး။ ကိုကို့ကို အမှန်အတိုင်းဖွင့်ပြောချလိုက်လျှင် ဘာတွေဖြစ်ကုန်မလဲ။ မမ,မချစ်တော့ဘူးဆိုပြီး စိတ်ဓာတ်တွေ ပုန်းပုန်းကျပြီး နာလန်မထူနိုင်တော့မှ ဒုက္ခတွေဖြစ်ကုန်တော့မှာပဲ။ ဘ်က ကိုကို နေကောင်းတဲ့အခိုက်မှာ မမနဲ့ဆုံစည်းစေချင်လို့ပါလေ။

"ဒီလကုန်ပတ်ကျရင် ရန်ကုန်မှာ ကိုကိုဆေးကုခံဖို့ သွားရမှာလေ။ အဲဒါ. . ."

"မသွားတော့ဘူး"

"ကိုကို အဲဒီလိုမလုပ်ပါနဲ့"

"အမှန်အတိုင်းပြောနေတာပါမိုးရဲ့။ ကိုယ်ပြန်ကောင်းသွားတော့ရော ဘာထူးတော့မှာလဲ"

"ကိုကို. . . မိုးကိုချစ်တယ်ဆို. . . မိုးစကားကို"

"ပြီးခဲ့ပါပြီ မိုးရယ်။ မိုးသောက်ဦးနဲ့ မိုးမြင့်စံတို့အကြောင်းတွေက ကမ္ဘာဦးပုံပြင်တစ်ပုဒ်ဖြစ်သွားပါပြီ။ တော်ပါတော့. . . ကိုယ်မကြားရဲတော့လို့ပါ"

သူ့ ခြံထဲသို့ဆင်းလာတော့ ကိုကိုနှင့်သူမက မြက်ခင်းပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အတူရှိနေလေ၏။ သူ့ ကားရှိရာဆီ လှမ်းလိုက်စဉ် ကိုကို့ထံမှအသံ တီးတိုးထွက်လာပါသည်။

"ကိုယ်, ညီနဲ့စကားပြောချင်တယ်မိုး"

ရှောင်ခိုင်းတာလား။ ညီအစ်ကိုနှစ်ယောက်ပြောတဲ့စကား တွေကိုတောင် သူမကြားခွင့်မရှိတော့ပြီပေါ့။ ထိုင်နေရာမှ အသာ ထရပ်၍ထွက်ခဲ့စဉ် ကွန်ကရစ်လမ်းထက်မှာ မားမားကြီးရပ်နေ သည့်သူနှင့်ဆုံလေ၏။ ငိုထားသည့်မျက်နှာကို သူမမြင်စေရန် ခေါင်း ငုံ့ဖယ်ရှားလျက် တိုက်ထဲသို့ဝင်လာခဲ့ပါသည်။ ကိုကိုရယ်. . . မမနဲ့ ပြန်မဆုံခင်မှာ လူကောင်းပကတိဖြစ်အောင် ဆေးကုဖြစ်ပါစေ လားကွယ်။

"ညီ"

"ဗျာ. . . ကိုကို"

ကိုကိုလှမ်းခေါ်လိုက်တာမို့ ကိုကိုရှိရာဆီ သူဆက်လျှောက် လာခဲ့ပါ၏။ ကိုကိုက မြက်ခင်းစိမ်းစိမ်းကို တွေတွေငေးငေးစိုက် ကြည့်နေလေသည်။

"ဘာပြောချင်လို့လဲကိုကို"

"မိုးကို သူ့မိဘတွေဆီ ပြန်ပို့ပေးလိုက်ပါ ညီ"





"ဗျာ! "

သူ့အံ့ဩစွာဖြင့် ကိုကို့ကိုငေးကြည့်နေမိ၏။ ကိုကိုက လက် နှစ်ဖက်ကိုတင်းတင်းဆုပ်တာ အားတင်းထားပုံရလေသည်။ ဘယ် လိုတွေဖြစ်ကုန်တာလဲ။ ချစ်လှချည်ရဲ့ဆိုလို့ ကိုကို့လက်ထဲရောက် အောင် သူမကိုအရောက်ခေါ်ခဲ့ပေးပါလျက် အခုလိုမျက်နှာလွှဲခဲပစ် ပြောရက်တယ်တဲ့လား။

"ကိုကိုပဲ မိုးကိုချစ်လွန်းချည်ရဲ့ဆိုလို့ ကျွန်တော်ခေါ်လာပေး တာလေ။ ဘယ်လိုဖြစ်ရတာလဲ"

"မိုးက ကိုယ့်ချစ်သူမှမဟုတ်တော့ဘဲ ညီရယ်"

"ဘယ်လို"

သူ့အံ့ဩထိတ်လန့်သွားရပါ၏။ သူမကို တိတ်တဆိတ်လေးချစ် နေသည့် သူ့ချစ်ခြင်းတွေကိုများ ရိပ်မိသွားလေပြီလား။

"ကိုယ်တို့နှစ်ယောက်ရဲ့အဖြစ်အပျက်က အတိတ်မှာကျန်ရစ် ခဲ့ပါပြီ ညီ"

"ဘာကိုဆိုလိုတာလဲ ကိုကို"

မိုးသောက်ဦး မဲ့ပြုံးပြုံးလိုက်မိပါ၏။ အတွေးတွေထပ်တူဖြစ် နေလို့များ စကားလုံးတွေပါတူနေသလားညီ။ ကိုကို့နှလုံးသားကို

www.burmeseclassic.com



လုယူမယ့်လူဟာ ဒေါက်တာမျိုးမြတ်မဟုတ်ဘဲ ကိုကို့ညီလေးကိုယ်တိုင်ဖြစ်နေပါရောလား။ ကိုယ်လုံးဝထင်မထားခဲ့တာအမှန်ပဲ ညီ။ ကိုကို့ဘဝမှာ အချစ်ရဆုံးသူဆိုလို့ ညီလေးတစ်ယောက်တည်းရှိတာပါကွယ်။ မေမေကွယ်လွန်ခါနီး မှာခဲ့သလို ညီ့ကိုစိတ်တိုင်းကျအလိုလိုက်မှုတွေပေးခဲ့တဲ့အထဲမှာ ကိုကို့နှလုံးသားပါ အစစ်ပါနေလိမ့်မယ်လို့ထင်မှမထင်ခဲ့ဘဲ။ မနေ့ညက လသာဆောင်မှာပြောနေတဲ့စကားတွေကို ကိုယ်မကြားရပေမယ့် ညီတို့အမူအရာတွေကိုမြင်ရုံနဲ့ ကိုယ်သိနေပါတယ်။

အထူးသဖြင့် ညီ့ကိုမော့ကြည့်နေတဲ့မိုးရဲ့မျက်ဝန်းတွေကိုပေါ့။ တစ်ချိန်က ကိုယ့်ကိုကြင်နာစွာ ငေးကြည့်ခဲ့ဖူးတဲ့မိုးရဲ့မျက်ဝန်းတွေကို ကိုယ်မမြင်ရတော့ပေမယ့် အဲဒီစကားတွေ အများကြီးပြောတဲ့မျက်လုံးလေးတွေကို ညီ့ထံကိုသာကြည့်ပြီး ပေးနေသတဲ့။ မယုံနိုင်စရာပါပဲ။ ဆုံလိုက်တိုင်း ရင်ခွင်ထဲတိုးဝင်လေ့ရှိတဲ့ ကိုယ့်ကလေးလေးကို ဤမျှထိ တွေဝေသွေးအေးသွားလိမ့်မယ်လို့ မျှော်လင့်ခဲ့တာမှမဟုတ်တာလေ။

အခုဆို လက်ကလေးဆုပ်ကိုင်တာကိုတောင် မကြိုက်ချင်သလိုမျိုး မသိမသာရုန်းဖယ်တတ်နေပြီပဲ။ ကိုယ်ရင်နာမိတာအမှန်





ပါ။ ကိုယ့်ကိုစတင်ပတ်သက်ချင်ခဲ့တဲ့၊ တိတ်တခိုးလေး လိုက်ချောင်းကြည့်တတ်တဲ့မိန်းကလေးဆီက ချစ်ခြင်းတွေကို ကိုယ်အပိုင်စားမရနိုင်ဘူးတဲ့လား။ နှစ်နှစ်တာစွဲမြဲစွာ ဆုပ်ကိုင်ခဲ့တဲ့တွဲလက်တွေကို ဒီလို အလွယ်တကူဖျက်နိုင်ပြီတဲ့လားကလေးရယ်။ ကိုယ့်မင်းအပေါ် ချစ်ခဲ့တဲ့ချစ်ခြင်းတွေက ရိုးမြေကျရည်ရွယ်တဲ့ ရာသက်ပန်မေတ္တာတရားတွေပါကွယ်။ ယုံကြည်ခဲ့မိတယ်၊ မင်းရဲ့ချစ်ခြင်းတွေကိုပါ။ ရူးသွပ်ခဲ့မိပါတယ်၊ မင်းရဲ့အကြင်နာမျက်ဝန်းတွေကိုပေါ့။ မျှော်လင့်ခဲ့မိတယ်၊ တွဲလက်မဖြုတ်တမ်း ပေါင်းစည်းမယ့် အနာဂတ်ကိုပေါ့ကလေးရယ်။

ဒါပေမဲ့. . . အခုတော့ဖြစ်နိုင်ချေမရှိတော့ပါဘူး။ ကိုယ့်ရှေ့မှာ ပြန်တွေ့ရတဲ့ မိုးမြင့်စံဟာ ကိုယ့်ကိုတစ်ခါမှမမြင်ဖူးတဲ့မျက်ဝန်းတွေနဲ့ အံ့ဩမှင်တက်စွာ ငေးနေခဲ့တာလေ။ ညီ့လက်ဆွဲခေါ်လာရာဆီ အရုပ်တစ်ရုပ်လိုတောင့်တောင့်လေးပါလာခဲ့ရာက ကိုယ်ဆုပ်ကိုင်ခဲ့ရတဲ့လက်တွေဟာ မနွေးထွေးဘဲအေးခဲနေခဲ့တာ အမှန်ပါပဲ။ အဲဒီကတည်းက ကိုယ်သိသင့်ခဲ့တာပါ။ သို့သော်. . . မျှော်လင့်နေတုန်းရောက်လာခဲ့တဲ့ချစ်သူကို အပျော်တွေအဆုံးမဲ့စွာနဲ့ ထွေးပွေ့ခဲ့မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း ကိုယ်ပြန်ရခဲ့တာက အေးစက်ခြင်းဆိုတာပါပဲ။ နှုတ်ဖျားက မည်မျှပင် ချစ်သည်ပြောနေပါစေ၊ သွေးအေးလွန်းတဲ့ မျက်ဝန်းညိုတွေထဲမှာ ကိုယ့်ကိုမြတ်နိုးတဲ့အကြင်နာတွေ မမြင်ရတော့ပြီပဲ။ ကရုဏာသက်တဲ့အကြည့်တွေကို မလိုချင်ဘူး။ ကိုယ့်ကို သနားပြီးကြည့်တဲ့အကြည့်မျိုးကို မယူပါရစေနဲ့။ ဒီလိုကြည့်တာထက်စာရင် မုန်းမေ့လိုက်တာက ပိုပြီးသင့်တော်ပါသေးတယ်မိုးရယ်။

"ကိုကို"

"မိုးက. . . မိုးက ကိုယ့်ကိုချစ်တော့တာမှမဟုတ်ဘဲ။ ကိုယ့်အပေါ် အတော်လေးအေးစက်နေပြီလေ"

"မဟုတ်တာ"

"ဟုတ်တယ်၊ သေချာပါတယ်ညီ။ ဟိုးအရင်တုန်းက ကိုယ့်ကိုတွေ့တာနဲ့ ရင်ခွင်ထဲအမြဲတိုးဝင်တတ်တဲ့ မိန်းကလေးဟာ အခုဆို လက်ကိုင်တာလေးကိုတောင် ရှောင်ဖယ်နေတတ်ပြီ ညီ"

"ဒါကတော့"

"ကိုယ်သိနေပါပြီ။ သူ့ရင်ထဲမှာ ကိုယ်လုံးဝမရှိနိုင်တော့ပါဘူး"

"အဲဒီလိုတော့ မပြောပါနဲ့ကိုကို။ ဟိုဒေါက်တာကို လက်မထပ်ချင်လို့ ကျွန်တော့်နောက်ကို သူ စိတ်ပါလက်ပါလိုက်လာခဲ့တာပါ။





အခု ကိုကိုပြန်ပို့နိုင်းရင် သူ ဟိုဒေါက်တာနဲ့ယူလိုက်ရမှာပေါ့"

စိုးရိမ်သွားတဲ့။ မိုးနဲ့ပတ်သက်ပြီး စိုးရိမ်တတ်နေပြီလား ညီ။ တကယ်ဆို ဒီလိုစိုးရိမ်ခွင့်ဆိုတာ ကိုယ့်မှာပဲရှိနေသင့်တာလေ။ အခုတော့ ဘာမှမသက်ဆိုင်တဲ့ညီက မိုးကို ကိုယ့်ကိုယ်စားဝင်ပြီး စိုးရိမ်နေသတဲ့လား။

"သူ့စိတ်ကြိုက်ဆုံးဖြတ်ပါစေ ညီ"

"အဓိပ္ပာယ်မရှိဘူးကိုကို။ သူ့ကို ကျွန်တော် ဒီကိုခေါ်လာခဲ့တာ ကိုကိုနဲ့လက်ထပ်ဖို့ပါ။ ကိုကိုဟဲ့ သူ့ကိုမြတ်မြတ်နိုးနိုးချစ်တာပါဆို၊ သူနဲ့ဝေးသွားရင် ရူးသွားရပါလိမ့်မယ်ဆို၊ ဒီစကားတွေကို ကိုကိုပဲပြောခဲ့တာလေ"

"There is no life without desire. [အလိုဆန္ဒကင်းမဲ့တဲ့ ဘဝဆိုတာ မရှိပါဘူး] တဲ့,ညီ။ ကိုယ်က လိုချင်ပေမယ့် သူမှမပေးချင်တော့တာ။ ကိုယ် ဘာဆက်လုပ်လို့ရတော့မလဲ။ ကိုယ်တို့နှစ်ဦးကြားက ကြိုးတစ်ချောင်းဟာ ပြတ်စဲလုတည်းတည်းလေးပဲ ရှိပါတော့တယ်။ အဲဒါအမှန်ပဲ"

"There is no life without hope. [မျှော်လင့်ချက်ကင်းမဲ့တဲ့ဘဝဆိုတာ မရှိပါဘူး] ဆိုတဲ့စကားကိုလည်း မမေ့ထားပါ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ကိုကို၊ ကိုကိုမျှော်လင့်ထားတဲ့အနာဂတ်တစ်ခုကို မဖြစ်မနေပိုင်ဆိုင်မှုရှိစေရမယ်။ ကိုကိုဆေးရုံတက်ပြီး သေချာဆေးကုပါ။ ပြီးရင် မိုးနဲ့လက်ထပ်ပါ။ ကျွန်တော် ဒါပဲပြောချင်ပါတယ်"

"ကိုယ် မကုချင်တော့ပါဘူး"

"ကိုကို"

"အပိုလုပ်ရပ်တွေပဲဖြစ်ကုန်မှာပေါ့ ညီ။ ကိုယ်ပြန်ကောင်းရင်လည်း လိုချင်တဲ့ဘဝကိုရတော့မှာမှမဟုတ်တာ။ အချိန်ရော ငွေပါအကုန်ခံတာပဲ အဖတ်တင်ကျန်ရစ်မှာပေါ့ ညီ။ ကိုကိုဘယ်တော့မှပြန်မကုတော့ဘူး။ ဒီဘဝ ဒီမျှနဲ့သာရှိပါစေတော့လေ"

"မဖြစ်နိုင်ဘူးကိုကို"

"ထပ်မပြောပါနဲ့တော့ညီ။ ကိုယ့်ကိုဆေးရုံပြန်တက်ပါဆိုတဲ့စကားမျိုး ကိုကို့ကိုချစ်ရင် နောက်ထပ်မပြောပါနဲ့။ ကိုကိုတောင်းပန်ပါတယ်"

မျက်နှာကိုလက်ဝါးဖြင့်အုပ်၍ငြိမ်သက်သွားသည့်ကိုကို့ကိုကြည့်ကာ ရင်ထဲမှာ ပူလောင်လာရလေ၏။ ဒါဟာ သူမကြောင့်ပဲ မဟုတ်ပါလား။

သူ, တက်တစ်ချက်ခေါက်ကာ သူမရှိနေသည့်အပေါ်ထပ်သို့





အပြေးတက်လာခဲ့မိ၏။ တံခါးကိုနှစ်ချက်ဆင့်ခေါက်ကာ door lock ကိုလှည့်ကြည့်တော့ စေ့ရုံစေ့ထားတာမို့ သူတွန်းဖွင့်လိုက်ပါသည်။

"မိုးမြင့်စံ"

"ရှင်"

"မင်းဘယ်လိုလုပ်လိုက်တာလဲကွ။ မင်းအတွက်နဲ့ ငါ့အစ်ကိုကို ဒီဘဝရောက်နေရတာတောင် မကျေနပ်နိုင်သေးဘူးပေါ့လေ။ ငါ့အစ်ကိုကို မသေသေအောင် သတ်နေတာလား"

"ညီ. . . ကျွန်မ"

"ဘာမှရှင်းပြမယ်မကြံနဲ့မိုးမြင့်စံ။ အခု ကိုကိုက ဆေးရုံတက်ပြီး ဆေးကုခံဖို့ ခေါင်းခါလိုက်ပြီကွ။ အဲဒါ မင်းကြောင့်. . . မင်းကြောင့်ဖြစ်တာ။ ငါနဲ့ကိုကိုသေချာတိုင်ပင်ထားပါလျက် ငါတို့ညီအစ်ကိုကြား အတော်ဖြိုဟ်မွှေတဲ့မိန်းမ. . . တောက်! "

"မဟုတ်ပါဘူးညီရယ်။ ကျွန်မ, ကိုကိုနားလည်အောင် ပြောပေးပါ့မယ်"

"ဘာပြောမှာလဲ။ အခု ကိုကိုဘာပြောလိုက်တယ်ထင်လဲ။ မင်းကို ရန်ကုန်ပြန်ပို့ပေးလိုက်တဲ့"

"ရှင်! "



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်လုံးလေးတွေ ဝိုင်းသွားရလေပြီ။ ကိုကိုက သူမကို ရန်ကုန်ပြန်တဲ့လား။ ဒါဆိုရင် ဒေါက်တာနဲ့ ကျွန်မလက်ထပ်လိုက်ရမှာပေါ့။ ဟင့်အင်း. . . မဖြစ်ဘူး။ ကျွန်မ, ဒေါက်တာနဲ့မယူချင်လို့ ဒီထိရောက်အောင်လိုက်ခဲ့တာပါ။

"ကျွန်မ. . . ကျွန်မ, မပြန်ပါရစေနဲ့"

"မရဘူး။ ကိုကိုက ဒါဆိုရင်ဒါပဲ. . . မင်း. . . တောက်! ငါမှာတော့ သနားစာနာစိတ်နဲ့ ဒီတိုင်းပါအောင် ခေါ်လာခဲ့ရတာ။ ခုတော့ အလကားပဲ။ ငါ့အစ်ကိုအတွက် ဒုက္ခတွေစုပြုံလာအောင် လုပ်ပေးလိုက်သလိုဖြစ်တာပဲ အဖတ်တင်တယ်"

"ညီ. . . ကျွန်မ မပြန်ချင်ဘူး။ တောင်းပန်ပါတယ်"

"အဲဒါ ကိုကို့ကိုသွားပြောရမှာ။ ငါက ကိုကို့အမိန့်အတိုင်း တသွေမတိမ်းလိုက်နာတဲ့ညီကွ။ ကောင်းပြီ. . . မိုးမြင့်စံ၊ မင်းကို ကိုကို ခါးခါးသီးသီးမုန်းတီးနေရင်တော့ မင်းမျက်နှာကိုကြည့်ချင်တော့မှာမဟုတ်ဘူး။ အဲဒါအသေအချာပဲ"

"ကျွန်မ ဒေါက်တာမျိုးမြတ်ကိုမယူချင်ဘူး"

"ဒါ, မင်းသမိုင်းလေ။ ငါကတော့ ခေါင်းထဲမှာ ကိုကိုပေးတဲ့ တာဝန်ကလွဲပြီး ဘာကိုမှမထည့်နိုင်ဘူး။ ဒါပဲ"





သူက တံခါးကို ပြန်ဆွဲဖွင့်တာ ထွက်သွားလေ၏။ သူမ ခုတင်ထက် အရုပ်ကြိုးပြတ်ထိုင်ချလိုက်မိသည်။ ဘုရားရေ. . . ကိုကိုက နှင်ထုတ်နေပြီပဲ။ သူမကိုမုန်းလိုက်ပြီတဲ့လား။ ကျွန်မမျက်နှာကို မမြင်ချင်တော့ဘူးတဲ့လား. . .။

ကိုကိုရယ်. . . ကျွန်မက ကိုကို့ရဲ့ချစ်သူမဟုတ်လေတော့ ကိုကိုလိုချင်တဲ့ပုံစံမျိုး ထပ်တူဘယ်ဖြစ်နိုင်ပါ့မလဲ။ ကျွန်မရင်ထဲမှာရှိနေတဲ့ ကောင်လေးကလွဲပြီး ဘယ်သူ့ကိုမှအချစ်တွေမပေးနိုင်တာလေ။ ဒီအကြောင်းတွေကို ကျွန်မရှင်းပြချင်ပါတယ်၊ ကိုကိုနားထောင်ပေးပါ။ ကျွန်မကို လူမှားအထင်လွဲပြီး မမကို မုန်းလိုက်ပါနဲ့။ မမက သနားစရာသိပ်ကောင်းတဲ့မိန်းကလေးတစ်ယောက်မို့ပါရှင်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

ညဦးဦးယံမြင်ကွင်းကို ငေးမောနေမိသည်။ စက်ဘူမှာနေစဉ်တုန်းက မြင်ခွင့်မရခဲ့သည့်မြင်ကွင်းမျိုးကို ကြည်ကြည်နူးနူးလေးငေးကြည့်ချင်ပါ၏။ ခုတော့. . . ရင်ထဲမှာ ကြေကွဲခြင်းနဲ့ သူမငေးနေရတဲ့ဘဝပါလေ။

"မမ. . . ကိုကိုကြီးက ထမင်းမစားသေးဘူးလားလို့မေးခိုင်းလိုက်ပါတယ်ရှင့်"

"မစားချင်တော့ပါဘူး နန်းရယ်"

"ကိုကိုကြီးက ဝင်အောင်စားဖို့ပြောပါတယ်ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"စားပြီးပြီလို့သာ ကိုကို့ကိုပြန်ပြောပေးပါ နန်းရယ်။ မမတစ်ယောက်တည်းပဲနေချင်လို့ပါနော်"

"ဟုတ်ကဲ့ရှင့်"

မနန်းအပေါ်ထပ်မှဆင်းစဉ် လှေကားထိပ်မှာ သူနှင့်ဆုံလေ၏။ မနန်းမျက်နှာမကောင်းဖြစ်နေတာကိုမြင်တော့ ကိုကို့အတွက် သူစိုးရိမ်သွားမိသည်။

"ကိုကိုဘာဖြစ်လို့လဲ နန်းဝါ"

"ဘာ. . . ဘာမှမဖြစ်ဘူးရှင့်"

"ဘာမှမဖြစ်ရင် နင့်မျက်နှာက ဘယ်လိုဖြစ်နေတာလဲ"

"ဟို. . . ဟိုလေ"

နန်းဝါပြန်မဖြေနိုင်သေးခင် အခန်းထဲမှကိုကို့ခေါ်သံကထွက်လာလေ၏။

"ညီ"

သူ့ ကိုကို့အခန်းတံခါးကိုအသာတွန်းဖွင့်၍ ဝင်လိုက်ပါ၏။ ကိုကိုက Wheel Chair ကို ပြတင်းဝနားကပ်ထားရာမှ လှည့်လာလေသည်။ သူ့ ကိုကို့အနီးမှာရပ်လိုက်တော့ လိုက်ကာစလေးက ဖျတ်ခနဲလွင့်သွားပြီး လသာဆောင်မှာရပ်နေသည့်သူမကို မြင်လိုက်





ရပါ၏။

ကြည့်စမ်း! ကိုကိုက သူမ,မမြင်အောင် ဒီအခန်းထဲကနေ တိတ်တိတ်လေးချောင်းကြည့်နေတာပါလား။

"ဘာပြောချင်လို့လဲကိုကို"

"မိုးကို ထမင်းချော့ကျွေးလိုက်ပါ,ညီ"

"ဗျာ! "

"သူ မနက်ကတည်းက ခုချိန်ထိဘာမှမစားသေးဘူး"

"မဟုတ်သေးဘူးထင်တယ်"

"ကိုကိုက သူနဲ့အတူအိမ်မှာကျန်နေတဲ့လူပါ ညီ။ တစ်နေ့လုံး သူဘာလုပ်နေသလဲဆိုတာတွေအားလုံးကို ကိုကိုသိနေပါတယ်"

"ကျွတ်! ဘာလို့မစားရတာလဲ"

"ညီပြောရင်တော့ သူနားထောင်မှာပါ"

"ကိုကို. . . ကိုကို့စကားက ဘာအဓိပ္ပာယ်လဲ။ မိုးက ကိုကိုနဲ့ ပတ်သက်ပြီးရောက်လာခဲ့တာလေ"

မိုးသောက်ဦး မချိပြုံးမျိုးပြုံးလိုက်ပါ၏။ ကိုယ်နဲ့ပတ်သက်ပြီး ရောက်လာတယ်ဆိုတာ သေချာလို့လား. . . ညီ။ မင်းကိုစိတ်ချလို့ ကြည်ပြီး လိုက်လာတာရော,မဖြစ်နိုင်ဘူးလား။ လမ်းခရီးမှာ တစ်ည



www.burmeseclassic.com

www.burmeseclassic.com

အိပ်ပြီးမှ ဒီကိုရောက်မှာကို မိုးမသိဘဲနေမှာမှမဟုတ်ဘဲ။ ချစ်သူ မဖြစ်သေးတဲ့ယောကျ်ားတစ်ယောက်ကို ဘယ်လိုအားကိုးမှုမျိုးမှ မထားနိုင်ရင်—ဒီနေရာကို မိုးရောက်လာမှာမဟုတ်ဘူးဆိုတာကို ညီလည်းသိနေမှာပါလေ။

"သေချာရဲ့လား ညီ"

"ဘာကိုလဲကိုကို"

"ကိုကိုနဲ့ပတ်သက်ပြီး ရောက်လာတယ်ဆိုတဲ့စကားကို ညီ အာမခံနိုင်လို့လား"

"ကိုကို"

"လမ်းမှာ တစ်ညတော့တည်းရမှာဆိုတာ သူ မသိဘဲနေမလား ညီ"

"ကိုကို. . . ကျွန်တော်နဲ့မိုးကို မယုံသင်္ကာဖြစ်နေတာလား။ နှစ်ယောက်ခန်းမှာ တစ်ညတည်းခဲ့တာမှန်ပေမယ့် သူနဲ့ကျွန်တော် ရိုးသားမှုရှိခဲ့တာ ကိုကိုယုံကြည်ပါ"

ကျွတ်! ရိုက်မစစ်ရပါဘဲ ဒီပါးစပ်က ထွက်လာသတဲ့လား။ ပြောသင့်မပြောသင့်ချင့်ချိန်မှုမရှိဘဲ လွှတ်ခနဲထွက်သွားသည့်ပါးစပ် ကို စိတ်ထဲမှ ကျိန်ဆဲမိတာအမှန်ပင်။ ကိုကိုက သူ့ကိုခပ်ပြုံးပြုံးဖြင့်





ကြည့်နေလေသည်။

"ကိုယ်က ညီ့ကိုမယုံဘူးလို့ပြောနေလို့လား"

"မဟုတ်ပါဘူး။ ကိုကိုသံသယဝင်သွားမှာကို စိုးရိမ်သွားလို့ပါ"

"ကိုယ်ယုံပါတယ် ညီ။ ညီ့ရဲ့သိက္ခာနဲ့၊ ကိုယ်ကျင့်တရားကို ပေါ့။ ဒါပေမဲ့ ညီ့နှလုံးသားကိုတော့ ထည့်မတွက်ထားဘူး"

"ကိုကို. . . ကျွန်တော်"

"ကိုကိုက မျက်စိနဲ့မြင်ပြီး နှလုံးသားနဲ့သိလိုက်တာပါ ညီ။ အထူးသဖြင့် ညီတို့နှစ်ဦးရဲ့မျက်ဝန်းတွေထဲက စကားသံတွေကိုပဲ"

"မဟုတ်ဘူး"

သူမျက်စိစုံမှိတ်ချလိုက်စဉ် ကိုကို့ထံမှ ရယ်သံသဲ့သဲ့မျှထွက် လာပါ၏။ မျက်စိနဲ့မြင်တာတဲ့၊ နှလုံးသားနဲ့သိတာပါတဲ့လား။ ဘယ် လိုတွေဖြစ်ကုန်တာပါလိမ့်။ သူရောသူမပါ တရားဝင်ဖွင့်ပြောခြင်း မရှိပါဘဲ ကြားလူဖြစ်နေတဲ့ကိုကိုက အလိုလိုသိနေတာ အံ့ဩစရာ ပါပဲလား။

"ကိုကို့၊ ညီ့ကိုအပြစ်မတင်ပါဘူး။ လွတ်လပ်တဲ့မိန်းကလေး တစ်ယောက်ကို ဘယ်ယောကျ်ားမဆို ချစ်ခွင့်ပန်ဖို့ အခွင့်အရေးရှိ



www.burmeseclassic.com

www.burmeseclassic.com



တာပဲလေ”

“ကျွန်တော် သူ့ကို ဒီနေ့ဒီအချိန်ထိ ဘာတစ်ခုမှမပြောခဲ့ မပြခဲ့ပါဘူး”

“ဟုတ်ပါတယ်၊ ညီပြောတာ ဖြစ်နိုင်တာပေါ့။ ဒါပေမဲ့ အချစ်ဆိုတာက ဆန်းကြယ်တာကိုး. . . ညီရဲ့၊ ရင်ထဲကအကြောင်းတွေကို နှုတ်ကဖွင့်မပြောဘဲ မျက်ဝန်းစကားနဲ့ နှလုံးသားချင်း နားလည်ရင် ချစ်ခြင်းက ပြီးပြည့်စုံပါတယ်ညီ”

ဘုရားရေ. . . အဲဒါတကယ်ပဲလား။ အချစ်ဆိုတာကို သူကိုယ်တိုင် တစ်ခါမှမကြုံခဲ့ဖူးတာကိုး။ ဒီလိုဆိုရင် သူ့ရင်ထဲက ဖုံးကွယ်ထားတဲ့ချစ်ခြင်းတွေကို သူမရိပ်မိသွားလေပြီလား။ ဒါဆိုရင်တော့ ရှက်စရာပါပဲ။

အစ်ကိုဖြစ်သူရဲ့ချစ်သူကို လုယူတဲ့အဖြစ်မျိုး သူ့ရာဇဝင်မှာ အမည်းစက်စွန်းလေပြီကော. . . မိုးမြင့်စဲရယ်။

“သူ့မှာ ရွေးချယ်ခွင့်ရှိပါတယ်ညီ”

“ဟင့်အင်း. . . ကိုကိုနဲ့သူ လက်ထပ်ဖြစ်စေ့ရမယ်”

“ကိုကိုအဖြစ်မခံနိုင်ဘူး။ ကိုကို့ရင်ခွင်ထဲမှာနေပြီး ညီ့ကိုတမ်းတနေတဲ့ဝေဒနာမျိုး မိုးကိုမခံစားစေချင်ဘူးညီ”





“မဖြစ်နိုင်ပါဘူးကိုကို။ ကိုကိုက သူ့ဘဝရဲ့အချစ်ဦးပါ။ အချစ်ဦးဆိုတာ ဘဝတစ်သက်တာမှာ အမြဲအမှတ်ရနေမယ့် အရင်းနှီးဆုံးလူသားတစ်ယောက်ပါလေ”

“မှန်တယ်. . . ညီ။ ဒါပေမဲ့ အပြည့်အဝတော့ မမှန်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူ့စိတ်ဆိုတာ အခြေအနေနဲ့အချိန်အခါကို မူတည်ပြီးပြောင်းလဲနေတာလေ။ နှလုံးသားရဲ့ခံစားရာစိတ်တစ်ခုကို ဘယ်သူမှချုပ်ချယ်လို့မရနိုင်ဘူး။ ဒါကို ညီနားလည်ပါ”

“တရားမျှတမှုရှိနိုင်ပါ့မလားကိုကို။ ပထမနေရာမှာရှိ ...ပင် လူကို ဖယ်ခိုင်းရလောက်အောင် ကျွန်တော်က အသိတရား လက် နေတဲ့လူမှမဟုတ်ဘဲ”

“အချစ်နဲ့စစ်မှာ တရားမျှတမှု မလိုပါဘူးညီ။ အာ ယ်သူမှရှိ တာတွေချည်းပါ” ပြည့်စုံပါ

သူ ခေါင်းကိုခါယမ်းလိုက်ပါ၏။ ဘယ်လိုတရားမျှတ မှာတဲ့လဲ. . . ကိုကိုရယ်။ အခုဆို ပိုတောင်မှဆိုးနေသေး လမ်းမလျှောက်နိုင်တဲ့ဒုက္ခိတတစ်ယောက်ဖြစ်နေမှတော ...ဒ်လောက် ချယ်တဲ့မဲက ကျွန်တော့်ဘက်ကို ပိုပြီးအလေးသာနေ ...လေးတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုတ်ချင်းဆုတ်ရင် ကျွန်တော်ကသာ ဆုတ်ရမှာပါ ကိုကို။ အခုလည်း ကျွန်တော်က ရှေ့တိုးဖို့ မပြင်ဆင်ထားပါဘူး။ နေ့မြဲရပ်မြဲအတိုင်းရှိနေတာအမှန်ပါ"

"ကိုကိုပိုင်ဆိုင်ချင်တာ နှလုံးသားမပါတဲ့ဝက်ရုပ်ကိုမှမဟုတ်တာပဲညီ။ ကိုယ်ကျေနပ်ပါတယ်. . . ပိုင်ဆိုင်ခဲ့ဖူးတဲ့ချစ်ခြင်းတွေအတွက်ပေါ့"

"ကျွန်တော်က ဘာဆက်လုပ်ရမှာလဲကိုကို။ ဒီအတိုင်း မျှောလိုက်ရအောင် ကျွန်တော်က သက်မဲ့လှေတစ်စင်းမှမဟုတ်ဘဲ။ လုပ် ဂ င့်လုပ်ထိုက်တာတစ်ခုကို မလုပ်မဖြစ်လုပ်ကိုလုပ်ရမှာပေါ့။ ချင့် မရှိရင် ကိုကို့နှလုံးသားကို ကျွန်တော်သတ်ရာရောက်သွားလိမ့် ကွ

တော့

ူ့ ကိုကို့ခြေရင်းမှာ ဒူးထောက်ထိုင်ချလိုက်တော့ ကိုကိုက အမ ့တွကို ခပ်တင်းတင်း ၏ဆုပ်ကိုင်လိုက်လေ၏။

"အစ်ကိုအတွက် အနစ်နာခံတယ်ဆိုတာ ရာဇဝင်တွေထဲမှာ သ်းတွင်ရစ်တာပါ့ညီ။ အပြင်မှာ မဖြစ်ပါစေနဲ့။ ကိုကို့ မိုးကို န်သလို ညီ့ကိုလည်း သိပ်ချစ်တာပါကွာ။ ကိုကိုချစ်တဲ့ညီ တမ်းတ ာလေးကို လက်ဆက်ပေးဖို့ထားနိုင်တဲ့မှဒိတာမျိုး ကိုကို





မွေးယူနိုင်ပါတယ်"

"ဟင့်အင်း. . . မဖြစ်ရဘူး။ ဒီလိုဘယ်တော့မှမဖြစ်စေရဘူး ကိုကို။ ကျွန်တော့်ကိုသိပ်ချစ်တဲ့ကိုကို့နှလုံးသားကို နင်းချေကဲ့သူစားမျိုး ကျွန်တော် ဘယ်လိုမှအဖြစ်မခံနိုင်ပါဘူး။ ဒီကိစ္စကို ဒီမှာတင် ရပ်ကြစို့ကိုကို။ ဇာတ်သိမ်းခန်းကို လှလှပပလေးအဖြစ် သိမ်းစေရမှာပါ။ ဘယ်သူမှားသလဲ၊ ဘယ်သူမှန်သလဲဆိုတာကိုလည်း ကံကြမ္မာကပဲ အဆုံးအဖြတ်ပေးပါလိမ့်မယ်။ ကျွန်တော် သွားနားတော့မယ် ကိုကို။ ညဉ့်နက်နေပြီ။ ကိုကိုလည်း အိပ်သင့်ပါပြီ"

သူ ကိုကို့ခန္ဓာကိုယ်ကို Wheel Chair ပေါ်မှပွေ့ချီ၍ ခုတင်ထက်တင်ပေးကာ စောင်လွှမ်းခြုံပေးလိုက်ပါ၏။ ကိုကိုက သူ့လက်ဖျားကို တင်းတင်းဆုပ်ကိုင်ထားလေသည်။

"ကိုယ့်ကိုပစ်မထားခဲ့ပါနဲ့ညီ။ ကိုကို့အနားမှာ ဘယ်သူမှရှိမနေရင်တောင် ညီတစ်ယောက်တည်းရှိနေရင် အရာရာပြည့်စုံပါတယ်ကွယ်"

"ကိုကိုရယ်"

သူ ကိုကို့ကိုပွေ့ဖက်ကာ ငြိမ်နေမိ၏။ ကြည့်ပါဦး။ ဒီလောက်ချစ်ခင်တဲ့ညီအစ်ကိုနှစ်ယောက်ကြားမှာ သူစိမ်းမိန်းကလေးတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာတာနဲ့ ပြဿနာတွေဖြစ်ကုန်တာပါပဲလား။ အချစ်ဆိုတာ သိပ်ကြောက်ဖို့ကောင်းတဲ့အရာတစ်ခုဆိုတာကို လက်တွေ့ကြုံလာရမှ သူသိခဲ့တာပါလေ။

ကိုကို့အခန်းထဲမှထွက်လိုက်စဉ် အခန်းဝမှာရပ်နေသည့်သူမကိုမြင်လိုက်ရပါ၏။ မျက်ဝန်းမှငိုထားသည့်အရှိန်ဖြင့် မို့ဖောင်းနေလေသည်။

"ဘာလုပ်ဦးမလို့လဲ"

"ညီတို့ညီအစ်ကိုနဲ့ စကားပြောချင်လို့ပါ"

"ကိုကိုအိပ်ပျော်နေပြီ"

"ညီ. . . ကျွန်မ. . . ကျွန်မအတွက်နဲ့ ပြဿနာဖြစ်ကုန်ပြီလားဟင်! ဟုတ်ပါတယ်။ ကျွန်မက ညီတို့အိမ်ကိုပြဿနာတွေ သယ်လာခဲ့မိတဲ့မိန်းမတစ်ယောက်ဖြစ်နေပြီကိုး"

"တော်ပါတော့မိုးမြင့်စံ။ မင်းနဲ့ပတ်သက်ပြီး ငါဘာတစ်ခုမှ မပြောချင်တော့ဘူး"

ပြောရက်လိုက်တာ. . . ညီရယ်။ ကိုကိုစွပ်စွဲသလိုမျိုး ရှင်ပါ ကျွန်မကိုထင်နေပြီကိုး။ ကျွန်မဟာ ကိုကို့ချစ်သူမှမဟုတ်တာ။ ကိုကို့ချစ်သူမစစ်မှန်ရင် ကိုကိုလိုချင်တဲ့ပုံစံမျိုး ကျွန်မနေပေးလို့ရနိုင်တာ





မှမဟုတ်ဘဲ။

"ကျွန်မ မနက်ဖြန်ပြန်တော့မယ် ညီ"

"ဟင်! "

"ညီပြန်လိုက်ပို့စရာမလိုပါဘူး။ ဒီလိုလာခဲ့တုန်းကလည်း ကျွန်မဆုံးဖြတ်ချက်နဲ့ကျွန်မ လိုက်လာခဲ့တာပါ။ ပြန်တော့လည်း ကျွန်မဆန္ဒနဲ့ပဲ ကျွန်မပြန်ရမှာပေါ့။ တစ်ခုပဲသိထားပေးပါ. . . ညီ။ အဲဒါကတော့ ဒီနေ့အထိ ကျွန်မ မလိမ်ညာခဲ့ဖူးဘူး။ ဒါပေမဲ့ လိမ်ညာမိခဲ့ရင်တောင်မှ အဲဒါဟာ ရှင်တို့ညီအစ်ကိုနှစ်ယောက်အပေါ်မှာထားမိတဲ့ စေတနာသက်သက်ကြောင့်ပဲဖြစ်မှာပါ။ မနက်ဖြန်မှာ ရှင်မမြင်ချင်တဲ့ကျွန်မမျက်နှာကို ဘယ်တော့မှမတွေ့စေရတော့ပါဘူး။ ကျွန်မကတိပေးရင်း ရှင်ကျေနပ်ပါ"

သူ တောင့်တောင့်ကြီးရပ်နေမိပါ၏။ မသွားရဘူးလို့တားရမည်လား. . . ဟင့်အင်း။ သူ့မှာ တားပိုင်ခွင့်မရှိပြီပဲ။ သူဘာကိုမှ ပြန်မပြောနိုင်ခင် သူမက ကိုကို့အခန်းထဲဝင်သွားလေသည်။ ဘာတွေ သွားပြောပြန်ပြီနည်း။ ကိုကိုစိတ်ထိခိုက်စေမယ့်စကားတွေကို ကျေးဇူးပြုပြီး မပြောပါနဲ့လား. . . မိုးရယ်။

အခန်းတံခါးသံကြောင့် မျက်စိကိုဖွင့်ကြည့်လိုက်၏။ သူ လဲ



www.burmeseclassic.com

www.burmeseclassic.com



လျှောင်းရာဆီ တစ်လှမ်းချင်း ခပ်ဖွဖွလျှောက်လာနေသည့်မိန်းကလေးကို အငေးသားကြည့်နေမိသည်။ ဒါ. . . တစ်ချိန်တုန်းက သူ့အသက်တမျှချစ်မြတ်နိုးခဲ့မိသည့်ချစ်သူလေးပါလေ။ သူမက သူ့ခုတင်ဘေးရှိခုံမှာ ဝင်ထိုင်လိုက်လေ၏။

"ကျွန်မကို စကားနည်းနည်းပြောခွင့်ပြုပါကိုကို"

"မိုးကို ညီပြန်ပို့ပေးလိမ့်မယ်"

"ကျွန်မသိပါတယ်။ မလိုပါဘူးကိုကို။ ကျွန်မ ကိုယ့်ဆန္ဒနဲ့ပဲ ဒို့ပါလာခဲ့တာ။ ကိုယ့်ဆုံးဖြတ်ချက်နဲ့ပဲ ကျွန်မပြန်ပါ့မယ်"

"ခရီးကဝေးတယ် မိုးမြင့်စံ"

"ဒီ့ထက် မိုင်ပေါင်းဝေးကွာတဲ့နေရာကနေတောင်. . . တစ်ယောက်တည်းထွက်လာခဲ့သေးတာပဲကိုကို။ ဘယ်လိုအန္တရာယ်မျိုးကိုမှ ကျွန်မ မကြောက်တတ်ပါဘူး"

မိုင်ပေါင်းဝေးကွာတဲ့နေရာတဲ့လား။ ဘာစကားတွေလဲ မိုးရယ်။ ကိုယ့်ကို ဘယ်လိုပဟေဠိတွေများ လာပေးနေတာပါလဲ။

"မသွားခင် ကိုကို့ကိုရှင်းပြစရာလေးတွေရှိနေလို့ ဝင်လာပြီး ပြောတာပါ"

"ကိုယ်မကြားချင်တော့ဘူး မိုး။ နားချင်ပြီ၊ နားပါရစေ"





"ခဏလေးပါကိုကို။ နာရီဝက်လေးလောက်တောင် ကျွန်မကို အချိန်မပေးချင်တော့ဘူးလား။ ကျွန်မ မနက်ဖြန်ဆိုသွားတော့မှာ၊ ရင်ထဲမှာမျိုသိပ်ထားသမျှ ပြောခဲ့ပါရစေရှင်"

"ဘာတွေပြောမှာလဲမိုးမြင့်စံ။ မင်းရင်ထဲမှာ နှစ်နှစ်ကာကာ ချစ်နေတဲ့လူရဲ့အကြောင်းလား"

"ရှင်! "

"ဒါဆိုရင်တော့ မပြောပါနဲ့တော့မိုးရယ်။ ကိုယ်သိနေပြီးသားပါ။ ကိုယ့်အပေါ် ဒီလောက်ထိ မရက်စက်ချင်ပါနဲ့။ ကိုယ်တောင်းပန် ပါတယ်"

သူမမျက်နှာတစ်ခုလုံး ရဲရဲနီသွားရလေ၏။ ဘုရားရေ၊ အံ့ဩစရာပဲ။ သူ့အပေါ် သူမချစ်နေတာကို ကိုကိုက သိနေသတဲ့။ ရိပ်မိနေသတဲ့လား။ ရှက်ဖို့ကောင်းလိုက်တာ။

ယောကျ်ားလေးက စမပြောရပါဘဲ သူမရင်ထဲက ချစ်ခြင်းတွေကိုမြင်သွားတာလောက် ရှက်ဖို့ကောင်းတာ မရှိတော့ပါဘူး။ ညီရယ်. . . ညီမသိပေမယ့် ကျွန်မရဲ့ချစ်ခြင်းတွေကို ကိုကိုက သိနေတယ်တဲ့ရှင်။

"ကျွန်မ. . . ကျွန်မဝန်ခံပါတယ်ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အတော့်ကို ရက်စက်လှချည်လားမိုးမြင့်စံ။ ကိုယ့်တုန်းကလည်း မင်းဒီလိုပဲဝန်ခံပြီး ခေါင်းညိတ်ခဲ့တာလေ။ ခုတော့ ကိုယ်ဒီလိုဖြစ်နေတဲ့အချိန်မှာမှ မင်း. . . ဒီလိုစကားမျိုးပြောရသလား။ တကယ်ဆို တခြားသူစိမ်းတစ်ယောက်ကိုသာ မင်းရွေးချယ်သင့်တယ်။ ငါ့ရင်ကိုကွဲရအောင်လို့ ငါ့ညီကိုမှ မင်းရွေးပြီး ချစ်ရသတဲ့လားဟင်! ဒီလောက်ရက်စက်တဲ့မိန်းမမျိုး ငါတစ်သက်ဒီတစ်ခါပဲမြင်ဖူးသေးတယ်မိုးမြင့်စံ"

ကိုကို့အော်သံက ညဥ့်ယံမှာ ဟိန်းထွက်လာလေ၏။ အခန်းက အလုံခန်းမို့တော်ပါသေးသည်။ ပါးပြင်ထက် စီးကျလာသည့်မျက်ရည်တို့ကို သူမ သုတ်လိုက်ပါ၏။

"ကျွန်မ ရှင်းပြပါ့မယ်ကိုကို"

"မကြားချင်ဘူး"

"ခဏလေးပါ၊ ခဏလေးပါပဲကိုကိုရယ်။ ဒါနောက်ဆုံးမို့ပါ"

သူမရှိုက်ငင်လျက် ခုတင်ဘေးမှာ ဒူးထောက်ထိုင်ချလိုက်ပါ၏။ ကိုကိုက မျက်နှာကို တစ်ဖက်သို့လွှဲထားလိုက်လေသည်။ ရွံရှာပြီဆိုတဲ့သဘောပေါ့လေ။

ကျွန်မက မိုးမြင့်စံမှမဟုတ်ဘဲလေ ကိုကိုရယ်။





"ကျွန်မက ကိုကိုချစ်သူ မိုးမြင့်စံမဟုတ်ပါဘူး"

"ဘာ! "

ကိုကို့မျက်နှာမှာ ဒေါသရိပ်ထင်လာ၏။ သူမကိုစူးစူးရဲရဲစိုက်ကြည့်လိုက်တာမို့ မျက်လွှာချအားတင်းကာ ဆက်ပြောလိုက်ပါသည်။

"ကျွန်မက မိုးမြင့်စံထက် (၈)လငယ်တဲ့ ညီမလေး ရွှေဘုံစံပါ ကိုကို"

"ဟင်! "

"ကျွန်မ ရှစ်နှစ်သမီးတုန်းက မာမာနဲ့စင်္ကာပူကိုပါသွားခဲ့တာပါ။ အခုအရွယ်ရောက်လာတော့ မာမာက သူ့သူငယ်ချင်းရဲ့သားနဲ့ Engage လုပ်ပေးတယ်။ ကျွန်မက သူ့ကိုမကြိုက်ဘူး။ ဒီတော့ ပါပါရှိနေတဲ့မြန်မာပြည်ကို တစ်ယောက်တည်းတိတ်တိတ်လေး [illegible]က်လာခဲ့တာပါ။ ဒီရောက်တော့ ပါပါက မမနဲ့မှားပြီး ကျွန်[illegible]မ်ထဲမှာပိတ်ထားတယ်။ ဖြစ်ချင်တော့ မမကလည်း ဒေါက်[illegible]မျိုးမြတ်ကိုမယူချင်လို့ မြင်ဦးလွင်ကိုထွက်သွားတာကိုး"

အခန်းတစ်ခုလုံး တိတ်ဆိတ်နေပါ၏။ ကိုကိုက သူမကိုမမြင်ဖူးသည့်လူတစ်ယောက်လို တွေတွေကြီးစိုက်ကြည့်နေလေသည်။

"ကိုကို [illegible]မှာ Accident ဖြစ်သလို မမလည်း Accident နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြဲပြီး ဆေးရုံရောက်သွားတယ်"

"ဘယ်လို"

"ဟုတ်တယ်။ အဲဒီမှာ ကိုကိုနဲ့မမချိန်းထားတာလွဲသွားရတာပဲ။ ခုချိန်ထိ ကျွန်မ, မမနဲ့တစ်ခါမှမဆုံရသေးဘူး။ မမက လူတွေကိုကြောက်ပြီး ပုန်းနေတော့ ပိုဆိုးတာပေါ့လေ။ ဒီကြားထဲမှာ ပါပါက ဒေါက်တာနဲ့မင်္ဂလာဆောင်ဖို့ စိုင်းပြင်းတော့ ညီနဲ့ကျွန်မဆုံခဲ့ရတာပါပဲ။ ညီက ကိုကို့ကိုမယူရင် ကျွန်မကိုသတ်မယ်လို့ပြောပါတယ်။ ကျွန်မသေရမှာမကြောက်ပါဘူးကိုကို။ တစ်ခုတည်းပါပဲ။ ကျွန်မရဲ့နှလုံးသားကိုတော့ ပေးချင်တဲ့လူရဲ့လက်ထဲကို ပေးအပ်ခဲ့ချင်တာအမှန်ပါ။ ကျွန်မ, မာမာ့ဆီကိုပဲပြန်ပါတော့မယ်ကိုကို။ ဒီမြေမှာကျွန်မအတွက် နေစရာနေရာလည်းမရှိဘူး။ ခိုလှုံစရာရင်ခွင်လည်းမရှိနိုင်တော့ဘူးဆိုတာကို ကျွန်မသိလိုက်ရပါပြီ။ အချစ်ဆိုတာကို ကျွန်မ တစ်ခါမှမကြုံခဲ့ဖူးတာအမှန်ပါ။ ညီနဲ့ဆုံမှ . . . ချစ်ခြင်းရဲ့အဓိပ္ပာယ်ကို သိနားလည်ခဲ့ရပါတယ်။ ဒါပေမဲ့ . . . ဒါပေမဲ့ . . . ကျွန်မနှလုံးသားလေးက ရှင်သန်ခွင့်မရှိတော့ပါဘူးကိုကိုရယ်"

သူမကျိတ်ရှိုက်လိုက်ပါ၏။ ရင်ထဲမှာဆို့နင်သည့်ဝေဒနာကရင်နှင့်အမျှပါပဲ။ ပြောခဲ့ပါရစေ။ နောင်တစ်ချိန်ပြန်ဆုံခွင့်မရှိတော့





တဲ့လူတစ်ယောက်ကို သိပ်ချစ်ခဲ့တာအမှန်ပါပဲလေ။

"ကျွန်မ ဟိုကိုမပြန်ခင် မမကို ကိုကို့ဆီအရောက်လာပို့ပေးမှာပါ။ ကိုယ်စီကိုယ်ငှချစ်ကြတဲ့ချစ်သူနှစ်ဦးကို ဒီဘဝမှာပဲပေါင်းဆုံစေချင်ပါတယ်ကိုကို။ အဲဒီအခါကျရင်တော့ ကိုကို့ရောဂါကို သေချာအကုသခံပါ့မယ်ဆိုတဲ့ကတိတော့ ကျွန်မကိုပေးပါရှင်"

ကိုကိုက ခေါင်းကိုညိတ်ပြလိုက်ပါ၏။ သူမ မျက်ရည်တွေကြားမှ အားတင်းပြုံးကာ ကိုကို့လက်ဖဝါးကိုဆုပ်ကိုင်လိုက်မိသည်။ မမနဲ့ပတ်သက်ရင် ကိုကို့ကို သူမအစ်ကိုတော်ခွင့်တော့ရမှာပါလေ။

"ကျေးဇူးတင်ပါတယ် ကိုကို။ အခုအဖြစ်အပျက်တွေအားလုံးကို ကိုကိုမေ့ပေးပါ။ မမနဲ့အတူ သာယာချမ်းမြေ့တဲ့ဘဝလေးကိုတည်ဆောက်ပါ။ မမကိုမမုန်းလိုက်ပါနဲ့။ မမဘဝမှာ ကိုကို့တစ်ယောက်တည်းကိုသာ ချစ်ခဲ့တာပါကိုကို။ မမရဲ့ဒိုင်ယာရီကို ကျွန်မဖတ်ခွင့်ရခဲ့လို့ ဒီအကြောင်းတွေကိုသိခွင့်ရခဲ့တာပါ။ ဒီလောကကြီးမှာ မမနဲ့ကိုကိုလောက် ကံကောင်းတဲ့ချစ်သူမျိုး မရှိနိုင်တော့ပါဘူး။ ဖူးစာမှန်ရင် ကိုကိုတို့ ဆုံကိုဆုံရမှာပါလေ"

ညဉ့်က တဖြည်းဖြည်းနက်မှောင်လာချေ၏။ ကိုကိုယုံသွားမယုံဘူးလားဆိုတာကို သူမ မဆန်းစစ်နိုင်ပါ။ သေချာတာတစ်ခုက



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုကိုနဲ့မမကို တစ်သက်တာ လက်တွဲစေချင်တာ အမှန်ပါပဲလေ။

❖ ❖ ❖



## အခန်း ( ၁၄ )

"နင်တို့တွေ မတားကြဘူးလား"

သူ့အော်သံကြောင့် အလုပ်သမားတွေ တုန်သွားကြလေ၏။ ကိုကို့ကိုသန့်ရှင်းရေးလုပ်ပေးပြီး တစ်ခါတည်းခေါ် ချကာ ဆင်းလာခဲ့တာမို့ သူမ,မရှိတော့တာကို ချက်ချင်းမသိလိုက်ရဘဲ အခုမှ၊သိလိုက်ရတော့ ရင်ထဲမှာ ဒိန်းခနဲမြည်သွားရလေသည်။

"ဘယ်သူမှမသိကြဘူးလားလို့ ငါမေးနေတယ်လေ"

"ကိုကိုသိတယ်လေ ညီ"

ကိုကိုက ဝင်ပြောလိုက်တာမို့ သူ ဒေါသကိုလျှော့ချလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



၏။ မဟုတ်သေးဘူး။ တကယ်တမ်းစိုးရိမ်ခွင့်ရှိတာက သူမှမဟုတ်တာပဲ။ ကိုကိုက ဘာမှမဖြစ်ဘဲ သူက ပျာလောင်ခတ်နေတာ ဖြစ်သင့်လို့လား။

"သူ့ဆန္ဒနဲ့သူထွက်သွားတာကို ဘယ်အလုပ်သမားတွေက တားရဲမှာလဲ ညီ"

"ဒါပေမဲ့ ကျွန်တော်တို့ကိုတော့ သူပြောသွားသင့်တာပေါ့ ကိုကိုရဲ့"

"ပြောတယ်လေ၊ ညတုန်းက ကိုကို့ကိုတောင် ဝင်ပြောသွားသေးတာပဲ၊ သူ ညီ့ကိုမပြောဘဲမနေပါဘူး"

သူ ဆံပင်တွေကို ထိုးဖွလိုက်ပါ၏။ breakfast ဝိုင်းမှာ ဘာတစ်ခုမှ မသောက်ဖြစ်မစားဖြစ်ပါဘဲ လူကထိုင်ရမလိုထရမလို ဂနာမငြိမ်ဖြစ်နေလေသည်။

"ကိုကိုက မတားဘူးလားဗျာ"

"သူပြန်လာမှာပဲလေ ညီ"

"ဟာ! ကိုကိုက သူပြောတိုင်း စွတ်ယုံမနေနဲ့လေ။ ခက်တာပဲ"

"ကိုယ်က ဘာပြောလို့ရမှာလဲညီရဲ့။ သူ့စိတ်ကို သူပဲပိုင်တာလေ"





"သူပြန်လာမှာသေချာလို့လား"

"ဘယ်သိမလဲ"

"ကိုကို့ဟာတလည်းဗျာ၊ ဘာမှ မသေချာ မရေရာဘူး၊ စိတ်တောင်ရှုပ်လာပြီ"

"ကိုယ်လည်း သူပြန်လာတာကိုစောင့်ရမှာပဲလေ သူပြောသမျှမယုံပေမယ့် ကိုယ်လည်းစမ်းတဝါးဝါးပဲ"

"သူဘာပြောသွားလို့လဲ"

"အင်း. . . ပြောလို့ဖြစ်ပါ့မလား၊ သူက လျှို့ဝှက်ချက်တွေကို ဖွင့်ပြောသွားတာညီရ"

"ဘယ်လိုလုပ်ရမလဲဗျာ၊ ကိုကိုက သွေးအေးလွန်းတာအမှန်ပဲ"

"ဒီတိုင်းထိုင်မနေလို့ ထသွားရအောင် ကိုယ့်ခြေထောက်တွေက အကောင်းပကတိမဟုတ်ဘူးလေ ညီရဲ့။ စိတ်ကိုလျှော့ဦး"

"ခုချိန်ဆို ဟိုင်းဝေးကားတွေလည်း ထွက်ကုန်လောက်ပြီ"

မိုးသောက်ဦး၊ ညီဖြစ်သူကိုကြည့်ပြီး မအောင့်နိုင်တော့ဘဲ ရယ်ချလိုက်ပါ၏။ ဘယ့်နှယ်. . . ချစ်သူနှင့်ခွဲရတဲ့လူက ပျာမနေရပါဘဲ ညီက ဗျက်ကလဲဆန်ပြာဖြစ်နေသည်ကိုး. . .



www.burmeseclassic.com

www.burmeseclassic.com



“ညီ. . . မင်း, သူ့ကိုတော်တော်ချစ်တာပဲနော်။ မြင်ရုံနဲ့သိသာပါတယ်”

“ဟာဗျာ. . . မဟုတ်တာ။ ကိုကိုကလည်း ဒီလောက်ကိုကို့အသည်းကို ကစားသွားတဲ့မိန်းကလေးကို စိတ်မဆိုးဘဲ နေရတယ်လို့”

“သြော်. . . သူမှကိုယ့်ကိုမချစ်နိုင်တော့ဘဲကိုးညီရဲ့။ ကိုယ့်ကိုပြန်ချစ်ပါဆိုပြီး ထိုင်ငိုလို့ရရင်လည်း ငိုချလိုက်ပါတယ်ကွာ”

“ကျွန်တော်ပူနေတာ ကိုကို့အတွက်ပါဗျ”

“ဟုတ်လား. . . မသိပါဘူး။ ကိုယ့်ညီလေး အသည်းဟက်တက်ကွဲ ကျန်ရစ်ရလို့,လို့ထင်နေတာ”

“မဆိုင်ပါဘူး. . . အဲနေသာကြီး”

မခံချိမခံသာဖြစ်လွန်း၍သာ ကိုကို့ကိုပြန်ပြောလိုက်မိပေမယ့်ရင်ထဲမှာ နင့်နင့်သည်းသည်း သတိရနေမိတာကတော့အမှန်ပါပဲ။ ကောင်မလေးရယ်. . . မင်းအတော်ကိုရက်စက်တာပဲ။ ကိုယ်တို့ညီအစ်ကိုနှစ်ယောက်စလုံးရဲ့နှလုံးသားကိုမှ ပြိုင်တူယူရသတဲ့လား။

“အဲဒါပဲ. . . ပါးစပ်က မဆိုင်ပါဘူးအော်နေပေမယ့် လူကကြက်ကြီးလည်လိမ်ဝင်သလိုဖြစ်နေတာ ရင်ထဲက ဝေဒနာတွေကို





ကြေညာစရာမလိုပါဘူး ညီရာ”

“ကိုကိုနော်. . . ဘယ်လိုဖြစ်နေတာလဲ။ ဆေးကုခံဖို့ရန်ကုန်ဆင်းရမယ်. . . စဉ်းစားထားဦး”

“သူပြန်လာမှပဲ သွားကြတာပေါ့”

“လာပြန်ပြီ. . . ဒီစကား။ သူပြောသမျှယုံရင် ကျွန်တော်တို့ငပေါကြီးတွေဖြစ်တုန်းယိမ့်မယ်”

“ကိုယ့်မိုးက မင်းရဲ့မိုးလို တီတီတာတာ မပြောတတ်

အမှန်ပဲ ညီ”

ပေမဲ့

“ကျွတ်”

သူမျက်နှာပူစွာဖြင့် ကော်ဖီခွက်ကိုကောက်မော့ချလိုက်ပါဘာဖြစ်လို့ တစ်ယောက်တည်းကိုယ့်ဥ်တွဲပြောရတာပါလဲ။ တကယ်ဆို မိုးမြင့်စံဆိုတာ သူတို့ဘဝမှာ တစ်ဦးတည်းသာရှိခဲ့တာ မဟုတ်ပါလား။

“ဘာပဲဖြစ်ဖြစ်. . . သူပြန်လာလိမ့်မယ်လို့ ကိုယ်ယုံကြည်နေတယ်။ အဲဒီတော့မှပဲ ကိုယ့်ခြေထောက်တွေကို ပြန်ကုတော့မယ်ညီ”

သူ သက်ပြင်းကိုသာ ရှိုက်လိုက်မိပါ၏။ မျှော်လင့်ချက်ကြီးမား



www.burmeseclassic.com

www.burmeseclassic.com



နေသည့်ကိုကို့ကို အပြစ်မတင်ရက်ပါချေ။ မိုးမြင့်စံ. . . မင်းလှည့်စားရင်လည်း ကိုကို့ကိုတော့ ချမ်းသာပေးပါကွာ။ ကိုကို့လိုဝေဒနာသည်ကိုတော့ ရက်ရက်စက်စက်ကြီးမလုပ်လိုက်ပါနဲ့။ ကိုယ်တောင်းပန်ပါတယ်။

မိုးသောက်ဦး ခြံထဲသို့ဆင်းလာရာမှ ခြံတွင်းရှိမြင်ကွင်းကို ...းမောနေမိသည်။ နန်းဝါက သူ့ကိုထားခဲ့ပြီး အိမ်ထဲပြန်ဝင်သွားကိုကြို။ ပြန်လာမယ်တဲ့။ မမကိုခေါ်ပြီး လာဖို့မယ်တဲ့လား။ ယုံလိုက်သားကွယ်။ ဒီလောက်ရုပ်ချင်းချွတ်စွတ်တူတဲ့ညီအစ်မဆိုတာ ...တွေမှာပဲရှိနိုင်တာပါ မိုးရယ်။ ခုတော့ မိုးက(၈)လသာကွာတဲ့တူအစ်မတဲ့လား။

ယုံချင်ပါတယ်၊ မိုးပြောသလိုပဲ။ ညီအစ်မနှစ်ယောက်ဖြစ်နေရင် ကိုယ်နဲ့ညီ့အတွက် ပိုပြီးအဆင်ပြေသွားတာပေါ့လေ။ ဒါပေမဲ့ ယုံလို့ရပါ့မလား။ ကိုယ်မယုံရဲဘူး. . . ကလေးရယ်။ မင်းက ခုဆိုညီ့အပေါ်မှာပဲ သဒ္ဒါတွေပိုနေတာ ကိုယ်အသိဆုံးမို့ပါ။ ဝန်ခံပါတယ်တဲ့လား။ ကိုယ့်တုန်းကလိုပဲ ဝန်ခံရင်း ချစ်ခြင်းတွေကို သိစေခဲ့တာလေ။ ပျော်ခဲ့ပါတယ်။ တကယ့်ကိုအရူးအမူးပါပဲ။ ကလေးဆီကမျှော်လင့်ခဲ့မိတဲ့အချစ်တွေကို ပြန်ရခဲ့ရလို့ပါ။ တစ်သက်တာ လက်တွဲမယ်





ဆိုတဲ့အတွေးတွေနဲ့ အကောင်အထည်ဖော်ဖို့ မျှော်လင့်ချက်ကြီးကြီးမားမားထားခဲ့မိတာပါကွယ်။

မိုးမြင့်စံမဟုတ်ဘူးတဲ့။ ကိုယ့်ချစ်သူမဟုတ်တဲ့ရွှေဘုံစံဆိုပြီး ကိုယ်ပွားတစ်ခု ဖန်ဆင်းပေးရအောင် မင်းက တန်ခိုးရှင်မှမဟုတ်တာပဲကလေးရယ်။ စိတ်ကူးယဉ်တာပဲလား။ ဒါမှမဟုတ် ကိုယ့်လိုဒုက္ခိတကြီးကို လက်မတွဲချင်လို့ လိမ်ညာဟန်ဆောင်ဇာတ်လမ်းဆင်တာလေလား။ ဘာတစ်ခုမှ မသေချာပါလားကွယ်။

ကိုယ်တောင်းပန်ပါတယ်။ ကိုယ့်ဆီကိုပြန်လာခဲ့ပါ။ ဒါပေမဲ့ ကိုယ့်ကိုသိပ်ချစ်တဲ့နှလုံးသားတစ်ခုတော့ ပါလာပါစေနော်။

ကြာ

မှန်လုံကားပေါ်မှ မြင်ကွင်းတွေက မျက်စိမှာဝေဝါးနေစေ၏။ မနက်အစောကြီးမို့ နှင်းတွေအုံ့ဆိုင်းနေသည်ကိုး။ အင်း. . . လောလောဆယ် အသက်ကိုပဲ အရင်ဆက်သွယ်ရမှာပဲ။ Hand Phone က အားကုန်နေတာကြာပြီကိုး။ ပြင်ဦးလွင်မှာ ထမင်းစားခဲ့ကတည်းစဉ် သူ့မ Phone ရှိရာဆီလှမ်းလာကာ ဂဏန်း(၈)လုံးဖြင့် လှည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ၏။

"ဟဲလို"

"အသက်လား. . . ကျွန်မပါ"

"ဟင်! မိုး. . . အဲ! မဟုတ်ဘူး"

"ရွှေဘုံစံလေ အသက်ရဲ့။ မမသတင်းဘာထူးသေးလဲဟင်"

"အမယ်လေး ဘုံဘုံရယ်။ ဘုံဘုံနဲ့အဆက်အသွယ်ရပြီး နောက်နှစ်ရက်လောက်မှာ အသက်ဆီကို မိုးရောက်လာတယ်"

"ဟယ်. . .. ဟုတ်လား"

"အဲဒါလေ. . . ဘုံဘုံ့ Hand Phone ကိုခေါ်တာ ဘယ်လိုမှ ခေါ်လို့မရဘူး"

"ဟုတ်တယ်. . . ကျွန်မလည်း အားပြန်သွင်းဖို့မေ့နေတယ် အသက်ရဲ့။ ကိစ္စဝိစ္စတွေနဲ့ရှုပ်နေလို့ပါ။ အခု မမရှိလားဟင်"

အသက်က ဖြာခနဲငိုချလိုက်တာမို့ သူမထိတ်လန့်သွားရပါ၏။ ဘာများဖြစ်လို့ပါလိမ့်နော်။

"ဟဲလို! အသက်ဘာဖြစ်လို့လဲဟင်"

"မိုးကို. . . မိုးကို. . . အန်ကယ်နဲ့ဒေါက်တာ ပြန်ခေါ်သွားပြီ ဘုံဘုံရဲ့၊ မနက်. . .ဒီ မနက်ဖြန်ပဲ မိုးမင်္ဂလာဆောင်ရပြီ"





"ရှင်! မြန်လှချည်လား။ ဘယ်လိုတွေဖြစ်ကုန်ပြီလဲ"

"ဟုတ်တယ်။ ဘုံဘုံတို့မာမာလည်း ဒီမှာရောက်နေပြီ။ ဘုံဘုံ ယောက်ျားနောက်လိုက်သွားတယ်ဆိုပြီး အန်ကယ်နဲ့ပြဿနာတွေ တက်နေကြတယ်တဲ့။ မိုးသနားပါတယ်ဘုံဘုံရယ်။ မိုးကိုမကယ်နိုင် တော့ဘူးလားဟင်"

ပြဿနာပဲ။ ဘယ့်နှယ် သူမကိုယောက်ျားနောက်လိုက်သွား ပြီဆိုတဲ့သတင်း ဘယ်သူလွှင့်လိုက်တာပါလိမ့်။ ဪ. . . ဘာဘရှိ သေးတာပဲ။ ဘာဘကိုယ်တိုင် လက်မှတ်ထိုးပေးလိုက်တာ၊ ပါပါ့ကို ပြောလိုက်တာပဲထင်ပါရဲ့။ ထားပါတော့. . . အရေးကြီးတာက ... နှ ကို ရအောင်ကယ်ထုတ်ဖို့ပဲလေ။

"မမတို့ဘယ် Hotel မှာ ဆောင်မှာလဲ။ အချိန်ကရော. . . အသက်ရယ်"

"Traders မှာ. . . နေ့လယ်တစ်နာရီ"

"တစ်နာရီ၊ ကျွန်မရောက်အောင်လာခဲ့မယ်အသက်။ မမ နားမှာ အသက်စောင့်နေပါနော်။ တိုးတိုးတိတ်တိတ်လည်းပြောထား ဦး။ ကျွန်မ, မမကို မရရအောင်ဖြစ်တဲ့နည်းနဲ့လာခေါ်မယ်။ အနည်း ဆုံး Hotel အပြင်ဘက် ကားပေါ်မတက်ခင် ဆွဲခေါ်လိုက်မယ့်နေရာ



www.burmeseclassic.com

www.burmeseclassic.com



မှာ ကျွန်မကြိုစောင့်နေမယ်၊ သိလား"

"ဖြစ်ပါ့မလားဘုံဘုံရယ်။ အသက်ကြောက်တယ်။ အန်ကယ်က အသက်ကို မိုးကိုဖွက်ထားလို့ဆိုပြီး ကျိန်းသွားသေးတာဟဲ့"

"မကြောက်ပါနဲ့အသက်ရဲ့။ အသက်ကို ဘာမှမထိခိုက်စေရပါ ဘူး။ ကျွန်မဖာသာကျွန်မကြည့်ပြီး စီစဉ်သွားမှာပါ။ မမနဲ့ ကိုကို့ကိုမဆုံစေချင်ဘူးလား"

"ဆုံစေချင်တာပေါ့ဘုံဘုံရဲ့"

"ဒါဆိုရင် ကျွန်မတို့ကိုကူညီပါအသက်ရယ်။ ကိုကိုရှိနေတဲ့နေရာအထိ မမကိုကျွန်မအရောက်ပို့ပေးမှာပါ"

"ကိုကို့နေရာကိုသိလို့လား"

"သိတယ်။ ကျွန်မ အခုပဲ အဲဒီကပြန်လာတာလေ။ ကျွန်မမှာတာကိုမမေ့နဲ့နော်အသက်။ အရေးကြီးလို့ပါ"

"အင်း. . . အင်း"

Phone ကိုချကာ ထမင်းကိုခပ်မြန်မြန်စားပြီး ကားပေါ်အပြေးတက်လာခဲ့ပါ၏။ ကံကောင်းပါစေ၊ မမနဲ့ကိုကိုအတွက်ရော။ ပြီးတော့. . . သူမသက်ပြင်းကို ရှိုက်လိုက်မိသည်။ ကျွန်မအတွက် ကံကောင်းခြင်းမရှိရင်လည်း နေပါစေတော့. . .ညီရယ်။ ညီကမှ





ကျွန်မအပေါ် မချစ်နိုင်တာ။ ညီနဲ့ပတ်သက်သမျှ ဒီဘဝမှာဒီမျှနဲ့ပဲ ပြည့်ဖုံးကားချရတော့မယ်ထင်ပါရဲ့လေ။

ဧည့်ခန်းမှာထိုင်နေရင်းမှ ပါပါနှင့်မာမာက မျက်စောင်းတခဲခဲဖြစ်နေလေ၏။ ဘိုးဘိုးကြီးလည်း ဟိုကျန်ခဲ့တဲ့လက ဆုံးသွားပြီတဲ့။ ဒါဆိုရင်လည်း မြန်မာပြည်ကို မာမာအပြီးပြန်လာနေပါတော့လား။ ပါပါနဲ့ပြန်ပေါင်းပြီး အတူနေလျှင်လည်းရပါလျက် အခုတော့ မိုးတို့ ညီအစ်မနှစ်ယောက်ကိစ္စနဲ့ပတ်သက်ပြီး စကားက များနေကြတုန်းပင်။

"ရှင်, သမီးရဲ့ဆန္ဒကိုရော သေချာမေးရဲ့လား ဦးဥက္ကာရဲ့"

"ဟော့! ငါ့သမီးဆိုတာ ငါ့အမိန့်ကို တသွေမတိမ်းလိုက်နာရမှာပဲ။ မင်းဝင်ပြီး လျှာမရှည်နဲ့။ မင်းရဲ့သမီးကိုတောင်မှ မင်းမထိန်းနိုင်ဘူးမဟုတ်လား"

"ရှင် ဒီလိုတော့ မပြောပါနဲ့ရှင့်။ အဲဒါလည်း ရှင်နဲ့ရထားတဲ့သမီးပဲ။ ခွဲခြားခွဲခြားပြောစရာလား။ ရှင့်ဆီပြန်လာပြီးမှ မိုးလိုတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရတာ ရှင့်အပြစ်တွေလည်းပါတယ်"

"အံမာ. . . သူဟာသူ အကြီးမရည်းစားကို ကြားဖြတ်ဝင်ခုတ်သွားပြီးတော့ ငါ့သမီးနဲ့မနှိုင်းနဲ့"

"အာ. . . ပါပါကလည်း၊ မဟုတ်ပါဘူး"

"ဘာမဟုတ်ရမှာလဲ။ ကလေးက ကလေးလိုနေစမ်း။ လူကြီးတွေပြောနေတာ ဝင်မပါနဲ့"

ပါပါက ဒေါ်ပွပွဖြင့် [illegible] တာမို့ ငြိမ်လိုက်ရပါ၏။ မာမာရောက်လာလို့များ စစ်ကူ [illegible] ယ်။ မာမာကိုယ်တိုင်က ဘုံဘုံလုပ်သွားတဲ့ [illegible] ပိုဖိနေတာလေ။ ရောက်လာတဲ့လပိုင်းလေးအပ [illegible] ဘုံဘုံဘယ်လိုဆုံပြီး ဘယ်ပုံကြိုတ်၊ ဘယ့်နှမ [illegible] သွားတယ်မသိတော့ပါဘူး။ ကိုကို့ညီမို့ တော်ပါသေးတယ်။ တခြားလူသာဆို ရင်ကျိုးရချည်ရဲ့။

ပြောသာပြောနေမိတာ။ ဘုံဘုံက မိုးထက်ပိုပြီးထက်မြက်လည်ဝယ်တာတော့ ငယ်စဉ်ကတည်းကပါပင်။ အခုလည်း ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိ။ အဆက်အသွယ်လည်းမလုပ်။ ဆက်သွယ်ရင်လည်း မိုးက Phone ကိုင်ခွင့်မှမရတာလေ။





"မာ. . . ဟိုကိုမပြန်တော့ရင် မိုးနဲ့နေလေ"

"အမယ်လေးတော်. . . ရှင့်အဖေက ရှင့်ကိုယောက်ျားပေးစားနေပြီဟာ။ ကျုပ်တ ဘယ်လိုလာနေရမှာလဲ၊ မနေဘူး"

"မာကလည်း"

"မနက်ဖြန်ပဲ ဖင်လာအောင်ရတော့မယ်။ ဝဂ္ဂျိဂျောင်ကျမနေနဲ့မိုးမြင့်စံ။ ညည်းအခေါက ဟိုမှာ အဖေအသစ်တွေ့ပြီးသားမို့ ဒီကိုပြန်လာမနေချင် [illegible] း‌ခေါ်မနေနဲ့"

"တို့ဥက္ကာ. [illegible] ဘာတွေ မပြောနဲ့နော်။ သမီးရှေ့မှာ ကျွန်မ [illegible] ကိုကိုသဲ [illegible] ား"

"ဟုတ် [illegible] ပိုပေးစားမယ့် ကာကနက်ရဲ့အဖေ [illegible] မရှင်းမရှင်းပဲမဟုတ်လား။ ပါတီတွေဘာတွေအတူတက်၊ စုံတွဲခုတ်ရတာနဲ့လေ"

"ရှင်နော်. . . ရှင်. . . အဲဒီအောင်ဇော်နဲ့မယူချင်လို့ ရှင်နဲ့ယူခဲ့တာကိုသိသိကြီးနဲ့ ဒီလိုပြောစရာလား"

"ငယ်ကအချစ်၊ အနှစ်တစ်ရာမမေ့သာလို့ သားပေးသမီးယူလုပ်ကြတာမဟုတ်လား။ ဟိုကောင်လည်း မိန်းမနဲ့ Divorce လုပ်မယ် သတင်းထွက်နေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဥက္ကာ"

မာမာ့အသံက စူးခနဲထွက်လာပါ၏။ ဘယ့်နှယ်. . . ငယ်ကျိုးငယ်နာတွေဖော်ပြီး ရန်ဖြစ်နေရတယ်လို့။ မာမာနဲ့ပါပါဟာ မချစ်လို့ လမ်းခွဲရတာမျိုးမဟုတ်ဘဲ ဘိုးဘိုးကြောင့် နယ်လုပြီး ကွဲခဲ့ရတာပင်။ အခုလည်း မာမာပြန်နေရအောင် လေပြည်နှင့်ပြောလျှင်ရပါလျက် သမီးတွေထက်ပင် အလှတွေပိုနေသည့်မာမာ့ကို မနာလိုတိုရှည်တွေဖြစ်နေသည့်ပါပါ့ကိုကြည့်ရင်း စိတ်လည်းရှုပ်၊ ရယ်လည်းရယ်ချင်လာရ၏။ ပါပါနှင့်မာမာက (၆)နှစ်ကွာတာမို့ အခုဆို မာမာ့အသက်က လေးဆယ်စွန်းစွန်းလေးသာရှိနေသေးတာမို့ ပိုပြီးအရွယ်တင်နေတာလေ။

"ဟုတ်တယ်လေ၊ ဒါ ျပ့ မင်းမြန်ငေ်ိ ှမှာပြန်မနေနိုင်တာပေါ့။ ဝန်ခံလိုက်စမ်းပါ ဒေါ်မေရီလွန်းပိုရှ

မာမာက နှုတ်ခမ်းကိုကိုက်ကာ ပါပါ့ကိုမျက်စောင်းခဲလိုက်လေ၏။ ဘိုးဘိုးနာမည်ကိုထည့်ခေါ်လျှင် မာမာက ပိုပြီးစိတ်ကျေနပ်တတ်သည်လေ။

"မဟုတ်ပါဘူး။ ကျွန်မလည်း သမီးတွေရှိတဲ့ဆီမှာပဲ နေချင်တာပေါ့"





"ဒါဆိုရင်လည်း နေပေါ့။ မင်းကို ဘယ်သူက

"ရမလားရှင့်။ ရှင်ပဲ ရှင့်သမီးတွေကို ယော

ကိုး။ သူတို့နေတဲ့အိမ် လိုက်မနေနိုင်ပါဘူး။ ကျွန်ကာ်တော်မှောင်မှ

ဝယ်နေမယ်"

"ဝယ်စရာလားကွ။ မင်းရဲ့သမီးတေ

လာနေပေါ့။ ဒါ မင်းအိမ်ဝဲဟာ" မင်္ဂလာဆောင်ရပြီကိုကို။ မိုး

"ဩော်. . . ရှင့်အိုကိုကိုမဟုတ်တဲ့ သူစိမ်းတစ်ယောက်ကို

က ဘာပြောမလဲရှင့်။ မှိမယ်လို့ တကယ့်ကိုထင်မထားတာပါ

ဥက္ကာရဲ့" နိုးချစ်တာပါ။ ကိုကို့တစ်ယောက်ကိုပဲ မိုး

"ဘာစဉ်းစားရမှ ဒို့ကိုကိုသိထားပါလျက် မိုးကိုဘာလို့ဆောက်

ကွာရှင်းထားတာ မဟ

ကြီးပဲ။ မင်းအဖေ းပါ။ ကိုတို့ကိုလက်ထပ်ပါရစေလို့ အရင်ဆုံး

ကို မနိုင်စားချင်နဲ့ ဒေါ ာ်ဘဲ။ မိုးတစ်ယောက်တည်း ကျိတ်ငိုနေမိ

မာမာက မျက်လုံးပြူ န်မဆိုင်ချင်ဘူး။ မိုးဘဝမှာ အဲဒီမနက်

နိုင်ဘဲ ရယ်ချလိုက်မိပါ၏။ တို ွယ်သွားရင် အကောင်းဆုံးဖြစ်နိုင်

နူးစိတ်လေး မပြည့်ဝသေးခင်

သူမမျက်နှာလေး ရှုံ့တွသွားရတေ ာ်တစ်နေ့မှာ မင်္ဂလာဆောင်ရ



www.burmeseclassic.com

www.burmeseclassic.com



. . . ဟောက်ဆာဂျင် သတို့သားလက်သစ်ကြီးလေ။

အင့်တီ. . . နေရတာ အဆင်ပြေတယ်မဟုတ်လား"

ယစကား ဆိုလိုက်တာမှန်သော်လည်း အခုပဲ ပါပါ ပင်၊ အခုလည်း မာမ... ပ်ချုပ်ပြီးကာစမို့ မာမာ့မျက်နှာမှာ ဝန်း လျက် သမီးတွေထက်ပင် အလှ... နဲ်ပေါက်စကတော့ အချိန်အခါ ရှည်တွေဖြစ်နေသည့်ပါပါ့ကိုကြည့်ရင်း စိ ရယ်ချင်လာရ၏။ ပါပါနှင့်မာမာက (၆)နှစ် အသက်က လေးဆယ်စွန်းစွန်းလေးသာရှိနေမ...နော်။ Thanks ပါ. . . တင်နေတာလေ။

ရွှေနိုင်အောင် လာပို့တာ

"ဟုတ်တယ်လေ၊ ဒါ...မှ မင်း ဖြစ်...
တာပေါ့၊ ဝန်ခံလိုက်စမ်းပါ ဒေါ်မေရီလွန်းပို့...."

မာမာက နှုတ်ခမ်းကိုကိုက်ကာ ပါပါ့...ျွန်တော် ဒီမှာယူလာတာ လေ၏။ ဘိုးဘိုးနာမည်ကိုထည့်ခေါ်လ...ာက်ရှိတယ်လေ"

နပ်တတ်သည်လေ။

မာမာက သမီးကိုတစ်ခါတည်း

"မဟုတ်ပါဘူး၊ ကျွန်မလည်း...ပါ။ သားပေးချင်ရင် နောက်မှပဲ တာပေါ့"





"ဟုတ်ကဲ့ပါအန်တီ၊ ဖြစ်တာပါပဲ၊ ဟန်နီစိတ်ချမ်းသာရင် ပြီးတာပါပဲလေ"

ဒေါက်တာမျိုးမြတ်က ညစာပါစားပြီး တော်တော်မှောင်မှ ပြန်သွားပါလေ၏။ အိပ်ခန်းထဲဝင်တာ ခုတင်ထက် ပစ်လှဲချလိုက်မိသည်၊ မိုးကို ဘယ်သူမှမကယ်နိုင်တော့ဘူးထင်ပါရဲ့။

မနက်ဖြန်တစ်နေ့ရီဆို ကိုမျိုးနဲ့မင်္ဂလာဆောင်ရပြီကိုကို၊ မိုးကို လာကြည့်လှည့်ပါဦး၊ ကိုကိုမဟုတ်တဲ့ သူစိမ်းတစ်ယောက်ကို မိုး တစ်နေ့လက်ထပ်ဖြစ်လိမ့်မယ်လို့ တကယ့်ကိုထင်မထားတာပါ ကိုကိုရယ်၊ ကိုကို့ကိုပဲ မိုးချစ်တာပါ၊ ကိုကို့တစ်ယောက်ကိုပဲ မိုး လက်ထပ်ချင်ခဲ့တာ၊ ဒါကို ကိုကိုသိထားပါလျက် မိုးကိုဘာလို့မဆက် သွယ်ရတာလဲ။

မိုးက မိန်းမသားပါ၊ ကိုကို့ကိုလက်ထပ်ပါရစေလို့ အရင်ဆုံး ပြောခွင့်ရနိုင်တာမှမဟုတ်ဘဲ၊ မိုးတစ်ယောက်တည်း ကျိတ်ငိုနေမိ ပြီကိုကို၊ မနက်ဖြန်ကို မိုး ရင်မဆိုင်ချင်ဘူး၊ မိုးဘဝမှာ အဲဒီမနက် ဖြန်ဆိုတာ အပြီးတိုင်ပျောက်ကွယ်သွားရင် အကောင်းဆုံးဖြစ်နိုင် မှာပါလေ။

ကြားဖူးကြပါရဲ့လား၊ နောက်တစ်နေ့မှာ မင်္ဂလာဆောင်ရ



www.burmeseclassic.com

www.burmeseclassic.com



တော့မယ့် သတို့သမီးလောင်းလေးဟာ မင်္ဂလာမဆောင်ခင်အကြို တစ်နေ့မှာ ခေါင်းအုံးတွေစိုရွှဲကုန်တဲ့အထိ ငိုပွဲတွေဆင်နေရတယ် ဆိုတာပါလေ။

ဒါကို ဘယ်သူမှမသိနိုင်ပေမယ့် မိုးမြင့်စံဆိုတဲ့ ကာယကံရှင် မိုးကိုယ်တိုင်ပဲသိနေတာ အမှန်ပါရှင်။

❖ ❖ ❖





ကောင်မလေး...

ဝေဒနာတွေ လာဝေး

ဝေးသွားမှ တမ်းတ

လွမ်းရတဲ့ရက်တွေမှာ

အလွမ်းတွေက အသချို...

ကောင်မလေး...

အကြင်နာတွေနဲ့ယုယ

သမုဒယရစ်နှောင်

ရှောင်ဖယ်တာ ထွက်ပြေး

တစ်ရက်လေးမှ မေ့မရ

(ဤဘဝမှာ)

မေတ္တာတွေက ဆုကုရှေ့...



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရေ…
ဝေဒနာတွေနဲ့အတူ
အလှိုင်းရာတွေနဲ့လူကို
ပေးတုကာ ချော့မြူလျက်
ထွေထူကာ ထွေးပက်လှည့်
တစ်ဘဝသူ့ရဲ့လွမ်းချင်း
မင်း စာနာလှည့်ပါတော့လား
ကောင်မလေးရယ်…



## အခန်း ( ၁၅ )

မျက်နှာပြင်အသေးစိတ်ခြယ်သပေးနေတာကို ငြိမ်သက်နေရပါ၏။ မျက်ဝန်းမှာဖွဲ့သီလာသည့်မျက်ရည်တို့က ပြည့်နှက်လာလေသည်။

ဘယ်လိုမှ ရှောင်လွှဲလို့မရတော့ပါလားနော်။ သံသရာအဆက်ဆက်ဝေးရပြီပေါ့ ကိုကိုရေ။ မိုးနဲ့တော့ ဤဘဝ ဤမျှသာပဲ ဆုံခွင့်ရခဲ့တာပဲထင်ပါရဲ့။

"ပြီးရင်သွားကြစို့ မေရီ။ သမီးနားမှာ မျက်ခြည်မပြတ်စေနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



အခန်းဝမှာရပ်၍ပြောလိုက်သည့်ပါပါ့ကို မှန်ထဲမှ မျက်စောင်းထိုးလိုက်မိ၏။ ဒီအချိန်ရောက်နေမှ မိုးက ဘယ်လိုလုပ်ပြီးထွက်ပြေးရတော့မှာလဲ။ ကိုကိုလာခေါ်မယ်ဆိုရင်တောင် ဟိုတယ်ပေါ်ကို ရဟတ်ယာဉ်နဲ့ဆင်းပြီးလာမှရမှာ။

ဟုတ်တယ်. . . စိတ်ကတို့ချင်လာပြီ၊ ငိုချင်သည့်လူကိုပို့ပြီးငိုချလာချင်အောင် လုပ်ချင်ကြတာကိုး။

"ပြီးပြီလားဟန်နီ"

"ပြီးပါပြီသားရယ်၊ အန်တီ့သားကလည်း ဒီနေ့မှပိုလှနေတာကိုး"

အနောက်တိုင်းဝတ်စုံဖြင့် ဒေါက်တာမျိုးမြတ်က ကျေနပ်စွာပြုံးလိုက်ပါ၏။ ဇာဂါဝန်အဖြူရောင်လေးဖြင့် ကော်ရုပ်လေးတစ်ရုပ်လို ချစ်စရာကောင်းနေသည့်ဇနီးလောင်းလေးကို ငေးမဝနိုင်တော့ပေ။ ဘယ်လိုပဲ အကြိမ်ကြိမ်ထွက်ပြေးစေဦးတော့ ဒီနေ့တော့ဖြင့် မိုးကို သူပိုင်ရပြီပဲလေ။

ကားပေါ်သို့တက်ထိုင်လိုက်ခဲ့ရသော်လည်း ငိုချင်စိတ်က ဖြေဖျောက်မရ။ နဂိုက အရှုံသတို့သမီးနေရာမှာ အသက်ကိုလျာထားပါသော်လည်း စိတ်မချဘူးဆိုကာ ပါပါကိုယ်တိုင်ဖျက်ပစ်လိုက်တာ





ပင်။ အခုတော့ ဒေါက်တာနေမျိုးရဲ့ cousin ညီမတစ်ယောက်ကိုပင် အစားထိုးပေးလိုက်တာမို့ ဘာမှစိစဉ်လို့မရတော့ပါချေ။

မင်္ဂလာစင်မြင့်မှာထိုင်လျက် မျက်နှာကိုငုံ့ထားမိ၏။ အခမ်းအနား ဘယ်လိုစတင်မှန်းကိုပင် ဝရုမထားမိဘဲ အသက်မရှိသည့်အရုပ်တစ်ရုပ်လိုဝင်ငြိမ်နေလေ၏။ အဆိုတော်တွေတစ်ယောက်ပြီးတစ်ယောက် ဘာသီချင်းတွေတက်ဆိုသွားမှန်းပင်မသိတော့။

အခမ်းအနားပြီးဆုံးကြောင်းကြေညာပြီးချိန်မှာ လက်ခုပ်သံတွေထွက်ပေါ်လာမှ သတိဝင်သွားရပါ၏။ ပြီးကုန်ပြီလား။ အဆုံးသတ်မှာကျန်ရစ်ခဲ့မှာက မိုးရဲ့မျက်ရည်စက်တွေသာဖြစ်မှာပါလေ။ state ပေါ်မှာဖြည်းဖြည်းဆင်းကာ ဧည့်သည်တွေကိုလိုက်လံနှုတ်ဆက်တော့ မျက်နှာမှာအပြုံးမရှိ။ အလယ်ဘက်လမ်းမကြီးဘေးဝိုင်းမှမိန်းကလေးတစ်ယောက်က မတ်တတ်ရပ်ကာပြုံး၍ကြိုလေ၏။

"မိုး"

"အသက်. . . အသက်လာတယ်နော်"

"ဟုတ်တယ်မိုး။ အသက်, မိုးအိမ်ထိမလိုက်တော့ဘူးနော်။ Dinner ပွဲလည်းလာဖြစ်မှာမဟုတ်လို့ အခုတစ်ခါတည်းနှုတ်ဆက်ပါတယ်မိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အသက်ရယ်"

အသက်က လူတွေရှေ့မှာပင် မရှောင်နိုင်တော့ဘဲ မိုးကိုယ်လုံးသွယ်သွယ်လေးကို တင်းတင်းကျပ်ကျပ်လေးဖက်လိုက်ပါ၏။ ပြီးနောက် မိုး၏ပါးပြင်မို့မို့လေးကို နှာခေါင်းလေးနစ်ဝင်သွားသည်အထိနမ်းရှိုက်လျက် တီးတိုးပြောလိုက်လေသည်။

"အပြင်မှာ ဘုံဘုံစောင့်နေတယ်မိုး၊ သတိရှိပါ"

မိုးပါးစပ်လေး ဟသွားရပါ၏။ လက်ဖျားလေးတွေကအေးစက်စက်လေးဖြစ်လာတော့သည်။ ဘုရားရေ. . . ဘုံဘုံရောက်နေပြီဆိုပါလား။ ဒါဖြင့် မိုးကိုလာခေါ်တာပေါ့။ အို. . . သတ္တိတွေရှိလှချည်လားညီမလေးရယ်။ ကိုကိုညီလေးနဲ့ပေါင်းသင်းနေရတာတောင် မမကိုမမေ့ဘဲ လာကယ်တာပေါ့လေ။

လူတွေကိုနှုတ်ဆက်ပြီး Hotel ထဲမှထွက်စဉ် မျက်စိကိုအသာလေးဝေ့ဝဲကာ ကြည့်မိ၏။ မျှော်လင့်ထားသည့်ဘုံဘုံ့အရိပ်ကို လုံးဝမတွေ့ရပါချေ။ ပွဲပေါင်းတွေ၊ ပန်းပွင့်လေးတွေတပ်ထားသည့်ကားနားကိုလျှောက်လာရတော့ မျက်ဝန်းမှမျက်ရည်က ပေါက်ခနဲကျလေသည်။ ဘဝတော့ဆုံးပြီထင်ပါရဲ့ဘုံဘုံရယ်။

ဒေါက်တာမျိုးမြတ်က နောက်ခန်းတံခါးကိုဖွင့်၍ မိုးကိုအရင်





တက်စေကာ တံခါးကိုပိတ်လိုက်ပါ၏။ ကားနောက်မှပတ်၍ တစ်ဖက်တံခါးပေါက်ကိုသွားရန် ပြင်လိုက်စဉ် မင်္ဂလာကားက Hotel ရှေ့မှလျှောခနဲထွက်သွားလေသည်။

"ဟင်! ဟေ့"

Hotel ရှေ့မှာလူတွေ ရုတ်ရုတ်သဲသဲဖြစ်ကုန်လေ၏။ ကားလေးက မီးပွိုင့်တွေလွတ်သည့်လမ်းကိုရွေး၍ မောင်းနှင်နေလေသည်။ မိုးမြင့်စံ နောက်ခန်းထဲမှာ ဟိုဒီလှည့်ကြည့်ရင်း အံ့သြနေစဉ် Driver က ဦးထုပ်ကိုချွတ်လိုက်ကာ လှည့်ပြုံးပြလိုက်လေ၏။

"ဟင်! ဘုံဘုံ"

"ဟုတ်တယ်။ မမကို ကိုကို့ဆီအရောက် ဘုံပို့ပေးမှာပါ"

"ဝမ်းသာလိုက်တာညီမလေးရယ်။ မမဖြင့် ကိုကိုနဲ့ဒီဘဝဝေးကြပြီလို့ပဲထင်လိုက်တာ"

"ဒီလိုဘယ်အဖြစ်ခံပါ့မလဲမမရဲ့။ ဘုံက ကမ္ဘာပတ်လာတဲ့လူပဲဟာ။ ဒီလောက်တော့အပျော့ပါနော်။ နေဦး. . . ဘုံတို့ကားပြောင်းကြစို့"

ကားလေးက လမ်းဘေးနေရာလွတ်တစ်ခုမှာ ရပ်သွားလေ၏။ သူမက တံခါးဖွင့်ဆင်းကာ မမလက်ကိုဆွဲ၍သူ့ဒိုကူမ္ပတ်ရှိရာ



www.burmeseclassic.com

www.burmeseclassic.com



ခြမ်းဘက်သို့ ကူးလာခဲ့သည်။ သတို့သမီးဝတ်စုံနှင့်အတူ မျက်နှာဆင်တူဖြစ်နေသည့်မိန်းကလေးနှစ်ယောက်ကို လူတွေက အထူးအဆန်းသဖွယ်ဖြစ်ကာ ဝိုင်းကြည့်နေကြလေ၏။ သူမက ကုမ္ပဏီအောက်ဘက်မှာရပ်ထားသည့် လင့်ခရူဇာကား၏နောက်ခန်းတံခါးကိုဖွင့်၍ တက်လိုက်ပါသည်။

"မောင်းလို့ရပါပြီ ကိုသက်နိုင်။ အမြန်ဆုံး ဒီကထွက်ဖို့လိုတယ်ဆိုတာကို ရှင်သိပါ"

"ဟုတ်ကဲ့ပါမမလေး"

"ပြီးတော့. . . ရှင့်ဆရာရဲ့အိမ်အထိ မမကိုဘေးမသီရန်မခရောက်နိုင်ဖို့ အရေးကြီးပါတယ်။ ဒါဆိုရင် ရှင့်တာဝန်ကျေပါပြီ"

"ဟုတ်ကဲ့"

ကားလေးက ရန်ကုန်မြို့ပြင်သို့ အရှိန်ပြင်းပြင်းဖြင့်မောင်းနှင်လာလေသည်။ မိုးက ဘုံဘုံ့လက်ကလေးကို တင်းတင်းလေးဆုပ်ကိုင်ထားလိုက်ပါ၏။

"ဘုံဘုံ၊ ကိုကိုညီနဲ့ယူလိုက်ပြီဆို"

"ဘယ်သူပြောလဲ"

"ဘဘက ပါပါ့ကိုပြောတာလေ။ ပါပါ အကြီးအကျယ်ဒေါပွ





တာမှအရမ်းပဲ။ အခုတောင် ဘယ်လောက်ထိ ဒေါသတွေထွက်နေပြီလဲမသိပါဘူး"

သူမက ကားနောက်ကျောဘက်ကိုလှည့်ကြည့်ကာ စစ်ဆေးလိုက်ပါ၏။ မည်သည့်ကားမှလိုက်လာတာ မတွေ့ရသဖြင့် စိတ်အေးသွားရပါသည်။

"မြို့ပြင်ကိုထွက်လို့စစ်ဆေးခံရရင် အဆင်ပြေအောင်လို့ ဒီလိုစီစဉ်လိုက်ရတာပါမမရဲ့။ တကယ်မယူပါဘူး။ ပြီးတော့ ညီက ဘုံ့ကို မမလို့ပဲထင်နေတာလေ"

"ကိုကိုကရော"

"ကိုကိုလည်း အထင်မှားတာပါပဲ။ ဒါပေမဲ့ ဘုံသေချာရှင်းပြပြီးပါပြီ၊ မမကိုလည်းအရောက်ပြန်ပို့ပေးပါ့မယ်လို့ ကတိပေးခဲ့တာလေ"

"တော်ပါသေးရဲ့။ မမက ကိုကို့ မမကိုစိတ်ဆိုးနေပြီထင်နေတာ"

"ကိုကိုလည်း မမကိုဆင်းကြိုရင်း လမ်းမှာကား Accident ဖြစ်သွားတယ်မမရဲ့"

"ဟင်! "



www.burmeseclassic.com

www.burmeseclassic.com



"အခုတောင် ကိုကို့ခမျာ Wheel Chair ပေါ်မှာပဲထိုင်နေရတာလေ။ ဆေးရုံမှာ သေချာကုရင်ရပါလျက်နဲ့ စိတ်ဓာတ်တွေကျပြီး မကုတော့ဘူးလို့ ငွတ်ငြင်းနေတာ။ ပြီးတော့ ဘုံ့ကိုလည်း အထင်လွဲနေတာလည်းပါတာပေါ့"

"ဖြစ်မှဖြစ်ရလေ ကိုကိုရယ်"

ဒါကြောင့် မိုးတို့တွေ အဆက်အသွယ်ပြတ်တောက်သွားရတာကိုး။ မပူပါနဲ့. . . ကိုကိုရယ်။ ကိုတို့ရှိရာဆီ မိုးရောက်အောင်လာနေပါပြီ။ ကိုကို့ကို တစ်သက်တာပြုစုယုယဖို့တာဝန်ကို မိုးယူပါ့မယ်ကွယ်။

"ဟိုရောက်ရင် ကိုကိုဆေးကုဖြစ်အောင် မမတိုက်တွန်းရမယ်နော်"

"စိတ်ချပါဘုံဘုံရယ်. . . ခုလိုလုပ်ဆောင်ပေးတာကိုပဲ မမကျေနပ်လှပါပြီ။ ကျေးဇူးလည်း အရမ်းတင်ပါတယ်"

"သူတို့တွေယုံမယုံဆိုတာတော့ ဘုံလည်းမသိပါဘူး။ ဘုံကတော့ ဘုံ့ဘက်က, ကတိတည်စေချင်တာတစ်ခုပါပဲ"

"ညီမလေးဘုံဘုံ၊ မမကိုပို့ပေးပြီးရင် ဘာဆက်လုပ်မှာလဲဟင်"





သူမ ငိုင်တွေသွားရပါ၏။ မေးနေပြီကော, ညီ၊ ဘုံ ဘာဖြေရမှာလဲ၊ ဘုံ့ဘက်က ဖော်ဖတ်သတ်ချစ်ခြင်းတွေနဲ့ ချစ်နေပါလျက် ညီ့ဘက်က ဘာတုံ့ပြန်မှုမှ မရှိတာလေ၊ ပြီးတော့ ညီနဲ့ကိုကိုက ဘုံ့ကို မမလို့ယူဆပြီး သစ္စာမရှိတဲ့တောင်မလေးလို့ စွပ်စွဲခဲ့ကြတာ မဟုတ်လား၊ နောက်ဆုံးတော့ ဘုံက လူမသိသူမသိ အဝေးတစ်နေရာကို လွင့်သွားရမှာပါလေ။

"ဘုံ. . . ဘုံ. . . မာမာနဲ့ပြန်လိုက်သွားမှာပါ"

"ဟင်! ဒါဆို ကက်နက်နဲ့ယူလိုက်ရမှာပေါ့ညီမလေးရဲ့"

"ဘယ်တတ်နိုင်ပါ့မလဲမမရယ်၊ ဘုံက မမလိုလက်ဆုပ်လက်ကိုင်ပြစရာချစ်သူမှမရှိတာဘဲ"

"ညီညီနဲ့မရင်းနှီးဘူးလား"

မျက်ရည်တို့ချက်ချင်း ဝဲတက်လာလေ၏။ ငိုချင်လိုက်တာနော်။ ညီက ဘုံ့ကိုမှမချစ်တာဘဲမမရယ်။ ဘုံက ဘာဆက်လုပ်လို့ရနိုင်မှာလဲ။ မိန်းကလေးက စရအောင်လည်း ဘုံက အရှက်နည်းတဲ့မိန်းကလေးမျိုးမှမဟုတ်တာလေ။

"ဘုံ. . . ညီ့ကိုခင်ပါတယ်။ ဘုံ့ဘဝမှာ သူ့ထက်ပိုပြီးရင်းနှီးတဲ့သူစိမ်းယောကျ်ားလေးဆိုလို့ တစ်ယောက်မှမရှိခဲ့ဖူးတာကမှ [illegible]"

www.burmeseclassic.com



"ညီမလေးဘုံဘုံ, ညီညီ့ကိုချစ်နေသလားဟင်"

"ဘုံမပြောပ. စေနဲ့။ ပြီးတာတွေပြီးပါစေတော့လေ။ အရေးကြီးတာက ကိုကိုနဲ့မမပြန်ဆုံခွင့်ရဖို့ပဲမဟုတ်လား။ မမပျော်ရင်ဘုံလည်းပျော်ပါတယ်"

ညီအစ်မနှစ်ဦးသား တယုတယထွေးဖက်လိုက်ပါ၏။ ဘုံဘုံရယ်. . . မမကံကောင်းသလို ညီမလေးကိုလည်း ကံကောင်းစေချင်ပါတယ်။ တကယ်ပါ. . .။ ဘာဖြစ်လို့လဲဆိုတော့ ညီမလေးရဲ့မျက်ဝန်းတွေထဲမှာ ညီညီ့ကိုမြတ်နိုးနေတဲ့ပုံရိပ်တွေကို မမမြင်လိုက်ရလို့ပါလေ။

ကြာ

သူ အခန်းထဲသို့ဝင်၍ အံဆွဲကိုဖွင့်လိုက်ပါ၏။ 'ကျွန်မနာမည်ရွှေဘုံစံပါ၊ မိုးမြင့်စံရဲ့ညီမပါ' တဲ့လား။

ဒါတကယ်ပဲလား ချာတိတ်ရယ်။ တကယ်တမ်းလက်တွေ့မှာမင်းက ကိုကို့ရင်ခွင်ထဲခိုဝင်နေတဲ့ ကိုကို့ချစ်သူဖြစ်နေတာလေ။

မြင်လိုက်တာနဲ့ နှုတ်ခမ်းစူပြီး မျက်စောင်းထိုးတတ်တာလေးကစပြီး ကိုယ့်ရင်ကိုခုန်စေခဲ့ဘာအမှန်ပါ။ ပြောလိုက်ရင် မထီမဲ့မြင်နဲ့ မဲ့ပြုံးပြုံးပြီး ရွဲ့ပြောတတ်တာလေးက မင်းအပေါ်မှာ ချစ်စနိုးဖြစ်စေတာလေ။ 'ရှင်က ကျွန်မရဲ့မောင်ကလေးမို့ ချစ်တာပါ'တဲ့။ 'ရှင်က သိပ်ချစ်ဖို့ကောင်းတဲ့ကောင်ကလေးပဲ' လို့ မင်းပဲပြောခဲ့တာပါ။ 'အချစ်က အရာရာကိုပြောင်းလဲစေတယ်' ဆိုတဲ့စကားက [illegible]တည်ပေါက်ပြောခဲ့တာမျိုးလား။

မထင်မိခဲ့ပါဘူး။ ကိုယ့်လက်ကိုဆွဲပြီး တရားရုံးမှာလက်မှတ်ထိုးခဲ့တာ။ မမျှော်လင့်ဘဲ မင်းနဲ့အတူ နှစ်ယောက်ခန်းမှာ တစ်ညတည်းခိုခဲ့ရတာ။ မင်းကိုတစိမ့်စိမ့်တိုးပြီးချစ်လာဖို့ ဘယ်လိုတွန်းအားတွေက ဖြစ်တည်တွန်းပို့ပေးခဲ့တာလဲ။ ကိုယ့်ရင်ထဲကချစ်ခြင်းတွေကို မင်းမသိနိုင်ခဲ့ပေမယ့် ကိုကိုရိပ်မိသွားတော့ ကိုယ်သိပ်ရှက်ခဲ့ရတာအမှန်ပါ။

ယယ်ရှယ်နုနယ်တဲ့ကောင်မလေးတစ်ယောက်ကို ညီအစ်ကိုနှစ်ယောက်ဝိုင်းပြီးချစ်နေမိတာလောက် ရှက်စရာကောင်းတာမရှိတော့ပါဘူးကွယ်။ ပြီးတော့. . . မင်းနဲ့ကိုကိုက တရားဝင်ချစ်သူတွေလေ။ ဒီတော့. . . ဘာလုပ်သင့်တယ်ဆိုတာကို ကိုယ်ရွေးချယ်သင့်ပြီဆိုတာ ကိုယ်သိလိုက်ပါပြီ။ ကိုယ်မက်ခဲ့တဲ့အိပ်မက်က သိန့်နိုးဖို့

ရွှေပဒေသာစာပေ





www.burmeseclassic.com

www.burmeseclassic.com

အချိန်တန်ပြီလေ။

မလိုအပ်တော့သည့်စာချုပ်ကိုဖြုရန် အံဆွဲထဲမှ သူထုတ်လိုက်ပါ၏။ နောက်ဆုံးအနေဖြင့် သူမလက်မှတ်လေးကို အမှတ်တရအဖြစ်ကြည့်ချင်လာတာမို့ စာချုပ်ကို သူဖွင့်ကြည့်လိုက်ပါသည်။ ဘုရားရေ. . . ရွှေဘုံစံဆိုပါလား။ သူမျက်လုံးပြူးသွားကာ နောက်တစ်စောင်ကုပါ ဖွင့်ကြည့်လိုက်မိ၏။ သေချာပါတယ်။ ရွှေဘုံစံလို့ပဲရေးထားတာလေ။

ရင်ထဲမှာ မုန်တိုင်းထန်သလို ကတုန်ကရီဖြစ်လာတာမို့ စာချုပ်တွေကိုင်လျက် ကိုကိုရှိရာခြံထဲသို့ဆင်းလာစဉ် သူတို့ကုမ္ပဏီမှ ကိုကို့ကားက တိုက်ရှေ့ကုန်းဆင်းမှာ ရပ်သွားလေ၏။ ဗုဒ္ဓေါ! ဘယ်သူများလိုက်လာတာပါလိမ့်။ ကားနောက်ခန်းတံခါးပွင့်သွားကာ ကားပေါ်မှ သတို့သမီးဝတ်စုံနှင့်မိန်းကလေးတစ်ယောက် ဆင်းလာလေသည်။ သူ့ ကိုကို့နောက်နားမှာ ရပ်၍ငေးကြည့်နေမိ၏။ ဘုရားရေ. . . ဒါ. . . ဒါ. . . မိုးမြင့်စံပါပဲလား။

"ကိုကို"

"မိုး. . . မိုးလေး"

ကိုကို . heel Chair ပေါ်မှထရပ်ရန် အားယူလိုက်တာမို့





သူထိန်းကိုင်ပေးလိုက်ရပါ၏။ မိုးမြင့်စံက ဂါဝန်ဖြူလေးကို မ,လျက် ကိုကိုရှိရာဆီပြေးလာတာ ကိုကို့ကို အားပါးတရသိမ်းကျုံးပွေ့ဖက်လိုက်လေသည်။

"မိုးကို. . . မိုးကိုခွင့်လွှတ်ပါကိုကို။ ကိုကိုရှိရာဆီ မိုးအရောက်လာခဲ့ပေမယ့် ကံကြမ္မာက ဆုံခွင့်မပေးခဲ့လို့ ခုလိုမျိုးနောက်ကျခဲ့ရတာပါ"

"ကလေးရယ်. . . ကိုယ့်မှာ ကလေးချန်ရစ်ခဲ့ပြီဆိုပြီး နေ့စဉ်နဲ့အမျှ ကြေကွဲခံစားနေရတာပါကွယ်"

"မိုးကတိပေးပါတယ်ကိုကို. . . ကိုကို့ခြေထောက်တွေ ပြန်ကောင်းလာတဲ့အထိ မိုးပြုစုပေးမှာပါ။ ပြီးတော့. . . ပြီးတော့. . . ကိုကိုနဲ့မိုးလက်ထပ်ကြမယ်လေနော်"

ကိုကိုက ခေါင်းညိတ်ပြရင်း မိုး၏နဖူးလေးကို ငုံ့မွှေးလိုက်လေ၏။ သူ တအံ့တဩငေးနေစဉ် ကားတံခါးပိတ်သံကြောင့် လှမ်းအကြည့်၊ ဂျင်းဘောင်းဘီနှင့်ရှပ်အဖြူရောင်လေးဝတ်ထားသည့် ကောင်မလေးကိုတွေ့လိုက်ရလေသည်။

ဘုရားရေ. . . ဒါ,ရွှေဘုံစံတဲ့လား။ သူလက်ထပ်ထားတဲ့၊ သူချစ်နေတဲ့ကောင်မလေးတဲ့လား. . . အံ့ဩစရာပဲ။ သူမတို့ညီအစ်မ



www.burmeseclassic.com

www.burmeseclassic.com



က ချွတ်စွပ်တူနေတာလေ။

"ကျွန်မတာဝန်ကျေပါတယ်နော်,ကိုကို"

"ကျေပါတယ်. . . ညီမလေးရယ်"

"ကျွန်မပေးခဲ့တဲ့ကတိအတိုင်း တည်တယ်မဟုတ်လား"

"တည်ပါတယ်ဘုံဘုံရယ်။ တကယ်ပါ"

သူမမျက်နှာထက်မှာ အပြုံးနွမ်းနွမ်းတင်၏။ သူမကိုငေးလျက်သားကြည့်နေသည့်သူ့ကို ဖျတ်ခနဲမော့ကြည့်ကာ မျက်လွှာကိုချလိုက်ပါသည်။

"ဘုံ့ဘက်က တာဝန်ကျေပြီမို့ ဘုံသွားတော့မယ်နော်။ ဖြစ်ပျက်ခဲ့သမျှကိစ္စတွေထဲမှာ ဘုံလွန်တာတွေရှိခဲ့ရင် ခွင့်လွှတ်ပေးပါ။ မမနဲ့ကိုကို့ကိုရော၊ ပြီးတော့. . . ညီ့ကိုပါ ဘုံအမြဲအမှတ်ရနေမှာပါ။ ဘုံ့ကိုခွင့်ပြုပါဦးရှင်"

သူမခြေနှစ်လှမ်းနောက်ဆုတ်ကာ ကျောခိုင်းလိုက်စဉ် သူ့ထံမှ တားမြစ်သံထွက်လာလေ၏။

"နေဦး"

သူက သူမနောက်အပြေးလိုက်လာကာ အရှေ့မှပိတ်ရပ်ရင်း လက်ထဲမှာကိုင်လာသည့်စာချုပ်နှစ်စောင်ကို ပြလိုက်ပါ၏။





"ဒီကိစ္စကို ဘယ်လိုရှင်းကြမှာလဲ"

သူမပါးပြင်ထက် မျက်ရည်တစ်ပေါက်ကျသွားရလေ၏။ ဟင့်အင်း. . . မဖြစ်ဘူးလေ။ မျက်ရည်ကျလို့ ဘယ်ဖြစ်မှာလဲ။ ကျွန်မကို မချစ်နိုင်တဲ့ယောကျ်ားတစ်ယောက်ရှေ့မှာ မျက်ရည်ကျပြတာမဟုတ်ဘူး။ ယောက်အရှုံးပေးရာ ကျသွားမှာပေါ့။ သူမပါးပြင်ကို လက်ဝါးဖြင့် ဆတ်ခနဲသုတ်လိုက်ပါသည်။

"ဖြုပစ်လိုက်ပါ ညီ။ အခြေအနေအရ လုပ်ခဲ့တာတွေပါ။ ခုချိန်မှာ မလိုအပ်တော့ပါဘူး။ အားလုံးပြီးဆုံးသွားပါပြီ"

"ကိုယ့်ဘက်က မပြီးသေးဘူးဆိုရင်ရောဟင်"

သူမ ဖျတ်ခနဲမော့ကြည့်မိလိုက်ပါ၏။ သူ့မျက်ဝန်းစူးစူးရဲရဲတွေကို ရင်မဆိုင်ဝံ့ဘဲ မျက်လွှာကိုပြန်ချလိုက်မိသည်။ မမျှော်လင့်ရဲပါဘူး. . . ညီ။ ကျွန်မကို ဝေဒနာတွေထည့်မပေးလိုက်ပါနဲ့လား။

"ဘုံ"

သူက သူမလက်ဖျားလေးကို ဆုပ်ကိုင်လိုက်တာမို့ အလန့်တကြားဖြင့် ရုန်းလိုက်ပါသော်လည်း မလွတ်တော့ပါချေ။

အို! ဘယ်လိုလုလဲ။

"ကိုယ်. . . ကိုယ်, ဘုံ့ကိုချစ်နေတာကြာပါပြီ။ ဘုံနဲ့ လေဆိပ်

www.burmeseclassic.com

www.burmeseclassic.com



မှာစဆုံကတည်းက ကိုယ်ချစ်ခဲ့တာလေ။ ပြီးတော့. . . ကိုယ်တို့က လက်ထပ်ပြီးသားဖြစ်နေပြီပဲဟာ။ ဒီစာချုပ်လေးကို ဒီအတိုင်းပဲ ထားလိုက်မယ်နော်။ ကိုယ်မဖြဲလိုက်ပါရစေနဲ့"

သူမထံမှ မျက်စောင်းလှလှလေးထွက်လာလေ၏။ သူက ဘာမှထပ်မပြောတော့ဘဲ ရင်ခွင်ထဲပွေ့ပိုက်လိုက်စဉ် သူမမျက်နှာလေးမှာ ရှက်သွေးဖြာသွားရတော့သည်။

တတ်တယ်. . . ဒါမျိုးကျ ဘာမှပြန်မပြောရပါပဲ သူက အလိုလိုသိနေတာကိုး။ ညီရယ်. . . ဘုံရင်ထဲမှာလည်း ညီက ရှိနေခဲ့တာကြာခဲ့ပါပြီလေ။ "။

ပြီးပါပြီ။

လေးစားလျက်–

မမသဒ္ဒါမောင်
20th Jan 2009
PM (10:45)

www.burmeseclassic.com